www.burmeseclassic.com

BURMESE CLASSIC

စိုးမိုးစာပေ

ဆုအာရွှဂါ

# အချစ်ကိုပန်ဆင်းသော
# ပန်းနုရောင်သခင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၀၁၂၅၂၀၀၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၀၁၃၁၀၉၀၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၃၀၀ |
| တန်ဖိုး | - | ၁၀၀ ကျပ် |


BURMESE CLASSIC

မိုးကသည်းနေသည်။ လေကထန်နေ၏။ ဒေါက်တာလတ်ဦး၏ မျက်နှာပေါ်တွင် ထိခိုက်ကြေကွဲမှုပ်တို့အပြည့်။ လက်ထဲမှ ထွေးပွေ့ထားသော ခြောက်လအရွယ် သမီးငယ် နီတာရဲလေးကို တစိမ့်စိမ့်စိုက်ကြည့်ကာ အံကိုတင်းတင်းကြိတ်လိုက်သည်။

"မင်းခင်"

"ပြောပါ ကိုဦး"

အမျိုးသားနှစ်ယောက်၏ မျက်ဝန်းများ ဆုံသည်။ ဒေါက်တာလတ်ဦးမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ခုံးကောင်းကော်င်းနှင့် ယောက်ျားပီသစွာ ချောမောခန့်ညားသည့် လူတစ်ယောက်။

မင်းခင်ကတော့ အသားညိုညို၊ အရပ်အနည်းငယ်ပု၍ မျက်ခုံးပါးများအောက်မှ မျက်လုံးတို့က ကျဉ်းသလိုရှိပေမယ့် စူးရှလှ၏။

"ဟော့ဒီသမီးလေးအတွက် ငါ မင်းကိုစိတ်ချပါရစေကွာ"



www.burmeseclassic.com

www.burmeseclassic.com

သက်ထဲမှာ နှစ်ခြိုက်စွာအိပ်ပျော်နေသော သမီးလေးကို ငုံ့မှာသလို တစ်ချက်ကြည့်ပြီး ဒေါက်တာလတ်ဦးသည် ကြေကွဲ ရိပ်ဖြင့် သူငယ်ချင်းဖြစ်သူ မင်းဒင်ကို လေးနက်စွာ ပြောလိုက်၏။

"ကလေးအတွက် စိတ်ချပါ ကိုဦးရာ၊ ငါ့မှာလည်း သမီးတစ်ယောက်ရှိနေတာပဲ၊ မင်းရဲ့သမီးလေးအတွက် အဖော်ရတာ ပေါ့ ကိုဦး"

"အေးကွာ"

BURMESE CLASSIC

ဒေါက်တာလတ်ဦး သက်ပြင်းချ၏။ မင်းဒင်နှင့် သူက ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ကျခဲ့ကြသလို ကလေးရကြတော့ လည်း ရှေ့ဆင့်နောက်ဆင့် ဖြစ်၏။

အိမ်ထောင်ကျတာချင်း တူတာမှန်ပေမယ့် ဒေါက်တာ လတ်ဦးနှင့် မင်းဒင်တို့၏ အခြေအနေက မတူညီပါ။

ချမ်းသာသော မိဘနှစ်ပါးမှ ပေါက်ဖွားလာသော ဒေါက်တာလတ်ဦးသည် တစ်ဦးတည်းသောသား ဖြစ်ခဲ့၏။

တစ်ဦးတည်းသောသား ပီသစွာ မိဘနှစ်ပါးက သည်းအူ လှိုက်မျှ ချစ်ခဲ့သည်။ လတ်ဦးဆိုတဲ့ သူကလည်း မိဘတွေ ချစ်လောက်အောင် ရုပ်ချည်လေး ချောမောတဲ့အပြင် စာလည်းတော် ကာ လိမ္မာယဉ်ကျေးသော ကလေးတစ်ယောက်။

"မောင်လတ်ဦးတို့ကတော့ တစ်ယောက်ဆိုတစ်ယောက် ဆိုသလောက် ထွန်းပေါက်လှပါတယ်ကွယ်"





ဆယ်တန်းကို ဂုဏ်ထူးများစွာနှင့် အောင်ခဲ့သော လတ်ဦး ကို မိဘအသိုင်းအဝိုင်းကြားမှာ အထူးချီးကျူးစရာဖြစ်ခဲ့သည်။

တစ်ဦးတည်းသောသားလေးအတွက် မိဘနှစ်ပါးမှာ ဂုဏ်ယူမဆုံး။

"ကျုပ်တို့သားလေးက စာကလည်းပြီး ဘာမှစိတ်မပင်စား ဘူး၊ မိဘစကားဆိုလည်း တစ်သွေမတိမ်း နားထောင်လိုက်တာ ကျုပ်တို့မိဘနှစ်ပါးအတွက် သားလေးလတ်ဦးဟာ တကယ့်သူတော် ကောင်းလေးပဲ"

ဖခင်ကြီးနှင့် မိခင်ကြီးတို့မှာ သားအတွက် ပီတိယွှတစေ စေဖြစ်ခဲ့ရသည်။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားတို့ မောင်လတ်ဦး လိုသားမျိုး ရတာ တကယ်ကံကောင်းတာပဲ"

"ကျွန်မတို့တော့ အားကျပါတယ်ရှင်၊ အိမ်ကသားတွေနဲ့ ကွာပါ့တော်"

ထိုသို့ လူတကာချီးကျူးခံ မိဘဂုဏ်ဆောင် မောင်လတ်ဦး တစ်ယောက် ဆေးတက္ကသိုလ်ရောက်ခဲ့သည်။

သားအတွက် လိုအပ်တာဟူ၍ မရှိစေရအောင် မိဘတွေ သာ စီစဉ်သည်။

"တက္ကသိုလ်မှာ ငါ့သားလေး မျက်နှာမငယ်ရအောင် အစစအရာရာ ပြည့်စုံအောင်ထားမှ"



www.burmeseclassic.com

www.burmeseclassic.com



မိဘများက နယ်မှာနေကြတာမို့ လတ်ဦးအတွက် ရန်ကုန်မြို့တောင်ကြားမှာ ခြံနှင့်ဝင်းနှင့် လှပချစ်စရာကောင်းသော တစ်ထပ်တိုက်တစ်လုံး ဝယ်ပေးခဲ့၏။

ကျောင်းတက်လျှင် စီးရန်အတွက် မာစီဒီးကားတစ်စီး၊ ချက်ပြုတ်ပေးဖို့၊ အိမ်ကိုသန့်ရှင်း ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မိဘတွေ၏ လူယုံတော်ကြီး ဦးသာဒင်တို့လင်မယားအား ထည့်ပေးလိုက်သည်။

"ငါ့သားစားချင်တာပြော၊ လိုချင်တာဝယ်ဖို့ ဘဏ်မှာ ပိုက်ဆံထည့်ပေးထားတယ်ကွယ့်၊ ဒီတော့ စာကိုသာ မပူမပင် ကြိုးစားနော်"

"ဟုတ်ကဲ့ပါ ဖေဖေနဲ့မေမေ"

ကုန်သည်များဖြစ်သော မိဘတွေက ရန်ကုန်မှာ ကြာကြာ မနေနိုင်ပေ။ မောင်လတ်ဦးအတွက် စီစဉ်ပေးပြီးနောက် ပြန်ခဲ့၏။

"သူဌေးလေး"

"ဟာ…ဦးလေးသာဒင်ကလည်း ကျွန်တော့်ကို ဒီလို မခေါ်ပါနဲ့ဗျာ၊ ဖေဖေတို့ခေါ်သလို ကိုဦးလို့ပဲခေါ်ပါဗျ"

ချမ်းသာပြည့်စုံပေမယ့် မောင်လတ်ဦးက မမောက်မာပေ။ စိတ်သဘောထားဖြူစင်သူမို့ ကိုယ့်ကိုယ်ကို နှိမ်ချဖွာနေသည်။

"အေးကွယ် ဦးလေးတို့အတွက်တော့ သခင်ကောင်းကို ရတာပါပဲ၊ မောင်ကိုဦး စိတ်ကြိုက်ဖြစ်စေရပါ့မယ်"





"ကျွန်တော်တို့ အတူနေလာတာ ကြာပြီပဲ ဦးလေးရယ်၊ မိသားစုတွေဖြစ်နေပါပြီ၊ ဒါနဲ့ မင်းဒင်ကို ကျောင်းအပ်ပြီးပြီလား ဦးလေး"

မင်းဒင်ဆိုတာက ဦးသာဒင်တို့၏ တစ်ဦးတည်းသောသားပင်။ အသက်တူအရွယ်တူမို့ သူဌေးသားနှင့် ဆင်းရဲသား စည်းမခြားဘဲ လတ်ဦးက သူငယ်ချင်းလို ဆက်ဆံ၏။

"မနေ့ကပဲ အပ်ခဲ့ပါပြီကွယ်၊ ဒီကောင် ဒီနှစ်မှ မအောင်ရင်တော့ ကျောင်းထုတ်ရမှာပဲ"

"မင်းဒင်က မညံ့ပါဘူး ဦးလေးရယ်"

သက်တူရွယ်တူမို့ အတန်းချင်းလည်း အတူတူဖြစ်ခဲ့၏။ သို့သော် အတန်းတိုင်းမှာ လတ်ဦးက နှစ်တိုင်းဆု ရ၍ အောင်မြင်သလောက် စာမကြိုးစားသည့် မင်းဒင်အဖို့ အောင်ဖို့အနိုင်နိုင်။ သည်လိုနှင့် ဆယ်တန်းရောက်ခဲ့ကြသည်။

"ဆယ်တန်းမှာတော့ မင်းပေါ့လို့မဖြစ်ဘူး မင်းဒင်၊ ငါနဲ့ ကျူရှင်အတူတူလာတက်လှည့်"

မောင်လတ်ဦးအတွက် မိဘများက ဆရာခေါ်၍ အိမ်မှာ ကျူရှင်ယူစေ၏။ စိတ်သဘောကောင်းသော လတ်ဦးက မင်းဒင်ကို သူနှင့်အတူ သင်စေသည်။

"အေးကွာ ငါ့မှာ မင်းလိုသူငယ်ချင်းကောင်းရှိတာ ကံကောင်းတာပဲ ကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



မင်းခင်အတွက် ပညာရေးသာမက လတ်ဦး၏ အဝတ် အစားများပါမကျန် ကိုယ်ပေါ်ရောက်စေသည်။

"လုပ်မနေပါနဲ့ မင်းခင်ရာ၊ ငါ့မှာက မောင်နှမသားချင်း ရှိတာမဟုတ်ဘူး၊ မင်းက ငါ့ရဲ့သူငယ်ချင်းလည်းဟုတ်တယ်၊ ညီအစ်ကိုလည်းဟုတ်တယ်"

လတ်ဦးနှင့် မင်းခင်မှာ တစ်ယောက်က သူဌေးသား၊ တစ်ယောက်က ဆင်းရဲသားဆိုပေမယ့် ဘဝပေးကံအရ တစ်ဦး တည်းသောသားတွေ။

ထို့ကြောင့် သူတို့နှစ်ဦး တွဲနေတာကို လတ်ဦး၏မိဘများ အနေနှင့် သားစိတ်ချမ်းသာလျှင်ပြီးရောဟု သဘောထားလျက် ဘာမျှမပြောပါ။

"သား မင်းခင် လူဆိုတာ တစ်ဖက်က ဒီလောက်ကောင်း နေရင် ကိုယ်က ပိုအလိုက်သိရတယ်နော်၊ မောင်လတ်ဦးအတွက် လုပ်ဆောင်ပေးစရာများရှိရင် ပေါ့ပေါ့ပါးပါး လုပ်ပေးပါကွယ်"

လူရိုးကြီး ဦးသာခင်က သားမင်းခင်ကို တိုးတိုးကြိတ် ဆုံးမသည်။

"ကျွန်တော်သိပါတယ် အဖေရာ"

မင်းခင်ကိုယ်တိုင်ကလည်း လတ်ဦး၏ ကောင်းမှုကြောင့် ဆင်းရဲသားနှင့်မတူအောင် ဝတ်စားရတဲ့အတွက် ကျေးဇူးတင်သည်။

သို့သော် လူငယ်ပီသစွာ တစ်ဖက်မှလည်း လတ်ဦး၏





ဘဝကို ကြိတ်ကာ အားကျတာအမှန်။

"လတ်ဦးက တကယ်ကံကောင်းတဲ့လူပဲ၊ မိဘတွေ ချမ်းသာလိုက်တာအားလုံး သူ့အတွက်ချည်းပဲ၊ ဟင်း ငါ့မိဘတွေ ကတော့ သူတို့အလုပ်သမားတွေ"

ဝန်တိုတာမဟုတ်ပေမယ့် ဘဝမှန်ကို မေ့ထားလို့မရတာ ကြောင့် အနည်းငယ် အားကျစိတ်ဖြစ်ရသည်။

ဆယ်တန်းစာမေးပွဲအောင်စာရင်းများ ထွက်ချိန်တော့ လတ်ဦးက ဂုဏ်ထူးများနှင့်အောင်လျက် မင်းခင် ကျခဲ့ရ၏။

"စာမေးပွဲကျမှာပေါ့ မကြိုးစားဘဲ၊ ကိုယ့်ဘဝကိုယ်မသိတဲ့ ကောင် မောင်လတ်ဦးနဲ့များ ကွာလွန်းတယ်"

ဦးသာခင်ဆူတော့ မင်းခင် မခံချင်ပေ။ သို့သော် မင်းခင် ကိုယ်တိုင်က စာကို စိတ်မဝင်စားခဲ့၍ ဖြစ်ရတာပဲ။

"တစ်နှစ်ကျန်ပါသေးတယ် ဦးလေးသာခင်၊ မင်းခင်ကို ဒီလောက်ဆူမနေပါနဲ့"

နှစ်ယောက်အတူ ဒီစာကိုသင်၍ ဒီစာမေးပွဲကို ဖြေခဲ့ပါ လျက် မင်းခင် စာမေးပွဲကျတော့ စိတ်မကောင်းတာက လတ်ဦး။

သို့သော် မင်းခင်ကို ဆူခံထိတော့ သူငယ်ချင်းဘက်မှ လတ်ဦး ကာကွယ်သည်။

"ဦးလေးက ဆူချင်လို့မဟုတ်ပါဘူး မောင်လတ်ဦးရာ၊ ဒီကောင် ကိုယ့်ဘဝကိုယ် မသိလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနှစ်တော့ မင်းလည်းကြိုးစားကွာ၊ မင်းဒင်"

"အေးပါ ကိုဦးရဲ"

အပြစ်ရှိသူမို့ မင်းဒင် လွယ်ကူစွာ ခေါင်းညိတ်လက်ခံရ၏။ ဤသို့ဖြင့် လတ်ဦးတစ်ယောက် ရန်ကုန်မှာ ဆေးတက္ကသိုလ်လာတက်တော့ မင်းဒင်လည်း ပါလာခဲ့ရသည်။

လတ်ဦးက ဆေးတက္ကသိုလ်ကျောင်းသား ဖြစ်ချိန်မှာ မင်းဒင်ဆယ်တန်းက မအောင်သေးပေ။

"မင်းကို တက္ကသိုလ်ရောက်စေချင်တယ်ကွာ"

စေတနာမှန်ဖြင့် လတ်ဦးက မင်းဒင်ကို ပြောခဲ့သည်။

"ငါလည်း ကြိုးစားနေပါတယ် ကိုဦး"

"အေးကွာ လိုအပ်တာရှိရင် ငါ့ကိုပြောပါ မင်းဒင်"

ဆေးတက္ကသိုလ်ကို ကားကိုယ်တိုင်မောင်းတက်သော လတ်ဦး၏ဘဝက အားကျစရာ။

လတ်ဦး ဆေးတက္ကသိုလ် ဒုတိယနှစ်ရောက်သော်လည်း မင်းဒင်တစ်ယောက် ဆယ်တန်းစာမေးပွဲ ဆက်ကျ၏။

"မင်းအတွက် စိတ်မကောင်းပါဘူးကွာ၊ ဆက်ကြိုးစားပါ"

"ငါ စာမေးပွဲဆက်မဖြေတော့ဘူး ကိုဦး"

"ဟင်"

"ဟုတ်တယ် ကိုဦး၊ ငါ စာမေးပွဲ ဆက်ဖြေလည်း





အောင်မှာမဟုတ်ဘူး၊ ဒီတော့ ငါ ကားဝပ်ရှော့မှာ ဝင်လုပ်မယ်"

မင်းဒင် ဆန္ဒရှိတာကြောင့် လတ်ဦးလည်း ထပ်မပြောတော့။

"အေးလေ ဝပ်ရှော့ပညာလည်း အသက်မွေးဝမ်းကျောင်း တစ်ခုပဲ၊ တကယ်တတ်သွားရင် ကြီးပွားနိုင်ပါရာယ်၊ ကြိုးစားသင်ယူပေါ့ မင်းဒင်"

"အေးပါကွာ"

ဤသို့ဖြင့် မင်းဒင်တစ်ယောက် ဝပ်ရှော့ပညာ သင်လေ၏။ လတ်ဦးက စာကြိုးစားဆဲ။ နှစ်တွေကုန်လာတာနှင့်အမျှ လတ်ဦး စတုတ္ထနှစ်ရောက်သောအခါ

"ကိုဦး"

"ဟင် မင်းဒင်၊ သူက"

"အဟဲ ဒါ ငါ့ချစ်သူ တိုးမာတဲ့"

အသားညိုညိုနှင့် မိန်းကလေးတစ်ယောက်ကို ခေါ်လာသူက မင်းဒင်။

"ဩော်...ဟုတ်လား၊ မင်းက ချစ်သူတောင်ရပြီပဲကွ၊ မင်းဒင် ဝမ်းသာပါတယ်ကွာ"

အရွယ်ရောက်၍ ချစ်သူထားတာ မဆန်းပေ။ မင်းဒင်အတွက် လတ်ဦး ဝမ်းသာစွာ ပြောလိုက်၏။

"ဒါနဲ့ မင်းကော ကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

"အဟဲ မင်းမှာ ချစ်သူလေးဘာလေး မရှိဘူးလားဆို တာ"

"ဒီကောင်ကွာ"

စာကိုသာ ကြိုးစားခဲ့သော လတ်ဦးက အချစ်ရေးကို မေ့ခဲ့၏။ မင်းခင်ပြောမှ နှလုံးသားကိုစွ သတိရသွားသလိုလို။

❀ ❀ ❀

BURMESE CLASSIC



"လတ်ဦး ဒါ မြန်မာစာက ခင်မွှေ့တဲ့၊ ငါ့ညီမရဲ့ သူငယ် ချင်း"

သူငယ်ချင်းတစ်ယောက်၏ မိတ်ဆက်ပေးမှုနှင့် မခင်မွှေ့ ကို သူသိခွင့်ရခဲ့သည်။ နက်မှောင်သော ဆံပင်ရှည်ကြီးများနှင့် ဖြူနုသော အသားအရေပိုင်ရှင် မခင်မွှေ့သည် လတ်ဦး မျက်လုံးထဲ တွင် အေးချမ်းသော အလှပိုင်ရှင်မလေး။

"တွေ့ရတာ ဝမ်းသာပါတယ် မခင်မွှေ့"

"ဗို မွှေ့ကို ရင်းရင်းနှီးနှီး မွှေ့လို့ပဲခေါ်ပါ ကိုလတ်ဦး၊ မွှေ့ကလည်း ကိုလတ်ဦးလို စာတော်တဲ့ ဆေးကျောင်းသား တစ်ယောက်နဲ့ သိရတာ ဝမ်းသာပါတယ်ရှင်"

အပြုံးနုနုလေးဖြင့် မခင်မွှေ့၏ တုံ့ပြန်မှုက လတ်ဦးအတွက် စိတ်လှုပ်ရှားချင်စရာ။ မှန်တာပြောရလျှင် လတ်ဦးလိုလူတစ်ယောက် အရားမှာ ခင်မင်ချင်သော မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေပါ၏။

သို့သော် သူ၏နှလုံးသားက မည်သူ့အတွက်မျှ မလှုပ်ရှား ခဲ့ပေ။ ထိုသို့ရှိခဲ့ပါလျက် လှပသော မခင်မွှေ့ကို တွေ့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



“မွေ့က မြန်မာစာကျောင်းသူ ပီသတယ်နော်”

“ကိုလတ်ဦးတို့အတွက်ကတော့ မြန်မာစာဟာ ပျင်းစရာကောင်းနေမှာပါရှင်”

အရောင်နုနု ရှင်ဖုံးအင်္ကျီလေးများ ဝတ်တတ်သလို နက်မှောင်ပျော့ပျောင်းသော ဆံပင်ရှည်ကြီးများကို ကျစ်ဆံမြီးတစ်ချောင်းတည်း ခပ်ဖွဖွကျစ်ချထားလျက် သနပ်ခါးရေကျဲလေး အမြဲလူးထားတတ်သည့် မွေ့က လှပကျက်သရေရှိတာအမှန်။

“ဘာ့ကြောင့် ပျင်းရမှာလဲဗျာ၊ ကျွန်တော်လည်း ဗမာတစ်ယောက်ပါ၊ မြန်မာစာပေကို မြတ်နိုးတတ်ပါတယ် မွေ့”

“ဒါဆို ဝမ်းသာစရာပေါ့ရှင်”

အေးမြသောလေသံလေးနှင့် ပြောတတ်သော မွေ့။ နူးညံ့သိမ်မွေ့သော မွေ့။ ထိုမိန်းကလေးအား မကြာခဏ တွေ့မိရင်း သူစိတ်ဝင်စားလာရ၏။

“မွေ့ကို ကျွန်တော်ချစ်တယ်”

“ရှင်”

“ကျွန်တော့်အနားမှာ မိန်းကလေးတွေ အများကြီးရှိပေမယ့် မွေ့နဲ့ကြမှ ကျွန်တော့်စိတ်တွေ လှုပ်ရှားခဲ့ရတယ်ဗျာ”

သူပြောသမျှကို ငြိမ်သက်စွာ နားထောင်ရင်းမှ မြူနုသော မွေ့မျက်နှာလေး နီလာ၏။

“မဖြစ်နိုင်ပါဘူးရှင်”





“ဗျာ၊ ဘာကြောင့်လဲ မွေ့”

သည်တော့ မွေ့က သူ့ကို အားငယ်သော မျက်ဝန်းများဖြင့် ကြည့်၏။

“ကိုလတ်ဦးက ဥစ္စာပေါ ရုပ်ချော အစစအရာရာ ပြည့်စုံတဲ့ ဆရာဝန်လောင်းတစ်ယောက်ပါ”

“အဲဒါနဲ့ ကျွန်တော် မွေ့ကိုချစ်တာ ဘာဆိုင်လို့လဲဟင်”

သူနားမလည်သလို မေးတော့ မွေ့ သက်ပြင်းချသည်။

“ဆိုင်တာပေါ့ ကိုလတ်ဦးရယ်၊ မွေ့တို့က ဆင်းရဲတယ်၊ မုဆိုးမ မိခင်ကြီးနဲ့နေရတာ၊ စက်ချုပ်တဲ့ဝင်ငွေလေးနဲ့ မွေ့က ကျောင်းတက်နေရတာပါ”

မွေ့ဘဝအကြောင်း သိရတော့ သူ ကရုဏာဖြစ်မိရ၏။ မွေ့လည်း တစ်ဦးတည်းသောသမီးဆိုပေမယ့် ဆင်းရဲသောမိခင် မုဆိုးမကြီးသာရှိသည်။

“အချစ်မှာဆင်းရဲတာ ချမ်းသာတာတွေနဲ့ ဆိုင်လို့လား မွေ့ရယ်”

အားငယ်သောမွေ့ကို ကြင်နာသော မျက်ဝန်းများဖြင့် ကြည့်ကာ သူမေးသည်။

“အချစ်မှာ မဆိုင်ဘူးဆိုရင်တောင် ဘဝတစ်ခုတည်ဆောက်ဖို့ဆိုရင်တော့ သိပ်ကို သက်ဆိုင်ပါတယ် ကိုလတ်ဦး၊ ကိုလတ်ဦး မွေ့ကိုချစ်တာ တစ်ဘဝအတွက်လား၊ တခဏအတွက်



www.burmeseclassic.com

www.burmeseclassic.com



လားဟင်''

''ဟာ ဘယ်လိုပြောလိုက်တာလဲဗျာ၊ ကျွန်တော်ဟာ ဘဝကို အချစ်နဲ့ တည်ဆောက်ချင်သူပါ၊ ဒါကြောင့် မွေ့ကို တစ်သက်တာအတွက် ရည်ရွယ်ပြီး ခွင့်တောင်းတာပါဗျာ''

ထိုစကားကြောင့် မွေ့ မျက်ဝန်းလေးတွေ လင်းခနဲလက်သွားပြီးမှ

''အဲဒီအချိန်ကြရင် ကိုလတ်ဦးမိဘတွေက မွေ့လိုမိန်းကလေးမျိုးနဲ့ သဘောတူပါ့မလားဟင်''

''ဗျာ အဲဒါက၊ ဟာ…နေ…နေပါဦး မွေ့က အဲဒီလိုပြောရအောင် ကျွန်တော့်ကို ချစ် ချစ်တယ်လားဟင်''

''အို''

သူ ဖျတ်ခနဲ မွေ့လက်လေးကို ဆုပ်ကိုင်လိုက်သည်။ မွေ့မျက်နှာလေး သိသာစွာ နီရဲလာ၏။

''ချစ်တယ်နော် မွေ့''

''မသိဘူး ကိုရယ်''

''အို မွေ့ရယ်''

ကြည်နူးစွာဖြင့် မွေ့ကိုယ်လေးအား ပွေ့ဖက်မိ၏။ လတ်ဦးသည် ယောကျ်ားကောင်းတစ်ယောက်မို့ မွေ့အပေါ်တွင် တစ်သက်တာ တည်မြဲဖို့သာ။

တိုးမာကို မင်းဒင် နိုးလာပြီး ငါးလအကြာတွင် လတ်ဦးနှင့် မွေ့တို့လည်း နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြ၏။





''သားမိုက်''

တစ်သက်လုံး ယုံကြည်လာသော သားက မိဘနှစ်ပါးကို မတိုင်ပင်ဘဲ မွေ့လို သာမန်မိန်းကလေးတစ်ယောက်အား လက်ထပ်သွားခြင်းအတွက် ဘယ်လိုမှ ခွင့်မလွှတ်နိုင်ခဲ့ပေ။

''ငါ့သားလေး တော်လှပါတယ်ဆိုမှ ယောက်မမြင်စီးထွက်တဲ့ကောင်၊ အမွေဖြတ်လိုက်''

စိတ်ကြီးသော ဖခင်က အမျက်ကြီးစွာဖြင့် လတ်ဦးကို သားအဖြစ်မှ စွန့်လွှတ်စေသည်။

''သား သား ကျွန်မသားလေး ဒုက္ခရောက်ပါပြီ''

တစ်ဦးတည်းသော သားအတွက် မိခင်ကြီးက ရင်နှင့်မဆံ့ ခံစားရင်း ရုတ်တရက် ဆုံးပါးခဲ့တော့၏။

''မေမေ''

''မင်း အိမ်ထဲကို ခြေတစ်လှမ်း မနင်းမိစေနဲ့ လတ်ဦး''

သည်သားကြောင့် ဆုံးရပါတယ်ဟု ဖခင်ကြီး ပိုစိတ်နာလျက် လတ်ဦးကို လုံးဝကျောခိုင်းလေ၏။

''ဒါတွေအားလုံး မွေ့ကြောင့်ပါ ကိုရယ်''

''မဟုတ်ပါဘူးကွယ်''

သို့သော် မိခင်ကြီးဆုံးပြီးနောက် ဖခင်ကြီးက ဆွေမျိုးများရှိရာ နိုင်ငံခြားသို့ အပြီးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဒီသားမျက်နှာကို တစ်သက်တာ မတွေ့လိုခြင်း။

"ရွှေတောင်ကြားက ခြံနဲ့တိုက်ဟာ မင်းအတွက်ဝယ်ပေးခဲ့တာမို့ မင်းပဲယူလိုက်တော့၊ နောင် တစ်သက် ငါနဲ့ဘယ်တော့မှ မပတ်သက်မိအောင်နေပါ"

နောက်ဆုံး ထိုစကားတစ်ခွန်းသာဆိုပြီး တစ်သက်လုံး ချစ်ခင်လာသော မိဘနှင့် သား၏ သံယောဇဉ် ပြတ်ရတဲ့အဖြစ်။

"ကျွန်တော်ကတော့ ဖေဖေတို့ကို အမြဲတမ်း ဦးထိပ်ထားနေမှာပါဗျာ"

အချစ်ကိစ္စတစ်ခုကလွဲ၍ သူ့အနေဖြင့် မိဘစကားကို နားထောင်ခဲ့၏။ ယခုတော့ ဒီကိစ္စတစ်ခုနှင့် မိသားစုပျက်ရလေပြီ။

"ကို သိပ်စိတ်ထိခိုက်နေလားကွယ်"

ဇနီးဖြစ်သော မွေ့က သူ့အတွက် စိတ်မကောင်း။ သူ မချိသလိုပြုံးရင်း

"တစ်နေ့ကျရင် ကို့ကို ဖေဖေနားလည်ပေးလာမှာပါ"

သို့သော် အချိန်တွေသာ ကုန်ဆုံး၍ မွေ့က သမီးလေး မွေးခဲ့သည်။ ဖခင်ကြီး၏ စိတ်ပြေမှုကို မရခဲ့ပါ။

"မွေ့နဲ့သာ မတွေ့ခဲ့ရင် ကို ဒီလိုစိတ်ထိခိုက်ရမှာ မဟုတ်ဘူး"

နဂိုက နှလုံးရောဂါအခံရှိသော မွေ့သည် သူ့အတွက်





ကြိတ်ကာ စိတ်ထိခိုက်ရင်း သမီးလေးမွေးပြီးနောက် အိပ်ရာထဲ လဲခဲ့၏။

"ကိုယ့်ကိုယ်ကို ကျန်းမာအောင်နေပါ မွေ့ရယ်"

ဇနီးကို အားပေးသည်။

သို့သော် ရောဂါရှင်မလေးမွေ့သည် သမီးလေး ခြောက်လတွင် ဆုံးပါးခဲ့ရ၏။

"မွေ့...မွေ့ရယ် ကိုနဲ့သမီးလေးကို စိတ်ချထားခဲ့ပြီလား"

ယောကျ်ားတန်မဲ့ ဒေါက်တာလတ်ဦး မျက်ရည်ကျခဲ့ရ၏။ မွေ့ဆုံးပြီး မကြာမီ...

"မောင်လတ်ဦး အမြန်လိုက်လာပါ၊ မင်းအဖေ အသည်းအသန်ဖြစ်နေပြီ၊ လိုအပ်သော စာရွက်စာတမ်းကိစ္စများ အသင့်ဖြစ်ဖို့ ညွှန်ကြားထားသည်"

ဆိုသော နိုင်ငံခြားမှ ဖခင်ကြီး၏ လှမ်းမှာခြင်း ခံရလေသည်။

"ကိုဦး ဒီကိစ္စ ဘယ်လိုလုပ်မလဲ"

မင်းဒင်က မေးလာတော့ လတ်ဦး အံတင်းတင်းကြိတ်သည်။ သူ့ကိုစိတ်နာ၍ စွန့်လွှတ်သွားသော ဖခင်ကြီးမှာ ယခုတော့ ဘဝတစ်ပါး ကူးတော့မည်။ နောက်ဆုံးအနေဖြင့် ဖခင်၏ဆန္ဒကို စိတ်ချမ်းသာစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ငါလိုက်သွားမယ်"

"ဒါဆို သမီးလေးကော"

ထိုသို့မေးလာတော့ လတ်ဦး ငိုင်ခနဲဖြစ်သွားပြီးမှ

"လောလောဆယ်တော့ သမီးလေးကို မင်းတို့လင်မယား ဆီ အပ်ထားခဲ့ရမှာပဲ မင်းခင်၊ သမီးလေးက သိပ်ငယ်ရွယ်သေး တော့ ခေါ်သွားလို့မဖြစ်ဘူး"

"အေးလေ ငါတို့ဆီထားခဲ့မယ်ဆိုလည်း စိတ်ချပါ၊ မင်းသမီးဟာ ငါတို့ရဲ့သမီးပါပဲ"

"ဒီလိုစကားကြားရတာပါ ဝမ်းသာသွားပြီကွာ"

မိခင်မဲ့သမီးလေးကို မခွဲချင်ပေမယ့် ဖခင်ကြီးအတွက် သူ သားလိမ္မာတစ်ယောက် ဖြစ်ချင်၏။ ထို့ကြောင့် မင်းခင်လက်ထဲ သို့ ယုံကြည်စွာအပ်ခဲ့သည်။

❀ ❀ ❀



"သမီးလေးဟာ ငါနဲ့မွေ့တို့ဘဝရဲ့ သခင်တစ်ပါးလိုပါပဲ၊ ဒီသမီးလေးကို ငါသိပ်ချစ်ပေမယ့် မတတ်သာလို့ ခဏခွဲခွာရတာပါ မင်းခင်၊ ဒီတော့ ငါစိတ်ချပါရစေကွာ"

ရင်ခွင်ပိုက်သမီးလေးကို မျက်တောင်မခတ် မြတ်နိုးစွာ ငုံ့စိုက်ကြည့်ပြီးမှ မင်းခင်ကို လေးနက်စွာ တောင်းဆိုသည်။

မင်းခင်ကိုယ်တိုင်လည်း ကြေကွဲစရာ သားအဖအဖြစ်ကို ကြည့်ပြီး စိတ်မကောင်းပါ။

"ငါကတိပေးပါတယ်ကွာ၊ မင်းသမီးအတွက် စိတ်ချသွား ပါ ကိုဦးရာ"

"အေးကွာ ပေပေနေကောင်းတာနဲ့ ငါပြန်လာခဲ့ပါ့မယ်၊ လောလောဆယ်တော့ သမီးလေးနဲ့ ဟောဒီခြံနဲ့တိုက်ကို မင်းလက်ထဲ အပ်ခဲ့တယ်၊ စာချုပ်စာတမ်းတွေအားလုံးလည်း ဗီရိုအံဆွဲထဲမှာပဲ မင်းခင်"

တစ်သက်လုံး ညီအစ်ကိုအရင်းတစ်မျှ အတူကြီးပြင်းလာ သော သူငယ်ချင်းအား ယုံကြည်စွာ အပ်ခဲ့ပြီ။

"မင်းအပ်ခဲ့တဲ့ အရာအားလုံး ငါ သေချာထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ထားပါ့မယ် ကိုဦး''

''ကျေးဇူးပဲ မင်းဒင်၊ မင်းရှိနေလို့ သမီးလေးကို ငါစိတ်ချ တာ၊ ဟောဒီသမီးလေးနာမည်ကို လတ်သခင်လို့ အမည်တွင်ပါစေ ကွာ''

''ကောင်းပါပြီ ကိုဦး''

မကြာခင် လေယာဉ်ပေါ်တက်ရတော့မည်မို့ သမီးငယ်ကို မင်းဒင်လက်ထဲသို့ လတ်ဦး ထည့်လိုက်၏။

ရင်ထဲမှာတော့ ဆွေးမြေ့နာကြည်းစွာ။ မွေ့သိရင် အပြစ်များ တင်လေမလား။

မတတ်သာလို့ပါ မွေ့ရယ်။

''ကဲ ငါသွားပြီ မင်းဒင်''

''မင်းပြန်လာမယ့်ရက်ကို ဟောဒီ လတ်သခင်လေးနဲ့အတူ ငါစောင့်နေပါ့မယ် ကိုဦး''

''ကျေးဇူးပါပဲကွာ''

ထို့နောက် လတ်ဦးက သမီးငယ်ကို တစ်ချက်မျှစိုက်ကြည့် ပြီး ချာခနဲလှည့်ထွက်လိုက်လေ၏။ သို့သော် သေချာကြည့်မည်ဆိုပါ က ထိုယောကျ်ား၏ မျက်နှာပေါ်တွင် မျက်ရည်တွေနှင့်လေ။

မိုးတွေက သည်းထန်စွာ ရွာနေ၏။ လေက ထန်နေ သည်။ လတ်ဦးလိုက်ပါသွားသော လေယာဉ်ကြီးက ကောင်းကင် မှ ပျောက်ကွယ်သွားလေပြီ။

''အမယ်လေးတော် အံ့ပါရဲ့၊ ဒီလောက်ငယ်ရွယ်တဲ့ သမီး





ကို ထားခဲ့ပြီး အဖေလုပ်သူက နိုင်ငံခြားထွက်သွားရတယ်လို့''

ကလေးငယ်နှင့် ပြန်လာသော ယောကျ်ားဖြစ်သူမင်းဒင် ကိုကြည့်ပြီး တိုးမာက မဲ့ရွဲ့ကာပြောလိုက်ခြင်း။

''ဟော့ စကားကိုကြည့်ပြောစမ်း တိုးမာ၊ ဘယ်သူက ကိုယ့်သမီးကိုယ် ထားခဲ့ချင်မှာလဲ၊ ဟိုမှာ အဖေလုပ်တဲ့သူက အသည်းအသန်ဖြစ်နေလို့ကွ''

ရုတ်တရက် သူငယ်ချင်းဖြစ်သူကိုထိတော့ မင်းဒင် မခံပါ။ သည်တော့ တိုးမာမျက်စောင်း ဒိုင်းခနဲထိုး၏။

''ဒါနဲ့ပဲ ကျွန်မတို့က ဒီလောက်သေးငယ်တဲ့ ကလေးကို ပင်ပင်ပန်းပန်း ပြုစုရမှာလား ကိုမင်းဒင်''

''သြော် တိုးမာရယ် တို့မှာလည်း သမီး ဓာနီမင်းရှိနေ တာပဲ၊ ကလေးချင်း အဖော်ရပါတယ်ကွာ''

မင်းဒင်နှင့် တိုးမာတို့၏သမီးလေး ဓာနီမင်းက တစ်နှစ် အရွယ်။

''ဟင်း ကျွန်မမှာ ကိုယ့်သမီးတစ်ယောက်နဲ့တင် ဘယ် လောက်ပင်ပန်းနေပြီလဲရှင်''

''အေးပါကွာ၊ ဒါပေမယ့် ကိုဦးက ငါတို့ရဲ့ကျေးဇူးရှင် မဟုတ်လား၊ ခုဆို ငါတို့ သူ့အရိပ်အောက်မှ နေနေတာပါ တိုးမာ''

အလုပ်အကိုင်ရယ်ဟု သေချာပေါက်မရှိသေးဘဲ မိန်းမယူ လာသော မင်းဒင်အား လတ်ဦးသည် သဘောထားကြီးစွာဖြင့် သူ့ခြံထဲရှိ အိမ်လေးမှာပင် ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အို ကျွန်မတို့နေရတာ အစေခံတန်းလျားသာသာပါရှင်"

"မင်းဘယ်လိုပြောလိုက်တာလဲ တိုးမာ၊ ရန်ကုန်လိုမြို့ကြီးမှာ ဒီလိုခြံဝင်းနဲ့ ကိုယ်ပိုင်အိမ်လေးနဲ့ သူဌေးရပ်ကွက်မှာနေရတာ နည်းတဲ့ကုသိုလ်ကံ မှတ်နေလားဟင်၊ ပြီးတော့ လတ်ဦးက ငါတို့အပေါ် အစေခံလိုသဘောထားခဲ့တာမဟုတ်ဘူး တိုးမာ"

လတ်ဦး သဘောထားကောင်းတာ သိသော မင်းဒင်က တိုးမာ၏ သဘောထားအား မကြိုက်ချင်တော့ပေ။

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဒီကလေးကို မမွေးနိုင်ဘူး"

ထိုစကားကြောင့် မင်းဒင် သက်ပြင်းချ၏။ ဇနီးသည်ကို ဘယ်လိုစည်းရုံးရမလဲဟု စဉ်းစား၏။ ရုတ်တရက် မင်းဒင်မျက်နှာ ဝင်းခနဲလက်သွားသည်။

"တိုးမာ"

"ဘာလဲ"

လေသံပျော့ဖြင့် မင်းဒင်ခေါ်ပေမယ့် တိုးမာ၏ပြန်ထူးသံက ခပ်မာမာ။

"တိုးမာ မင်း ဟိုတိုက်ကြီးမှာ နေချင်တယ်ဆို"

လတ်ဦးနေခဲ့သော လှပသည့်တိုက်ကြီးကို လက်ညှိုးညွှန်၍ မင်းဒင် ပြော၏။

"ဟင်း ကျွန်မနေချင်ပေမယ့် ရှင်ဘာတတ်နိုင်လို့လဲ ကိုမင်းဒင်"





"ဟာ တတ်နိုင်ပြီလားကွာ ဟောဒီလတ်သခင်လေးကိုသာ မင်းလက်ခံလိုက်ရင် ငါတို့ အဲဒီအိမ်ကြီးပေါ် ရောက်ပြီကွ"

"အို ဘာဆိုင်လဲရှင်"

ကိုယ့်ယောကျ်ားအစွမ်းအစကို သိနေသော တိုးမာက ခပ်မှဲ့မှဲ့ပြောတော့ မင်းဒင် ခေါင်းခါယမ်း၏။

"မင်းက ငါ့ကို သိပ်အထင်သေးတာပဲ တိုးမာ၊ ဘာမှလည်းမတွေးတတ်ဘူး၊ ဟောဒီ လတ်သခင်လေးက ဒီတိုက်ဒီခြံကြီးရဲ့ သခင်မလေးကွ၊ အခု ဒီကလေးကို ငါတို့လက်ခံလိုက်ရင် မင်းနဲ့ငါ အဲဒီတိုက်ကြီးပေါ် အလိုလိုတက်နေရမှာကွ"

"ဟင်"

ထိုစကားကြောင့် တိုးမာ မျက်လုံးတွေ တဖျတ်ဖျတ်အရောင်လက်လာသည်။

"ဒါ တကယ်ပဲလား ကိုမင်းဒင်"

"ဟာ တကယ်ပေါ့ကွာ၊ လောလောဆယ် ငါတို့က သူ့ကို ထိန်းသိမ်းစောင့်ရှောက်ရမှာပဲ တိုးမာ"

"ဒါပေမယ့် ကိုလတ်ဦးပြန်လာရင်"

"သြော်ကွာ မင်းက မရောက်သေးတဲ့အနာဂတ်ကို ကြိုပြောမနေစမ်းပါနဲ့၊ လောလောဆယ် မင်းနေချင်တဲ့ တိုက်ကြီးမှာနေဖို့ အဓိကမဟုတ်လား"

သည်တော့ မိန်းမပီသစွာ စည်းစိမ်ဥစ္စာကို မက်မောသော တိုးမာ စဉ်းစားလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတိုက်ကြီးမှာတင် မဟုတ်ဘူး၊ ကားကော လတ်သခင်အတွက် ထားခဲ့တဲ့ ပိုက်ဆံတွေကောပဲ တိုးမာ"

"အို…ကျွန်မ…ကျွန်မ ဒီကလေးကို မွေးမယ် ကိုမင်းဒင်"

မက်မောစရာကောင်းသော မင်းဒင်၏စကားမဆုံးခင် တိုးမာက လျှင်မြန်စွာ ပြောလိုက်လေ၏။

သည်တော့မှ မင်းဒင် သက်ပြင်းချပြီးလျက်

"ဟင်း ဒီလိုအသိရစမ်းပါ မိန်းမရာ၊ ကဲ ဒီနေ့ကစပြီး ငါတို့မိသားစု လတ်သခင်လေးနဲ့အတူ ဟိုတိုက်ကြီးဆီ ပြောင်းကြစို့ တိုးမာ"

"ကောင်းပါပြီရှင်၊ ကျွန်မသမီးလေး စာနီမင်းတော့ ခုချိန်ကစပြီး ကံကောင်းတာပဲ ကိုမင်းဒင်",

တိုးမာက နှစ်မြို့က်စွာအိပ်ပျော်နေသော စာနီမင်းလေးကို ချစ်မြတ်နိုးစွာ ပွေ့ချီပြီး အားရကျေနပ်စွာ ပြောလိုက်လေ၏။

ထို့နောက် သူတို့ခြေလှမ်းတွေက သခင်လွတ်နေသော လှပခန့်ညားသည့် တိုက်ကြီးဆီသို့။

လတ်သခင်လေးကတော့ ထိုအဖြစ်အပျက်များကို ဘာမှ မသိခဲ့ပါ။

❀ ❀ ❀



# ဆယ်နှစ်ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ မိဇာ ထမင်းအိုးကျက်ပြီလား"

"ရှင့် ဟုတ်ကဲ့၊ ကျက်ပါပြီအစ်မ"

မိဇာဟု အခေါ်ခံရသော အသက်ဆယ်နှစ်အရွယ်ရှိ ဆံပင်နက်နက်၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ဖြူစင်သော အသားအရေရှိ မိန်းကလေးတစ်ယောက်။

ထိုမိန်းကလေးသည် ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့၏ ရင်နှစ်သည်းချာ တစ်ဦးတည်းသောသမီးသာ ဖြစ်၏။

သို့သော် သူမ၏ကိုယ်ပေါ်မှာတော့ အဝတ်အစားဟောင်းနွမ်းနေပြီဖြစ်သော အပြာရောင်ဂါဝန်ရှည်မှာ အပွင့်ပင်မပေါ်တော့ပေ။

"သခင်မလေးအတွက်ကော မနက်စာ အသင့်ဖြစ်ပြီလား မိဇာ"

"အသင့်ဖြစ်ပါပြီ အမေရဲ့၊ နွားနို့ပူပူလေးကို ကိတ်မုန့်၊ ကြက်ဥပဟတ်ဘွိုင်၊ ဝက်အူချောင်းကြော်၊ ပေါင်မုန့်တို့နဲ့ အားလုံးအသင့်ပါ"





"အေး အေး သခင်မလေးက နိုးတာနဲ့ ဗိုက်ဆာတတ်တော့ အသင့်ဖြစ်တာ အကောင်းဆုံးပဲ မိဇာ"

ဒေါ်တိုးမာက ခင်းပြင်ထားသော စားစရာများကို ကိုယ်တိုင်ထပ်မံကြည့်ရှုစစ်ဆေး၏။

အို အားလုံး တန်ဖိုးရှိအကောင်းစားတွေ။

သည်စားစရာတွေအားလုံးက ဒီတိုက်ကြီး၏ သခင်မလေးဖြစ်သော ဒေါက်တာလတ်ဦးနှင့် ဒေါ်ခင်မွေ့တို့၏ တစ်ဦးတည်းသောသမီးလေး လတ်သခင်အတွက်။

နာမည်က လတ်သခင်ဟု တွင်သည့်အပြင် ဦးမင်းဒင် ဒေါ်တိုးမာနှင့် သမီးခင်းမင်းတို့၏ ကျေးဇူးရှင်သခင်မလေးမို့ ထိုဆယ်နှစ်အရွယ် မိန်းကလေးအား ဒေါ်တိုးမာက ဦးဆောင်၍ သခင်မလေးဟု မြတ်နိုးစွာ ခေါ်ဆိုခဲ့ခြင်း။

"မိဇာ"

"ရှင်"

"အေး ညည်းကို အရင်ကလည်း ငါပြောဖူးခဲ့ပေမယ့် ထပ်ပြီး သတိပေးဦးမယ်၊ သခင်မလေးဟာ ငါတို့ညည်းတို့ရဲ့ ကျေးဇူးရှင်မလေးနော်၊ သူ့ကျေးဇူးကြောင့် ငါတို့မိသားစု ဟောဒီတိုက်ကြီးမှာ ကောင်းကောင်းမွန်မွန်နေရတယ်၊ စားရတယ်၊ ဒါကြောင့် သခင်မလေးနဲ့ ညည်းက သက်တူရွယ်တူဆိုပေမယ့် ကိုယ်နဲ့တန်းတူမထင်လိုက်နဲ့၊ သခင်မလေးကို အမြဲရိုရိုသေသေဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆံပါ၊ သူ့အတွက် လိုအပ်တာအားလုံး ညည်းလုပ်ကိုင်ပေးပါ"

"ဟုတ်ကဲ့"

မိခင်ဒေါ်တိုးမာ၏ စကားများကို ဓာနီမင်းက ရိုရိုသေသေ မှတ်သားသည်။

တကယ်တော့ ဒီခြံ၊ ဒီတိုက်ပိုင်ရှင်မလေး လတ်သခင်နှင့် ဓာနီမင်းတို့က အသက်ရွယ်တူ မိန်းကလေးတွေပါ။

သို့သော်

အသက်ချင်း၊ အရွယ်ချင်း မည်မျှတူပါစေ ရရှိလာသော ဘဝချင်းကတော့ လုံးဝမတူပါ။

လတ်သခင်အနားတွင် မိဘတွေမရှိတော့ပေမယ့် ဖခင်ဖြစ်သူ ဒေါက်တာလတ်ဦးမှ ထားရှိခဲ့သော ရွှေတောင်ကြားရှိ တိုက်နဲ့ ခြံ၊ စီးဖို့ကား စသည့်အပြင် ဘဏ်မှာငွေအပ်ထားခဲ့၏။

မိဘတွေမရှိပေမယ့် လတ်သခင်က ကြွယ်ဝချမ်းသာသော မိန်းကလေး။

ဓာနီမင်းကတော့ ယခုလို နှစ်တွေကြာသည့်တိုင် လုပ်ငန်း ကိုင်ငန်းရယ်တှ မယ်မယ်ရရမရှိဘဲ ပွဲစားယောင်ယောင်၊ ဝပ်ရှော့ ယောင်ယောင် ဦးမင်းဒင်နှင့် ရုပ်ရှင်ကိုထည်လဲကြည့်ကာ ပေါ်သမျှ အဝတ်အစားတို့ကို ချက်ချင်းကိုယ်ပေါ်ရောက်မှ ကြိုက်တတ်သော ဒေါ်တိုးမာတို့၏သမီး။

"ငါတို့ ခုလိုဝတ်စားနေနိုင်တာ သခင်မလေးရဲ့ ကျေးဇူး

ပဲ"

မနက်မိုးလင်းတာနှင့် ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့က ကိုယ့်ကိုယ်ကို ပြင်ဆင်ခြယ်သလျက် လတ်သခင်လေးအား ကားဖြင့် ကျောင်းသို့လိုက်ပို့ကြသည်။

"ညည်းက သခင်မလေးလို ကျောင်းကောင်းကောင်းမှာ တက်ဖို့ မမျှော်လင့်နဲ့ မိစာ၊ ရပ်ကွက်ထဲကကျောင်းမှာ ထားတာ တောင် ငါတို့အတွက် လွန်လှပြီ"

ဓာနီမင်းကိုတော့ ရပ်ကွက်ထဲကကျောင်းမှာ နေစေ၏။ နေက်စာရှိသည့် ထမင်းကြမ်းနှင့် ပဲပြုတ်ဆီဆမ်းစားကာ ကျောင်း သွားရတာပင် ဓာနီမင်းအတွက် အခွင့်ထူးခံ။

"သမီးဘဝကို သမီးနားလည်ပါတယ် အမေရယ်၊ ဒါပေမယ့် တစ်ခါတစ်ခါတော့ သခင်မလေးဘဝကို အားကျမိတာ ပေါ့"

ဖြူစင်သော ရုပ်ရည်လေးနှင့် လိုက်ဖက်အောင် ဓာနီမင်းက အေးချမ်း၍ စိတ်သဘောထားကောင်းမွန်သူလေး ဖြစ်၏။

ဓာနီမင်း နားမလည်နိုင်တာက မိဘနှစ်ပါးကိုပင်။

"အောင်မာ ညည်းကများ ရာရာစစ သခင်မလေးဘဝ ကို အားကျသတဲ့လား မိစာ၊ အမယ်လေး အဲဒီလိုဘဝမျိုး ညည်း ာယ်တော့မှ မရဘူးမှတ်ပါ မိစာ၊ ညည်းကို မွေးထားတဲ့မိဘတွေ က သူဌေးတွေမဟုတ်ဘူးအေ့"







www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိုးမာက မျက်နှာမဲ့ရွဲ့လျက် မကြိုက်နှစ်သက်စွာ ပြော၏။ မိခင်ဒေါ်တိုးမာကိုကြည့်၍ ဇာနီမင်း သက်ပြင်းလေး ကြိတ်ချ၏။

မှန်ပါသည်။

သူမ၏မိဘနှစ်ပါးဖြစ်သော ဦးမင်းဒင်နှင့် ဒေါ်တိုးမာဟာ သူဌေးတွေမဟုတ်ဘူးဆိုတာ။

သို့သော် သူတို့ကိုယ်တိုင် ဝတ်စားသုံးစွဲနေတာတွေက တော့ သူဌေးသာသာဖြစ်၏။

မိဘနှစ်ပါး၏ဘဝကလည်း လတ်သခင်နှင့်ဘာမျှမခြား သလိုပင်။

"ဒါပေမယ့် အမေတို့က ဝတ်နိုင်စားနိုင်တာပဲ၊ သမီးမှာ သာ"

"ဘာ...ဘာ အမယ်လေး ညည်းက မိဘဝတ်စားတာ ကို မကြိုက်ဖြစ်နေတာလား မိဇာ"

"အို...ဒီ...ဒီလိုမဟုတ်ပါဘူး အမေ"

သည်လိုစွပ်စွဲတော့ ဇာနီမင်း စိတ်မကောင်းစွာ ငြင်းဆို ၏။ သို့တိုင် ဒေါ်တိုးမာ မျက်နှာက တင်းမာလျက်။

"ငါတို့ကို လတ်သခင်လေး ပြုစုစောင့်ရှောက် ကျွေးမွေး လို့ ဒေါက်တာက ကျေးဇူးတင်တဲ့အနေနဲ့ ပေးကမ်းတာပါအေ မိဘကို ညည်းက လုပ်မကျွေးရသေးဘူး ချူများလုပ်စာနဲ့ မနာလို





ဖြစ်နေပါလား"

"ဒီလိုမပြောပါနဲ့ အမေ၊ သမီးပြောတာ ဒီသဘောမျိုး မဟုတ်ပါဘူး၊ အမေတို့ အဝတ်အစားသစ်တွေ ဘယ်လိုဝယ်ဝယ် သမီးမှာတော့ ဘယ်တုန်းကမှ မရခဲ့ဘူး၊ သခင်မလေး မဝတ်ချင် တော့တဲ့ အဝတ်အစားဟောင်းတွေကြမှ သမီးဝတ်ရတာကို ပြောတာ ပါ အမေ"

ဇာနီမင်းမှာ ပြောရင်း ဝမ်းနည်းလာရ၏။ ဦးမင်းဒင်နှင့် ဒေါ်တိုးမာသည် မိဘရင်းတွေ ဖြစ်သည့်တိုင် ဇာနီမင်းအပေါ် ကောင်းမွန်စွာ ဆက်ဆံခဲ့တာမရှိ။

အချက်ကျကျ ဇာနီမင်းပြောလိုက်တော့ ရုတ်တရက် ဒေါ်တိုးမာ ငြိမ်သွားပြီးမှ

"ကြည့်စမ်း ညည်းက ဒါကို မကျေနပ်ဖြစ်နေတာပေါ့ လေ၊ သခင်မလေးရဲ့ အဝတ်အစားဟောင်းတွေဆိုတာ ဘယ်လောက်ကောင်းလဲဟင်၊ အဲဒီလောက် ဝတ်နိုင်တာကိုက ညည်းကံကောင်းတာမိဇာ၊ သခင်မလေးရဲ့ အမေသာရှိရင် ငါလည်း သခင်မလေးအမေရဲ့ ပေးကမ်းစွန့်ကြဲတဲ့ အဝတ်အစားဟောင်းပဲ ဝတ်ရမှာ မိဇာ၊ ခုတော့ အဲဒီလိုပေးမယ့်သူမရှိလို့ ငါ့ဘာသာ ဝယ်ဝတ်ရတာ၊ မအေကို မနာလိုတဲ့သမီးဆိုလို့ ညည်းပဲရှိတယ် မိဇာ"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ သမီးကို ဒီလိုမပြောနဲ့ အမေ"



www.burmeseclassic.com

www.burmeseclassic.com



မိဘကိုစော်ကားသည့် သားသမီးတွေထဲမှာ ဇာနီမင်း မပါဝင်ပေ။ မိဘတွေ၏ အနည်းငယ် တစ်ဖက်သတ်ဆန်မှုကို ဝေဖန်မှုရုံလေး ပြောမိတာပါ။

ယခုတော့ သူမကို ပုဒ်မကြီးကြီးဖြင့် မိခင်ကိုယ်တိုင်က စွပ်စွဲရက်လိုက်တာ။ ကွယ်ရာမှာ ဝမ်းနည်းစွာ ကြိတ်ငိုခဲ့ရ၏။

"သခင်မလေးဘဝက အားကျစရာ ကောင်းလိုက်တာ၊ မိဘရင်းတွေ မရှိပေမယ့် ငါ့အဖေနဲ့အမေက သိပ်ဂရုစိုက်ကြတာပဲ၊ သခင်မလေးကို ဂရုစိုက်တဲ့ ဆယ်ပုံတစ်ပုံလောက်သာ အမေတို့ ငါ့ကိုဂရုစိုက်ရင်၊ အို ဒီလိုမတွေးတာပဲကောင်းပါတယ်၊ အမေ ပြောသလို သခင်မလေးဟာ ငါတို့ရဲ့ ကျေးဇူးရှင်ပဲ"

စိတ်ကောင်းရှိသော ဇာနီမင်းက နောက်ဆုံး ထိုသို့သာ ဖြေတွေးပြီး သက်တူရွယ်တူ သခင်မလေးကို ကျေးဇူးကြိတ်တင်မိရလေ၏။

❀ ❀ ❀



အခန်းထဲသို့ နေ၏အလင်းရောင် စူးရူးဝင်လာတော့မှ အပြာနုရောင် လှပသားနားသော အခန်းကြီးထဲရှိ ဒန်းလော့မွေ့ရာ ကြီးနှင့် အိပ်နေသည့် လတ်သခင်က မျက်လုံးများဖွင့်လာ၏။

"ဝါး"

လတ်သခင်က အိပ်ရာမှ ချက်ချင်းမထသေးဘဲ ဒန်းလော့ မွေ့ရာကြီးပေါ်တွင် ခြေလက်ဆန့်ကာ ဝါးခနဲ သမ်းလိုက်သည်။

"ဟော သခင်မလေး နိုးပြီလားကွယ်"

အင်မတန်မှ ပြုံးချိုသောမျက်နှာဖြင့် ဒေါ်တိုးမာက လတ်သခင်၏ အခန်းထဲသို့ ဝင်လာလျက် ညင်သာစွာမေးသည်။

ဆယ်နှစ်အရွယ် လတ်သခင်လေးမှာ ကောင်းကောင်းနေ ကောင်းကောင်းစားရတာကြောင့် အသားအရေလေးများ ဝင်းစိုကာ မျက်နှာလေးမှာ ပြည့်ဖြိုးပြီး ခန္ဓာကိုယ်မှာ ဝကစ်ကစ်လေးနှင့် ချစ်စရာကောင်းလှသည်ဟု ဒေါ်တိုးမာ မြင်မိ၏။

အညိုရောင်ဖျော့ဖျော့ ဆံပင်များကို နဖူးပေါ်မှ မျက်ခုံးနား ရောက်သည့်အထိ ရှေ့ချညှပ်လျက် နောက်မှာ နားရွက်လောက် ရောက်ရုံ တိုဖောင်းဖောင်းလေး ဝဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာလိုက်တာ အန်တီမာ"

ခန္ဓာကိုယ်ဝသူလေးမို့ လတ်သခင်က ကိုယ်ပေါ်မှ နူးညံ့သော ဂွမ်းစောင်ကြီးကို ဖယ်ရှားပြီး ဗိုက်ကို လက်လေးနှင့်ပွတ်၍ ပြောၿ၏။

"အဟင်း မနက်စာအဆင်သင့်ပါပဲကွယ်၊ ကဲ ကဲ သခင်မလေး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်လိုက်ပါ၊ အန်တီမာ အိပ်ရာသိမ်းရင်း စောင့်နေမယ်"

"အင်း"

လတ်သခင်လေးက ခေါင်းတစ်ချက်ညိတ်ပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ရေချိုးခန်းထဲမှ ဒေါ်တိုးမာကိုယ်တိုင် အသင့်လုပ်ပေးထားသော သွားတိုက်ဆေးထည့်ပြီးသား သွားပွတ်တံက အဆင်သင့်။

ရေချိုးကန်ထဲတွင် ရေနွေးစပ်ထားသော ချိုးရေက အသင့်။

လတ်သခင်ကိုယ်တိုင် ဘာတစ်ခုမျှ လုပ်စရာမလိုပါ။

ရေချိုးပြီး လတ်သခင် ပြန်ထွက်လာချိန်

"သခင်မလေးအတွက် ယောဒီပိုးဂါဝန်လေး အသင့်ထုတ်ထားတယ်ကွယ်"

မတ်ရပ်ဗီရိုကြီးနှင့် တစ်လုံးအပြည့်ရှိသော လတ်သခင်၏ အဝတ်အစားများထဲမှ မကြာခင်ကဝယ်ထားသည့် ပိုးဂါဝန်အဖြူ





လေးကို ဒေါ်တိုးမာ ထုတ်ပေး၏။

လတ်သခင်က ထိုဂါဝန်ကို မျက်မှောင်ကြုတ်ကာ တစ်ချက်ကြည့်ပြီး

"ခင် ဒီဂါဝန်မဝတ်ချင်ဘူး"

ဟု ခပ်တည်တည်ပြော၏။ ထို့နောက် လတ်သခင်က ဗီရိုဆီသို့သွားကာ အနီရဲရဲဂါဝန်ကို ထုတ်ယူသည်။

"အို မနက်ခင်းစောစောကြီး အဲဒီအရောင်ဝတ်မလို့လား သခင်မလေးရယ်"

"ဟုတ်တယ်၊ ခင်က ဒီလိုအရောင်တွေပဲ ကြိုက်တယ် ဆိုတာ အန်တီမာ မသိဘူးလား"

အနီရဲရဲဂါဝန်ကို ကိုယ်လုံးပေါ် မှန်ကြီးရှေ့မှ ကပ်ယှဉ်ကြည့်ရင်း သဘောကျဟန်ဖြင့် လတ်သခင် ပြောသည်။ ဒေါ်တိုးမာ သက်ပြင်းကြိတ်ချကာ

"အင်း အင်း ကောင်းပါတယ်ကွယ်"

ဆိုလျက် လတ်သခင်ကို အဝတ်အစား ထုတ်ပေးလိုက်သည်။

"အန်တီမာ"

"ဘာလဲကလေး"

"စောစောကဂါဝန်ကို ဓာနီပေးလိုက်ပါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သည်လောက်အဖိုးတန် အကောင်းစားဂါဝန်ကို ဇာနီမင်းအား အနမြောမရှိဘဲ လတ်သခင်က ပေးခိုင်းတာကြောင့် ကြားထဲမှ ဒေါ်တိုးမာ မျက်နှာပျက်သွား၏။

"အို သခင်မလေးရယ် မိဇာမှာက သခင်မလေးပေးတဲ့ အဝတ်အစားတွေ အများကြီးပါ၊ ဒီဂါဝန်က အသစ်လေ၊ သခင်မလေး တစ်ခါမှ မဝတ်ရသေးဘူး၊ မိဇာကို ဒါမျိုးအကောင်းစားကြီး ပေးစရာမလိုပါဘူး သခင်မလေးရယ်"

သမီးရင်းဖြစ်သူ ဇာနီမင်းကို ပေးမည်ဆိုတာပင် ဒေါ်တိုးမာက လက်မခံနိုင်ဟန်ဖြင့် ခါးသီးစွာ ငြင်းလေ၏။

"အို ဒီလိုအဖြူရောင် မကြိုက်ပါဘူးဆို၊ ခင်က အနီရဲတို့ အဝါတောက်တို့ အစိမ်းရင့်ရောင်တို့ပဲကြိုက်တာ၊ အန်တီမာ မသိဘူးလား"

"သိ သိပါတယ်ကွယ်"

စိတ်ဆိုးဟန်လေးဖြင့် လတ်သခင် ပြောတော့ ဒေါ်တိုးမာ မျက်နှာပျက်ပျက်နှင့် ခေါင်းညိတ်လေ၏။

"ဒါဆို ခင်ပေးခိုင်းတဲ့ဂါဝန်ကို ဇာနီပေးလိုက်ပါ"

"အေး အေးပါကွယ်"

ဆယ်နှစ်ဆိုသော အရွယ်လေးနှင့် မလိုက်အောင် ဦးမင်းဒင်၊ ဒေါ်တိုးမာတို့၏ အလိုလိုက်ကောင်းမှုကြောင့် လတ်သခင်သည် ဒီအိမ်ကြီး၏ ဘုရင်တစ်ပါးအဖြစ် မင်းမူလျက် ခက်ထန်မာန်တင်





နေတော့၏။

ထိုသို့ဖြစ်ရအောင်လည်း မြှောက်ပေးခဲ့သူတွေက ဦးမင်းဒင်နှင့် ဒေါ်တိုးမာ။

"လတ်သခင်ဆိုတာ ဟောဒီတိုက်ကြီးရဲ့ ပိုင်ရှင်မလေးပဲ၊ ဒါကြောင့် ဒီအိမ်ကြီးရဲ့ သခင်မလေးပေါ့ကွယ်၊ ဒီတိုက်၊ ဒီခြံ၊ ဒီကားတွေအားလုံး သခင်မလေးပိုင်တာ အန်တီမာတို့၊ အန်ကယ်မင်းတို့ကလေ သခင်မလေးကို ကျေးဇူးရှင်ရဲ့သမီးအဖြစ် သေချာကို ဂရုစိုက်စောင့်ရှောက်မှာ၊ သြော် ဇာနီမင်းကိုလည်း သခင်မလေး ကြိုက်တာခိုင်းနော်"

မသိနားမလည်သော ကလေးတစ်ယောက်ကို ပိုင်ဆိုင်မှုများပြောလျက် မြှောက်စားပြီး အစစအရာရာ လတ်သခင်၏ သဘောအတိုင်း ရှိစေခဲ့တာကြောင့် ယခုတော့ လတ်သခင်သည် တကယ်ပဲ ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ပြီ။

မျက်နှာထားတင်းတင်းလေးနှင့် ထွက်သွားသော လတ်သခင်နောက်သို့ ဒေါ်တိုးမာ ခပ်သွက်သွက်လိုက်ခဲ့သည်။

"ဟင် တစ်ခါလာလည်း နွားနို့၊ တစ်ခါလာလည်း နွားနို့နဲ့ ဒီနွားနို့မသောက်ချင်ပါဘူးဆို၊ ကဲ"

မလိုင်အပြည့်ပါ အဖြူရောင်ဖန်ခွက်ကြီးနှင့် နွားနို့များကို ကြည့်ပြီး လတ်သခင်သည် ဆတ်ခနဲ ဆွဲယူသွန်မှောက်ပစ်လိုက်၏။

"အို သမီး ဘယ် ဘယ်လိုလုပ်လိုက်တာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် နွားနို့တွေကုန်ပါပြီ"

လတ်သခင်၏ အပြုအမူကြောင့် ဒေါ်တိုးမာ မျက်နှာပျက်သွား၍ မေးသည်။ မီးဖိုထဲမှာရှိနေသော စာနီမင်းမှာ လတ်သခင် သွန်ပစ်လိုက်သော နွားနို့တွေကို နှမြော၍မဆုံးပေ။

"ဟဲ့ မီစာ၊ ဘာလုပ်နေတာလဲ၊ သွန်ပစ်လိုက်တဲ့ နွားနို့တွေကို မြန်မြန်သုတ်လေ"

"ရှင် ဟုတ်ကဲ့၊ အမေ"

ဒေါ်တိုးမာက ငေးကြောင်ရပ်ကြည့်နေသော စာနီမင်းအား ခပ်ငေါက်ငေါက် ပြောပြီးနောက် လတ်သခင်ဘက်သို့လှည့်ကာ

"သခင်မလေး သခင်မလေး ဘာများစားချင်သလဲကွယ်"

ဟု မျက်နှာကို အစွမ်းကုန်ပြုံးလျက် မေးလာ၏။ လတ်သခင်က စူပုတ်ပုတ်မျက်နှာလေးဖြင့်

"မုန့်ဟင်းခါး ချဉ်ချဉ်စပ်စပ်နော်"

"အို အစပ်တွေစားတော့ သမီးဗိုက်အောင့်မှာပေါ့ကွယ်"

ဒေါ်တိုးမာက စိုးရိမ်ဟန်ဖြင့်ပြောသည်။ လတ်သခင်က ဒေါ်တိုးမာကို မကြိုက်နှစ်သက်ဟန်ဖြင့်ကြည့်ကာ

"ဗိုက်အောင့်တော့ ဆရာဝန်နဲ့ပြမှာပေါ့၊ အခု ခင်စားချင်တာလုပ်ပေးပါ အန်တီမာ"





"ဟင် အေး အေး"

ငယ်ရွယ်သောအသက်နှင့် မမျှအောင် ငါ ဒီအိမ်ပိုင်ရှင် သူတို့က ငါခိုင်းတာလုပ်ရတဲ့လူတွေ။ စသော အတွေးများဖြင့် လတ်သခင်က အနိုင်ကျင့်လေပြီ။

"ဘာဖြစ်နေကြတာလဲ"

အသံနှင့်အတူ ဦးမင်းဒင် ဝင်လာ၏။ လတ်သခင်က ဦးအောင်တိုင်သည်။

"အန်ကယ်မင်း ခင် စားချင်တာကို အန်တီမာက လုပ်မပေးဘူးတဲ့"

"မ မဟုတ်ပါဘူးကွယ်၊ အန်တီမာက သမီးလေးဗိုက်အောင့်မှာစိုးလို့"

ဒေါ်တိုးမာနှင့် လတ်သခင်တို့၏ ဖြစ်စဉ်ကို ကြည့်၍ မင်းဒင်သက်ပြင်းချသည်။

ထိုခဏ ဒေါ်တိုးမာက စာနီမင်းဘက်လှည့်ကာ

"ဟဲ့ မီစာ သခင်မလေးစားချင်တဲ့ မုန့်ဟင်းခါးကို လမ်းထိပ်ဆိုင်က အမြန်သွားဝယ်ပေးလိုက်လေ"

"ရှင် ဟုတ်ကဲ့"

စာနီမင်းက စတီးချိုင့်လေးယူကာ အထွက်

"စာနီ ငါ့အကြိုက်က ချဉ်ချဉ်စပ်စပ်လေးနော်"

"အင်း အင်း"



www.burmeseclassic.com

www.burmeseclassic.com



လက်သခင် လှမ်းမှာတာ ခေါင်းညိတ်လျက် ထွက်လာခဲ့၏။ ဦးမင်းခင်နှင့် ဒေါ်တိုးမာ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသည်။ နှစ်ယောက်လုံး သက်ပြင်းကိုယ်စီ ကြိတ်ရှိုက်လျက်။

❀ ❀ ❀



"ငါတို့တော့မှားပြီထင်တယ် တိုးမာ"

"ဘာကိုပြောတာလဲ ကိုမင်းခင်"

ညဘက် တခြားလူတွေ နှစ်မြိုက်စွာ အိပ်ပျော်သွားသည့်တိုင် ဦးမင်းခင်နှင့် ဒေါ်တိုးမာက လေသာဆောင်ထွက်၍ အိပ်မပျော်နိုင်ကြသေးပါ။

ဦးမင်းခင်၏ စားပွဲရှေ့တွင် အရက်ပုလင်းနှင့် ဖန်ခွက်၊ ဒေါ်တိုးမာကိုယ်တိုင် ပြုလုပ်ပေးထားသော ဝက်အူချောင်းကြော်၊ အမြည်းတို့က အသင့်။

"ဘာပြောတာလဲ ဟုတ်လား တိုးမာ၊ မနက်ကလေ မနက်က မင်းဘာဖြစ်သလဲဟင်"

တခြားလူတွေကြားသွားမည့်အလား ဦးမင်းခင်က အသံအုပ်အုပ်နှင့်မေးတော့ ဒေါ်တိုးမာ တစ်ချက်တွေဝေသွားပြီးမှ သတိရလာဟန်ဖြင့်

"သမီးကိစ္စလား ကိုမင်းခင်"

"အေး ဟုတ်တယ်၊ သမီးကို မင်းက မြှောက်စားလွန်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါတို့ကို မိခင်ဖခင်မှန်းတောင် မသိတော့ဘဲ သူ့ကိုယ်သူ တကယ့်သခင်မလေး ထင်နေပြီကွ”

ရင်နာဟန်ဖြင့် ဦးမင်းခင်ပြောတော့ ဒေါ်တိုးမာ မျက်ခုံး တွန့်သွား၏။

“အို အဲဒီလိုဖြစ်ဖို့ ကျွန်မတို့က သမီးကို ပုံစံသွင်းလာတာ ပဲမဟုတ်လား ကိုမင်းခင်၊ ခုဆို ကျွန်မတို့သမီးလေးက ဂုဏ်သရေရှိ ဒေါက်တာလတ်ဦးရဲ့ သမီးလေး လတ်သခင်ဆိုပြီး ဒီအိမ်ရဲ့ အရှင်သခင်မလေး ဖြစ်နေပြီလေ၊ အဟင်း ဘယ်လောက်ကျေနပ် ဝမ်းသာစရာကောင်းလဲ ကိုမင်းခင်”

သားသမီးအပေါ် ကောင်းစားစေချင်တာ မိဘတွေ စေတနာခိုပေမယ့် အယူလွဲမှားစွာ စေတနာထားမိခြင်းကို ဒေါ်တိုး မာ မသိလေသလား။

“အေး မင်းက အဲဒါပဲဝမ်းသာနေ တိုးမာ၊ အဖေရင်း အမေရင်းဖြစ်တဲ့ ငါတို့ကို အနံကယ်၊ အနံတီခေါ်နေတာ မင်းအတော် သဘောကျလားဟင်”

ထိုစကားကြောင့် ဒေါ်တိုးမာ မျက်နှာပျက်သွားပြီးမှ

“အို ဒါကတော့ သမီးကောင်းစားဖို့ပဲရှင့်၊ ဘယ်သူက အခေါ်ခံချင်ပါ့မလဲ၊ ဒီလိုမလုပ်ရင် ကျွန်မတို့သမီးလေးဟာ တစ်သက်လုံး ဂုဏ်ငယ်နေမှာပေါ့ ကိုမင်းခင်”

“ဒါပေမယ့် ကိုဦးက ငါ့ကိုယုံလို့ သူ့သမီးနဲ့ ဒီပစ္စည်း





တွေ အပ်ခဲ့တာကွ၊ မင်းလောဘတက်ပြီး အပိုင်စီးချင်လို့ ကလေး ချင်း အစားလဲတာ တကယ်တမ်း ကိုဦးအပေါ် ငါစိတ်မလုံဘူး တိုးမာ”

ပြောရင်း ဦးမင်းခင်က စိတ်မကောင်းဟန်ဖြင့် အရက် တစ်ခွက်ယူသောက်လိုက်၏။

လူဆိုတာ လောဘသမားမို့ လတ်သခင်ကို အကြောင်းပြု၍ ဦးမင်းခင်နှင့် ဒေါ်တိုးမာမိသားစု တိုက်ကြီးပေါ် ရောက်ခဲ့ကြ၏။

“အမယ်လေး ကိုမင်းခင်ရယ် ကောင်းလိုက်တဲ့ တိုက်ကြီး နော်၊ အို ဆိုဖာကြီးကလည်း အိညက်လို့၊ ကြည့်ပါဦး ပစ္စည်းတွေ အားလုံးကလည်း အကောင်းစားချည်းပါလားဟင်”

တစ်သက်မှာ တစ်ခါမျှ မနေဘူး၊ မသုံးဘူးသော အဆောင် အယောင်များကိုကြည့်ပြီး ဒေါ်တိုးမာရင့်ထဲ

“ဒါတွေ ငါသာပိုင်လိုက်ပါတော့”

ဟု မက်မောလာရ၏။ ဒေါက်တာလတ်ဦး ပြန်လာလျှင် ဒီတိုက်ပေါ်က သူတို့မိသားစု ဆင်းရမှာပါလား။

နေရာကောင်း၊ အစားကောင်းကို မက်မိပြီဖြစ်သော ဒေါ်တိုးမာသည် ထိုတိုက်ပေါ်မှ မဆင်းချင်တော့။

“ကြည့်စမ်း ကလေးချင်းအတူတူ ဒီဟာမလေး လတ်သခင်ကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီဥစ္စာပိုင်ရှင် သူဌေးမ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်ပြီး ငါ့သမီး ဇာနီမင်းကြတော့ ခြူးတစ်ပြားတောင် မပိုင်ဘူး"

နှစ်မြိုက်စွာ အိပ်ပျော်နေသော ကလေးနှစ်ယောက်ကို ကြည့်ပြီး ဒေါ်တိုးမာ ထိုအတွေးများ ဝင်လာ၏။

ဘာမှနားမလည်သေးသော လသားအရွယ် လတ်သခင်၏ ပိုင်ဆိုင်မှုအပေါ် မနာလိုဖြစ်မိလာသည်။

"ကိုမင်းဒင်ကလည်း အလုပ်ကောင်းကျောင်းမလုပ်ဘဲ သောက်သောက်စားစားနဲ့ ငါ့သမီးလေးကြီးပွားဖို့ လမ်းမမြင်ဘူး"

ထိုအချိန်မှာပဲ ဒေါ်တိုးမာ ဦးနှောက်ထဲ အကြံကောင်းတစ်ခု ဖျတ်ခနဲ ရောက်လာ၏။

"အို အစောကတည်းကများ ဒီအကြံ ဘာလို့မရတာပါလိမ့်၊ ကြည့်စမ်း ကလေးနှစ်ယောက်ဟာ သိပ်ကွာခြားတာ မဟုတ်ဘူး၊ မိန်းကလေးချင်းလည်း ဖြစ်တော့၊ လတ်သခင် လတ်သခင်ဟုတ်တယ် ငါ့သမီးလေးဟာ ဒီအိမ်ရဲ့ အရှင်သခင်မလေး လတ်သခင်ဖြစ်ရမယ်"

မျက်လုံးတို့ အရောင်တစ်ဖျပ်ဖျပ် လက်လာသူက ဒေါ်တိုးမာ။

"ကျွန်မတို့ ကလေးချင်း အစားထိုးကြမယ် ကိုမင်းဒင်"

"ဘာ မင်းဘာပြောတာလဲ တိုးမာ"

ဒေါ်တိုးမာ၏ အကြံပြုချက်အစမှာ ဦးမင်းဒင် အံ့သြ





းမလည်။

"ဒီမှာ ကိုမင်းဒင် ရှင်သေချာစဉ်းစားကြည့်ပါ၊ ကျွန်မတို့ သမီးလေး ဇာနီမင်းက ကျွန်မတို့နဲ့နေရင် ဒီတစ်သက်ချမ်းသာ ကိန်း မမြင်ဘူး"

"ဒါကတော့ မိဘချမ်းသာမှ သားသမီးချမ်းသာမှာပေါ့ မင်းက ဘာကိုစိတ်ကူးလို့လဲ"

"အို လူဆိုတာ အကြံနဲ့ပဲတော်၊ မိဘမချမ်းသာပေမယ့် းသမီးချမ်းသာအောင် လုပ်ပေးလို့ရတယ်ရှင့်"

ထို့နောက် ဒေါ်တိုးမာက ဦးမင်းဒင်နားသို့ကပ်၍ ခပ်တိုးတိုး းပြောလိုက်၏။

"ကလေးချင်း အစားထိုးလဲကြမယ် ကိုမင်းဒင်၊ သမီးနဲ့ တ်သခင် အရွယ်မကွာတဲ့ကလေးတွေ ဒေါက်တာလတ်ဦးဘက် ကြည့်ရင် လသားလေးနဲ့ ထားခဲ့တဲ့ သူတို့သမီးကို ကြီးလာတဲ့ ဘယ်လိုမှ မှတ်မိမှာမဟုတ်ဘူး"

"ဟာ ဖြစ်ပါ့မလားကွာ၊ ငါတို့ ဘယ်လောက်ပဲ ဆင်းရဲ ကိုယ့်သမီးကို သူများသမီးလုပ်နိုင်းမလို့လား တိုးမာ"

ဖခင်တစ်ယောက်အနေဖြင့် ဒေါ်တိုးမာ၏အကြံကို ရုတ်တ မင်းဒင် လက်မခံနိုင်ပေ။

ဒေါ်တိုးမာက မျက်နှာတင်းကာ

"ကိုယ့်သမီး ကောင်းစားဖို့ လုပ်သင့်ရင် လုပ်ရမှာပဲရှင့်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဒေါက်တာလတ်ဦးပြန်လာရင် ကျွန်မတို့မိသားစု ဒီအိမ်ကြီးပေါ်က ဆင်းရမှာ''

''ကိုဦးက ဒီလောက်လည်း မဆိုးပါဘူးကွာ''

''ဪ...ဟုတ်တယ်၊ ဒေါက်တာ သဘောကောင်းရင် အလွှမ်းဆုံးခြံထဲက အိမ်လေးမှာပဲ ကျွန်မတို့ နေကြရမှာပေါ့ ကိုမင်းဒင်၊ ဒါပေမယ့် ကျွန်မတို့သမီးလေးဟာ လတ်သခင်နဲ့ နှိုင်းစာရင် ဘယ်လောက် မျက်နှာငယ်၊ ဂုဏ်ငယ်လိုက်မလဲဟင်''

သည်တော့ ဦးမင်းဒင် ငိုင်ခနဲဖြစ်သွား၏။ ဒါကို အခွင့်ကောင်းယူလျက် ဒေါ်တိုးမာက ဆက်ပြောသည်။

''အတွေးမလွဲစမ်းပါနဲ့ ကိုမင်းဒင်၊ ဒီလို အခွင့်အရေးမျိုးဟာ ဘဝမှာ တစ်ခါပဲလာတာပါ၊ ခုချိန် ကလေးချင်းလဲလိုက်ရင် ဒီကိစ္စ ဘယ်သူမှသိတာမဟုတ်ဘူး၊ အထူးသဖြင့် ကျောင်းစအပ်ချိန်မှာ ကျွန်မတို့သမီးလေးရဲ့ မိဘနာမည်က ဒေါက်တာလတ်ဦးနဲ့ ကွယ်လွန်သွားတဲ့ ဒေါ်ခင်မြ ဖြစ်နေရမယ် ကိုမင်းဒင်''

''ငါတို့ကကော၊ ပြီးတော့ ဟိုကလေးမ''

''အို ကျွန်မတို့က လတ်သခင်လေးကို အကြင်နာကရုဏာနဲ့ စောင့်ရှောက်တဲ့ အန်ကယ်နဲ့အန်တီပေါ့ရှင်''

''ဟင်''

''မဟင်နဲ့ ကိုမင်းဒင်၊ ကျွန်မတို့သမီး ကောင်းစားရင် ကျွန်မတို့လည်း ကောင်းစားတာပဲ၊ အဖြစ်မှန်ကိုတော့ သမီးကြီးလာ





တဲ့တစ်နေ့ကြမှ ဖွင့်ပြောပြရုံပဲ၊ အဲဒီအခါ ကျွန်မတို့မေတ္တာ စေတနာတွေကို သမီးလည်း နားလည်မှာပါ''

ဒေါ်တိုးမာက ရှေ့အနာဂတ်တွင် လှပမည့် သူတို့မိသားစုအား မြင်ယောင်ကာ ကျေနပ်မဆုံး။

''လတ်သခင် အစစ်ကတော့ ကျွန်မတို့သမီး ဇာနီမင်းပေါ့ရှင်၊ အဟင်း အဲဒီဇာနီမင်းကို လတ်သခင်ဆိုတဲ့ သခင်မလေးက နိုင်းချင်ရာနိုင်းပါစေလေ၊ အဟင်း ဟင်း''

ကောက်ကျစ်သော အကြံညာဏ်ဖြင့် ဒေါ်တိုးမာက ယေလိုက်၏။ သူ့ခွေးသမီးအစစ်က သူတို့သမီး၏ လက်ပါးစေ ဘဝ်ရမှာလေ။

၏ ၏ ၏



www.burmeseclassic.com

ယခုတော့ ဒေါ်တိုးမာ၏ အကြံဉာဏ်များအားလုံး အောင်မြင်ခဲ့ပါပြီ။ ကံကောင်းချင်တော့ ဒေါက်တာလတ်ဦးသည် မြန်မာပြည်သို့ တော်တော်နှင့် ပြန်မလာနိုင်ပေ။

မေမေဆုံးသွားပြီးတဲ့နောက်ပိုင်း ဟိုမှာရှိတဲ့ မေမွေ့ကုမ္ပဏီ ကို ငါဆက်ခံရတယ် မင်းခင်၊ လုံးဝဆက်စပ်မှုမရှိဘဲ စီမံနေတဲ့ လုပ်ငန်းတွေကြားမှာ အားမလျှော့တမ်း ငါသင်ယူနေရတယ်၊ ဒါကြောင့် သမီးလေးဆီ တော်တော်နဲ့ ပြန်ရောက်လာနိုင်မှာ မဟုတ်ဘူးကွာ၊ သမီးလေးအပေါ် ဖခင်တစ်ယောက်ရဲ့ တာဝန်မကျေ သလို ဖြစ်ခဲ့ပေမယ့် မင်းတို့မိသားစုရှိနေလို့ ငါစိတ်ချတယ်၊ သမီး အတွက် လိုအပ်တာသုံးဖို့ ပိုက်ဆံကို ငါ နှစ်စဉ်လွှဲပေးမယ် မင်းခင် ငါ့ကို တကယ်ခင်တယ်ဆိုရင် ငါ့သမီးလေးကို သချာဂုရုစိုက် စေချင်တယ်၊ မင်းတို့ကျေးဇူးကို ငါမမေ့ပါဘူး။

ခင်သော

လတ်ဦး

လတ်သခင်ကို ကျောင်းအပ်တဲ့အချိန် စာနှင့်ဖုန်းသာလာ





ပြီး လူကိုယ်တိုင်ရောက်မလာခဲ့သော ဒေါက်တာလတ်ဦး။

"မင်းရဲ့သမီးလေးကို ငါတို့ အထူးဂရုစိုက်စောင့်ရှောက် ပါတယ် ကိုဦး၊ ခုဆို ကျောင်းစအပ်ပါပြီ၊ ငါတို့ကိုယ်တိုင်ပဲ လတ်သခင်လေးကို ကျောင်းကြို၊ ကျောင်းပို့လုပ်ပေးပါတယ်၊ လတ်သခင်လေးအတွက် မင်းဘာမှမပူပါနဲ့ကွာ၊ ဒီစာနဲ့အတူ လတ်သခင်လေး ကျောင်းတက်နေပုံကို ထည့်ပေးလိုက်ပါတယ် ကိုဦး"

ဇာနီမင်းအစစ်ဘဝမှ လတ်သခင်ဘဝသို့ ရောက်သွား သော ထိုမိန်းကလေး၏ တစ်နှစ်ပြည့်မြောက်ပုံတိုင်း ဒေါက်တာ လတ်ဦးထံ သူတို့လှမ်းပို့တတ်သည်။

တကယ်ပဲ လတ်သခင်ကို ဦးမင်းခင်နှင့် ဒေါ်တိုးမာတို့ သချာဂရုစိုက် စောင့်ရှောက်တာအမှန်။

သူတို့၏သမီးအရင်းပေကိုး။

"သမီးကို သေချာစောင့်ရှောက်တယ်ဆိုလို့ ဝမ်းသာမိပါ တယ်၊ သမီးရဲ့ဓာတ်ပုံတွေ ပို့ပေးတာကိုလည်း အထူးကျေးဇူးတင် မိပါတယ် မင်းခင်၊ သမီးလေးက သိပ်ချစ်စရာကောင်းတာပဲကွာ၊ မင်းတို့ ဖြူစုစောင့်ရှောက်ကောင်းလို့ တကယ့်ကို ကျန်းကျန်းမာမာ ပုံစံလေးနဲ့ လန်းနေတဲ့ပန်းလေးလိုပဲ၊ ဒါနဲ့ မင်းတို့သမီးလေးကော ကျန်းမာရဲ့လား၊ ငါ့သမီးနဲ့ အသက်မကွာတော့ သူတို့ ကျောင်းအတူ တူနေလားဟင်၊ ဒါဆို အဖော်ရတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလတ်ဦး၏ စာတစ်စောင်မှာ သူတို့၏သမီး စာနီမင်းအကြောင်း ပါလာသည်။ သူတို့၏သမီးကို ဒေါက်တာ လတ်ဦး မမေ့ပါလားဟု ဦးမင်းဒင်နှင့် ဒေါ်တိုးမာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်မိသည်။

"တို့သမီးအကြောင်းမေးလို့ ဝမ်းသာပါတယ် ကိုဦး၊ လတ်သခင်နဲ့ ငါတို့သမီး စာနီမင်းဟာ အတန်းချင်းတူပေမယ့် ကျောင်းချင်းတော့ မတူကြပါဘူး၊ လူဆိုတာ ကိုယ့်နေရာကိုယ်သိရမှာမဟုတ်လား၊ လတ်သခင်လေးကို အကောင်းဆုံးကျောင်းမှာ ထားခဲ့တာပါ၊ တို့များသမီးကိုတော့ ရိုးရိုးကျောင်းမှာပဲ ထားပါတယ်၊ ဒါပေမယ့် ငါတို့သမီးကလည်း ကျန်းမာပြီး ဉာဏ်ကောင်းပါတယ်၊ ခုလို တို့သမီးအကြောင်း မေးတဲ့အတွက် မင်းကိုကျေးဇူးတင်ပါတယ် ကိုဦး"

လတ်သခင်အစစ်ကို သူတို့၏သမီး စာနီမင်းအဖြစ် ထားကာ အတန်းပညာကို တတ်ရှိသာသင်စေ၏။ ငယ်ငယ်လေး ထဲက အိမ်မှာ လက်တို့လက်တောင်းခိုင်းသည်။ ကြမ်းတိုက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးလုပ် စသည်ဖြင့် အရွယ်နှင့်မမျှပေ။

"ငါတို့က သူဌေးတွေမဟုတ်ဘူး၊ ညည်း ကိုယ့်ဘဝကိုယ် သိပါ"

မည်မျှ အလုပ်တွေလုပ်ပါစေ. စာနီမင်း အယောင်ဆောင် လတ်သခင်လေးအား လုံးဝမျက်နှာသာမပေးပါ။





"သိပါတယ် အမေ၊ ဒါကြောင့် အမေခိုင်းတဲ့အလုပ် အားလုံး သမီးလုပ်တာပဲ"

အလုပ်နှင့်လက် မပြတ်ပေမယ့် လတ်သခင်အစစ်လေးမှာ တစ်ချက်လေးမျှ မညည်းညူပေ။

သည်ကြားထဲ စာနီမင်းအစစ်ခိုင်းသော အလုပ်တွေ ကိုလည်း လုပ်ပေးရသေး၏။

"အေး…အေး မိန်းကလေးဆိုတာ ဒီလိုအောက်သက် ကျေရတယ်၊ မီးဖိုထဲမှာလည်း ချက်တတ်ပြုတ်တတ်ဖို့ ကြိုးစား ကြားလား"

"ဟုတ်ကဲ့"

သို့ဖြင့် ဆယ်နှစ်ဆိုသောအရွယ်မှာ လတ်သခင်အစစ်က ထမင်းဟင်း ချက်တတ်နေပြီ။

"ကျွန်မတို့ ဒီအိမ်မှာ လူပိုခေါ်မထားမှ ဖြစ်မယ် ကိုမင်း ဒင်၊ ဒါမှ ကျွန်မတို့အကြောင်း မသိကြမှာ"

"မင်းသဘောပါကွာ"

အစကတည်းက မိန်းမစကား[illegible]ထောင်သော ဦးမင်းဒင် က ဒေါ်တိုးမာ စီစဉ်သမျှ လွယ်လွယ်လက်ခံ၏။

ဦးမင်းဒင်အတွက်က အချိန်တန် အရက်သောက်နေရလျှင် ကျေနပ်သည်။ ဒေါက်တာလတ်ဦးမှ လတ်သခင်အတွက် ထားခဲ့ သော အဖြူရောင် မာစီးဒီးကားကြီးကို ဦးမင်းဒင်က အကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စား၍ မောင်းလျှင်

"သူဌေးကြီး ဦးမင်းဒင်"

"အစ်ကိုကြီးက တကယ်ခန့်သွားတာပဲနော်"

"ညီမတို့ကိုခင်ရမယ်နော်"

စသော ဂုဏ်နေမက်သော မိန်းမသားများ၏ အရေးပေး ခြင်းကို ခံရသည့်အတွက်

"တိုးမာလုပ်တာမှန်တယ်၊ ဒီဥစ္စာပစ္စည်းတွေကို ငါ့သမီး လေးပိုင်မှ ငါတို့ပိုင်မှာ" ဟူ၍ ဦးမင်းဒင်ကိုယ်တိုင် စည်းစိမ်ဥစ္စာ မှာ သာယာနစ်မျောခဲ့ပြီ။ သူငယ်ချင်းတစ်ယောက်၏ ကတိသစ္စာ ကိုလည်း မတည်နိုင်ခဲ့တော့ပေ။

တစ်ဖက်မှာ ဒေါက်တာလတ်ဦးကတော့ သမီးလေးကို ကျွေးမွေးစောင့်ရှောက်ထားသည့်အတွက် ဦးမင်းဒင်တို့ကို ကျေးဇူ တင်၍မဆုံးပေ။

ထို့ကြောင့် သမီးအတွက်သာမက ဦးမင်းဒင်တို့ မိသား ကို အမြဲထောက်ပံ့ပေးခဲ့၏။

"မင်းရဲ့သမီးဟာ ငါ့ရဲ့သမီးပါပဲမင်းဒင်၊ ဖြစ်နိုင်ရင် ငါ့သမီး လတ်သခင်နဲ့ မင်းရဲ့သမီး ဇာနီမင်းတို့ကို ကျောင်းအတူ တူထားစေချင်ပါတယ်"

လူချင်းမတွေ့ပေမယ့် စာမှလည်းကောင်း၊ ဖုန်းမှလည် ကောင်း ဒေါက်တာလတ်ဦးက သူ၏ဆန္ဒကို ပြောသည်။





"မဖြစ်ဘူး မဖြစ်ဘူး ကိုမင်းဒင်၊ ဇာနီမင်းနဲ့ လတ်သခင် ကို ဘယ်တော့မှ တန်းတူမဖြစ်စေရဘူး၊ ကျွန်မတို့ရဲ့ သမီးလေးဟာ တစ်နေရာမှာ တစ်ယောက်ပဲရှိရမယ်"

သားသမီးချင်း စာနာစိတ်ကင်းမဲ့လျက် ဒေါ်တိုးမာသည် ထိုအစီအစဉ်ကို ယောကျ်ားဖြစ်သူအား ခါးသီးစွာ ငြင်းခဲ့၏။

သည်တော့လည်း ဦးမင်းဒင်က မယား၏သဘောအတိုင်း

"မင်းရဲ့စေတနာကိုတော့ ကျေးဇူးတင်ပါတယ်၊ ကိုဦး ဒါပေမယ့် ငါတို့သမီးကို ငါတို့တတ်နိုင်တဲ့အားနဲ့ပဲ ထားချင်တယ် ကွာ၊ မင်းရဲ့သမီး လတ်သခင်နဲ့ နေရာတကာမှာ ဘယ်လိုမှ တန်းမညှိနိုင်ပါဘူး၊ ဒါကြောင့် သူ့နေရာနဲ့သူ ရှိပါစေ ကိုဦးရာ"

ထိုသို့ အကြောင်းပြန်ချက်ကြောင့် ဒေါက်တာလတ်ဦးမှာ နောက်ထပ် မည်သို့မျှ ထပ်မပြောတော့။

သူ့မိဘနှင့် သူတို့သမီး သဘောအတိုင်းသာ ရှိစေဟု မှတ်ယူလိုက်၏။

"ငါ့သမီးလေးနဲ့ စကားပြောချင်တယ် မင်းဒင်"

"ဒီလိုလုပ်လို့ ဖြစ်ပါ့မလား၊ ကလေးက ငယ်သေးတော့ မင်းအနားမှာမရှိတာကို အားနည်းချက်ဖြစ်သွားမယ် ကိုဦး"

"ဒါဆို ငါဘာလုပ်ရမလဲ မင်းဒင်"

"ကလေးသိနိုင်တဲ့အရွယ်ကြမှ စကားပြောကြတာပေါ့ ကိုဦး၊ ဒီကြားထဲ မင်းအကြောင်းကိုလည်း ငါတို့ပြောထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သမီးလေး ဆယ်နှစ်လောက်ရောက်ရင်တော့ သိမှာပါ"

ဖခင်အရင်းဖြစ်သော ဒေါက်တာလတ်ဦးက မွေးကတည်းက ဝေးခဲ့ရသည့် သမီးကို မြင်ချင်၊ တွေ့ချင်၊ အသံလေးမျှ ကြားချင်ပေမယ့် အခြေအနေမပေးလေတော့ ဓာတ်ပုံလေးများကို ကြည့်ကာ ဖြေသိမ့်ခဲ့၏။

ယခုတော့ လတ်သခင် ဆယ်နှစ်ပြည့်ပြီ။ ကျောင်းကလည်း ငါးတန်း။ ဒီအရွယ်ဟာ အရာရာကို သိတတ်နားလည်နေပြီဟု ယူဆ၏။

ထို့ကြောင့်...

"သမီးလေးဆီ ငါတစ်ခေါက်တော့ အရောက်ပြန်မှပဲဟု"

ဆုံးဖြတ်လိုက်တော့သည်။

ဳ ဳ ဳ



"ဘယ်လိုလုပ်မလဲ ကိုမင်းဒင်၊ အခု ဒေါက်တာလတ်ဦး ပြန်လာတော့မယ်ဆို"

တကယ်တမ်း ဒေါက်တာလတ်ဦး ပြန်လာမည်ဆိုတော့ ဒေါ်တိုးမာမှာ မျက်နှာပျက်လျက် တစ်စုံတစ်ရာကို စိုးရိမ်နေဟန်။

"ပြန်လာတော့ ဘာဖြစ်လဲ တိုးမာ၊ လတ်သခင်ဟာ ကိုဦးရဲ့သမီးပဲ မဟုတ်လား"

"အင်း ဒါလည်းဟုတ်တာပဲ၊ ဘာပဲဖြစ်ဖြစ် ဟိုကောင်မလေးကိုတော့ ဒေါက်တာလတ်ဦးနဲ့ အတတ်နိုင်ဆုံး ပေးမတွေ့တာကောင်းတယ် ကိုမင်း"

"ဒါပေမယ့် တစ်အိမ်တည်း၊ တစ်ခြံတည်းနေတော့ တွေ့မှာပဲ တိုးမာ၊ မင်း ဘာကိုစိုးရိမ်နေတာလဲ၊ အဲဒါ ငါတို့သမီး စာနီမင်း မဟုတ်လားကွ"

ဒေါ်တိုးမာ စိုးရိမ်နေသလောက် ဦးမင်းဒင်ကတော့ ခပ်အေးအေးဖြစ်သည်။ လတ်သခင်နှင့် စာနီမင်းတို့ လဲလှယ်ထားခြင်းကိစ္စကို ဦးမင်းဒင် ဒေါ်တိုးမာတို့ကလွဲ၍ မည်သူမျှမသိဟု



www.burmeseclassic.com

www.burmeseclassic.com



ယူသထား၏။

"အင်းလေ ရှင်ပြောတာလည်း ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်မ အစိုးရိမ်လွန်နေတာပါ၊ ဒါဆို သခင်မလေးကို သူ့ဒက်ဒီ လာမယ့်အကြောင်း ပြောပြထားဦးမှပဲ"

"မပြောပါနဲ့ကွာ၊ လေယာဉ်ကွင်းသွားကြိုတဲ့နေ့မှ သူသိပါစေ"

"အေးလေ"

သည်လိုနှင့် ဒေါက်တာလတ်ဦး ပြန်လာမယ့်ရက်ကို စောင့်မျှော်ရင်း

"ကလင် ကလင်"

တစ်ညှ ဆူညံသောဖုန်းသံကြောင့် ကိုင်လိုက်တော့

"မင်းဒင်"

"ဟေ့ ကိုဦး"

"ငါ ငါ သမီးဆီရောက်မလာနိုင်တော့ဘူးကွာ"

"ဟင်...ဘာ..ဘာဖြစ်လို့လဲ ကိုဦး"

ဒေါက်တာလတ်ဦး၏ အသံမှာ စိတ်ထိခိုက်ကြေကွဲနေဟန်။ ရုတ်တရက် ဒေါက်တာလတ်ဦး မပြန်လာနိုင်ဘူးဆို၍ ဦးမင်းဒင်တို့လင်မယား ဝမ်းသာသွား၏။

"ပြန်ဖို့အားလုံး အသင့်ဖြစ်ပြီးမှ ရုတ်တရက် ငါ ကားအက်စီးဒင့်ကြောင့်"





"ဟင်"

"ဟုတ်တယ် မင်းဒင်၊ ငါ့ခြေထောက်ကျိုးသွားတယ်၊ ခုတောင် မင်းတို့နဲ့ စကားပြောချင်လွန်းလို့"

"ဒါဆို အခု ငါတို့ဘယ်လိုလုပ်ရမလဲ ကိုဦး"

ကံကြမ္မာသည် ဦးမင်းဒင်တို့ဘက်မှာ ရှိနေ၏။ သူငယ်ချင်းအတွက် စိတ်မကောင်းသည့်တိုင် ဒေါက်တာလတ်ဦး ပြန်မလာခြင်းက သူတို့အတွက် ကံကောင်းခြင်းပင်။

"ငါ့အစား လူတစ်ယောက် ရောက်လာလိမ့်မယ်၊ ဒေါက်တာ ရွှေမင်းဂန်တဲ့၊ မင်းတို့ သူ့ကိုသွားကြိုလိုက်ပါ"

"အေး သိပါပြီ ကိုဦး"

ကာယကံရှင်ကိုယ်တိုင်မှလွဲ၍ တခြားမည်သူပဲလာပါစေ ဦးမင်းဒင်တို့ မမှုပေ။

"အခု သမီးနဲ့ငါ စကားပြောချင်တယ် မင်းဒင်"

"ဟင် ညဘက်ကြီး အိပ်နေတယ် ကိုဦး ဒီလိုလုပ်ကွာ မနက်ကြတော့ မင်းဆီ ဖုန်းပြန်ဆက်ခိုင်းလိုက်မယ်"

"အေး...အေး ငါစောင့်နေမယ် မင်းဒင်၊ ဠဒ်နိုက်"

တစ်ဖက်မှ ဒေါက်တာလတ်ဦး ဖုန်းချသွားပေမယ့် ဦးမင်းဒင်တို့ လင်မယား အိပ်မပျော်တော့။

"ကြည့်စမ်း ကြည့်စမ်း ကျွန်မတို့များ ကံကောင်းလိုက်တာနော်၊ ဒီခြံ၊ ဒီတိုက်ရဲ့ သခင်အစစ်က တကယ်လာမယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ အတားအဆီးဖြစ်လာတာ၊ အဟင်း ကံကြမ္မာကို ဘယ်လောက် ကျေးဇူးတင်ရမှာကောင်းလဲ ကိုမင်းဒင်"

လူတစ်ဖက်သား ဒုက္ခရောက်တာကို မစာနာနိုင်ဘဲ ကိုယ့်အတွအတွက် ဝမ်းသာနေသော ဒေါ်တိုးမာ။

"သိပ်လည်း ဝမ်းသာမနေနဲ့ တိုးမာ၊ လတ်ဦးက သူ့သမီးနဲ့ စကားပြောချင်တယ်တဲ့"

"အို ပြောပါစေတော်၊ သခင်မလေးကို ကျွန်မကိုယ်တိုင် အကျိုးအကြောင်း သွားပြောထားမယ်"

ဒေါ်တိုးမာက သတိလက်လွတ်ဖြင့် ယခုပဲ သွားမည့်ဟန် ပြင်၏။

"ဟိတ် ဟိတ် အချိန်လည်း သတိထားကြည့်ပါဦးကွာ၊ ဒီလောက်ညဥ့်နက်နေပြီ ကလေးအိပ်နေပြီပေါ့"

"အို ဟုတ်ပါရဲ့၊ အဟင်း ကျွန်မ သတိလက်လွတ်သွားတယ်၊ သမီးလေးက သူ့အိပ်ရင် ဘယ်သူမှလာနှိုးတာ မကြိုက်ဘူး၊ အစားလည်း ကောင်းကောင်းစားရမှ၊ ခုတော့ သူ့ဘဝနဲ့ တကယ်ကိုက်နေတာပဲ"

ရင်နှစ်သည်းချာ ရင်သွေးက သူဌေးသမီးဘဝဖြင့် ကောင်းကောင်းစား၊ ကောင်းကောင်းနေရတာအတွက် ဒေါ်တိုးမာ ပီတိဖြစ်မဆုံး။

ဦးမင်းဒင် မျက်မှောင်တွန့်ကာ





"မင်းသမီးကို စာလည်းကြိုးစားနိုင်ဦး တိုးမာ၊ လတ်သခင်ဘဝနဲ့ ဒီလောက်အကောင်းဆုံးကျောင်းမှာထားပြီး အကောင်းဆုံးဆရာတွေနဲ့ သင်ရတာတောင် အဆင့်က သာမန်ပဲ၊ ဟိုကလေးမ လတ်သခင်အစစ်ကတော့ မိဘတွေရဲ့ ကောင်းတဲ့ဉာဏ်ပါလာလို့လားမသိဘူး ရပ်ကွက်ထဲက ရိုးရိုးကျောင်းထားပြီး အိမ်အလုပ်တွေဆိုလည်း မပြတ်အောင်လုပ်တဲ့ကြားက အဆင့် တစ်နှစ် အမြဲဝင်နေတယ်ကွ"

ထိုစကားကြားရတော့ ဒေါ်တိုးမာ မျက်နှာ အကြီးအကျယ်ပျက်သွားသည်။ သူတို့သမီး စာနီမင်းအဖြစ် မွေးထားသော လတ်သခင်အစစ်သည် ဉာဏ်ကောင်းခြင်း၊ အလုပ်ကို ကြိုးစားခြင်း၊ အရာရာမှာ စိတ်ရှည်သည်းခံခြင်းတို့က အရွယ်နှင့်မလိုက်ပြည့်စုံနေ၏။

"ရှေ့နှစ်ကြရင် အဲဒီကောင်မလေးကို ကျွန်မတို့ ကျောင်းထုတ်လိုက်ရအောင် ကိုမင်းဒင်"

"ဟာ ဒါတော့မလုပ်ပါနဲ့ကွာ၊ ငါတို့ ကျောင်းမထားဘူးဆိုရင် လတ်ဦးက စိတ်ဆိုးလိမ့်မယ်၊ ငါတို့သမီးရဲ့ကျောင်းစားရိတ်ကိုလည်း သူထောက်ပံ့ပေးနေတာပဲ တိုးမာ"

သည်တော့ ဒေါ်တိုးမာ သက်ပြင်း ဟင်းခနဲချ၏။ ကိုယ့်သမီး စာမတော်တာ၊ အပျင်းကြီးတာကို အပြစ်မမြင်ဘဲ တစ်ဖက်သူကြိုးစားတာကို မနာလိုဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး၊ မဖြစ်ဘူး၊ မနက်ကြရင် သမီးလေးကို စာကျက်ဖို့ပြောမှ"

"ဟင်း မင်းပြောကြည့်ပါဦး၊ မင်းသမီးက အချိန်ရတာနဲ့ ရုပ်ရှင်ကြည့်ဖို့၊ ကာတွန်းဖတ်ဖို့၊ သူငယ်ချင်းတွေခေါ်ပြီး ကစားဖို့လောက်ပဲ စိတ်ဝင်စားနေတာ ဒေါ်တိုးမာ"

မိဘက ကောင်းစားစေချင်၍ ဘယ်လောက်ပဲ အထက်ရောက်အောင် မြှင့်တင်ပေးပါစေ နဂိုဗီဇက ပေါ့ပေါ့နေ ပေါ့ပေါ့စား ဘာကိုမျှ အလေးအနက်မရှိတာတွေ ပါလာသော စာနီမင်းအစစ်သည် စာကို လုံးဝစိတ်မဝင်စားပေ။

သည့်ကြားထဲ ဘဝက သူဌေးသမီးဟု သိထားလေတော့ ဘဝက ခပ်မြင့်မြင့်ဖြစ်ရ၏။

"အိုရှင် သမီးက ကလေးပဲရှိသေးတာ ကိုမင်းဒင်၊ တဖြည်းဖြည်း ပြောယူရမှာပေါ့"

"အေး ဒါပေမယ့် မင်းရဲ့သမီးက ငါတို့ကို သူ့အခိုင်းအစေတွေပဲ မှတ်နေတာမဟုတ်လား တိုးမာ"

မိဘရင်းတွေဟု အသိမပေးထားတာကြောင့် လက်ရှိလတ်သခင်ဘဝဖြင့် ဦးမင်းဒင်၊ ဒေါ်တိုးမာတို့အား လုံးဝဂရုမစိုက်တာအမှန်။

"ဒီလောက်ကြီးလည်း မဆိုးသေးပါဘူးရှင်၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန် ညှေ့သည်လာမယ့်အကြောင်းတော့ သခင်မလေး





ကို ကျွန်မတို့ ကြိုပြောထားရမယ်"

"ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ အခုကပြောနော် တိုးမာ၊ တော်ကြာ လတ်ဦးဆီ သတင်းရောက်လို့ ငါတို့ မျက်နှာ မလှဖြစ်နေမယ်"

"ကျုပ်သိပါတယ်တော်၊ ကဲ ကဲ မိုးလင်းတော့မယ်၊ နှင်အိပ်ချင်အိပ်တော့ ကိုမင်းဒင်"

"မင်းက ဘယ်လဲ တိုးမာ"

"မီးဖိုကို သွားနှိုးမလို့လေ"

"အစောကြီးရှိပါသေးတယ်ကွာ"

"အို ရှင်ဘာသိလို့လဲ၊ မနက်လေးနာရီကထပြီး အိမ်အလုပ်တွေလုပ်တာတောင် မပြီးဘူးရှင့်၊ ကျွန်မကိစ္စ ရှင်ဝင်မပါပါနဲ့ ကိုမင်းဒင်"

ဒေါ်တိုးမာက မျက်စောင်းတစ်ချက်ထိုးပြီး အခန်းထဲမှ ထွက်သွားလေ၏။ ဦးမင်းဒင်မှာ သက်ပြင်းချ ကျန်ရစ်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"အလို ဒါ မိဓာရဲ့စာကျက်သံပါလား"

အိပ်ရာကနိုးဖို့သွားသော ဒေါ်တိုးမာမှာ ဓာနီမင်းအခန်းမှ စာကျက်သံကြောင့် မျက်ခုံးတွန့်သွား၏။

သေချာအောင် ကြည့်လိုက်တော့ အခန်းထဲမှာ မီးလင်းလျက် ဓာနီမင်း တဖြစ်လဲ လတ်သခင်အစစ်လေးက စာကို တတွတ်တွတ်ကျက်လို့။

"မိဓာ"

"ဟင်. အမေ"

ဒေါ်တိုးမာကိုမြင်တော့ ဓာနီမင်း စာကျက်ရာမှ ရပ်လိုက်၏။

"ညည်းက အိမ်အလုပ်တွေမလုပ်ဘဲ စာကျက်နေတာလား မိဓာ"

"မဟုတ်ပါဘူးအမေ ကျွန်မ ဆွမ်းလည်းချက်ပြီးပါပြီ ရေနွေးအိုးလည်း တည်ပြီးပြီ အမေရဲ့၊ စာက ခုမှကျက်တာ"

သည်လောက်ငယ်ရွယ်သော အသက်လေးနှင့် မလိုက်





အောင် လှပလဝီရိယရှိသော လတ်သခင်အစစ်ကို ဒေါ်တိုးမာ မျက်စောင်းကြိတ်ထိုးပြီး ထွက်ခဲ့၏။

ဒေါ်တိုးမာ ခြေလှမ်းတွေက သခင်မလေးဘဝနှင့် စိမ်ကျနေသော သမီးရင်း ဓာနီမင်းအစစ်ဆီသို့။

"သခင်မလေး၊ သခင်မလေး"

အကောင်းစား ပန်းနုရောင် ခြင်ထောင်ကြီး၏အောက်မှာ အပူအပင်မရှိ နှစ်မြိုက်စွာ အိပ်ပျော်နေသော ဓာနီမင်းအစစ်ကို ဒေါ်တိုးမာ ညင်သာစွာ နိုးလိုက်၏။

တစ်ခွန်း၊ နှစ်ခွန်းနှင့်မရဘဲ သုံးခွန်းမြောက်မှာတော့

"သခင်မလေး"

"ဟင် ဘယ်သူလဲ၊ ငါ့ကို ဒီလောက်အစောကြီး လာနိုးတာ"

စူဆောင့်သောအသံဖြင့် အိပ်ရာမှနိုးလာသော ဓာနီမင်းအစစ်က ဒေါ်တိုးမာကိုတွေ့တော့

"ဒီလောက်အစောကြီး ခင့်ကို ဘာကြောင့်လာနိုးတာလဲ အန်တီမာ"

"ဟို ဟိုလေ သမီး သမီး စာကျက်ရအောင်လို့ပါကွယ်"

"ဘာ စာကျက်ရမယ်ဟုတ်လား၊ဒီလောက်အိပ်ချင်နေတာ စာကဘယ်လိုကျက်ရမှာတုန်း၊ အန်တီမာ ခုထွက်သွား၊ ခင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်အိပ်မယ်''

ပြောပြောဆိုဆို ဓာနီမင်းအစစ်က ဝုန်းခနဲ ပြန်အိပ်၏။ ဒေါ်တိုးမာက သက်ပြင်းချ၍ အခန်းထဲမှ ပြန်ထွက်ခဲ့သည်။

''ဒီလောက် အအိပ်မက်၊ အစားမက်တဲ့ကလေး ကိုမင်းခင်နဲ့တူတာပဲဖြစ်မယ်''

အမှန်တော့ ဦးမင်းခင်ကော ဒေါ်တိုးမာပါ ကျောင်းစာကို စိတ်မဝင်စားခဲ့ကြသူများဖြစ်၏။ သူတို့စိတ်ဝင်စားခဲ့တာ အပျော်အပါးမျှသာ။ ,ယခု သူတို့သမီးက မိဘတွေကို လာတူနေခြင်း။

''ဟဲ့ မိဓာ ခြံထဲသွားပြီး ဘုရားပန်းခူးပြီးလဲစမ်း''

စာကျက်နေသော ဓာနီမင်းအတုကို ဒေါ်တိုးမာ ဒေါသဖြစ်စွာ ခိုင်းလိုက်၏။

''ဟုတ်ကဲ့ အမေ''

လိမ္မာသော လတ်သခင်အစစ်ကတော့ ချက်ချင်း စာဖတ်ရပ်ပြီး ကတ်ကြေးတစ်လက်ယူ၍ ခြံထဲဆင်းခဲ့သည်။

ကြည့်စမ်း မနက်ခင်းစောစောမှာ ပန်းလေးတွေက လှလိုက်တာ။

ဖြူစင်နူးညံ့သော စိတ်ထားရှိသည့် လတ်သခင်အစစ်လေးက မနက်စောစောမှာ ပွင့်လန်းနေသည့် ပန်းတွေကိုကြည်နူးစွာ ကြည့်လိုက်၏။

''ပန်းလေးတွေရဲ့ဘဝက အေးချမ်းလိုက်တာ''





သူမမှာတော့ မိခင်အရင်းက တစ်ချက်လေးမှ မျက်နှာသာပေးမခံရတဲ့ဘဝ။

''သခင်မလေးကိုကြတော့ အမေဟာ ချစ်လိုက်၊ ဂရုစိုက်လိုက်တာ၊ အေးလေ သခင်မလေးက ငါတို့မိသားစုရဲ့ ကျေးဇူးရှင်တဲ့၊ ဒါကြောင့် အမေ ဂရုစိုက်တာနေမှာပါ''

ကလေးသဘာဝ မိခင်၏တင်းမာစွာ ဆက်ဆံမှုကြောင့် သူမဝမ်းနည်းရပေမယ့် နဂိုစိတ်ထားဖြူစင်သူလေးမို့ ကိုယ့်ဘာသာ ကြံဖန်ဖြေသိမ့်၏။

''အမေကပြောတယ်၊ ငါတို့မိသားစုက ဆင်းရဲတာဟ်တဲ့၊ ဒါကြောင့် ငါ စာကိုကြိုးစားသင်တာလေ၊ ဘာကြောင့်များ အမေက သမီးစာကျက်တာကို မကြိုက်ရတာလဲနော်၊ သမီးပညာတတ်ကြီးဖြစ်မှ အမေတို့ကို လုပ်ကျွေးနိုင်မှာပေါ့ရှင်''

မိဘများအပေါ် သိတတ်စိတ်ဖြင့် အိမ်အလုပ်တွေနှင့် အားလပ်သည့်ကြားက သူမစာကို အပတ်တကုတ် ကြိုးစားခဲ့၏။

အရွယ်လေးရလာတာနှင့်အမျှ သူမ၏ ဖြူစင်လှပ ချစ်စရာကောင်းသော ရုပ်လေးက ပိုပေါ်လွင်လာသည်။

ကျောင်းမှ ဆရာ၊ ဆရာမများကလည်း စာတော်သော သူမကို ချစ်ကြသည်။

''လောကမှာ ဆင်းရဲတာ ရှက်စရာမဟုတ်ဘူး သမီး၊ ဆင်းရဲတာ ချမ်းသာတာထက် လူမှန်ရင် ကံငါးပါးကိုလုံအောင်



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရတယ်၊ သူများအသက် မသတ်ရဘူး၊ သူများပစ္စည်း မခိုးရဘူး၊ မုသာဝါဒ လိမ်ညာမပြောရဘူး၊ သေရည်သေရက် မသောက်စားရဘူး၊ သူများသားမယား မပြစ်မှားရဘူး၊ အဲဒီကံ ငါးပါးလုံတဲ့လူတွေမှ တကယ့်အထက်တန်းကျတဲ့လူတွေပဲ၊ ငါ့သမီး က ဆင်းရဲပေမယ့် မိဘကိုသိတတ်တယ်၊ စာကြိုးစားတယ်၊ ကံ ငါးပါးလုံတယ်ဆိုရင် တစ်နေ့ ထိပ်ဆုံးဘဝကို ရောက်မှာပဲကွယ့်"

ဆရာမကြီး၏ ဆုံးမစကားသည် သူမနှလုံးသားတွင် စွဲထင်နေသည်။ မိခင်ဖြစ်သူဆီက ထိုကဲ့သို့ဆုံးမမှုမျိုး တစ်ခါမှ မကြားခဲ့ရပေ။

"ကျောင်းသားတွေရဲ့အလုပ်က တစ်နေ့ပေးလိုက်တဲ့စာကို တစ်နေ့ ရအောင်လုပ်ဖို့ပဲ၊ ဒါဆို အကြွေးမတင်တော့ဘဲ စာမေးပွဲ မှာ သူတကာထက် အဆင့်မြင့်မြင့်အောင်ကြမယ်"

ကျောင်းသူကျောင်းသားတွေကို ကျောင်းအုပ်ဆရာမကြီး က မကြာခဏ ဩဝါဒပေးတတ်သည်။ သူမက ဆိုဆုံးမသော စကားအားလုံး လေးစားစွာ မှတ်သားနာယူသည်။

"ဘာပဲဖြစ်ဖြစ် စာကို ငါကြိုးစားရမယ်"

ဆင်းရဲနေသော ဘဝကို အားမငယ်ဘဲ ရှိသည့်အဝတ် အစားလေးများကို ပြောင်စင်အောင် လျှော်ဖွပ်၍ ကျောင်းတက်နေ

များသောအားဖြင့် သူမ၏အဝတ်အစားတွေက သခင် လေး၏ အကျႌများဖြစ်သည်။





"သမီးကို အင်္ကျီသစ်လေးတစ်ထည်လောက် ဝယ်ပေးပါ လား အမေ"

"ဘာ ညည်းကိုယ်ညည်း သူဌေးသမီးများ မှတ်နေလား မိစာ"

မိဘတွေထံ တစ်ခါပဲ ပူဆာဖူး၏။ အင်္ကျီသစ်မရသည့် အပြင် အဆူအငေါက်ခံရတာကြောင့် နောက်ထပ် သူမမပူဆာတော့ ပေ။

"ငါကလည်း အမေတို့မှာ ပိုက်ဆံရှိမှန်းမသိ မရှိမှန်းမသိ ပူဆာမိတာကိုး၊ တော်ပါပြီလေ နောက်တစ်ခါ ငါ့ကြောင့် မိဘတွေ စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့"

နောက်ဆုံး သူမက ကိုယ့်ကိုယ်ကို အပြစ်တင်၏။

"လောကမှာ လူတိုင်းလူတိုင်းဟာ စိတ်ကောင်းထားဖို့ အရေးကြီးတယ်၊ စိတ်ထားကောင်းတဲ့လူဟာ ဒီဘဝမှာလည်း ကံကောင်းမယ်၊ နောင်ဘဝမှာလည်း ကံကောင်းမယ်"

ထို့ကြောင့် သူမအနေဖြင့် ဘယ်သူတွေ ဘယ်လိုပဲရှိကြ ပါစေ စိတ်ထားကောင်းကောင်းထားလေ၏။

ယခုလည်း မိခင်က ဘုရားပန်းရေခိုင်းခြင်းကို ဝမ်းသာ ကြည်နူးစွာ လုပ်သည်။ ဘုရားပန်းလဲခြင်း၊ ဆွမ်းကပ်ခြင်း၊ ရေတော် ကပ်ခြင်းတို့ကို သူမ သိတတ်သည့်အရွယ်မှစကာ လုပ်ခဲ့၏။

သေချာတာကတော့ ဒီအချိန်မှာ တိုက်ကြီးပေါ်က သခင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး နှစ်ခြိုက်စွာ အိပ်ပျော်နေမည်ဖြစ်သည်။

"မိဓာ ဘုရားပန်းလဲပြီးရင် သခင်မလေးအတွက် မနက်စာအသင့်ဖြစ်ပါစေနော်"

"ဟုတ်ကဲ့ပါ အမေ"

ရွယ်တူချင်းပေမယ့် သူမက သခင်မလေးကို မြှူစုရ၏။ ထိုအတွက်လည်း မညည်းညူပေ။

နေမြင့်မှ အိပ်ရာကထလာသော သခင်မလေးက

"ဒီလိုအဆီစာတွေ မကြိုက်ပါဘူးဆို၊ အသုပ်စုံစားမယ်"

အမြဲတမ်း ကောင်းသောစားစရာများကို ငြင်းလျက် လမ်းဘေးမှ အသုပ်၊ မုန့်ဟင်းခါးတို့ကို မက်မောစွာ စားလေ၏။

"မိဓာ နင် ဒါတွေစားပစ်လိုက်"

"ဟင် ဒါ ဒါတွေ မိဓာကိုကျွေးမလို့လား သခင်မလေး"

စားပွဲပေါ်မှ နွားနို့၊ ကိတ်မုန့်၊ ကြက်ဥ၊ ဝက်အူချောင်းကြော်များကို နှမြောတွန့်တိုခြင်းမရှိ သခင်မလေးက သူမကို ကျွေးပေမယ့် မျက်စိမျက်နှာပျက်လျက် သူမ၏မိခင် ဒေါ်တိုးမာက မကြိုက်ဟန်မေးသည်။

"ခင် မစားချင်လို့ကျွေးတာပဲ မိဓာ ခုစားလိုက်"

"ဩော်...အေး ဟဲ့ မိဓာ၊ သခင်မလေးက နင့်ကိုသနားလို့ကျွေးတာ စားလိုက်"

ဒေါ်တိုးမာက ခပ်ငေါက်ငေါက်ဖြင့် သူမကိုပြောပြီး ကျွေး





သည်။

"ဟုတ်ကဲ့"

သူမအတွက်ကတော့ သခင်မလေးဟာ တကယ့်စေတနာရှင်၊ ကြားထဲမှ ဒေါ်တိုးမာတစ်ယောက်သာ အကောင်းစား စားစရာများကို ပစ်ပယ်လျက် အသုပ်စုံချဉ်စပ်ကို အားပါးတရစားနေသည့် သခင်မလေးတဖြစ်လဲ သမီးရင်းအားကြည့်ကာ သက်ပြင်းကြိတ်ရှိုက်မိလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"သခင်မလေး"

"ဟင်"

ဒေါ်တိုးမာက အရိပ်ထဲမှာ ကောင်းကောင်းစား၊ ကောင်းကောင်းနေရ၍ နုငိုညိုသောအသားလေးများ ဝင်းစိုကာ ပြည့်ဖြိုးသည့်မျက်နှာလေးနှင့် ချစ်စရာကောင်းလှသော ချစ်သမီးအား မြတ်နိုးစွာကြည့်မိ၏။

"အခု အန်တီပြောမှာကို သေချာနားထောင်နော် သခင်မလေး"

"အင်း"

"တကယ်တော့ သခင်မလေးမှာ အန်တီမာတို့အပြင် သက်ဆိုင်သူရှိတယ်ကွယ့်"

"သက်ဆိုင်သူ၊ ဘာကိုပြောတာလဲ အန်တီမာ"

မျက်တောင်ရှည်ကြီးများ ပုတ်ခတ် ပုတ်ခတ်ဖြင့် လတ်သခင် တစ်ဖြစ်လဲ စနီမင်းကမေး၏။

"ဩော် သက်ဆိုင်သူဆိုတာ သခင်မလေးရဲ့ မိဘတွေကို





ပြောတာ"

"ဟင်...ဟုတ်လား၊ ဒါဆို ခင့်မိဘတွေ ဘယ်မှာလဲ အန်တီမာ"

လတ်သခင်ကမေးတော့ ဒေါ်တိုးမာ ပြုံး၍

"ရှိပါတယ်ကွယ်၊ ရှိပါတယ်"

တကယ်တော့ ယခု လတ်သခင်၏ မိဘတွေဟာ သူတို့ပဲ မဟုတ်လား။

"ရှိရင်ပြလေ အန်တီမာ၊ ဘယ်မှာလဲလို့"

"ဟင် အဲ အဲ"

သည်တော့ အခြေအနေအရ ဘဝပြောင်းထားတာကို ဒေါ်တိုးမာ သတိရလျက်

"ဟို ဟို သခင်မလေးရဲ့ အမေကတော့ မရှိတော့ဘူး၊ သခင်မလေး ငယ်ငယ်ကပဲ ဆုံးသွားပြီ၊ အဖေတော့ရှိတယ်၊ ဒေါက်တာလတ်ဦးတဲ့၊ အခု သူက နိုင်ငံခြားမှာ"

"နိုင်ငံခြားမှာ၊ နိုင်ငံခြားဆိုတာက"

ကလေးအရွယ်မို့ လတ်သခင် နားမလည်သလို ဖြစ်နေ၏။

"ဩော် နိုင်ငံခြားဆိုတာ ဟိုးအဝေးကြီးမှာကွယ့်၊ ဒါပေမယ့် သခင်မလေးကို သခင်မလေးအဖေက သိပ်ချစ်တယ်"

"ချစ်ရင် ခင်နဲ့ ဘာလို့အတူမနေလဲ အန်တီမာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးရှုပ်ပုပ်ပုပ်ဖြင့် လတ်သခင်မေး၏။

"ဒါကတော့ သခင်မလေး ဒီလို တိုက်တွေ၊ ကားတွေနဲ့ နေနေနိုင်ဖို့ ကောင်းကောင်းမွန်မွန် ဝတ်စားနေထိုင်ဖို့ နိုင်ငံခြားမှာ ပိုက်ဆံတွေအများကြီး သွားရှာနေတာလေ"

"ဒီလိုလား"

"အင်း အင်း ဟုတ်တယ်"

ပိုက်ဆံအကြောင်းတော့ အသက်ငယ်ပေမယ့် လတ်သခင်က ကောင်းကောင်းသိနေ၏။ ပိုက်ဆံသာရှိလို့ကတော့ မုန့်တွေ ကြိုက်သလောက် ဝယ်စားနိုင်သည်။ ရုပ်ရှင်ကား ကြိုက်သလောက် ကြည့်နိုင်၏။ အကျႌလှလှတွေ ဝယ်နိုင်သည်မဟုတ်လား။

"အခု သမီးအဖေက နိုင်ငံခြားမှာ အလုပ်တွေများနေလို့ မလာနိုင်ပေမယ့် သူ့မိတ်ဆွေတစ်ယောက် နိုင်ငံခြားက လာလိမ့်မယ်၊ အဲဒါ အန်တီမာတို့နဲ့အတူ သခင်မလေး သွားကြိုကြရမယ်"

"အဲဒီဦးလေးက ခင့်အတွက် အကျႌလှလှတွေ၊ မုန့်တွေ အများကြီး ယူလာမှာလား အန်တီမာ"

"ဒါပေါ့ကွယ်"

သွေးက ခတ်ပြလေ၏။

ဒေါက်တာလတ်ဦးသည် လက်ရှိ လတ်သခင်၏ ဖခင် အစစ် မဟုတ်တဲ့အတွက် ဒေါ်တိုးမာပြောမယ့် စိတ်မဝင်စားပေ။

ထိုကဲ့သို့ ဒေါက်တာလတ်ဦးအား သခင်မလေး စိတ်မဝင်





စားတာကိုပဲ ဒေါ်တိုးမာ ကြိတ်ဝမ်းသာနေသည်။

"ငါတို့သမီးက ငါတို့ကိုပဲချစ်ရမယ်"

တစ်ဖက်သတ်အတွေးဖြင့် ဒေါ်တိုးမာ ကျေနပ်လေ၏။ လေဆိပ်သို့သွားကြိုမည့်နေ့တွင် သခင်မလေးကို အလှဆုံး ဂါဝန် အကျႌ ဝတ်ပေးသလို ဦးမင်းခင်နှင့် ဒေါ်တိုးမာတို့ကိုယ်တိုင် ဝတ်ကောင်းစားလှများဖြင့် ပြုံးပျော်နေကြသည်။

"မိစာ"

"ရှင် အမေ"

"ဒီနေ့ ဧည့်သည်လာမယ်ဆိုတာ သိတယ်နော်၊ အိမ်ကို သေချာရှင်းထား"

"ဟုတ်ကဲ့"

"ဧည့်သည်လာရင် တိုက်ဖို့ကော်ဖီလည်း အသင့်ဖြစ်ပါစေ"

"စိတ်ချပါအမေ"

အဝတ်အစားသစ်များနှင့် ဦးမင်းခင်၊ ဒေါ်တိုးမာ၊ လတ်သခင်တို့ကို စာနီမင်းက အားကျစွာကြည့်၏။

အမှန်တော့ ကလေးသဘာဝ သူမလည်း လိုက်ချင်ပေမယ့်

"အိမ်စောင့်မရှိဘူး နေခဲ့၊ အလုပ်တွေလည်း အများကြီး ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိုးမာ၏ စကားကြောင့် သူမ ဘာမှမပြောရဲတော့။

"မိဇာ"

"ရှင် သခင်မလေး"

အဝါရောင်တောက်တောက် ဂါဝန်ရှည်လေးနှင့် လတ်သခင်က ဇာနီမင်းကို ခေါ်လိုက်ခြင်း။

"နိုင်ငံခြားက ပြန်လာတဲ့ ဦးလေးကြီးဆီမှာ မုန့်တွေအများကြီးပါလာရင် ငါနင့်ကိုကျွေးမယ်သိလား"

"ဟုတ်ကဲ့"

"အိမ်မှာကောင်းကောင်းနေနော်"

"အင်းပါ"

ကလေးချင်းပေမယ့် သခင်မလေးကို ကျေးရူးရှင်အဖြစ် ရှိသေလေးစားရမည်ဟု မိခင်ဒေါ်တိုးမာက သူမကိုမှာထား၏။

ထို့နောက် သူမကိုထားကာ သူတို့ထွက်သွားသည်။ ပျော်ရွှင်စွာထွက်သွားသော သူတို့ကိုကြည့်ပြီး

"အဖေနဲ့အမေက ငါ့ကိုချစ်ကောချစ်ရဲ့လား"

ဟု ပထမဆုံးအကြိမ် သူမတွေးမိလိုက်၏။

"ဘယ်မိဘမဆို ကိုယ့်သားသမီး ကိုယ်ချစ်ကြတာပါပဲ"

ထိုစကား ပြန်ကြားယောင်တော့ သူမ ခေါင်းလေးခါယမ်းလိုက်၏။

"ငါ ဘာတွေလျှောက်တွေးနေမိပါလိမ့်၊ အမေခိုင်းထားတာတွေ ပြီးအောင်လုပ်မှ မဟုတ်ရင် အမေ စိတ်ဆိုးလိမ့်မယ်"

ဇာနီမင်း အမည်ခံ လတ်သခင်အစစ်သည် အိမ်မှာကျန်ခဲ့လျက် ဒေါ်တိုးမာ ခိုင်းသွားသော ကိစ္စများကို အဆက်မပြတ် လုပ်လိုက်လေ၏။

အလုပ်တွေအားလုံးပြီးတော့

"ညနေသည်လာမှာဆိုတော့ ငါကိုယ်ငါ ရေချိုးပြီး သန့်ရှင်းအောင်လုပ်ဦးမှ"

ပင်ကိုယ်အသိဉာဏ်ရှိသူလေးမို့ မည်သူမျှမခိုင်းဘဲ ကိုယ့်ကိုယ်ကို ရေချိုး၊ သနပ်ခါးလိမ်း၊ အဝတ်အစားလဲ၊ ပခုံးကျော်ထိ ရှည်သော နက်မှောင်သည့် ဆံပင်လေးများကို အုန်းဆီလူးကာ ကြက်တောင်နှစ်ဖက်ခွဲ စည်းထားလိုက်၏။

အင်္ကျီကတော့ ဒီအိမ်၏သခင်မလေးမှ သူမကို စွန့်ပစ်ထားသည့် အပြာနုရောင် ချည်ဂါဝန်ရှည်ရှည်လေးကို ဝတ်ထားလိုက်သည်။

မိဘနှစ်ပါး၏ လှပသောချောမောမှုနှင့် ဖြူစင်သော အသားအရေကို ပိုင်ဆိုင်ထားသည့် လတ်သခင်အစစ်လေးမို့ သာမန်ရိုးရိုးတစ်ပတ်နွမ်း အဝတ်အစားလေးနှင့်ပင် ဖြူစင်တောက်ပနေလေ၏။

ထိုစဉ်

"တီ"





စိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ကားသံ"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် သူမတံခါးဖွင့်ပေးရန် အမြန်ပြေးထွက်လာသည်။

"အို ဒီကားက"

ဆင်ဝင်အောက်မှာရပ်လာသော ကားသည် အိမ်မှကား မဟုတ်တာကြောင့် သူမကြည့်နေစဉ်

ကားပေါ်မှ သူမတစ်ခါမျှ မမြင်ဘူးသည့် အမျိုးသား တစ်ယောက် ဆင်းလာလေ၏။

ထိုလူက သူမကိုပြုံးပြကာ

"ဒါ လတ်သခင်ရဲ့အိမ်ပါနော် ချာတိတ်"

"ရှင်၊ ဟုတ် ဟုတ်ကဲ့ ဦးလေး"

အပြာနုရောင် ဂါဝန်လေးဖြင့် ဖြူဖြူစင်စင်နှင့် ချစ်စရာ ကောင်းသော ချာတိတ်မလေးကို ကြည့်ကာ ရွှေမင်းဂန် ပြုံး၏။

"ဒါဆို ချာတိတ်က လတ်သခင်လား"

"ရှင်...ဟင် ...ဟင့်အင်း ကျွန်မက လတ်သခင် မဟုတ်ပါဘူးဦးလေး"

"ဟေ ဟုတ်လား၊ ဒါဆို ချာတိတ်က"

"ကျွန်မက ဓာနီမင်းပါ ဦးလေး"

"သြော်"

မျက်စိရှေ့မှာ မြင်ရသော ဓာနီမင်းဆိုသော ချာတိတ်





မလေးအား အံ့ဩသလိုကြည့်ကာ

"ဒီချာတိတ်မလေးက ရုပ်ရည်လေး တကယ်သန့်စင်တာ ပဲ၊ မသိရင် အန်ကယ်ဦးရဲ့သမီး လတ်သခင်လို့တောင် ထင်ချင် စရာ"

ဥပမိရုပ်လေးကောင်းသော ချာတိတ်မအား ရွှေမင်းဂန် စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချမိလေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို လတ်သခင်ကော"

"ရှင်"

"သြော်...ဒီတိုက်မှာနေတဲ့ လတ်သခင်ကို မေးတာကွယ့်"

"ဟို ဟို သခင်မလေးက အဖေတို့ အမေတို့နဲ့ လေဆိပ်မှာ ဧည့်သည်သွားကြိုကြပါတယ် ဦး"

ရုပ်လေးက ဖြူစင်ကြည်လင်သလောက် အသံလေးကလည်း သာယာသောကလေးမပါလား။

ထိုအခိုက်

"တီ"

"ဟော ဟိုမှာ အမေတို့ပြန်လာပြီ ဦးလေး"

ပြောပြောဆိုဆို သူမက သော့ကိုယူ၍ သံဘာဂျာတံခါးအား ဖွင့်ပေးလိုက်၏။

"ဒေါက်တာက ဒီနေ့ သူမိတ်ဆွေလာမယ်ဆိုတာ ဟုတ်ရဲ့လားရှင်၊ ကျွန်မတို့မှာ သွားကြိုပြီးမှတာပဲ"





ဧည့်သည်ကို မတွေ့ရ၍ ဒေါ်တိုးမာက ဦးမင်းဒင်ကို အပြစ်တင်ချင်သံဖြင့် ပြော၏။

"ဟာ...ကိုဦး ကိုယ်တိုင် ဖုန်းဆက်ထားတာပဲ၊ ဟင် အိမ်မှာ ကားတစ်စီးရောက်နေပါလား၊ ဘယ်သူပါလိမ့်"

လတ်သခင်ကလည်း နှုတ်ခမ်းစူနေပြီ။

"အန်တီမာပြောတဲ့ ဧည့်သည်ဆိုတာ မုန့်တွေဝယ်မလာချင်လို့ မလာတာနေမှာပေါ့၊ ခင် ဗိုက်တောင်ဆာလာပြီ၊ ဟင်း"

အစားမက်သော လတ်သခင်အား ဒေါ်တိုးမာ မျက်စောင်းကြိတ်ထိုးမိ၏။

"အို ဧည့်သည်ထင်တယ် ကိုမင်းဒင်"

ကားဘေးမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် အသက်နှစ်ဆယ်ကျော်ဝန်းကျင်ရှိ အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ချောမောသန့်စင်သော လူငယ်တစ်ဦးကို ဒေါ်တိုးမာတို့ တွေ့လိုက်ရခြင်း။

"အဖေ အမေ ဒီမှာ ဧည့်သည်ရောက်နေတယ်"

ဇာနီမင်းလေးက ဒေါ်တိုးမာတို့အား ကြိုရင်းပြောလိုက်၏။ ရွှေမင်းဂန်က ကားပေါ်မှဆင်းလာသော ဦးမင်းဒင် ဒေါ်တိုးမာနှင့် လတ်သခင်တို့ကို သေချာကြည့်ကာ

"ကျွန်တော်က အန်ကယ်ဦး လွှတ်လိုက်တဲ့ ရွှေမင်းဂန် ပါခင်ဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့ ထင်ထားသည်က ဒေါက်တာလတ်ဦး၏ မိတ်ဆွေဆိုတာ လူကြီးတစ်ယောက်ဟု။

ယခု သူတို့မြင်လိုက်ရတာက လူငယ်လေး။

"အမယ်လေးကွယ် အန်တီတို့မှာ ဒီနေ့ မင်းလာမယ်ဆိုလို့ ဟောဒီက သခင်မလေးကို ခေါ်ပြီး လေဆိပ်သွားကြိုကြတာကွယ့်"

အံ့ဩမှုကို ဘေးဖယ်၍ ဒေါ်တိုးမာက ရွှေမင်းဂန်အား လှိုက်လှဲစွာ နှုတ်ဆက်လိုက်၏။

"သခင်မလေး ဟုတ်လား"

ဒေါ်တိုးမာ နှုတ်ဖျားမှ သခင်မလေးဟူသော အခေါ်ကြောင့် ရုတ်တရက် ရွှေမင်းဂန် မျက်မှောင်တွန့်သွား၏။

သည်တော့မှ ဒေါ်တိုးမာက ပျာပျာသလဲ ရှင်းပြ၏။

"ဩော်...အဟင်း မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒေါက်တာလတ်ဦးရဲ့ သမီးလေး လတ်သခင်တဲ့"

"ဩော် လတ်သခင်ဆိုတာ ဒီချာတိတ်မလေးကိုး"

နိုင်ငံခြားမှာရှိစဉ် အန်ကယ်လတ်ဦးက သမီးအကြောင်း မကြာခဏ ပြောပြ၍ လတ်သခင်ဆိုသော အမည်မှာ ရွှေမင်းဂန်နှင့် ရင်းနှီးနေပြီ။

မျက်လုံးဝိုင်းဝိုင်း၊ ပါးဖောင်းဖောင်းလေးနှင့် လတ်သခင်က ရွှေမင်းဂန်ကို ဆန်းကြယ်စွာကြည့်ကာ





"ဦးက ဒက်ဒီမိတ်ဆွေဆိုတာလား"

ဟု ဝင်ရောက်မေးလိုက်လေ၏။ ရွှေမင်းဂန်က ခေါင်းညိတ်ပြုံးပြပြီး

"ဟုတ်တယ် ချာတိတ်၊ အခု ချာတိတ်ဆီ ဦးလာတာပဲ၊ မင်းဒက်ဒီက မင်းအတွက် လက်ဆောင်တွေ အများကြီးပေးလိုက်တယ်"

"ဟေး"

လက်ဆောင်တွေ ရမှာဆို၍ လတ်သခင်က ဝမ်းသာသွား၏။

"သူက အန်တီတို့အတွက် သခင်မလေးဆိုတော့ ကျေးဇူးရှင်အနေနဲ့ သခင်မလေးလို့ ခေါ်တာပါ ဒေါက်တာရွှေမင်းဂန်"

ဒေါ်တိုးမာက အခွင့်အရေးရတုန်း ဝင်ရောက်ရှင်းပြလိုက်သည်။

"ကဲ တိုးမာ မင်းနောက်မှဆက်ပြောတော့၊ ဧည့်သည်ကို အိမ်ထဲခေါ်လေကွာ"

"အို ဟုတ်ပါရဲ့၊ အထဲကြွပါ ဒေါက်တာ"

"ဦးလေး လာလေ"

လတ်သခင်ကပါ ဒေါက်တာရွှေမင်းဂန်ကို လက်ဆွဲခေါ်မတတ် ရင်းနှီးစွာ ဖိတ်၏။

ရွှေမင်းဂန်က မလှမ်းမကမ်းတွင် သူတို့ကို ခပ်ငေးငေး



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေသော ဓာနီမင်းအား သတိရသွား၏။

"ဟဲ့ မိဓာ ဧည့်သည်အတွက် ကော်ဖီယူခဲ့စမ်း"

"ရှင် ဟုတ်ကဲ့"

ဒေါ်တိုးမာ မျက်နှာထားတင်းတင်းဖြင့် ခိုင်းသမျှ ဓာနည်မင်းလေးသည် သွက်လက်စွာ ထွက်သွား၏။

"အဲဒီချာတိတ်မက"

"ဪ ကျွန်မတို့ရဲ့သမီး ဓာနီမင်းလေ၊ အိမ်အလုပ်တွေကို ကျွန်မနဲ့သူပဲ လုပ်နေရတာ ဒေါက်တာ"

"ဒါဆို ကျောင်းကကော"

"ရပ်ကွက်ထဲကကျောင်းမှာပဲ ထားပါတယ်၊ ကျွန်မတို့အနေနဲ့ ဒီလိုကျောင်းမျိုး ထားပေးရတာတောင် အတော်စွန့်စားရတယ် ဒေါက်တာ"

ထိုခဏ ဓာနီမင်းသည် ကော်ဖီဖျော်ထားသော ပန်းကန်ဖြင့် ပြန်ရောက်လာ၏။

"အေး ဒီမှာထားခဲ့ မိဓာ၊ ပြီးရင် နောက်မှာ လုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့"

ကြည်လင်သော မျက်နှာလေးဖြင့် ပြန်လည်ထွက်ခွာသွားသည့် ဓာနီမင်းလေးကို ရွှေမင်းဂန် လိုက်ကြည့်၏။

လတ်သခင်လေးနှင့် ရွယ်တူဖြစ်ပါလျက် အရွယ်နှင့်





မလိုက် အိမ်အလုပ်တွေ လုပ်နေရပါလားဟု သူ့ရင်ထဲ ကရုဏာဖြစ်မိသည်။

"ဒေါက်တာ ကော်ဖီသောက်ပါဦး"

"ဪ...ဟုတ်ကဲ့"

ရွှေမင်းဂန်က ကော်ဖီယူသောက်လိုက်၏။

"ချာတိတ်မက ကော်ဖီဖျော်တတ်သားပဲ"

ဓာနီမင်းကို ချီးကျူးတာကြောင့် ဒေါ်တိုးမာမျက်နှာမဲ့ခနဲဖြစ်သွား၏။

"ဒီလိုပဲ ဒေါက်တာရေ၊ ငယ်ငယ်ကတည်းက ဘာန်သင်ထားတော့ အဆင်ပြေသွားတယ်၊ ဒါနဲ့ သခင်မလေးအတွက် ဒေါက်တာလတ်ဦး ဘာများမှာလိုက်သေးလဲကွယ်"

လတ်သခင်ထက် ဓာနီမင်းအကြောင်းသာ စိတ်ဝင်စားနေသော ရွှေမင်းဂန်၏ အာရုံကို ဒေါ်တိုးမာ လွှဲလိုက်သည်။

"မှာတာကတော့ အများကြီးပါ အန်တီ၊ ဒီသေတ္တာက လတ်သခင်အတွက် အန်ကယ်ပေးလိုက်တဲ့ အဝတ်အစားနဲ့ လက်ဆောင်တွေပါ၊ တကယ်တော့ ဒီကို အန်ကယ်ကိုယ်တိုင် လာချင်တာပါ၊ လာခါနီးမှ အန်ကယ်ခမျာ ရုတ်တရက် ကားအက်စီးဒင့်ဖြစ်လို့"

"အေးကွယ် အန်တီတို့လည်း စိတ်မကောင်းပါဘူး"

ဦးမင်းဒင်ကတော့ အနားမှာ ဆေးလိပ်သာသောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ဟာ သူ့သမီးလေး လတ်သခင်ကို သိပ်တွေ့ချင်ရှာတာပါ ခင်ဗျာ၊ ဒါ အခုလက်ရှိ အန်ကယ်ဓာတ်ပုံပါ"

ရွှေမင်းဂန်က အိတ်ထောင်ထဲမှ ဓာတ်ပုံ ထုတ်ပေးလိုက်၏။ ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့ ယူကြည့်လိုက်သည်။

"ကြည့်စမ်း ဒေါက်တာလတ်ဦးဟာ အရင်ကထက် ပိုတောင်ခန့်လာတယ်"

"ဟိုအရပ်က သူနဲ့တည့်တာဖြစ်မယ် တိုးမာ"

လင်မယားနှစ်ယောက်သည် အရင်ထက် ပိုမိုတည်ကြည်ခန့်ညားနေသော ဒေါက်တာလတ်ဦးအား ကြည့်ပြီး ဝေဖန်နေချိန်

"ဒါ ခင့်ဒက်ဒီပုံလား"

ဟု မေးရင်း လတ်သခင်က ဒေါ်တိုးမာလက်ထဲမှ ပုံကို ဖျတ်ခနဲ ဆွဲယူ၏။

သည်တော့မှ ဒေါ်တိုးမာက လက်ရှိအနေအထားကို သတိရလျက်

"ဪ အဟင်း ဟင်း ဟုတ်တာပေါ့ကွယ်၊ ဒါ သခင်မလေးရဲ့ ဒက်ဒီပဲ၊ သခင်မလေးက သခင်မလေးရဲ့ ဒက်ဒီနဲ့တူလို့ ချောတာကွယ့်"

ကလေးငယ်တစ်ယောက်ကို မြှောက်နေသော ဒေါ်တိုးမာအား မကြိုက်သလို ရွှေမင်းဂန် ဖျတ်ခနဲ လှမ်းကြည့်၏။

လတ်သခင်ကတော့ ဒေါက်တာလတ်ဦး၏ ဓာတ်ပုံကို





တစ်ခဏမျှသာကြည့်ပြီး စိတ်မဝင်စားစွာ စားပွဲပေါ်တင်လိုက်သည်။

"အန်ကယ်မင်း ဒက်ဒီပေးတဲ့ လက်ဆောင်တွေ ကြည့်မလို့ သေတ္တာဖွင့်ပေးပါ"

လတ်သခင်က ခပ်တည်တည်လေး ဦးမင်းဒင်ကို ပြောလိုက်၏။

"ဟင်...ဪ အေး"

ဦးမင်းဒင်က တိတ်ဆိတ်စွာ ထိုင်နေရာမှ လတ်သခင် အမိန့်အတိုင်း ရွှေမင်းဂန်ရှေ့မှာ သေတ္တာဖွင့်ပေးလိုက်၏။

"ဟာ အင်္ကျီတွေအများကြီးပဲ၊ ဟီး ဟီး ကျောင်းကို ဒီအင်္ကျီသစ်တွေ ဝတ်သွားရမယ်"

ကလေးသဘာဝ လတ်သခင်လေးသည် ဟန်မဆောင်နိုင်ဘဲ ရောင်စုံဂါဝန်များကို ယူကြည့်လျက် ပျော်ရွှင်စွာ တစ်ယောက်တည်း ပြောလိုက်ခြင်းပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ကိုလတ်ဦးအတွက် ကျွန်မတို့လည်း စိတ်မကောင်းပါဘူး ဒေါက်တာ၊ သခင်မလေးအတွက် စိတ်ချဖို့ပြောပေးပါရှင်"

ဒေါ်တိုးမာက ဒေါက်တာရွှေမင်းဂန်ကို လေးစားစွာ ဆက်ဆံသည်။

ဒေါက်တာလတ်ဦး မလာနိုင်သည့်အတွက် စိတ်ထဲမှ ကြိတ်၍ ဝမ်းသာမိပေမယ့် အပေါ်ယံမျက်နှာတွင် စိတ်မကောင်းဟန်ပြ၏။

"အန်ကယ်ကတော့ သူ့သမီးအတွက် ဒီကဦးလေးနဲ့ အဒေါ်တို့ ရှိနေတာကိုပဲ စိတ်ချနေတယ်လေ"

"ဒါပေါ့ မောင်ရင်၊ ဦးလေးနဲ့ ကိုလတ်ဦးက တကယ့် ညီအစ်ကိုတွေလိုပဲလေ"

ကလေးချင်းလဲထားသည့်ကိစ္စ ပိရိစေရန် ဦးမင်းဒင်က အလိုက်သင့်ဝင်ပြောသည်။

"ဟုတ်ကဲ့ခင်ဗျာ အန်ကယ်ဦးကလည်း ဆွေမျိုးတွေလို ပါပဲတဲ့၊ ကျွန်တော်လည်း အန်ကယ်ဦး နိုင်းတဲ့အတိုင်း ခုလို





လတ်သခင်ကို လာတွေ့ရတာပါ"

"ဦးလေးက ဒီမှာအကြာကြီးနေမှာလားဟင်"

လတ်သခင်လေးက မေးတော့ ရွှေမင်းဂန် ပြုံးသည်။

"ဒီမှာ လုပ်ကိုင်စရာလေးတွေရှိတော့ နည်းနည်းကြာမယ် ထင်တယ် လတ်သခင်"

"ဦး ဒီမှာနေရင် ခင့်ဆီကို လာဦးမှာပေါ့နော်"

"အဟွန်း ဒါပေါ့ကွယ်၊ အန်ကယ်က မှာလိုက်တယ်၊ လတ်သခင်ထံ မကြာခဏသွားလည်ဖို့"

"ဟေး ကောင်းတယ်၊ ဦးဦးလာရင် လျှောက်လည်ပြီး မုန့်စားမယ်"

ဒေါ်တိုးမာက ရွှေမင်းဂန်နှင့် လတ်သခင်တို့ပြောသမျှ ပြုံးကာ နားထောင်နေသည်။

ထိုအချိန် မီးဖိုထဲမှ အလုပ်ကိစ္စများပြီးသော ဇာနီမင်းလေးသည် ခန်းဆီးကွယ်မှ ဒေါက်တာရွှေမင်းဂန်အား ချောင်းကြည့်မိ၏။

"ဒီဦးဦးက သဘောကောင်းပုံပဲ၊ သခင်မလေးကတော့ ဒီလို ဦးဦးနဲ့ခင်ရတာ ကံကောင်းတာပါလား"

မိဘရင်းနှစ်ပါး၏ ကြင်နာမှုကိုမရသော ဇာနီမင်းသည် ရွှေမင်းဂန်၏ ပြုံးချိုသောမျက်နှာနှင့် ဖော်ရွေစွာ ဆက်ဆံမှုတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ အားကျမိရသည်။

"ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး"

အတော်ကြာတော့ ရွှေမင်းဂန်က ဒေါ်တိုးမာတို့ကို နှုတ်ဆက်ပြီး နေရာမှထ၏။

"ဦး ခင့်ဆီ မကြာခဏလာလည်နော်"

"အေးပါကွယ်"

"အင်း သခင်မလေးကတော့ အချိန်တိုတိုအတွင်းမှာ ဒေါက်တာကို ခင်နေပြီ၊ မပြန်ခင် ထမင်းစားကြပါဦးလားရှင်"

"ဟာ နေပါစေ၊ ကျွန်တော်သာ အန်ကယ်မျက်နှာနဲ့ လတ်သခင်လေးကို ထမင်းကျွေးရမှာပါဗျာ"

ရွှေမင်းဂန်သည် သူ့အပေါ် ဖခင်တစ်ယောက်လို ကောင်းသော ဒေါက်တာလတ်ဦးအား အထူးလေးစားကြည်ညို၏။

ထို့ကြောင့် ဒေါက်တာလတ်ဦး၏ သမီးဖြစ်သော လတ်သခင်လေးကိုလည်း ညီမတစ်ယောက်လို ခင်သည်။

"ဦးဦးက ထမင်းကျွေးရင် ခင်တော့ အများကြီးစားမှာပဲ"

"စားပါဗျာ၊ ဦးအားတဲ့တစ်နေ့ ကလေးကို လာခေါ်ပါ့မယ်၊ ပြော် ဒီက အဒေါ်တို့ သမီးလေးကိုပါ လတ်သခင်နဲ့အတူ ကျွန်တော်အားတဲ့တစ်နေ့ ထမင်းစားလာခေါ်ပါ့မယ်ခင်ဗျာ"

"အို သခင်မလေးသာ ခေါ်ပါကွယ်၊ ဇာနီက ကိုစွ





မရှိပါဘူး ဒေါက်တာ"

ဒေါ်တိုးမာပြောလိုက်သော စကားကြောင့် ခန်းဆီးကွယ်မှ နားထောင်နေသည့် ဇာနီမင်းမှာ မျက်ရည်လေး ဝဲသွားရ၏။

"ဟို ဦးဦးက သဘောကောင်းလို့ ခေါ်တာတောင် အမေ က ငါ့ကိုမထည့်ပါလား"

စိတ်မကောင်းစွာ တွေးမိလေသည်။ ရွှေမင်းဂန်က ဘာမှ ထပ်မပြောတော့ဘဲ နှုတ်ဆက်ထွက်သွား၏။

ဦးမင်းဒင် ဒေါ်တိုးမာနှင့် လတ်သခင်တို့က ရွှေမင်းဂန် ကို ကားနားအထိ လိုက်ပို့ကြ၏။

ရွှေမင်းဂန် ပြန်သွားတာနှင့် ဒေါက်တာလတ်ဦးပေးသော လက်ဆောင်တွေ ကြည့်ကြသည်။

"ကြည့်စမ်း သခင်မလေးအတွက် အကောင်းစားဂါဝန် တွေ အများကြီးဝယ်ပေးလိုက်တာပဲ"

လှပသော ရောင်စုံအင်္ကျီများကိုကြည့်ကာ ဒေါ်တိုးမာ ကျေနပ်စွာပြော၏။

"ဒက်ဒီက ချစ်ဖို့ကောင်းတယ်"

အဝတ်အစားသစ်မက်သော လတ်သခင်က ထိုသို့ပြော တော့ ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့မျက်နှာ ဖျတ်ခနဲ ပျက်သွား၏။

တကယ်တော့ သူတို့သမီးအရင်းမဟုတ်လား။ မိဘရင်း နှစ်ပါးကို ရှေ့ထားလျက် ဒီလိုပြောတာ ရင်ထဲမခံနိုင်သလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဒါတွေအားလုံး သူတို့ကတဲ့ဓာတ်ပဲမို့ မကြိုက်ပေမယ့် မျိုသိပ်ရသည်။

"ဒီအင်္ကျီလေးတွေကို သခင်မလေး သဘောကျလားကွယ်"

"အို သိပ်သဘောကျတာပေါ့ အန်တီမာရဲ့၊ ခင်က ဒီလို အဝတ်အစားလှလှလေးတွေရရင် သိပ်ပျော်တာ"

ရောင်စုံအင်္ကျီလေးတွေ ကိုယ်မှာအမျိုးမျိုးကပ်ကြည့်ပြီး မျက်နှာကြည်လင်စွာဖြင့် လတ်သခင်ပြောသည်။

"တကယ်လို့ သခင်မလေးအတွက် အန်တီမာတို့က ယောဒီလို လှလှပပအင်္ကျီလေးတွေ ဝယ်ပေးရင် အန်တီမာတို့ကို သခင်မလေးက ချစ်မှာလားဟင်"

မိခင်တစ်ယောက်၏စိတ်ဓာတ်ဖြင့် သမီးဖြစ်သူဆီက အချစ်ကိုရရန် ဒေါ်တိုးမာမေးသည်။

"ဟာ မဖြစ်နိုင်တာပဲ၊ အန်တီမာတို့က ဒီလောက်ဆင်းရဲတာ ခင့်ကို ဘယ်လိုလုပ်ပြီး ဒီလိုအင်္ကျီမျိုးတွေ ဝယ်ပေးနိုင်မှာလဲ"

မျက်နှာလေးတည်တည်ဖြင့် လတ်သခင်၏အပြောကြောင့် ဦးမင်းဒင်နှင့် ဒေါ်တိုးမာ မျက်နှာပျက်သွားသည်။

သမီးက သူတို့ကို ပိုက်ဆံမရှိလို့ အထင်သေးနေတာပါလား။

"ဒီလို အင်္ကျီမျိုး ဝယ်ပေးနိုင်လောက်အောင်တော့





အန်တီမာတို့မှာ ရှိပါတယ်ကွယ်၊ မဟုတ်ဘူးလား ကိုမင်းဒင်"

ဘာမှဝင်မပြောပဲ တိတ်ဆိတ်နေသော ဦးမင်းဒင်ကို ဒေါ်တိုးမာ လှမ်း၍အဖော်ညှိ၏။

"ဪ အင်း အင်း"

"အဟား အန်ကယ်မင်းနဲ့ အန်တီမာတို့ကတော့ ရယ်စရာကောင်းလိုက်တာ၊ ခင့်ကို ဒီလိုအင်္ကျီမျိုးတွေ ဝယ်ပေးဖို့ မပြောပါနဲ့၊ အန်တီမာတို့သမီး ဇာနီမင်းကိုတောင် ဝယ်ပေးနိုင်လို့လား"

"ဟင်"

"အို"

မထင်မှတ်သော လတ်သခင်ခေါ် သခင်မလေး၏ တုံ့ပြန်ပြောမှုကြောင့် မိဘရင်းဖြစ်သည့် ဦးမင်းဒင်တို့ရင်ထဲ အောင့်ခနဲဖြစ်သွားရ၏။

"ဟောဒီအင်္ကျီကို ဇာနီမင်းပေးရမယ်၊ ဇာနီ ဇာနီ"

ပိုးသားပန်းနုရောင်ဖျော့ဖျော့ ဂါဝန်ရှည်လေးကိုကိုင်၍ သခင်မလေးက အော်ခေါ်တော့ ခန်းဆီးနောက်ကွယ်မှ ဇာနီမင်းသည် အပြေးထွက်လာလျက်

"သခင်မလေး၊ ကျွန်မ ဒီမှာပါ"

"ရော့ ဒီအင်္ကျီကို နင်ယူလိုက် ဇာနီ"

"ရှင် ဟုတ်ကဲ့"

လှပလွန်းသော ပန်းနုရောင်ဂါဝန်လေးကိုကြည့်၍ ဇာနည်



www.burmeseclassic.com

www.burmeseclassic.com



မင်း ဝမ်းသာသွားခိုက်

"ပေးစမ်း အဲဒီအကျီ"

"ဟင် အမေ"

ဇာနီမင်း၏ လက်ထဲမှ ပန်းနုရောင် ဂါဝန်လေးကို ဒေါ်တိုးမာက တင်းမာသောမျက်နှာဖြင့် ဖျတ်ခနဲဆွဲယူသည်။

"ဒီလောက်ကောင်းတဲ့အကျီ နင်နဲ့တန်သလား မိဇာ"

"ရှင်"

မိခင်ရင်း၏အမေးကြောင့် ဇာနီမင်း အံ့သြတုန်လှုပ်သွားရသည်။ ဒေါ်တိုးမာက သူမကို ဂရုမစိုက်ဘဲ

"ဒီအကျီလေးက သိပ်လှပါတယ်ကွယ်၊ သခင်မလေး ဝတ်ပါ"

နူးညံ့ညင်သာသောအသံဖြင့် ဒေါ်တိုးမာက လတ်သခင်ကို လှမ်းပေး၏။

လတ်သခင်က မကြိုက်သော မျက်နှာဖြင့် ဒေါ်တိုးမာကိုကြည့်ကာ

"ခင် မကြိုက်လို့ မိဇာကိုပေးတာ၊ ပြန်ပေးလိုက်ပါ အန်တီမာ"

အမိန့်ဆန်ဆန်အပြောကြောင့် ဒေါ်တိုးမာ မျက်နှာပျက်လျက် ဇာနီမင်းကို လှမ်းပေး၏။

"ညည်း သိပ်ကံကောင်းတယ် မိဇာ၊ သခင်မလေးကို





ကျေးဇူးတင်ကြောင်းပြောလိုက်"

ဟု ဒေါ်တိုးမာ မှုတည်တည်ဖြင့် ပြောလေသည်။ ဇာနီမင်းက ဒေါ်တိုးမာလက်ထဲမှ အကျီလေးကို မျက်လွှာချယူရင်း

"ကျေးဇူးတင်ပါတယ် သခင်မလေး"

ဟု တိုးညှင်းစွာပြောလိုက်လေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"ချာတိတ်"

"ဟင် ဦး"

ပန်းခြံထဲမှာ ရေလောင်းနေသော စာနည်မင်းထံသို့ ရွှေ

မင်းဂန် ပြုံး၍လျှောက်လာ၏။

"ဘာတွေလုပ်နေတာလဲကွ"

အဖြူနှင့်အနက်ကွက် ခပ်မှိန်မှိန် ဂါဝန်ဝတ်ထားသည့်တိုင်

နဂိုဖြူစင်သော အသားအရေကြောင့် ချစ်စရာကောင်းနေသည်

ကလေးမ မျက်နှာလေးတွင် သနပ်ခါးပါးကွက်ကျားနှင့်။

"ပန်းပင်တွေ ရေလောင်းနေတာ ဦးလေး"

"ဟော့ ဒီမှာ မာလီမရှိဘူးလားကွ ချာတိတ်"

"မာလီဟုတ်လား ဦးလေး"

မျက်တောင်ကော့ရှည်ကြီးများ ဝန်းရံထားသည့် မျက်လုံ

တောက်တောက်လေးများဖြင့် ရွှေမင်းဂန်၏စကားကို နားမလည်

သလို။

"ဩော် မာလီဆိုတာ ပန်းပင်တွေကို ပြုစုဖို့ ရေလောင်





ဖို့ အဲဒီလိုလုပ်တဲ့လူကို ခေါ်တာကွ"

"ဟင့်အင်း မာလီတော့မရှိဘူး၊ ဇာနီပဲရှိတယ် ဦးလေး"

"ဘာ"

ရုတ်တရက် ကလေးမအပြောကြောင့် ရွှေမင်းဂန်

မျက်မှောင်တွန့်သွားစဉ်

"ဟုတ်တယ် ဦးလေးရဲ့၊ ဇာနီဆိုတာ သမီးကိုပြောတာ၊

ဒီပန်းပင်တွေ သမီးပဲ ရေလောင်းပေးရတာကိုး"

"ဩော်"

သည်တော့မှ ရွှေမင်းဂန် သဘောပေါက်သွားလျက်ပြုံး၏။

အရွယ်နှင့်မမျှ လုပ်ကိုင်နေရသော ချာတိတ်မလေးကိုလည်း ကရု

ဏာဖြစ်မိရ၏။

"ဦးမင်းခင်ကကော မလုပ်ဘူးလား ချာတိတ်"

"အဖေလား ဟင့်အင်း၊ နေ့တိုင်း အရက်သောက်ပြီး

သခင်မလေးကို ကျောင်းလိုက်ပို့တာပဲလုပ်တယ်"

"မင်းအမေကကော ဒီလိုပဲ မင်းကို ခိုင်းနေတာလား

ချာတိတ်"

ဒေါ်တိုးမာအကြောင်းသိချင်၍ ရွှေမင်းဂန်မေးသည်။

"ဟုတ်ကဲ့၊ အမေက ငယ်ငယ်လေးကထဲက ခိုင်း(ပါ)

တယ် ဦးလေး"

"ဒါဆို-မင်း ဘယ်အချိန်ကျောင်းသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်တွေပြီးမှ၊ မပြီးရင် အမေက ဗိုက်ခေါက်လိမ်ဆွဲတယ် ဦးလေးရဲ့"

"ဟင်"

ကိုယ့်သမီးရင်းအပေါ် မညှာမတာနိုင်းပြီး လတ်သခင်အပေါ်မှာကြတော့ ချိုမြနေသော ဒေါ်တိုးမာတို့ မေးမောင်နှံ့အား ရွှေမင်းဂန်စိတ်ထဲ မကြိုက်နှစ်သက်ချင်တော့ပေ။

"မဟုတ်သေးပါဘူးကွယ်၊ သူတို့က လက်သခင်အပေါ်မှာတော့ တော်တော်ကောင်းကြပါလားဟင်"

"ဟုတ်တယ် သခင်မလေးက သမီးတို့ရဲ့ ကျေးဇူးရှင်လို့ အမေကပြောတယ်၊ ဒါကြောင့် သမီးလည်း သခင်မလေးခိုင်းတာ အကုန်လုပ်ပေးရတယ်"

ကြည်လင်သော မျက်နှာလေးဖြင့် ဓာနီမင်းပြောနေသမျှ ရွှေမင်းဂန် သက်ပြင်းချ၏။

"လတ်သခင်ကကော ချာတိတ်ကို ဘာတွေခိုင်းလဲ"

"သခင်မလေးကလား၊ သူ့အတွက် သနပ်ခါးသွေးခိုင်းတယ်၊ စာတွေတွက်ပေးရတယ် ဦးလေးရဲ့"

"ဘာ ဘယ်လို စာတွေတွက်ခိုင်းတယ်ဟုတ်လား"

သည်ကလေးမနှင့် စကားပြောမှ ကိစ္စအတော်များများ ရွှေမင်းဂန် သိလာရ၏။

"ဟုတ်ကဲ့ သခင်မလေးက သင်္ချာတွေဆို မတွက်ချင်ဘူး





ဒီအခါ သမီးပဲ တွက်ပေးရတယ် ဦးလေး"

"နောက်ထပ်ကော"

"အင်း နောက်ပြီးတော့ သခင်မလေးဖိနပ်တွေ တိုက်ပေးရတယ်လေ၊ သခင်မလေးမှာ ဖိနပ်လှလှလေးတွေအများကြီးရှိတယ်၊ ဦးလေးရဲ့သိလား"

ဖြူးရွှင်သော မျက်နှာလေးဖြင့် သူမလှမ်းပြော၏။ အသက်အရွယ်တူချင်း ဖြစ်ပါလျက် လတ်သခင်၏အစေအပါး တစ်ယောက်လို ဖြစ်နေရသော ထိုချာတိတ်မကို သနားမိသူက ရွှေမင်းဂန်။

ထိုစဉ်

"ဦးလေး"

"သြော် လတ်သခင်"

အပြင်မှပြန်လာဟန်တူသော လတ်သခင်က ဂါဝန်အသစ်နှင့်၊ လတ်သခင်နောက်မှာ အဝတ်အစားကောင်းများဖြင့် ဦးမင်းဒင်နှင့် ဒေါ်တိုးမာ။

"အို ဒေါက်တာလေး ရောက်နေတာကိုး၊ ဟဲ့ မီးဖာညှိသည်ကို အိမ်ထဲမခေါ်ဘဲ ဒီမှာ ဘာလုပ်နေတာလဲ"

စောစောက အပြုံးဖြင့် နှုတ်ဆက်လိုက်သော ဒေါ်တိုးမာသည် ချက်ချင်းပင် ဓာနီမင်းကို မျက်နှာထားဖြင့်ငေါက်၏။

ဓာနီမင်း မျက်လုံးလေးဝိုင်းသွားစဉ်

"ချာတိတ် အလုပ်လုပ်နေတာကို ကျွန်တော်လာစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ အဒေါ်"

"သြော် အဟင်းဟုတ်လား၊ အေးကွယ် မိစာကဘာမှ သိတတ်တဲ့ ကလေးမဟုတ်ဘူး၊ ဒေါက်တာလေး အိမ်ထဲကြွပါ ကွယ်"

အခုချို့ ခုတင်းနှင့် ဒေါ်တိုးမာအား ရွှေမင်းဂန် မိနစ်သက် ပေမယ့်

"ဦးလေးလာလေ၊ အိမ်ထဲသွားရအောင်"

ဟု ရွှေမင်းဂန်လက်ကိုဆွဲခေါ်လေသည့် လတ်သခင်ကို တစ်ချက်ကြည့်ပြီး လတ်သခင်ခေါ်ရာ သူလိုက်လာခဲ့၏။

"ဘယ်ကပြန်လာတာလဲ လတ်သခင်"

"ရုပ်ရှင်သွားကြည့်တာ ဦးလေးရဲ့၊ ရုပ်ရှင်က သိပ်ကောင်း တာပဲ"

လတ်သခင် အဖြေကြောင့် ရွှေမင်းဂန် မျက်မှောင်တွန့် သွားသည်။

ဒေါ်တိုးမာက ပျာပျာသလဲ

"ဟိုလေ ဟို ဒီနေ့ သခင်မလေးက ရုပ်ရှင်ကြည့်ချင် တယ်ဆိုလို့ အဒေါ်တို့လိုက်ပြတာပါကွယ်"

"အို ခင် ကြည့်ချင်တာမဟုတ်ပါဘူး၊ အန်တီမာတို့က လည်း ရုပ်ရှင်ကောင်းတယ်၊ သွားကြည့်မယ်ဆိုပြီး ခေါ်တာလေ"

"ဟင် သခင်မလေး"





ဖော်ကောင်လုပ်လိုက်သော လတ်သခင်ကြောင့် ဒေါ်တိုး မာ မျက်နှာပျက်သွား၏။

"ကဲပါလေ ကျွန်တော် ဒီနေ့ ထမင်းကျွေးဖို့လာခေါ်တာ ပါ အဒေါ်"

"ဟာ ဒါဆို ပျော်စရာကြီး"

လတ်သခင်က အပြင်ထွက်ရမည်ဆိုတော့ ဝမ်းသာသွား ၏။

"လတ်သခင်တို့ဟုတ်လား၊ ဒေါက်တာလေး"

"ဟုတ်ကဲ့၊ အဒေါ်တို့သမီး စာနီမင်းကိုပါ လတ်သခင် နဲ့ အဖော်ရအောင် ခေါ်သွားဖို့ စိတ်ကူးပါတယ်ခင်ဗျာ"

"ကောင်းတယ် ဦးလေး၊ စာနီကိုလည်းခေါ်ခဲ့"

စာနီမင်းကို ခေါ်မည်ဆိုတာကြောင့် ဒေါ်တိုးမာ မျက်နှာ ချက်ချင်းလင်းလာ၏။

ထိုစဉ် အလုပ်ပြီး၍ စာနီမင်း အိမ်ထဲဝင်လာသည်။

"စာနီ ငါတို့ကို ဒီဦးလေးက ထမင်းကျွေးမလို့တဲ့၊ နင် မြန်မြန်ရေချိုးပြီး အကျီလဲခဲ့"

"ဟင်"

လတ်သခင်က သွက်လက်စွာလှမ်းပြောတော့ စာနီမင်း အံ့သြသလို ရွှေမင်းဂန်ကို လှမ်းကြည့်၏။

"ဟုတ်တယ်ချာတိတ်၊ ရေမြန်မြန်ချိုးလိုက်၊ ဦးတို့စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေမယ်"

ရွှေမင်းဂန်ကပါ ဝင်ပြောလိုက်တာကြောင့် သူမ မျက်လုံးလေးတွေ တောက်ပသွားလျက်

"ဟုတ်ကဲ့"

ဟုဆိုကာ အမြန်ပြေးထွက်ခဲ့၏။ သူမစိတ်ထဲ ပျော်လိုက်တာ။ ဒီလိုအပြင်ထွက်လည်ဖို့ အမေတို့က သူမကို ဘယ်တုန်းကမှ မခေါ်ခဲ့ပေ။

"ခင်လည်း ဂါဝန်အသစ်ထပ်လဲဦးမယ်"

အလှကြိုက်သော လတ်သခင်ကပြောတော့ ရွှေမင်းဂန်ပြုံး၍

"ဒီဂါဝန်ကလည်း အသစ်ပဲမဟုတ်လား၊ လတ်သခင်"

"ဟင်အင်း၊ ဒီဂါဝန်က အခုဝတ်ပြီးလို့ ဟောင်းသွားပြီ ဦးရဲ့၊ ခင့်မှာ ဂါဝန်အသစ်တွေ အများကြီးရှိတယ်"

ပြောပြောဆိုဆို လတ်သခင်က အိပ်ခန်းထဲ ပြေးဝင်သွား၏။ ရွှေမင်းဂန်မှာ အရွယ်လေးနှင့် မလိုက်အောင် လတ်သခင် အလှကြိုက်တာကြောင့် အန်ကယ်လတ်ဦးကိုယ်စား သက်ပြင်းကြိတ်ချမိရ၏။

ထိုအချိန်

ရေချိုးပြီးသော ဇာနီမင်းက လတ်သခင်ပေးထားသည့် ပန်းနုရောင် ပိုးပျော့ဂါဝန်ရှည်လေးဝတ်ကာ သနပ်ခါးပါးကွက်ကျားလေးလိမ်းသည်။

"ငါ့ကို စောင့်နေရလို့ သခင်မလေး စိတ်ဆိုးနေမယ်၊ အမြန်သွားမှ"

သဘောမကျလျှင် စိတ်ဆိုးတတ်သော သခင်မလေးကြောင့် ဇာနီမင်းသည် မခြောက်တတ်သေးသော သနပ်ခါးတို့ဖြင့် အပြင်ထွက်ခဲ့၏။

"ဟော့ ချာတိတ်က အဝတ်လဲပြီးသွားတာကိုး"

ဖြူစင်သောအသားမှာ ပန်းနုရောင် ပိုးပျော့ဂါဝန်လေးဖြင့် သူမကိုကြည့်ပြီး ရွှေမင်းဂန်ပြုံး၍ ပြောလိုက်ပေမယ့်

"ကြည့်စမ်း ကြည့်စမ်း၊ သင်းက လူလိုဖြစ်နေလိုက်တာ"

ဘယ်လိုပဲနှိမ်ချထားပေမယ့် မြင့်မားသော အသိုင်းအဝိုင်းမှလာသော ဇာနီမင်းအယောင်ဆောင် လတ်သခင်၏ ရုပ်ရည်အစစ်က အထက်တန်းကျနေတာကြောင့် ဒေါ်တိုးမာတစ်ယောက် ကြိတ်၍မနာလိုဖြစ်မိရ၏။

သည်အချိန် အနီရဲရဲ ပိုးပျော့ဂါဝန်ရှည်နှင့်ထွက်လာတာက လတ်သခင် အယောင်ဆောင် ဇာနီမင်း။

"အမယ်လေး သခင်မလေးက ဒီဂါဝန်နဲ့ သိပ်လိုက်တာပဲကွယ်"

ဒေါ်တိုးမာက အရင်ဆုံးချီးမွမ်းလိုက်၏။ ရွှေမင်းဂန်က






www.burmeseclassic.com

www.burmeseclassic.com



တော့ အသားညိုညိုမှာ အနီရင့်ဂါဝန်နှင့် လတ်သခင်အားကြည့်၍

ဝတ်လည်ဝတ်တတ်ပါပေတယ် ဟု တွေးမိရင်း နေရာမှ

ထ၏။

"ကဲ ချာတိတ်တို့သွားကြစို့၊ ကျွန်တော်ကို ခွင့်ပြုပါဦး

ခင်ဗျာ"

ချာတိတ်မနှစ်ယောက်ကိုခေါ်၍ ရွှေမင်းဂန် ထွက်ခဲ့ရင်း

ဒေါ်တိုးမာတို့ကို နှုတ်ဆက်ခဲ့လေ၏။

※ ※ ※



"ကဲ ချာတိတ်တို့ မင်းတို့ဘာတွေစားချင်လဲ ပြောစမ်း"

ဆယ်နှစ်အရွယ် ကလေးမနှစ်ယောက်ကိုကြည့်ကာ သူမေး

လိုက်၏။ အသားဖြူဖြူ ဖိန့်ဖိန့်ပါးပါးနှင့် ပန်းနုရောင်ဂါဝန်လေး

ဝတ်ထားသော ဓာနီမင်းက လတ်သခင်ကို လှမ်း၍ကြည့်သည်။

အစားဆိုလျှင် သဘောကျသော ညိုစိုစိုအသားမှာ အနီ

ရောင်ဂါဝန်ဝတ်ထားသည့် လတ်သခင်က မျက်လုံးတွေ တဖျပ်

ဖျပ်လက်လျက်

"ဘဲကင်စားမယ်၊ ခေါက်ဆွဲကြော်စားမယ်၊ ရေခဲမုန့်စား

မယ် ဦးဦး"

ရွှေမင်းဂန်ပြုံးလိုက်သည်။ ဒါကြောင့် ဒီကလေးမ ဝတာ်

တစ်လေးဖြစ်နေတာပါလား။

"ကဲ ဓာနီမင်းကကော"

တိတ်ဆိတ်နေသော ဓာနီမင်းဘက်လှည့်၍ ရွှေမင်းဂန်

မေးသည်။

သူမက ခေါင်းလေးအသာခါရမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျွေးတာ စားပါ့မယ်ရှင်"

"အပွန်း ပွန်း၊ မင်းကြိုက်တဲ့အစာ မရှိဘူးလားချာတိတ်ရ"

သူမဦးခေါင်းလေးကိုပုတ်၍ ရွှေမင်းဂန်မေးတော့ လတ်သခင်က ကြားမှသွက်လက်စွာဖြင့်

"အို ဦးကလဲ၊ ဇာနီဘာပြောတတ်မှာလဲ၊ သူက အိမ်မှာ ပဲနေရတာ၊ ဘယ်ဆိုင်မှ စားဖူးတာမဟုတ်ဘူး"

ဟုအပြောကြောင့် ရွှေမင်းဂန်မှာ ဇာနီမင်းအတွက် စိတ်မကောင်းဖြစ်သွားရ၏။

"သခင်မလေးပြောတာဟုတ်ပါတယ် ဦး"

မျက်လွှာလေးချ၍ ဇာနီမင်း တိုးညှင်းစွာပြောသည်။ ရွှေမင်းဂန်သည် စိတ်မကောင်းမှုကိုဖျောက်၍ ပြုံးလိုက်ပြီး

"ကဲ ဒါဆို ချာတိတ်အတွက် ဦးကပဲ မှာပေးမယ် ဟုတ်လား"

ထိုနောက် သူက လတ်သခင်မှာသော စားစရာများအပြင် ဇာနီမင်းအတွက် သီးသန့်ရည်စုံပြီး အသားစုံပါသော ထမင်းပေါင်း၊ ဝက်သားချိုချဉ်ကြော်၊ ဆယ်နှစ်မျိုးဟင်းချိုနှင့် ဖာလူဒါမှာ ပေးလိုက်၏။

"ဦးက မင်းတို့ကို စေတနာနဲ့ကျွေးတာဆိုတော့ များများ စားကြရမယ်နော်"





"ဟာ စိတ်ချ စိတ်ချ၊ ခင်က ကြိုက်တာဆို အကုန်စားတယ် ဦးရဲ့"

သွက်လက်စွာ လတ်သခင်ပြောတော့ ရွှေမင်းဂန်ပြုံးသည်။ ဇာနီမင်းကတော့

"ဟုတ်ကဲ့"ဟု တစ်ခွန်းသာဖြေ၏။ မျက်ခုံးနက်နက် မျက်လုံးဝိုင်းဝိုင်း နီတွေးသော နှုတ်ခမ်းလေးများဖြင့် အထက်တန်းကျကျ ရုပ်ရည်ရှိပါလျက် ဒီကလေးဘဝ ဘာကြောင့် နိမ့်ပါးရတာလဲဟု ရွှေမင်းဂန် ကရုဏာဖြင့်တွေးမိသည်။

စားစရာများ မှာထားစဉ်

"ဒါနဲ့ ခုဆို ချာတိတ်က ငါးတန်းနော်"

"ဟုတ်တယ် ဦး၊ စာကျက်ရတာ သိပ်ပျင်းစရာကောင်းတာပဲ"

"ဟော့"

အဝတ်နှင့်စားစရာမှာ မျက်လုံးတောက်သလောက် စာအကြောင်းပြောတော့ မျက်နှာအလိုလိုမဲ့သွားသည့် လတ်သခင်ပါလား။

"ဇာနီကတော့ စာကျက်ရတာ ပျင်းသလားကွ"

"ဟင်အင်း မပျင်းပါဘူးဦး"

"အေး ဒီလိုမှပေါ့ကွ၊ ကျောင်းသားဆိုတာ စာကျက်ရမှာ ဘာဝန်ပဲ၊ လတ်သခင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဦး"

"မင်းဒက်ဒီဟာ ဘယ်လိုလူမျိုးလဲဆိုတာ သိရဲ့လား"

စာကျက်ပျင်းပါတယ်ဟုဆိုနေသော လက်သခင်ကိုကြည့်၍ ရွှေမင်းဂန်မေး၏။

"သိသားပဲ၊ ဒက်ဒီက ဆရာဝန်"

"အေး ဟုတ်တယ်၊ အန်ကယ်ဟာ သိပ်ကိုစာကြိုးစားတဲ့ လူတစ်ယောက်ပဲ၊ နိုင်ငံခြားမှာလည်း အလကားမနေဘူး ဘွဲ့တစ်ခုထပ်ယူခဲ့တယ်၊ လတ်သခင်"

ရွှေမင်းဂန်ပြောသမျှ လတ်သခင်က စိတ်မဝင်စားစွာ နားထောင်လေ၏။

"ဒီတော့ မင်းကလဲ အန်ကယ်သမီးပီသစွာ စာကြိုးစားရမယ် ဟုတ်လား"

"ဦးလည်း အန်တီမာနဲ့ အတူတူပဲ၊ ခင့်ကို စာကျက်ခိုင်းနေတာပဲ"

မျက်စောင်းလေးထိုး၍ မကျေနပ်ဟန်နှင့် လတ်သခင်ပြောသည်။ ရွှေမင်းဂန်က ခေါင်းခါယမ်းကာ

"စာကျက်ခိုင်းတာ မင်းအတွက်ပဲ၊ ကဲ ပြောပါဦး၊ ကြီးလာရင် မင်းဘာလုပ်မလဲ"

"ခင်လား ခင်ကရုပ်ရှင်မင်းသမီးလုပ်မှာ ဦးရဲ့"

"ဟင်"





လတ်သခင်၏မမျှော်လင့်သော အဖြေကြောင့် ရွှေမင်းဂန် အံ့သြသွားရသည်။ အန်ကယ်လတ်ဦးကတော့ သူ့သမီးကို သူ့လို ဆရာဝန်ဖြစ်စေချင်၏။

"အန်ကယ်ကော သူ့အမေပါ စာဘက်မှာမညံ့တော့ သမီးလည်း စာတော်တဲ့ကလေးပဲဖြစ်မှာပါ မောင်ရွှေမင်းဂန်၊ အင်း အန်ကယ်ကတော့ သမီးကို အန်ကယ်လို ဆရာဝန်တစ်ယောက် ဖြစ်စေချင်တယ်ကွယ်"

သားအဖလို ရင်းနှီးမှုမျိုးဖြင့်နေလာတာကြောင့် အန်ကယ်လတ်ဦးက သူ့ကို သမီးနှင့်ပတ်သက်တဲ့ ရည်ရွယ်ချက်ပါ ပြောပြခဲ့သည်။

ယခုတော့

"ဒါဆို စာနီမင်းကကော ဘာလုပ်ချင်လဲကွ"

တိတ်ဆိတ်နေသော ကလေးမဘက်သို့ သူလှည့်မေးလိုက်၏။

"သမီး ဆရာဝန်ဖြစ်ချင်ပါတယ်"

"ဗျာ"

လုံးဝထင်မှတ်မထားသော စာနီမင်းလို ချာတိတ်ထံမှ ဆိုသို့စကားကြားလိုက်ရတော့ သူ အထူးတုန်လှုပ်သွားရသည်။

သူနားကြားများလွဲသလား၊ လတ်သခင်နှင့်စာလျှင် စာနီမင်းသည် ရိုးယွင်းချက်များစွာဖြင့် နေလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်တာပြောရလျှင် အိမ်စေတစ်ယောက်ထက်မပိုပေ၊ ဒီလိုကလေးမက ဆရာဝန်ဖြစ်ချင်တယ်ဆိုတော့

"သူကဖြစ်မှာ ဦးရဲ့ စာသိပ်ကျက်တာပဲ"

ဝင်ပြောတာက လတ်သခင်ဖြစ်၏။ ရွှေမင်းဂန်သည် ဇာနီမင်း၏ နုနယ်ဖြူစင်သော မျက်နှာလေးကို စိုက်ကြည့်ကာ

"မင်းက ဘာကြောင့် ဆရာဝန်ဖြစ်ချင်တာလဲ ဇာနီ"

"သူများတွေကို ဆေးကုပေးချင်လို့ပါ ဦး"

"ပြော်"

ရည်မှန်းချက်လေးက ရိုးသားစွာ၊ ရွှေမင်းဂန် ခေါင်း တဆတ်ဆတ်ညိတ်၏။

"ကောင်းတယ်၊ သိပ်ကောင်းတဲ့ ရည်ရွယ်ချက်ပဲ ဇာ မင်းရဲ့ရည်ရွယ်ချက်အတိုင်း ဆရာဝန်ဖြစ်အောင် ကြိုးစားပါ"

"ဟုတ်ကဲ့"

သူမတို့ အားပေးဖော်ရသည့် ရွှေမင်းဂန်အား ပထမ အကြိမ် ပြုံးပြလိုက်လေ၏။

"လတ်သခင် သမီးလည်း ငယ်ငယ်တုန်းမှာ ဇ ကြိုးစားပါ၊ ညည်း ဘွဲ့ရပညာတတ်ကြီးဖြစ်လာမှ ဝါသနာပါ ကိုလုပ်"

"ဟုတ်ကဲ့ဦး"

သည့်လိုဆိုတော့လည်း လတ်သခင်က လွယ်ကူ





ခေါင်းညိတ်၏။ ထိုစဉ် စားစရာများရောက်လာတာကြောင့်

"ကဲ ဗိုက်ဆာနေကြရောပေါ့၊ ချာတိတ်တို့စားကြ"

ရွှေမင်းဂန်က ပါးစပ်မှလည်းပြောသလို လက်ကလည်း မငဲ့မရဲလေးဖြစ်နေသော ဇာနီမင်း ပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့် ပေးလေ၏။

လတ်သခင်ကတော့ ဘယ်သူမှထည့်ပေးစရာမလိုအောင် ခေါက်ဆွဲကြော်နှင့် ဘဲကင်ကို အားပါးတရစားနေသည်။

"ဟင် ဦးက မစားဘူးလား"

ဇာနီမင်းကမေးတော့မှ ရွှေမင်းဂန်ပြုံး၍

"စားမှာပေါ့ကွယ်၊ ဒါနဲ့ ချာတိတ်စားလို့ကောင်းရဲ့လား ဟင်"

"သိပ်ကောင်းပါတယ် ဦး"

"အေး အေး ဒါဆိုအများကြီးစားနော်"

"ဟုတ်ကဲ့"

အိမ်မှာဆို အမြဲတမ်း ဟင်းကျန်ထမင်းကျန်လောက်သာ စားရသော ဇာနီသည် ရွှေမင်းဂန်မှာပေးသော ဟင်းများကို အားပါး တရစားလေ၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ဒီကလေးမအား ခုလိုမျိုး မကြာ ခဏ ခေါ်ကျွေးချင်စိတ် ရွှေမင်းဂန်ရင်ထဲ ဖြစ်ပေါ်ရလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယပိုင်း



"ဘာ ဘာပြောတယ်၊ သခင်မလေး စာမေးပွဲကျတယ် ဟုတ်လား"

ဦးမင်းဒင်မောင်းလာသော ကားပေါ်မှ ဟန်မပျက်ဆင်း လာသည့် လတ်သခင်က အိမ်မှ ရင်ထိတ်စွာစောင့်နေသော ဒေါ်တိုး မာအား

"ခင် စားမေးပွဲကျတယ်"

ဟုပြောပြီးချိန် မျက်နှာပျက်ကာ အကြီးအကျယ် စိတ်ထိ ခိုက်သွားသော ဒေါ်တိုးမာ ထပ်မေး၏။

"ဟုတ်တယ် တိုးမာ၊ မင်းသမီး စာမေးပွဲကျတယ်"

ခပ်ဆတ်ဆတ်ဝင်ပြောလိုက်သော ဦးမင်းဒင်ကြောင့် လတ်သခင် မျက်မှောင်တွန့်သွားလျက်

"ဘယ်သူ သမီးဆိုတာ၊ ဘယ်သူ့ကိုပြောလိုက်တာလဲ၊ အန်ကယ်မင်း"

မကြိုက်နှစ်သက်ဟန်ဖြင့် မေးလိုက်၏။ သည်တော့မှ ဦးမင်းဒင်က လက်ရှိအခြေအနေကို သတိရလျက်



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟို သမီး၊ အဲ သခင်မလေး စာမေးပွဲကျတယ်လို့ ပြောတာပါကွယ်"

အမှန်တော့ သခင်မလေးယောင်ဆောင်ပေးထားသော ကိုယ့်သမီးအရင်း စာမေးပွဲကျသည့်အတွက် ဦးမင်းဒင်မှာ ဖခင်တစ်ယောက်အနေဖြင့် စိတ်ထိခိုက်ရ၏။

"ကလေး ကလေးရယ်၊ သခင်မလေး စာမေးပွဲကျလို့ သိပ်စိတ်ထိခိုက်နေမှာပဲနော်"

မိခင်တစ်ယောက်စိတ်ဖြင့် ဒေါ်တိုးမာက သခင်မလေးအား နှစ်သိမ့်လိုက်စဉ်

"အို ဘာမှစိတ်မထိခိုက်ဘူး၊ အစကတည်းက စာမေးပွဲ မဖြေနိုင်ဘဲ၊ စာမေးပွဲကျတာပဲကောင်းတယ်၊ ခုမှ ကိုယ်လုပ်ချင်ရာ လုပ်ရတော့မယ်"

"ဟင်"

"အို"

အသက်ဆယ့်ငါးနှစ်အရွယ် လတ်သခင်သည် ငယ်ငယ် တုန်းကထက်ပို၍ အလှကြိုက်လာသလို အရပ်မြင့်မြင့် အသားညို စိုစိုနှင့် အပျိုစင်လေးတစ်ယောက်ဖြစ်နေပြီ။

တစ်ယောက်တည်း ရေရွတ်လိုက်သော လတ်သခင်၏ စကားကြောင့် ဦးမင်းဒင်နှင့် ဒေါ်တိုးမာ မျက်လုံးပြူးသွား၏။

ဒီကလေးမက တကယ့်တစ်ဖွတ်ထိုးဖြစ်၏။ ငယ်စဉ်က





ဖခင်က ဗိုင်းဝန်းမြှောက်စားထား၍ အကြောက်မရှိ။

ဖခင်အရင်းဟုသိထားသော ဒေါက်တာလတ်ဦးသည် သည်း ပြန်မလာနိုင်သေးဘဲ သမီးဖြစ်သူကို ဖုန်းနှင့်သာ အဆက်အသွယ်လုပ်၏။

"စာကြိုးစားပါသမီး၊ သမီးလိုချင်တာတွေအားလုံး ဒက်ဒီ ဖြည့်ဆည်းပေးနိုင်တယ်၊ ဒါပေမယ့် စာကတော့ ကိုယ်ကျက်မှ ကိုယ်ရတာမို့ ကြိုးစားပါ သမီး"

ဒေါက်တာလတ်ဦးနှင့် ဖုန်းဆက်တိုင်း ထိုသို့စကားသာ ပြောတတ်သောကြောင့် စာအကြောင်းဆိုလျှင် မကြားချင်သည့် လတ်သခင်က နောက်များဖုန်းမကိုင်တော့ပေ။

"ဒက်ဒီလည်း အလကားပဲ၊ ဖုန်းဆက်တိုင်း စာကျက်ဖို့ပဲပြောနေတာ"

သူမုန်းသော စာအကြောင်းပြောတာကြောင့် လတ်သခင်က မကြိုက်နှစ်သက်ပေ။

သို့သော် ဒေါက်တာလတ်ဦးကတော့ သမီးအတွက်ဟုဆိုကာ ငွေနှင့်ပစ္စည်းများ လျှံပယ်စွာ အမြဲပို့ပေး၏။

မိခင်ကမဲ့နေသလို ဖခင်က အဝေးရောက်နေသော သမီးအတွက် ကရုဏာမေတ္တာတို့အပြည့်ဖြင့် စေတနာထားခဲ့သည်။

ယခုတော့ လတ်သခင် စာမေးပွဲကျပြီ။

"သဲ သခင်မလေးက ဘာတွေလုပ်မှာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တိုးမာက မဝံ့မရဲမေးတော့

"အို ခင့်ဘာသာ ဘာလုပ်လုပ်ပါ၊ ခင့်အတွက် မပူနဲ့

အန်တီမှာ သမီးအတွက်သာပူ"

"ဟင် သမီးအတွက်ဟုတ်လား"

"ဟုတ်တယ်၊ အန်တီမှာသမီး စာနီအတွက်လေ"

ခပ်တည်တည်မျက်နှာဖြင့် လတ်သခင်အပြောကြော

ဒေါ်တိုးမာ နှုတ်ခမ်းတွေ တစ်ရှုရှုလှုပ်လာ၏။

"ငါ့ ငါ့သမီးမင်းပဲ၊ မင်းဟာ ငါ့သမီး စာနီပဲ"

ရှေ့မှာရှိနေသော မိန်းကလေးအား လက်ညှိုးထိုး

ထိုသို့ပြောခါနီး

"အမေ အမေ သမီး စာမေးပွဲအောင်တယ်၊ ဂုဏ်ထူ

ငါးဘာသာနဲ့"

ပျော်ရွှင်ဝမ်းမြောက်သော အသံလေးဖြင့် အောင်စာရ

ကြည့်ရာမှပြန်လာသည့် စာနီမင်းက ပြောလိုက်စဉ်

"ဘာ ဘာ ဂုဏ်ထူးငါးဘာသာနဲ့ ညည်းစာမေးပွဲအော

တယ်ဟုတ်လား၊ မိစာ"

တုန်လှုပ်စွာဖြင့် ဒေါ်တိုးမာ မယုံနိုင်သလို ထပ်မေး

"အဟင်း ဟုတ်တယ် အမေရဲ့၊ ဘာလဲ အမေက မ

ဘူးလား၊ မယုံရင် အမေ ကိုယ်တိုင်လိုက်ကြည့်"

"ဝုန်း"





"ဟင် အမေ"

စာကျက်ချိန်မရအောင် အလုပ်တွေဖိနိုင်း။ ကျောင်းဆို

လျှင် သာမန်၊ အဝတ်အစားဆိုလည်း သခင်မလေးအကျတွေသာ

ဝတ်ရသည့် သမီးရင်းမဟုတ်တဲ့ စာနီမင်းက စားမေးပွဲကို ငါးဘာ

သာဂုဏ်ထူးနှင့်အောင်တယ်ဟု သိရိုက် ရင်ထဲ ပူလောင်ခြင်းများ

ဖြင့် ဒေါ်တိုးမာ မခံစားနိုင်ဘဲ သတိလစ်သွားရ၏။

"အမေ အမေ ဘယ်လိုဖြစ်တာလဲ၊ အဖေ အမေ့ကို

ကြည့်ပါဦး"

ဘာမှုမသိသော စာနီကတော့ အမေလုပ်သူကို စိုးရိမ်စွာ

မှေ့ပိုက်ရင်း ငေးကြောင်ကြောင်ရပ်နေသည့် ဦးမင်းဒင်အား မော့

ကြည့်ကာပြောလိုက်၏။

"ဟင်း အဲဒါ၊ ညည်းစာမေးပွဲအောင်လို့ ဝမ်းသာလုံး

ဆို့သွားတာ စာနီ"

မျက်နှာလေးမဲ့၍ လတ်သခင်ဝင်ပြောတော့ ဦးမင်းဒင်

ဆတ်ခနဲကြည့်၏။

မိုက်လိုက်တဲ့သမီး။

သင်းက စာမေးပွဲမအောင်ဘဲ သမီးရင်းမဟုတ်တဲ့ သူက

စာမေးပွဲအောင်လို့ မိခင်ဖြစ်တဲ့တိုးမာ စိတ်ထိခိုက်သွားတာ။

"အဖေ သခင်မလေးပြောတာ ဟုတ်သလားဟင်"

ဦးမင်းဒင်ကိုကြည့်ပြီး စာနီမင်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင့် ဩော် အေး အေး ဟုတ် ဟုတ်တယ်ကွယ့်၊ သမီးအမေ ဝမ်း ဝမ်းသာလုံးဆို့သွားတာ၊ တိုး တိုးမာ"

ပခုံးကို ခပ်ကြမ်းကြမ်းလှုပ်၍ ဦးမင်းဒင်က ဒေါ်တိုးမာကိုခေါ်လိုက်သည်။ မကြာခင် ဒေါ်တိုးမာ သတိရလာလျက်

"ကို ကိုမင်းဒင်"

"တိုးမာ"

"ကျွန် ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ အဟင့် ဟင့် ဟီး"

ရုတ်တရက် ဒေါ်တိုးမာက ရှိုက်ကြီးတငင် ငိုချလိုက်တာကြောင့် ဇာနီမင်းနှင့် လတ်သခင် အံ့ဩသွား၏။

ဦးမင်းဒင်ကတော့ ဒေါ်တိုးမာ ဘာကိုဆိုလိုသလဲဟု သိနေပြီ။

ကိုယ့်သမီးအရင်း အသုံးမကျတာ ဒီလောက်ကောင်းစားတဲ့ဘဝ ထားပါလျက်နှင့် မကြိုးစားခြင်းတို့အတွက် မိဘတစ်ယောက်အနေနှင့် ယူကျုံးမရ စိတ်ထိခိုက် ခံစားရခြင်း။

"မ မငိုပါနဲ့တိုးမာ၊ အား အားလုံးဟာ ကံတရားပဲပေါ့"

ဒေါ်တိုးမာကို ဦးမင်းဒင်က နှစ်သိမ့်လိုက်၏။ သို့သော် လတ်သခင်က မျက်နှာလေးဆတ်ခနဲတင်း၍

"အမယ်လေး ကိုယ့်သမီး ဂုဏ်ထူးတွေနဲ့ စာမေးပွဲအောင်တာ ဒီလောက်တောင်ငိုစရာလား အန်တီမာ"





အကဲပိုလွန်းသည်ဟု အမြင်ဖြင့် ဒေါ်တိုးမာအား ပြောလိုက်၏။

"ဟုတ်သားပဲ အမေရယ်၊ သမီး စာမေးပွဲအောင်တာကို"

ဝမ်းသာပျော်ရွှင်ရမည့်အစား ငိုရှိုက်နေသော ဒေါ်တိုးမာကြောင့် ဇာနီမင်း မျက်နှာမကောင်းဖြစ်မိရ၏။

ဦးမင်းဒင်နှင့် ဒေါ်တိုးမာသာ လတ်သခင်ခေါ် သမီးအရင်းလုပ်သူကို ဘာမှ မသိနားမလည်သေးခြင်းဟု အားမရစွာကြည့်မိကြသည်။ ဇာနီမင်းဝင်ပြောမှ

"ညည်း ညည်းက ဘာသိလို့လဲဟင်၊ ကိုယ့် သားသမီး စာမေးပွဲအောင်တာ ဝမ်းမသာဘဲနေပါ့မလား၊ ဒါပေမယ့် ငါတို့ရဲ့ ကျေးစူးရှင် ဟောဒီ သခင်မလေးက စာမေးပွဲကျတယ်အေ့"

"ဟင် ဟုတ် ဟုတ်လား အမေ"

သည်တော့မှ လတ်သခင် စာမေးပွဲကျတာကို သိသွားသော ဇာနီမင်းက စိတ်မကောင်းဖြစ်လျက်

"ခင် စာမေးပွဲကျတာကို တို့စိတ်မကောင်းပါဘူး"

"ရတယ် ဇာနီ၊ ငါစာမေးပွဲကျတာ စာမကြိုးစားလို့၊ အေး နင်ခုလို ဂုဏ်ထူးတွေနဲ့အောင်တာလည်း နင်ကြိုးစားလို့ပဲ၊ ဒီတော့ ငါ့အတွက် မခံစားပါနဲ့"

ဘာမှမဖြစ်သည့်ဟန်ဖြင့် လတ်သခင်ပြောတော့ ဇာနီမင်း သက်ပြင်းလေးချ၏။ တကယ်ဆို သခင်မလေးနေတဲ့ဘဝဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကောင်းမှာနေ ကျူရှင်ဆိုအပြည့် အိမ်အလုပ်ဟူ၍ ကိုယ့်ပန်းကန်ပင် ကိုယ်မဆေးရပါ။

စာကျက်ချိန်များစွာရှိပါလျက် ခုလိုစာမေးပွဲကျရတာ ဝမ်းနည်းစရာတော့မရှိ။

"နင့်အတွက် ဂုဏ်ယူပါတယ် တနီ"

ဖနံတိုခြင်းကင်းမဲ့လျက် သခင်မလေးက တနီမင်းဆိုတဲ့ သူမအား ခပ်ပြုံးပြုံး လက်ကမ်းပေးလေ၏။

❀ ❀ ❀



"အဟင့် ဟင့်၊ ခုတော့ ဘယ်လိုလုပ်ကြမလဲ ကိုမင်းဒင်၊ ကျွန်မတို့သမီးက စာမေးပွဲမအောင်ဘဲ ဟိုကလေးမက စာမေးပွဲကို ရိုးရိုးအောင်မဟုတ်ဘူး၊ ဂုဏ်ထူးတွေနဲ့ အောင်တာတော့"

ညဘက် တိတ်ဆိတ်ချိန်မှာ ဝမ်းနည်းစွာငိုရှိုက်နေသော ဒေါ်တိုးမာ။ ဦးမင်းဒင်က မျက်နှာကြီးရဲလျက်

"ခုမှငိုမနေနဲ့တိုးမာ၊ မင်းသမီးက မင်းနဲ့တူတာ"

"ဘာရှင့်"

"ဟုတ်တယ်လေ၊ ငယ်ငယ်ရွယ်ရွယ်နဲ့စာမကြိုးစားဘဲ အလှအပပဲ မက်မော၊ ဒါတွေက မင်းကို မတူလို့ဘယ်သူတူရမလဲကွ"

ဦးမင်းဒင်၏ ပြစ်တင်မှုကြောင့် စောစောက ဝမ်းနည်းနေသော ဒေါ်တိုးမာတစ်ယောက် မျက်ရည်များ တိခနဲ့ရပ်သွားသည်။

"ဘြော် အဟင်း ရှင်ကပဲပြောရတယ် ရှိသေးတယ်ကိုး၊ ရှင်ကကော ကိုယ်တိုင်ဆယ်တန်းအောင်ခဲ့လို့လားဟင်၊ အလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ခုချိန်ထိ မယ်မယ်ရရ ဘာလုပ်သလဲ ကိုမင်းဒင်”

“ဘာကွ မင်း”

ကိုယ့်ကိုထိတော့ ဦးမင်းဒင် ဝုန်းခနဲနေရာမှထရပ်၏။ ဒေါ်တိုးမာကို လက်ဖြင့်ရွယ်သည်။

“ဘာလဲ ရှင်က ကျွန်မကို ရိုက်မလို့လား၊ ရိုက်လိုက်လေ၊ ဟင်း ဒီလိုဖအေမျိုးရှိမှတော့ ဒီလိုသမီးလာမှာပေါ့”

“မင်း မင်း တော်ကွာ”

သမီးကို ကောင်းစားစေချင်ကြ၍ သူငယ်ချင်းအရင်းလည်းဟုတ် ကျေးဇူးရှင်လည်းဟုတ်သော ဒေါက်တာ လှကျော်ဦးအပေါ် သစ္စာဖောက်လျက် ကလေးချင်းလဲခဲ့ကြ၏။

သို့သော် လူတစ်ယောက်၏ ကံတရားနှင့် ဗီဇသည် ပြောင်းလဲလို့ရသော အရာမဟုတ်ပါ။ ပေါ့ပေါ့နေ ပေါ့ပေါ့စား မိဘနှစ်ပါးမှ ပေါက်ဖွားလာသော သခင်မလေးအမည်ခံ ဇာနီမင်း အစစ်က မိဘတွေလို စားစိတ်မဝင်စား။ အပျော်အပါးနှင့် အလှအပကိုသာမက်မော၏။

ထိုသို့ပါပဲ ဒေါက်တာလတ်ဦးနှင့် ဒေါ်ခင်မွေ့ဆိုသော ပညာတတ်မိဘနှစ်ပါးမှ ပေါက်ဖွားလာသည့် ဇာနီမင်းအမည်ခံ လတ်သခင်အစစ်ကလည်း စိတ်သဘောထား ဖြူစင်ခြင်း၊ အလုပ်ကို စွဲမြဲစွာလုပ်ခြင်း၊ စာကြိုးစားခြင်းတို့က ဗီဇပါလာသည်ဆိုတော့

“ခုမှခက်ပြီ၊ ရှင့်သူငယ်ချင်း ကိုလတ်ဦးကို ဘယ်လိုပြော





ကြမလဲ ကိုမင်းဒင်”

“ဘယ်တတ်နိုင်မလဲ စာမေးပွဲမအောင်တာကို အမှန်အတိုင်းပြောရုံပေါ့”

“အို ကျွန်မတို့သမီးဖြစ်တဲ့ ကလေးမကတော့ အောင်ပြီး သူ့သမီးကြမှ မအောင်ဘူးထင်ရင် ဒေါက်တာလတ်ဦး ဘယ်လိုမြင်မလဲရှင့်”

ဒေါ်တိုးမာ၏အမေးကြောင့် ဦးမင်းဒင် ငြိမ်သွားသည်။

“သေချာတယ် သူ့သမီးကို ကျွန်မတို့က ဂရုမစိုက်လို့ဘဲ ထင်မှာ၊ ကိုမင်းဒင်”

ဂရုစိုက်လွန်း၍ ဘာမှဖြစ်မလာသည့်သမီးအတွက် ဒေါ်တိုးမာ ဝမ်းနည်းလို့မဆုံးပေ။

“ကိုလတ်ဦးက နားလည်မှုရှိတဲ့ လူတစ်ယောက်ပါ တိုးမာ၊ ကလေး စာမေးပွဲကျတာ ငါတို့နဲ့မဆိုင်ဘူးဆိုတာ သူနားလည်မှာပါ”

“ကျွန်မကတော့ ဒေါက်တာလတ်ဦး စိတ်ဆိုးပြီး ကျွန်မတို့ကို မပေးမထောက်ပံ့တော့မှာပဲ စိုးရိမ်တယ် ကိုမင်းဒင်”

တစ်သက်လုံး လင်မယားနှစ်ယောက် မည်သည့်အလုပ်မျှ မလုပ်ဘဲ ဒေါက်တာလတ်ဦး၏ ပေးကမ်းစာကိုသာ စားခဲ့၏။

သမီးကို စောင့်ရှောက်သူတွေအဖြစ် ဒေါက်တာလတ်ဦး က လိုတာထက်ပို၍ ရက်ရောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကို စောင့်ရှောက်တဲ့ မင်းတို့ရဲ့ ကျေးဇူးကပဲ ကြီးလှပါပြီကွာ၊ ဒီတော့ ငါတတ်နိုင်သလောက် ပြန်ကြည့်ပါရစေ"

ဖခင်တစ်ယောက်၏ စေတနာဖြင့် သမီးအပေါ် ပိုမိုဂရုစိုက် စောင့်ရှောက်ရန် ဒေါက်တာလတ်ဦးက ငွေကိုထည့် မတွက်ခဲ့ပေ။

လတ်သခင် စာမေးပွဲကျခြင်းသည် ဒေါ်တိုးမာ စိုးရိမ်သော ကိစ္စများ ဖြစ်လာနိုင်စရာပါ။

"ဒီတော့လည်း ငါတို့ကံပေါ့ကွာ၊ မင်းသမီးလည်း စာမေးပွဲကျပြီး ထင်ရာတွေလျှောက်လုပ်နေဦးမယ် တိုးမာ၊ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါ"

မိဘတွေဆိုတော့ သားသမီးစာမေးပွဲကျတာကိုပဲ တစ်ဖက်က စိတ်မကောင်းဖြစ်နေရ၏။

"အမေ၊ အဖေ"

"ဟင် မိစာ"

မမျှော်လင့်ဘဲ စာနီမင်း ရောက်လာတာကြောင့် သူတို့ မျက်နှာ ကျွဲခြွေဆည်လိုက်သည်။

"ဘာကိစ္စလဲ မိစာ"

ဒေါ်တိုးမာအသံက မပျော့။

"ဟို အဖေနဲ့အမေ ခုထိမအိပ်နိုင်သေးတာ သမီးကြောင့် မဟုတ်လားဟင်"

"ဘာ"

"သြော် သမီးက ဂုဏ်ထူးတွေနဲ့ စာမေးပွဲအောင်တော့ သမီးရည်ရွယ်ချက်အတိုင်း ဆေးတက္ကသိုလ်တက်ဖို့၊ အဲဒါ အဖေတို့ ခေါင်းစားနေတာမဟုတ်လား"

ပကာတိ ဖြူစင်သော မျက်နှာလေးဖြင့် စာနီမင်း၏ အမေး တွင် ဒေါ်တိုးမာ မျက်လုံးကြီးပြူးလျက်

"ဘာ ဘာပြောတယ်၊ မိစာ ညည်းက ဆေးတက္ကသိုလ် တက်မယ် ဟုတ်လား"

ဦးမင်းခင်ကလည်း ရှေ့မှကလေးမကို ထိတ်လန့်သလို ကြည့်၏။

သူတို့ဘယ်လောက်ပဲ နှိမ်ထားပါစေ ဒေါက်တာလတ်ဦး ၏သမီးက ဆရာဝန်လုပ်မလို့ဆိုပါလား။

"ဟုတ်တယ်လေ အမေ၊ ဒါ သမီးရည်ရွယ်ချက်ပဲ"

"တော်စမ်း ညည်းကို ဘယ်သူက ဆေးတက္ကသိုလ် တက်နိုင်းနေလို့လဲ မိစာ"

"ရှင်"

ဒေါ်တိုးမာ မေးလိုက်ပုံက သူစိမ်းဆန်လွန်းတာကြောင့် စာနီမင်းမျက်နှာ ပျက်သွား၏။

အားကိုးတကြီး အဖေဖြစ်သူ ဦးမင်းခင်ကို လှမ်းကြည့်







www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးမင်းဒင်က သက်ပြင်းရှိုက်ကာ

"ဟို သမီးအနေနဲ့ အဖေတို့အခြေအနေကို သိတယ် မဟုတ်လားကွယ်"

"သြော် ဒီကိစ္စအတွက်ဆိုရင် မပူပါနဲ့ အဖေ၊ ဦးလေး ရွှေမင်းဂန်က သမီး ဆေးတက္ကသိုလ်တက်ဖို့ သူတာဝန်ယူမယ်တဲ့"

"ဟင်"

"ဘာ…ဘာ ဒေါက်တာရွှေမင်းဂန်က တာဝန်ယူမယ် ဟုတ်လား၊ နေပါဦး ရွှေမင်းဂန်က နိုင်ငံခြားမှာ မဟုတ်လာ မိဇာ"

ဦးမင်းဒင်က အံ့ဩစိတ်ကို ထိန်းချုပ်နိုင်ပေမယ့် ဒေါ်တိုး မာ ဖွင့်ဟမေးသည်။

ဇာနီမင်းက ပြုံးလျက်

"ဟုတ်ပါတယ် ဦးက နိုင်ငံခြားမှာပါ၊ ဒါပေမယ့် ဟိုတစ်ခါပြန်လာတုန်းက သမီးကို ဘာလုပ်ချင်လဲမေးခဲ့တယ်၊ သမီး က ဆရာဝန်ဖြစ်ချင်တယ်ဆိုတော့ ရည်ရွယ်ချက်အတိုင်း ကြိုးစား ပြောပြီး ဆေးတက္ကသိုလ်ရောက်ရင် သူထားပေးမယ်လို့ ပြောခဲ့ တယ် အမေ"

"ကြည့်စမ်း…ကြည့်စမ်း ဒီအကြောင်းတွေ ငါ့ကို ညည်း မပြောခဲ့ပါလား မိဇာ"

ဒေါက်တာရွှေမင်းဂန်နှင့် အဆက်အသွယ်ရှိနေတာသိသော





ဒေါ်တိုးမာ မကြိုက်ဖြစ်ရပြန်၏။

"သမီးပြောပြဖို့က စောသေးလို့ပါ၊ ခုတော့ သမီးရည်ရွယ် ချက် ဖြစ်ခဲ့ပြီမို့ အမေတို့စိတ်မပူအောင် ပြောပြတာပါ"

"အို…မဖြစ်ဘူး၊ မဖြစ်ဘူး၊ သူက ညည်းကို ဘာကြောင့် ဆေးတက္ကသိုလ်ထားပေးရမှာလဲ၊ ငါသဘောမတူဘူး"

"တိုးမာ"

"အမေ"

ခါးခါးသီးသီးငြင်းဆန်လိုက်သော ဒေါ်တိုးမာ၏ ဇာနီမင်းမှု ကို ဦးမင်းဒင် လှမ်းဟန့်သည်။

ဇာနီမင်းကတော့ ဒေါ်တိုးမာ၏အပြောကြောင့် အလွန် အံ့အားသင့်သွားလျက်

"ဒီလိုဆို အမေက သမီးကို ကျောင်းထားပေးမှာလား ဟင်"

"ဘာ…အမယ်လေး လေး ကိုယ့်ဘဝကိုယ်မသိတဲ့ ညည်းပါလားဟင်၊ ငါတို့မှာ ညည်းကို ဆေးတက္ကသိုလ်ထားပေးရ အောင် ဘယ်မှာပိုက်ဆံရှိလို့လဲအေ့"

ထိုစကားကြောင့် ဇာနီမင်း မျက်ရည်ဝဲသွား၏။ ငယ်ငယ် တုန်းကတော့ အမေ့ကို နားမလည်ခဲ့ပေမယ့် ယခုတော့ အမေဟာ သူမအပေါ် တစ်ဖက်သတ် မုန်းတီးနေသလိုပါပဲလား။

"တော်စမ်း တိုးမာ၊ တို့ကမထားနိုင်လို့ ထားပေးမယ့်သူ



www.burmeseclassic.com

www.burmeseclassic.com



က ထားပေးမှာပဲ၊ ဒါ သမီးကံပဲကွ"

လူတစ်ယောက်၏ ကံတရားကို ဒီလောက်မတားဆီး မပိတ်ပင်သင့်ဟု ယူဆသော ဦးမင်းဒင်က ခေါ်တိုးမာကို ခပ်ငေါက် ငေါက်လှမ်းပိတ်လိုက်သည်။

"ဪ ဒါဆိုရင် ရှင်က သူ့ကို ဆရာဝန်ဖြစ်စေချင်တယ် ပေါ့"

"အေး ဟုတ်တယ်"

ထို့နောက် ဦးမင်းဒင် နေရာမှထွက်ခဲ့၏။ ရင်ထဲမှာ တစ်ခု တစ်ရာအတွက် နာကျင်နေတာ ဘယ်သူ့သိမလဲ။

❀ ❀ ❀



"ဟင် ကိုဦး"

"အို ဆရာကြီး"

ဦးမင်းဒင်နှင့် ခေါ်တိုးမာတို့ လုံးဝမျှော်လင့်မထားသော ဒေါက်တာလတ်ဦးက သူတို့ကို ကြိုတင်အကြောင်းကြားခြင်းမရှိ ဘဲ ပြန်ရောက်လာခဲ့သည်။

"ရုတ်တရက် ငါ ခုလိုပြန်လာတဲ့အတွက် မင်းတို့အံ့သြ သွားမှာပဲ မင်းဒင်"

နဂိုရုပ်မှာ ပိုမိုခန့်ညားနေသော ဒေါက်တာလတ်ဦးက အေးဆေးတည်ငြိမ်စွာပြောသဖြင့်

"ဟင် ဟုတ် ဟုတ်တာပေါ့ ကိုဦး၊ မင်း ခုလို ရုတ်တ ရက် ပြန်လာလိမ့်မယ်လို့ ငါတို့မျှော်လင့်မထားဘူးလေ"

ဒေါက်တာလတ်ဦး၏ ကြည်လင်သော ရုပ်ရည်ကိုကြည့် ၍ ဦးမင်းဒင် မဝံ့မရဲပြောသည်။

ဒေါက်တာလတ်ဦး ပြုံးသွားကာ

"အေးကွာ မင်းတို့ကို အကြောင်းမကြားမိတာ တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ငါလည်း မင်းတို့ကို ရုတ်တရက် အံ့သြဝမ်းသာစေချင်လို့

ပဲ၊ ဒါနဲ့ သမီး သမီးကော"

နှစ်ပေါင်းများစွာ ခွဲခွာနေရသော သမီးအား တွေ့လိုဇော

နှင့် ဒေါက်တာလတ်ဦး အငမ်းမရ မေးလိုက်၏။

"လတ်...လတ်သခင်လား၊ ရှိပါတယ်၊ သူ့သူငယ်ချင်း

တွေနဲ့ အပြင်သွားနေလို့ ကိုဦး"

စာမေးပွဲကျပြီးသည့်နောက်ပိုင်း လတ်သခင်က ပို၍ဆိုး

လာ၏။ နေ့စဉ် အပြင်ထွက်ကာ သူငယ်ချင်း တရုန်းရုန်းနှင့်

အချိန်ကုန်တတ်ပြီး ပြန်လာတော့ အမြဲတမ်း မိုးချုပ်မြဲ။

"မိန်းကလေးတစ်ယောက်ရဲ့ အိမ်ပြန်ချိန်ဟာ ဒီလောက်

နောက်ကျနေရင် မကောင်းပါဘူး၊ သခင်မလေး"

လတ်သခင်၏ အပြန်ကို ညတိုင်းညဥ့်နက်ခံစောင့်၍

တံခါးဖွင့်ပေးရတာ ဒေါ်တိုးမာဖြစ်သည်။

"အမေ အိပ်ပါ၊ ခင့်ကို စာနီစောင့်ပါ့မယ်"

မိခင်ကြီး အိပ်ရေးပျက်ပင်ပန်းမည်စိုး၍ စာနီမင်းပြော

ပေမယ့် ဒေါ်တိုးမာက လက်မခံ။

တကယ်တော့ သခင်မလေး အခေါ်ခံ လတ်သခင်၏

ဘဝကို ဟန်ဆောင်ရယူထားသည့် စာနီမင်း၏ မိခင်ရင်းမဟုတ်

လား။

"နေပါစေ ညည်းဘာသာအိပ်ပါ၊ သခင်မလေးပြန်လာ





တာကို ငါ့မျက်စေ့နဲ့ တွေ့ပြီးမှအိပ်မယ်၊ မိစာ"

"အမေက သခင်မလေးကို သိပ်ချစ်၊ သိပ်ဂရုစိုက်တာပါ

သား"

ဟု စာနီမင်း အမြဲတွေးမိ၏။ ငါ့ကိုသာ အမေက

ယုံ့နည်းလေးလောက် ဂရုစိုက်ခဲ့ရင် ဘယ်လောက်ကောင်းမလဲ။

မကြခဏ ထိုသို့တွေးမိပေမယ့် သူမအဖြစ်က မိုးပေါ်မှ

သမင်းကို လိုချင်နေသည့် ကလေးတစ်ယောက်နှင့် တူလေ၏။

"ဒီတစ်သက် အမေ့ရဲ့ အကြင်နာမေတ္တာတွေ ရဖို့ဆိုတာ

ဘယ်လိုမှ မျှော်လင့်မထားဘူး"

အမြဲတမ်း သူမအပေါ် စိမ်းကားတင်းပြတ်မှုတွေနှင့်သာ

ဆက်ဆံတတ်သော မိခင်ဒေါ်တိုးမာကြောင့် စိတ်မကောင်း ကြိတ်

ခံမိတတ်ရ၏။

"ဘာပဲဖြစ်ဖြစ် အမေ့ရဲ့မေတ္တာကို ရအောင် ငါကြိုးစားရ

မယ်"

စာနီမင်းက ထိုသို့တွေးသည်။ ထို့ကြောင့် မိဘမေတ္တာ

အနီ အမြဲတမ်း အပြုံးလေးဆောင်ထား၏။

"အမေ အမေ"

ဒေါက်တာလတ်ဦး ရောက်နေတာကို မသိသော စာနီမင်း

က အိမ်ထဲသို့ အသံလေးပေးပြီး ဝင်လာသည်။

"မိစာ ဒီမှာ ညည့်သည်ရောက်နေတာ၊ ဘာကြောင့်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အော်ကြီးဟစ်ကျယ် လာလုပ်နေရတာလဲ"

"ဟင်"

စည့်ခန်းထဲဝင်လိုက်သော စာနီမင်းမှာ ဦးမင်းခင်၊ ဒေါ်တိုးမာတို့နှင့်အတူ ခန့်ညားချောမောသော အမျိုးသားကြီး တစ်ယောက်ကို တွေ့လိုက်ရတာကြောင့် ခြေလှမ်းတို့တန့်သွားလျက်

"ဟို ဟို သမီးက သမီး ဆေးတက္ကသိုလ်မတက်ခင် အလုပ်ရှာရတဲ့အကြောင်း ပြောမလို့ပါ အမေ"

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ကိုယ်ဟန်သွယ်သွယ်လေး နှင့် စာနီမင်းကို ဒေါက်တာလတ်ဦးက အံ့ဩသလို ကြည့်ကာ

"မင်းခင် သူလေးက"

"ဟာ…တို့ ဒါ ဒါ ငါတို့ရဲ့သမီး စာနီမင်းတဲ့ ကိုဦး"

"ဟင် ဟုတ်လား၊ ကြည့်စမ်း မင်းတို့သမီးတောင် ဒီအရွယ်ရှိပြီကိုး"

အဝတ်အစား နွမ်းပါးပေမယ့် ချစ်စဖွယ်ရုပ်ရည်လေးနှင့် စာနီမင်းကို ဒေါက်တာလတ်ဦး ပြုံးပြလိုက်သည်။

"လာပါဦး သမီးရယ်၊ အန်ကယ်က မင်းဖေဖေရဲ့သူငယ် ချင်း လတ်သခင်ရဲ့ဒက်ဒီ ဒေါက်တာလတ်ဦးပါကွယ်"

"ရှင်…အန်…အန်ကယ်က သခင်မလေးရဲ့ဒက်ဒီ ဟုတ်လား"

တစ်သက်လုံး ဒီအိမ်ကြီး၏ အရှင်သခင် ပျောက်ဆုံးနေရာ





မှ ယခု ရုတ်တရက် ပေါ်လာခြင်းအတွက် စာနီမင်း အံ့ဩသွား သည်။

တစ်ပြိုင်တည်းမှာပဲ ဒေါက်တာလတ်ဦးဆိုသော အန်ကယ် သည် တကယ့် လူကြီးလူကောင်း ပညာတတ်တစ်ယောက်၏ အသွင်နှင့် မျက်လုံးများကလည်း နူးညံ့လျက် စိတ်သဘောထား ပြည့်ဝပုံပင်။

"ဟုတ်ပါတယ်သမီးရယ်၊ သမီးနာမည်က စာနီမင်း နော်"

"ရှင် ဟုတ်ကဲ့"

"အေးကွယ် သမီးတို့နဲ့ ပြန်တွေ့ရတာ အန်ကယ်ဝမ်းသာ ပါတယ်ကွယ်၊ ဒါနဲ့ အန်ကယ့်သမီးလေးကော"

"ရှင် သခင်မလေးလား"

စာနီမင်းက ဖေးရင်း မျက်လုံးဝိုင်းကြီးများနှင့် ဒေါ်တိုးမာကို လှမ်းကြည့်၏။ ဒေါ်တိုးမာကလည်း မျက်နှာမျက်လျက်

"လာ့ လာပါတော့မယ် ဒေါက်တာ"

"သူ ဘယ်သွားတာလဲ မတိုးမာ၊ ကျွန်တော် သမီးလေး ကို အရမ်းတွေ့ချင်နေပြီဗျာ၊ အဲဒါ သမီးလေးရှိရာ ကျွန်တော်လိုက် သွားမယ်"

"ရှင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာလတ်ဦးစကားကြောင့် ဦးမင်းဒင်နှင့် ဒေါ်တိုး မာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။

တကယ်တော့ မိဘတစ်ယောက်အနေနှင့် ဒေါက်တာ လတ်ဦးပြောတာ မလွန်ပါ။ နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရသော သမီးကို ချက်ချင်းတွေ့ချင်တာ မဆန်း။

"သမီး စာနီ"

"ရှင် အန်ကယ်"

"အန်ကယ်သမီး လတ်သခင်သွားတဲ့နေရာကို သိတယ် မဟုတ်လား"

"ရှင်...ဟို...ဟို"

စာနီမင်း အဖြေရခက်နေစဉ် ဒေါ်တိုးမာက

"ကျွန်မသိပါတယ် ဒေါက်တာ"

"ဩော်...မတိုးမာရယ် စောစောကပြောရောပေါ့၊ ကဲ မင်းဒင် ငါ့ကို ကားမောင်းလိုက်ပို့ကွာ၊ မတိုးမာတို့ သားအမိလည်း လိုက်ခဲ့ပါ"

ဒေါက်တာလတ်ဦးက နေရာမှ မတ်တပ်ရပ်ရင်း ပြော သည်။

စာနီမင်းက ဒေါ်တိုးမာကိုပဲ လှမ်းကြည့်၏။

"အိမ်မှာ လူစောင့်မရှိလို့ မိစာကို ထားခဲ့ပါ ဒေါက်တာ"

"ဟုတ်...ဟုတ်ပါတယ် အန်ကယ်၊ သမီးနေခဲ့ပါ့မယ်





ရှင်"

မျက်လွှာလေးချ၍ စာနီမင်းပြော၏။

"အင်းလေ ဒါဆို အပြန်ကြရင် အန်ကယ်စားစရာတွေ ဝယ်ခဲ့မယ်၊ သမီးစောင့်နေနော်"

"ဟုတ်ကဲ့"

ဦးမင်းဒင်မှာ သူငယ်ချင်းဆန္ဒ မလွန်ဆန်နိုင်၍ လိုက်ပို့ ရပေမယ့် မျက်နှာမကောင်း။

ဒေါ်တိုးမာက သက်ပြင်းတချချ။ လတ်သခင်သွားတာ ဈေးနေ့ပါတီတစ်ခုကို မဟုတ်လား။

ထိုအချိန်

"လတ်"

"ဆို"

"အဟား...ဆိုရမယ်ဆိုရင် ဒီနေ့ လတ် အရမ်းလှတယ် ကွာ"

"ဒီတော့"

"လတ်ကို ကိုယ်ချစ်တာပေါ့"

"အဟင်း ဟင်း ဒါမျိုးက ရိုးနေပြီကွာ"

လူငယ်တွေသာ လွတ်လပ်စွာလုပ်သောပွဲမို့ အားလုံးက ပျော်ရွှင် နေကြသည်။

အထူးသဖြင့် ပိုက်ဆံသုံးနိုင်သော လတ်သခင်နှင့်သို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ချို့ ဝိုင်းဝိုင်းလည်နေ၏။

လတ်သခင်သည် နီညိုရောင်ဆံပင် အနက်ရောင်လက်ပြတ် ဂါဝန်တို့နှင့် နားကွင်းအကြီးကြီးကို ဆွဲထား၏။

ပါတီပွဲမှ အင်္ဂလိပ်သီချင်းများဖြင့်ကား လွတ်လပ်စွာ ကခုန်နေကြစဉ်

"မင်းဒင်"

"ဟင် ကိုဦး"

"သီချင်းသံတွေ ဆူညံနေလို့ပါလား၊ မင်း ငါ့ကို ဘယ်နေရာခေါ်လာတာလဲဟင်"

တွေ့ချင်တာက သမီး၊ ရောက်ရှိတာက ဆူညံလွန်းတဲ့နေရာမို့ ဒေါက်တာလတ်ဦး နားမလည်သလိုမေးတော့

"ဟို ဟို သခင်မလေး ဒီမှာရှိပါတယ် ဒေါက်တာ"

ဒေါ်တိုးမာ မျက်နှာကို အတတ်နိုင်ဆုံး မပျက်အောင်ထိန်းလျက် ပြောလိုက်၏။

"ဘာ သမီးက ဒီနေရာမှာရှိတယ် ဟုတ်လား မတိုးမာ"

"ဟုတ်၊ ဟုတ်ပါတယ်၊ ဒါ ဒါ သခင်မလေးရဲ့သူငယ်ချင်း မွေးနေ့ပွဲလေ၊ အဲဒါကို သခင်မလေးလာတာပါ"

"ဩော်"

ဒေါက်တာလတ်ဦးက ဆူညံစွာ ကခုန်နေကြသော လူငယ်လေးတွေကို လိုက်ကြည့်၏။





သည့်ထဲမှာ သူ့သမီးက ဘယ်မှာပါလိမ့်။

ဒေါ်တိုးမာက လူကြားထဲ တိုးဝင်သွားကာ

"သခင်မလေး"

"ဟင် အန်တီဓာ၊ ဒီကိုဘာလာလုပ်တာလဲ"

အရှိန်ဖြင့် ပျော်မြူးနေသော လတ်သခင်မှာ ဒေါ်တိုးမာကို တွေ့ရတော့ မျက်နှာလေးတင်းကာ အံ့နေဟင့်အယှက်ဖြစ်ဟန်နှင့် မေး၏။

"အမြန်လာပါ သခင်မလေး၊ အရေးကြီးတဲ့ဧည့်သည်ပါလာတယ်"

"ဘာ ဘယ်သူလဲ"

"သခင်မလေးရဲ့ ဒက်ဒီပါ"

"ရှင်"

သည်တော့မှ လတ်သခင် အံ့သြဟန်ပြလျက် ဒေါ်တိုးမာ ခေါ်ရာနောက် လိုက်ခဲ့၏။

"ဒေါက်တာ ဒါ ဒါ သခင်မလေး လတ်သခင်ပါ"

"ဟင်"

အနက်ရောင်အင်္ကျီ လက်တစ်လုံးကိုင်းပြတ်၏ နီညိုရောင်ဆံပင်များက ဖွာလန်ကျဲကာ မျက်နှာတွင် မိတ်ကပ်ရောင်စုံနှင့် မိန်းကလေးကိုကြည့်လျက် ဒေါက်တာလတ်ဦး ရုတ်တရက် တိတ်ဆိတ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေး ဒါ သခင်မလေးရဲ့ဒက်ဒီ ဒေါက်တာလတ်ဦးလေ၊ နိုင်ငံခြားက ဒီနေ့ပဲပြန်ရောက်တယ်"

လတ်သခင် ကိုယ်တိုင်ကလည်း အနောက်တိုင်းဝတ်စုံ အနက်ဖြင့် ခန့်ညားသော ဥပမိရုပ်ရှိသည့် ဒေါက်တာလတ်ဦးကို မမြင်ဘူးသလို သေချာကြည့်၏။

"သမီး"

ပထမဆုံး သတိဝင်လာသူက ဒေါက်တာလတ်ဦး။ သူ့သမီးဟာ ဒီအသက်အရွယ်ထိ ရောက်နေပါပြီကောလားဟု ကြည်နူးစွာ ကြည့်ရင်း ခေါ်မိချိန်

"ဒါ ဒါ ခင့်ရဲ့ဒက်ဒီ ဟုတ်လား အန်တီမာ"

ဒေါက်တာလတ်ဦး၏ သမီးဟုခေါ်သံကြောင့် လတ်သခင်သည် မျက်လုံးစိမ်းများဖြင့်ကြည့်ကာ မေးလေ၏။

"ဟုတ်၊ ဟုတ်တယ် သခင်မလေး"

"သမီး သမီးရယ်၊ ဒီလောက်နှစ်တွေကြာမှ သမီးကို ဒက်ဒီပြန်တွေ့ရတယ်"

ဝမ်းသာဝမ်းနည်းဖြင့် ဒေါက်တာလတ်ဦး ပြောသည်။ သို့သော်

"ဟင့်အင်း ဟင့်အင်း ခင့်ဘဝမှာ ဘာဒက်ဒီမှမရှိဘူး"

"ဟင် သမီး"

"သခင်မလေး"





ရုတ်တရက်ပေါ်ပေါက်လာသော ဒေါက်တာလတ်ဦးကြောင့် လတ်သခင်က ခပ်စိမ်းစိမ်းကြည့်လျက် လှည့်ထွက်သွား၏။

ထိုအပြုအမူကြောင့် ဒေါက်တာလတ်ဦးမှာ အကြီးအကျယ် မျက်နှာပျက်သွားရသည်။

ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့ကလည်း အံ့သြနေ၏။

"ဟို...ဟို သ သခင်မလေးက ဒေါက်တာကို ရုတ်တရက်တွေ့လိုက်ရလို့ ဝမ်းနည်းသွားပုံပါ"

ဒေါ်တိုးမာက အားနာဟန်ဖြင့် ဒေါက်တာလတ်ဦးကို ကြားဝင်ပြောသည်။

"ဟုတ်...ဟုတ်ပါတယ် ကိုဦး၊ လတ်သခင်က မင်းသူ့ကို ဒီအတိုင်းပစ်ထားတာ အကြာကြီးဆိုတော့"

ဦးမင်းဒင်မှာလည်း စိတ်ထိခိုက်သွားသော ဒေါက်တာလတ်ဦးကို ကြိုးစားနှစ်သိမ့်၏။ တကယ်တော့ သူတို့သမီးအရင်းရှိုင်းစိုင်းပုံကြောင့် အားနာနေတာဖြစ်သည်။

"ငါ စိတ်မကောင်းပါဘူးကွာ၊ သမီးက ငါ့အပေါ် ဒီလောက်စိတ်နာနေလိမ့်မယ်လို့ မထင်မိဘူး"

သမီးဖြစ်သူ၏ လုပ်ရပ်ကြောင့် ဒေါက်တာလတ်ဦးစိတ်ထဲမှာ နာကျင်သွားသည့်တိုင် ကြိုးစားဖြေသိမ့်၏။

"အေးကွာ၊ လတ်သခင် ဒီလိုဖြစ်လိမ့်မယ်လို့ ငါတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်မထားမိဘူး ကိုဦး၊ ငါတို့တောင်းပန်ပါတယ်"

"မင်းတို့ တောင်းပန်စရာမလိုပါဘူး၊ တကယ်တော့ ဒါ ငါ့အပြစ်တွေပဲ၊ ကဲ သမီးဆီသွားရအောင်"

စိတ်ဆိုးနေသော သမီးကို ချော့ရမှာ ဖခင်တစ်ယောက်၏ တာဝန်မဟုတ်လား။

"သမီး ဒက်ဒီကို သမီးသိပ်စိတ်ဆိုးနေလားကွယ်"

နူးညံ့ညင်သာသော ဒေါက်တာလတ်ဦး၏ အသံကြောင့် လတ်သခင် ဖျတ်ခနဲကြည့်သည်။

ဦးမင်းဒင်နှင့် ဒေါ်တိုးမာကလည်း

"သခင်မလေးရယ် ခုမှရောက်လာတဲ့ ဆရာ့ကို စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့၊ အိမ်ကြေမှာ အေးအေးဆေးဆေး စကားပြောကြပါနော်"

"ဟင်း သိပ်ရှုပ်တယ်"

စိတ်ရှုပ်ဟန်ဖြင့် ပြောပြီး လတ်သခင်က သူတို့နှင့် ပြန်လိုက်ခဲ့၏။

"သမီးလေး"

ဒေါက်တာလတ်ဦးက ခေါ်ပေမယ့် လတ်သခင် ပြန်မထူးပါ။ ဒေါက်တာလတ်ဦးက မချိသလိုပြုံးလိုက်၏။

"ဪ သမီးရယ် ဒက်ဒီ သမီးကိုတွေ့ချင်လွန်းလို့ ဟိုးအဝေးကြီးက လာခဲ့တာပါကွယ်"





ဦးမင်းဒင်နှင့် ဒေါ်တိုးမာကတော့ မျက်နှာတင်းတင်းဖြင့် နှုတ်ခမ်းပိတ်ထားသော လတ်သခင်ကို အသည်းယားနေမိ၏။

ကြည့်စမ်း ဒီလိုအချိန် အခွင့်အရေးယူကာ ဒေါက်တာလတ်ဦးအား ချွဲနွဲ့ရမှာ ဖခင်တစ်ယောက်၏အချစ်ကို ခံယူရမှာ မဟုတ်လား။

"အပွန်း သမီးအတွက်လေ ဒက်ဒီ အင်္ကျီလှလှတွေ အများကြီးဝယ်လာတယ်၊ လက်ကိုင်အိတ်နဲ့ ဖိနပ်တွေရောပဲ"

လတ်သခင် မက်မောသော အဝတ်အစားနှင့် အလှအပ အကြောင်း ပြောလိုက်တော့ မျက်လုံးတစ်ဖျပ်ဖျပ် လက်လာ၏။

"အခု အဲဒါတွေက ဘယ်မှာလဲ"

ကြည့် အဝတ်အစားနှင့် အလှအပပစ္စည်းတွေအတွက်ကြတော့ လတ်သခင်က နည်းနည်းလေးမှ ဟန်မဆောင်ပါလား။

"အိမ်မှာပေါ့ သမီးရဲ့၊ ဒက်ဒီကလေ သမီးကိုတွေ့ချင်တာနဲ့ သမီးရှိတဲ့နေရာထိ လိုက်ခဲ့တာကွယ့်"

"ဟင်း အိမ်ကစောင့်နေရင်ပြီးရော"

မျက်စောင်းလေးတစ်ချက်ထိုးကာ ပြောပုံကြောင့် ဒေါက်တာလတ်ဦး ချစ်မြတ်နိုးစွာ ရယ်၏။

သည်လိုကြတော့ သမီးက ကလေးတစ်ယောက်ပမာ ချစ်စရာ။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပြောတယ်၊ သမီးက ဆယ်တန်းစာမေးပွဲကျ
တယ် ဟုတ်လား"

ဒေါက်တာလတ်ဦးက စိတ်မကောင်းဟန်ဖြင့် လတ်သခင်
ကို မေးလာ၏။

လတ်သခင်ကတော့ တစ်ချက်မျက်နှာမပျက်ဘဲ

"ဟုတ်တယ် ဒက်ဒီ၊ ခင် စာမေးပွဲကျတယ်"

"ဘာ ဘာဖြစ်လို့ စာမေးပွဲကျရတာလဲ သမီးရယ်၊ ဒက်
ဟာ သမီးကို မတတ်သာလို့ အဝေးမှာထားပေမယ့် အစစအရာ
ပြည့်စုံအောင်ထားခဲ့တာပဲ"

မိဘတစ်ယောက်၏ ဝတ္တရားဖြင့် ဒေါက်တာလတ်ဦ
သည် သမီးအတွက် ငွေကို လျှံပယ်စွာ ပေးခဲ့၏။

"ဘာလဲဟင် ဒက်ဒီက ခင့်ကို ငွေတွေပေးပြီး ဒီ
အဆောင်အယောင်နဲ့ထားတာကိုလား၊ အပေါင်း ဟင်း၊ ကိုယ့်မှာ
ဆွေမျိုးရင်းချာ မိဘရယ်လို့တောင် တစ်ယောက်မှမရှိဘဲ ဘ
တစ်လျှောက်လုံး ခင်က အထီးကျန်စွာ နေခဲ့ရတာပါ ဒက်ဒီ"





ယခုမှ လတ်သခင်ရင်ထဲမှ ခံစားချက်ကို ဒေါက်တာ
လတ်ဦး သိအောင် ပြောလိုက်၏။

ဒေါက်တာလတ်ဦးမှာ ထိုစကားကြောင့် စိတ်မကောင်း
ဖြစ်သွားလျက်

"ကိုမင်းဒင်နဲ့ မတိုးမာတို့မိသားစု သမီးနားမှာရှိနေကြတာ
ကွယ်"

"အို သူတို့က ခင်မိသားစုလား၊ ခင့်မိဘတွေမှ မဟုတ်ဘဲ
ဒက်ဒီ"

"ဟင်"

"အို"

ပြောလိုက်တာက ဒေါက်တာလတ်ဦးကို ဖြစ်ပေမယ့်
သူတို့က ခင့်မိဘတွေမှမဟုတ်တာ ဆိုသောစကားကြောင့်
ဦးမင်းဒင်နှင့် ဒေါ်တိုးမာ မျက်နှာအကြီးအကျယ် ပျက်သွားရ၏။

တကယ်ဆို သူတို့ဟာ လတ်သခင်အမည်ခံ ဇာနီမင်း၏
မိဘအရင်းတွေမဟုတ်လား။ သို့သော် ယခုချိန်ကြမှ အမှန်တရားကို
ဖွင့်ဟ်ဖော်ပြော၍မဖြစ်။

"ဘယ်လိုပြောလိုက်တာလဲ သမီး၊ ဒက်ဒီက အနီးကပ်
စောင့်ရှောက်နိုင်ပေမယ့် ဦးမင်းဒင်နဲ့ ဒေါ်တိုးမာဆိုတာ သမီးကို
အနီးကပ်စောင့်ရှောက်တဲ့သူတွေပဲ၊ သမီးအနေနဲ့ ကိုယ့်မိဘလို
သဘောထားနိုင်ရင်လည်း ရတာပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာလတ်ဦးက နှစ်သိမ့်ပျောင်းဖျ၏။ သို့သော် လတ်သခင်က ခေါင်းသွက်သွက်ခါယမ်းကာ

"အို ဘာကိစ္စ မိဘလိုသဘောထားရမှာလဲ ဒက်ဒီ၊ အခိုင်းအစေဟာ အခိုင်းအစေပဲပေါ့"

"ဘာ"

"အို"

မျက်နှာလေး ထိမထင်ဟန်ဖြင့် ရင့်သီးမောက်မာစွာ လတ်သခင်ပြောလိုက်တော့ ဦးမင်းဒင်နှင့် ဒေါ်တိုးမာ အံ့ဩတုန်လှုပ်သွားကြ၏။

"မင်းဟာ အဲဒီအခိုင်းအစေဆိုတဲ့ ငါတို့ရဲ့သမီးပဲ"

ဟု လတ်သခင်ကို ပြောလိုက်ချင်ပေမယ့် တစ်သက်လုံး ရည်ရွယ်ချက်နှင့် ဖုံးလာသမျှ တစ်ခါတည်းပေါ်သွားမည့်ကိစ္စမို့ လည်ချောင်းထဲကစကားလုံးတွေကို အတင်းပြန်မျိုသိပ်နေရ၏။

ဒေါက်တာလတ်ဦးမှာ ဦးမင်းဒင်နှင့် ဒေါ်တိုးမာကို လတ်သခင်၏ စကားကြောင့် အားနာသွားလျက်

"တော်စမ်းသမီး ဒက်ဒီ့သမီးဟာ ဒီလောက်ရိုင်းစိုင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ခုပဲ ကိုမင်းဒင်နဲ့ မတိုးမာကို တောင်းပန်လိုက်"

"နေ နေပါစေ ဒေါက်တာရယ်၊ သခင်မလေးက ငယ်ရွယ်သူဆိုတော့ ဘယ်နားလည်ပါ့မလဲရှင်"





"ဟုတ်ပါတယ် ကိုဦး၊ ကျွန်တော်တို့ ကလေးအပေါ် နားလည်နိုင်ပါတယ်"

မိရင်းဖရင်းများဖြစ်သော ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့က ဒေါက်တာလတ်ဦးအား ဘာမှမဖြစ်သည့်ဟန်ဖြင့် ဝင်ပြော၏။

"အေးဗျာ ခင်ဗျားတို့က ဒီလိုနားလည်ပေးလေ သမီးရိုင်းရိုင်းမှုအတွက် ကျွန်တော် အားနာလေပါပဲ ကိုမင်းဒင်"

"ရပါတယ်ဗျာ၊ ဘာပဲဖြစ်ဖြစ် သခင်မလေးဟာ ကျွန်တော်တို့ငယ်ငယ်လေးထဲက ကျွေးမွေးပြုစုလာတဲ့ ကလေးမို့ ကိုယ့်သမီးလို သဘောထားပါတယ်"

လတ်သခင်၏ မျက်နှာကို ချစ်မဝသလိုကြည့်ရင်း ဦးမင်းဒင်ပြောလိုက်သည့်တိုင်

"ဒီမှာ အန်ကယ်မင်း၊ ခင့်ကို သမီးလေးလို ချစ်စရာ မလိုပါဘူး၊ အန်ကယ်မင်းတို့ရဲ့သမီး ဇာနီကိုသာ ချစ်ပါ"

တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသော ဇာနီမင်း ရည်ခံ လတ်သခင်အစစ်ကတော့ ဘာမှဝင်မပြော။

"ဘယ်လိုပြောလိုက်တာလဲ သမီး၊ လောကမှာ ကိုယ့်ရင်သွေးသမီးကို မချစ်တဲ့ မိဘဆိုတာ ရှိပါ့မလားဟင်"

မိဘမေတ္တာကို နားမလည်သော လတ်သခင်အား ဒေါက်တာလတ်ဦး စိတ်ပျက်သလိုပြော၏။

"အို ရှိတာပေါ့၊ ဒက်ဒီမသိလို့ပါ၊ အန်တီမာကဆို ဇာနီ



www.burmeseclassic.com

www.burmeseclassic.com



ကို နည်းနည်းလေးမှ ချစ်တာမဟုတ်ဘူး၊ အမြဲတမ်း ဆူပူငေါက်ငန်းနေတာ''

''ဟင်''

လတ်သခင်ကို ဒီလိုပြောလိမ့်မည်မထင်၍ ဒေါ်တိုးမာ မျက်နှာပျက်ကာ အံ့သြသွားရ၏။

ဒေါက်တာလတ်ဦးက ဒေါ်တိုးမာကို ဖျတ်ခနဲ လှမ်းကြည့်သည်။

''သ…သခင်မလေး အထင်လွဲနေတာပါ၊ မီဇာကို ငေါက်ငန်းတယ်ဆိုတာ ဟို ဟို''

''ဆက်မပြောနဲ့ မတိုးမာ၊ ကျွန်တော် နားလည်တယ်၊ ဒ်နှင်းခံ မြက်ဟာ ပိုပြီးသန်မာသလို ဒေါ်တိုးမာတို့ကလည်း သားသမီးကို တကယ်ချစ်ရင် အလိုမလိုက်ရဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ရပ်တည်ခဲ့လို့ ခုဆို ဇာနီမင်းဟာ ဆယ်တန်းကို တစ်နှစ်တည်းနဲ့ ဂုဏ်ထူးများစွာနဲ့ အောင်ခဲ့တာမဟုတ်လား''

''ရှင်…ဟုတ် ဟုတ်ကဲ့''

ဒေါ်တိုးမာ ခေါင်းညိတ်တာကို တစ်ဖက်မှ ဇာနီမင်းလေးကြည့်နေသည်။ တကယ်ဆို လတ်သခင်ပြောတာ အမှန်။ မိခင်ရင်းဖြစ်ပေမယ့် အမေသည် သူမကို ဘယ်တုန်းကမှ မျက်နှာသာပေးခဲ့တာမဟုတ်။

ယခုလို စာမေးပွဲအောင်ဖို့အတွက် ဂရုစိုက်ခြင်းဆိုတာလုံးဝမရှိခဲ့ပေ။

''အေးဗျာ ကျွန်တော်က သမီးလေးအနားမှာ ရှိမနေနိုင်တာ ကျွန်တော့်အပြစ်ပါ၊ ကဲ သမီးလည်း ဘာမှဆပ်မပြောနဲ့၊ ခုဆို ဒက်ဒီသမီးနားမှာရှိနေပြီ၊ ဒီနှစ် သေချာကြိုးစားလိုက်ရင် သမီးစာမေးပွဲအောင်မှာပါ''

ဒေါက်တာလတ်ဦးက ကြင်နာစွာ သမီးဖြစ်သူကို လှမ်းပြော၏။ လတ်သခင်က ဘာမှမပြောဘဲ အပေါ်ထပ်သို့ ခြေတဒုန်းဒုန်းဖြင့် စောင့်တက်သွားသည်။

''သခင်မလေး ဒီလိုဖြစ်တာ ကျွန်တော်တို့ အလိုလိုက်လို့ပါ ကိုဦး''

ဆိုးရွားလှသော သမီးဖြစ်သူ၏လုပ်ရပ်ကြောင့် ဦးမင်းဒင်မှ ဒေါက်တာလတ်ဦးအား တောင်းပန်လိုက်သည်။

ဒေါက်တာလတ်ဦး ခေါင်းခါယမ်းကာ

''မဟုတ်တာပဲဗျာ၊ သမီးနဲ့အတူမနေနိုင်ခဲ့ ကျွန်တော့်အပြစ်ပါ၊ သြော် ခုချိန်ကစပြီး သမီးကို သခင်မလေးလို့လည်း ခေါ်စရာမလိုပါဘူးဗျာ၊ နာမည်ရှိတာပဲ နာမည်ပဲခေါ်ကြဟုတ်လား''

လူလူချင်း အဆင့်အတန်း မခွဲခြားလိုသော ဒေါက်တာလတ်ဦးက သခင်မလေးဆိုသော အခေါ်ကို တားဆီးပိတ်ပင်လိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းခင်နှင့် ဒေါ်တိုးမာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး

"ဟုတ်ကဲ့"

ဟု ခေါင်းညိတ်လိုက်၏။

"ဪ နောက်တစ်ခုက ခင်ဗျားတို့သမီး ဓာနီမင်းရဲ့ တက္ကသိုလ်တက်ဖို့ ကိစ္စအတွက် လုံးဝမပူပါနဲ့၊ ခင်ဗျားတို့သမီးဟာ ကျွန်တော့်သမီးပါပဲ၊ ဒါကြောင့် ဓာနီမင်းရဲ့ ပညာရေးကို ကျွန်တော် လုံးဝတာဝန်ယူပါတယ်ဗျာ"

"ရှင်"

"ဟင်"

ဓာနီမင်းအား ဘယ်လိုပဲ နှိမ်ထားပေမယ့် ယခုတော့ ဒေါက်တာလတ်ဦးက စိတ်သဘောထားကြီးစွာ ပညာရေးတာဝ ယူမည်တဲ့။

တကယ်တော့ မိဘရင်းများဖြစ်ကြလျှင် ဒါဟာ ဝမ်းသာ စရာပေမယ့် ယခု

"အို နေ နေပါစေရှင်၊ ဒေါက်တာ တာဝန်ကြီးပါ့မယ်"

ဟု ဒေါ်တိုးမာ ဟန့်တားသည်။ ဒေါက်တာလတ်ဦး ခေါင်းခါယမ်းကာ

"ပညာရေးအတွက် ကုန်တဲ့ငွေပဲ ကျွန်တော်အလှူတ လို့ သဘောထားပါတယ်၊ အမိက တော်တဲ့ကလေးကို မြှောက်





ပေးရမှာမဟုတ်လား၊ သမီး ဓာနီ"

"ရှင် အန်ကယ်"

"သမီး ဆေးတက္ကသိုလ်ဝင်ခွင့်ရတယ်နော်"

"ဟုတ်ကဲ့"

"အေး...အေး ပညာကိုသာကြိုးစား၊ ကျန်တဲ့ကိစ္စတွေ ဘာမှမပူနဲ့၊ အန်ကယ်တာဝန်ထား ဟုတ်လား"

"ကျေး...ကျေးဇူးတင်ပါတယ် အန်ကယ်"

ဓာနီမင်းမှာ ဥပမိရုပ်တွင် ခန့်ညားတာမဟုတ်ဘဲ စိတ်သ သဘောထားပြည့်ဝသော ဒေါက်တာလတ်ဦးအား ရင်ထဲမှ လှိုက်လှဲစွာ ကျေးဇူးတင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဇာနီ"

"ဟင် ဦး"

ဆေးတက္ကသိုလ်များ စဖွင့်ပြီး တစ်ပတ်အကြာ မျှော်လင့်ဘဲ ရောက်လာသူက ဒေါက်တာရွှေမှင်းဂန်။

"ဇာနီ ဆေးကျောင်းတက်နေပြီဆို"

"ရှင် ဟုတ်ကဲ့၊ ဦး ဦးကို ဘယ်သူပြောလဲဟင်"

အပြုံးများဖြင့် မေးနေသော ရွှေမင်းဂန်ကို ဇာနီမင်း အံ့သြသလိုပြန်မေး၏။

"အဟွန်း...အန်ကယ်ဦးနဲ့ ကိုယ်က အဆက်အသွယ်မပြတ်ဘူးလေ၊ ကွန်ဂယက်ကျူးလေးရှင်းပဲ နီနီ၊ မင်းရည်ရွယ်ချက်အတိုင်း ဆေးတက္ကသိုလ်တက်နိုင်လို့"

ဒေါက်တာရွှေမင်းဂန်က ဇာနီမင်းကို လက်ကမ်းပေးရင်း ဂုဏ်ပြုနှုတ်ဆက်၏။

"ကျေး ကျေးဇူးပါပဲ ဦး"

သူမ၏ ဖြူနုသော လက်ဖဝါးလေးကို မဝံ့မရဲဖြင့် ရွှေမင်း





ဂန်လက်ထဲ ထည့်ပေးလိုက်သည်။

ဒေါက်တာရွှေမင်းဂန်က လက်ဆွဲနှုတ်ဆက်ပြီး

"လတ်သခင်အတွက်တော့ ကိုယ်စိတ်မကောင်းပါဘူးကွာ"

သည်တော့ ဇာနီမင်း သက်ပြင်းချ၏။

"ကျွန်မလည်း စိတ်မကောင်းပါဘူး ဦး၊ အထူးသဖြင့် အန်ကယ်ဦးအတွက်ပေါ့၊ အန်ကယ်က သူ့သမီးကို စာမေးပွဲသိပ်အောင်စေချင်တာ"

ဒေါက်တာလတ်ဦး၏ ဆန္ဒကို ဇာနီမင်းက သိနေလေတော့ ကြားထဲမှ ကရုဏာဖြစ်မိသည်။

"အေးကွာ လတ်သခင်က စာကြိုးစားရင်ကောင်းမယ်၊ ခုတော့ အပျော်အပါး အရမ်းမက်တာကိုး"

ငယ်စဉ်ကတည်းက အစားအသောက်မက်၊ အလှအပမက်သော လတ်သခင်အကြောင်း ရွှေမင်းဂန် သိထားခဲ့ပြီ။

"လတ်သခင်သာ ဦးကိုတွေ့ရင် ဝမ်းသာမှာပဲ"

ဇာနီမင်းက နာလိုစိတ်ကင်းစွာ ပြောသည်။

"နီနီကကော ကိုယ့်ကိုတွေ့ရတာ ဝမ်းမသာဘူးလားဟင်"

"ရှင် ဝမ်း ဝမ်းသာပါတယ်"

"အဟွန်း ကိုယ်ကတော့ နီနီနဲ့ ခုလိုပြန်ဆုံရတာ သိပ်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတယ်၊ ဩော် နီနီအတွက်လည်း လက်ဆောင်တွေ ပါလာတယ်ကွ"

"ရှင် နို့အတွက်ဟုတ်လား ဦး"

မျက်လုံးဝိုင်းဝိုင်းကြီးများဖြင့် အံ့ဩသလို မေးနေသော ချာတိတ်မကို ရွှေမင်းဂန် အသည်းယားစွာ ကြည့်၏။

"ဟုတ်တယ် မင်းအတွက်"

"အို ဟို လတ် လတ်သခင်အတွက်ကော မပါဘူးလား ဦး"

"ဒီကလေးမတော့ ဘယ်နှယ့်ကြောင့် လတ်သခင်အတွက်ပဲ ပူနေရတာလဲဟင်"

ထိုအပြောကြောင့် ဓာနီ မျက်လွှာလေးချကာ

"ဒီလိုမပြောပါနဲ့ဦးရယ် တကယ်တို့ နီတို့က လတ်သခင်တို့ရဲ့အရိပ်မှာ မှီခိုနေကြရသူတွေပါရှင်"

"ဒါပေမယ့် နီနီတို့လည်း လတ်သခင်တို့အတွက် အလုပ်တွေ ပြန်လုပ်ပေးတာပဲ မဟုတ်လားဟင်"

"ဟင့်အင်း နီတို့လုပ်ပေးတယ်ဆိုတာ အရိပ်ထဲနေရတဲ့ ကျေးဇူး၊ စားစရာရတဲ့ ကျေးဇူးလောက် မကြီးပါဘူးဦးရယ်"

တစ်ဖက်သား၏ ကျေးဇူးတရားကို သိတတ်နားလည်သော ဓာနီမင်းအား ရွှန်းရွှန်းစားစား ကြည့်မိ၏။

ငယ်စဉ်က ဖြူဖြူပိန်ပိန်ပါးပါးနှင့် မိန်းကလေးသည်





ယခုလို အရွယ်လေးရောက်လာတော့ မြင့်မားသောအရပ်၊ ဖွံ့ထွား ကျစ်လစ်သော ကိုယ်ခန္ဓာ၊ ဖြူစင်ကြည်လင်သော အသားအရေနှင့် မျက်နှာလေးမှာ ဘာဆေးရောင်မှ မခြယ်တဲ့ လှပချစ်စရာကောင်းနေ၏။

အထူးသဖြင့် သူမ၏ပိုးသားကဲ့သို့ နက်မှောင်ပျော့ပျောင်းသော ဆံနွယ်များက ခါးတစ်ဝိုက် ဖြာကျနေသည်။

"နီနီ အရမ်းထွားလာတာပဲနော်"

"အို ဦးကလဲ"

သူမတစ်ကိုယ်လုံးကို စူးစိုက်ကြည့်ပြီးမှ ရွှေမင်းဂန် ပြောတော့ မျက်နှာလေး ရှက်သွေးဖြာလျက် ပန်းနုရောင်သန်းသွားရ၏။

"တကယ်ပြောတာဗျ၊ ရယ်ပြုံးလိုက်တဲ့အခါတိုင်း ပေါ်ဒီ ပါးချိုင့်လေးသာမရှိရင် နီနီကို ကိုယ်မှတ်မိမှာမဟုတ်ဘူး"

"အဟင်း ဦးလည်း ပိုချောလာတာပါနော်"

"ဗျာ တကယ်"

အမှတ်မထင် သူမ၏စကားတစ်ခွန်းက ရွှေမင်းဂန်စိတ်ကို ကြည်နူးစေသည်။

ဓာနီမင်း ခေါင်းလေးညိတ်ကာ အရင်ကထက် ပိုချောပို ခန့်လာသော ရွှေမင်းဂန်အား မဝံ့မရဲလေး တိတ်တိတ်ခိုးကြည့်မိ၏။

"ဦး"

"ဟင် နီနီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဦး ဦးက နိုင်ငံခြားကို ပြန်သွားဦးမှာပေါ့နော်"

"အဟွန်း မသွားတော့ပါဘူးဗျာ၊ အန်ကယ်ဦးနဲ့ ကိုယ် ဒီကိုအပြီးပြန်လာတာပါ"

"ဩော်"

ရွှေမင်းဂန် အပြီးပြန်လာတယ်ဆိုတော့ စာနီမင်း ကြိတ်၍ ဝမ်းသာသွားရ၏။

"ကိုယ်ပြန်လာတာ နီနီ ဝမ်းသာလား"

"ရှင် ဟုတ်ကဲ့"

ထိုစဉ်

"ဟော မောင်ရွှေမင်းဂန် ရောက်နေတာကိုး"

"အို ဦး ဦးပါလား"

လတ်သခင်၏ ကျူရှင်သို့ ကိုယ်တိုင်သွားကြိုသော ဒေါက်တာလတ်ဦး ပြန်ရောက်လာသည်။ ကားပေါ်မှ ဆင်းလာသော လတ်သခင်က ရွှေမင်းဂန်ကို တွေ့တော့ ဝမ်းသာအားရ နှုတ်ဆက်၏။

"အန်ကယ် နေကောင်းတယ်နော်"

"အင်း ကောင်းပါတယ်ကွယ်၊ ခုပဲ သမီးကိုကြိုပြီး ပြန်လာတာ မောင်ရွှေမင်းဂန်"

သည်တော့မှ ရွှေမင်းဂန်က လတ်သခင်ကို ပြုံး၍ကြည့်၏။ ချက်ချင်းနှုတ်ဆက်တာ မခံရ၍ လတ်သခင်က နှုတ်ခမ်းလေး





စူချင်နေပြီ။

"ကြည့်စမ်း လတ်သခင်က အရမ်းထွားလာတာပဲကိုး"

"ဦးကတော့ အရင်ကထက် ပိုချောလာတယ်"

ပွင့်လင်းစွာပြောလိုက်သော လတ်သခင်ကြောင့် ရွှေမင်း ဂန် ရယ်သည်။

"အဟွန်း ဟွန်း မင်းမမြှောက်လည်း ကိုယ်က ညည်း အတွက် လက်ဆောင်ဝယ်လာပါတယ်ဗျာ"

"ဟင် တကယ်လားဦး၊ ဒါဆို ခုဘယ်မှာလဲ လက်ဆောင်"

ငယ်စဉ်ကအကျင့်အတိုင်း လတ်သခင်မှာ လက်ဆောင် ဆိုတာနှင့် မျက်လုံးတို့ တဖျပ်ဖျပ်လက်လျက် အငမ်းမရမေးသည်။

"ဩော် သမီးနယ် ကဲ မောင်ရွှေမင်းဂန် အိမ်ထဲဝင်လေ ကွယ်၊ စာနီလည်းလာလေ"

ဒေါက်တာလတ်ဦးက ပြောရင်း အားလုံး အိမ်ထဲဖိတ်ခေါ် သည်။ ရွှေမင်းဂန်လာချိန်မှာ ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့ ကိစ္စ တစ်ခုဖြင့် အပြင်ရောက်နေ၏။

"နီနီ ညသည်အတွက် ကော်ဖီဖျော်တိုက်ပါ့မယ် အန်ကယ်"

"အေး...အေး အန်ကယ်အတွက်ပါ တစ်ခွက်ပိုဖျော် လိုက်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နေရာကိုယ်သို့သော စာနီမင်းက ဒေါက်တာလတ်ဦး အခွင့်အရေးပေးတိုင်း မယူပါ။ အလိုက်သိစွာပင် ထမင်းစားခန်းထဲ ဝင်ဖို့အပြင်

"စာနီ ခင့်အတွက် သံပရာရည် ဖျော်ခဲ့ပါ"

"ဟုတ်ကဲ့"

လတ်သခင်က လှမ်းမှာပြီး ရွှေမင်းဂန်နား ဝင်ထိုင်သည်။

"ဦးဝယ်လာတဲ့ လက်ဆောင်ဆိုတာ ခင့်အတွက် အင်္ကျီ လှလှလေးတွေမှ ဟုတ်ရဲ့လားဟင်"

"အဟွန်း ဟုတ်ပါတယ်ဗျာ၊ ဟောဒီကလေးမ အလှ ကြိုက်တတ်လွန်းလို့ ကိုယ်တမင် အလှအပပစ္စည်းတွေပဲ ဝယ်လာ တာဗျ"

ပြောရင်း သေတ္တာထဲက ပါလာသည့် လက်ဆောင်တွေ ကို ရွှေမင်းဂန် ထုတ်ပေးလိုက်၏။

"အို လှလိုက်တာ၊ ဒီလိုမျိုးဒီဇိုင်းက ဒီမှာမရှိသေးဘူး ဦးရဲ့"

လတ်သခင်က ထုံးစံအတိုင်း အင်္ကျီတွေကို တစ်ထည်ပြီး တစ်ထည် ကိုယ်ပေါ်ကပ်ကြည့်ရင်းပြော၏။

ဒေါက်တာလတ်ဦးကတော့ သမီး၏ပုံစံကြောင့် ကြိတ်၍ သက်ပြင်းချသည်။

ထိုစဉ်





"ကော်ဖီရပါပြီ အန်ကယ်"

"ဪ အေး"

ငွေလင်ဗန်းလေးဖြင့် ကော်ဖီနှစ်ခွက်၊ သံပုရာရည်တစ်ခွက် ကို စာနီမင်း စားပွဲပေါ်ချပေးလိုက်သည်။

"ခင် သံပရာရည်"

"အင်း ထားလိုက်"

ရွှယ်တူချင်းပေမယ့် ကျိုးနွံစွာလုပ်ကိုင်ပေးနေသော စာနီ မင်းအား ရွှေမင်းဂန် ကရုဏာဖြစ်ရ၏။

"ဦး ကော်ဖီသုံးဆောင်ပါဦးရှင်"

စာနီမင်းကတော့ ဝတ္တရားအတိုင်း ရွှေမင်းဂန်ရှေ့ ကော်ဖီ ပန်းကန်ချပေးရင်း ပြောသည်။

"ကျေးဇူးပဲ နီနီ၊ ဪ ဒါက နီနီအတွက် ကိုယ့်လက် ဆောင်"

အထုပ်တစ်ထုပ်ကို စာနီမင်းအား ရွှေမင်းဂန် လှမ်းပေး၏။

"ဟင် အဲဒါ ဘာလက်ဆောင်လဲဦး"

လတ်သခင်က အထုပ်ကိုကြည့်ရင်းမေးတော့

"နီနီအတွက်ပါ လတ်သခင်"

"အို ခင်အရင်ကြည့်ချင်တယ်၊ စာနီ ပြစမ်း"

"အို"

လတ်သခင်က ပြောပြောဆိုဆို အထုပ်ကိုယူ၍ ဖွင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

"ကြည့်စမ်း ခင်က ဘာတွေလဲလို့၊ စာအုပ်တွေ စိတ်မဝင်စားပါဘူး၊ ရော့ ဓာနီ"

ဆေးပညာနှင့် ပတ်သက်သော နိုင်ငံခြားမှာ တန်ဖိုးကြီး စာအုပ်များကို လတ်သခင်သည် အဝတ်အစားလောက် တန်ဖိုးမထားလေပါ။

ဓာနီမင်းကတော့ လိုအပ်နေသော စာအုပ်တွေရသည့်အတွက် ရွှေမင်းဂန်က ကြည့်ရင်း

"ကျေးဇူးတင်ပါတယ် ဦး"

"မလိုပါဘူးကွယ်"

ရွှေမင်းဂန်နှင့် ဓာနီမင်းတို့ တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်းဆုံကာ ပြောသည်။

"ကဲ ကဲ မောင်ရွှေမင်းဂန် ပြန်ရောက်တဲ့ အထိမ်းအမှတ်အနေနဲ့ အန်ကယ်က ဒင်နာကျွေးမယ်"

"ဟာ ကောင်းတယ် ဒက်ဒီ၊ ဘယ်ဟိုတယ်မှာလဲဟင်၊ ခင် အဝတ်အစား ကြိုပြင်ရအောင်လို့"

ဒေါက်တာလတ်ဦး စကားမဆုံးခင် လတ်သခင်က သွက်လက်စွာမေးသည်။

"သမီးကြိုက်တဲ့ဟိုတယ် စားရမှာပေါ့ကွယ်၊ ပြော် သမီး ဓာနီလည်း လိုက်ခဲ့ရမယ်ဟုတ်လား"





"ရှင် ဟုတ်ကဲ့ အန်ကယ်"

ဓာနီမင်းကို ဒေါ်တာကြောင့် လတ်သခင် မျက်နှာ တစ်ချက်ပျက်သွားပေမယ့် ဘာမှမပြောပါ။ ထိုနေ့ အကောင်းဆုံး၊ အလှဆုံးဖြစ်ဖို့သာ စဉ်းစား၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

"အခွင့်အရေးဆိုတာ ပေးတိုင်းမယူရဘူး မိဇာ၊ ကိုလတ်ဦးက စိတ်သဘောထားပြည့်တော့ ညည်းကို လတ်သခင်နဲ့ တန်းတူ အခွင့်အရေးပေးတာကို ကိုယ်က အလိုက်သိရမယ်"

ရွှေမင်းဂန် ပြန်ရောက်လာပြီး ဒေါက်တာလတ်ဦးက ဒင်နာကျွေးမည့်အကြောင်း၊ ဒင်နာတွင် သူမပါ လိုက်ခဲ့ဖို့ ခေါ်ကြောင်း မိခင်ဖြစ်သူ ဒေါ်တိုးမာအား ဝမ်းသာအားရ ပြောမိပါသည်။

သူမစကားဆုံးတာနှင့် ဒေါ်တိုးမာ မျက်နှာပျက်ကာ အထက်ပါစကားကို လေသံတင်းတင်းနှင့်ဆိုတော့၏။

ဇာနီမင်း မျက်နှာလေးငယ်သွားကာ

"သမီးက ဘာတွေများ အလိုက်မသိမိလို့လဲ အမေရယ်၊ အရင်ကအတိုင်း အိမ်အလုပ်တွေလည်း လုပ်တာပဲ၊ အန်ကယ်ဦးနဲ့ လတ်သခင် ခိုင်းတာလည်း လုပ်ပေးတာပဲမဟုတ်လား"

"ဘာလဲ ညည်းက အဲဒီအလုပ်တွေတောင် မလုပ်ချင်တော့ဘူးလား မိဇာ၊ ပြောလိုက်ရင် ဘာတွေအလိုက်မသိလို့လဲတဲ့၊





ိုလတ်ဦးက ညည်းအတွက် ငွေကုန်ခံပြီး ဆေးတက္ကသိုလ်ထား းတာလည်း ညည်းတက်တာပဲမဟုတ်လား၊ ခုလည်း ဒေါက်တာ ွမင်းဂန်ကို ကိုလတ်ဦး ထမင်းစားဖိတ်တာ ညည်းနဲ့ဘာဆိုင်လဲ၊ ုတို့မိသားစုဘာသာ သွားပါစေလား မိဇာ"

ဒေါက်တာရွှေမင်းဂန်နှင့် သမီးရင်းဖြစ်သူ လတ်သခင် ါ ဇာနီမင်းကို ဒေါ်တိုးမာစိတ်ထဲ နီးစပ်စေလို၏။

လက်ရှိ ဒေါ်တိုးမာတို့၏သမီးဟု ခံယူထားသော ဇာနီမင်း ါ လတ်သခင်အစစ်က ပညာရေးမှာလည်း ထိပ်ဆုံးရောက် ာ အရွယ်ရောက်လာတာနှင့်အမျှ ရုပ်ရည်လေးမှာလည်း ပြောစရာ ိုအောင် လှပလာ၏။

ဒါတွေကို စိတ်ထဲမှကြိတ်၍ ကြည့်မရသော ဒေါ်တိုးမာ ည် ယခုပွဲမှာလည်း ဇာနီမင်းကို မလိုက်စေချင်ပေ။

"အန်ကယ်ဦးကိုယ်တိုင်က သမီးကို ခေါ်လို့ပါအမေ"

"အိုအေ ညည်းတစ်ခုခုအကြောင်းပြ ငြင်းလိုက်ပေါ့၊ ိုလတ်ဦးက ဒေါက်တာရွှေမင်းဂန်နဲ့ သူ့သမီး လတ်သခင်ကို ပ်ဖို့ ရည်ရွယ်ထားလားမှမသိဘဲ မိဇာ"

"ရှင်"

ထိုစကားကြောင့် ဇာနီမင်းရင်ထဲ စိတ်မကောင်းဖြစ်သွား ။ သူမဘဝက မိခင်ကိုယ်တိုင် နှင်ချနေသော လူရာမဝင်တဲ့ ဖြစ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာရွှေမင်းဂန်နှင့် လတ်သခင်။

ဂုဏ်ချင်းညီ၍ နေချင်းလည်းညီသည့် လူတန်းစား။ ဖခင်တစ်ယောက်အနေဖြင့် ဒေါက်တာလတ်ဦးသည် ဒေါက်တာရွှေမင်းဂန်နှင့် လတ်သခင်ကို သဘောတူနိုင်၏။

"ကောင်းပါပြီ အမေ၊ ဒင်နာကို မလိုက်ဖို့ သမီးပြင်လိုက်ပါ့မယ်"

"အေး...ကိုယ့်ဘဝကိုယ်သိတာ အကောင်းဆုံးပဲ မိဇာ"

သူမ၏ ကတိပေးမှုကြောင့် ဒေါ်တိုးမာ ကြိတ်၍ဝမ်းသာသွားသည်။ လတ်သခင်သာ ရွှေမင်းဂန်နှင့် ရသွားလျှင် ဒေါ်တိုးမာ ကျေနပ်ပြီ။

သို့သော် ထိုညနေတွင်

"ဟင် ဇာနီက မလိုက်ဘူးလား"

ရွှေမင်းဂန်ရောက်လာတာနှင့် လတ်သခင်သည် အနက်ရောင်ဝတ်စုံဖြင့် လှပမြူးတူးစွာ ထွက်လာ၏။ လတ်သခင်နောက်မှ အန်ကယ်လတ်ဦး။

ဇာနီမင်းကိုမတွေ့ရ၍ ရွှေမင်းဂန် မေးလိုက်တော့

"ဟုတ်တယ် ဦး၊ ဇာနီကမအားလို့ မလိုက်တော့ဘူးတဲ့"

လတ်သခင်က ဇာနီမင်းကိုသာ မေးနေသော ရွှေမင်းဂန်အား မကျေနပ်သလိုပြောလိုက်၏။

ဒေါက်တာလတ်ဦးက





"အန်ကယ်လည်း သေချာလိုက်ခဲ့ဖို့ ခေါ်တာပဲ မောင်ရွှေမင်းဂန်၊ သူက မလိုက်ချင်ဘူးဆိုတော့"

"အချိန်ရပါသေးတယ် အန်ကယ်၊ ခဏနော် ကျွန်တော်သွားခေါ်ကြည့်လိုက်ဦးမယ်"

ရွှေမင်းဂန်က မြေထောင့်ရှိ ဇာနီမင်းတို့အိမ်လေးဆီသို့ လာခဲ့လိုက်သည်။

"အလို ဒေါက်တာပါလားကွယ်"

ဒေါ်တိုးမာက ရွှေမင်းဂန်ကို ပြုံးချိုစွာ နှုတ်ဆက်လိုက်၏။

"ဇာနီမင်းရှိလား အန်တီ"

"ဟင်...အော် ရှိပါတယ်ဒေါက်တာ"

ရွှေမင်းဂန်၏ မျက်နှာထားတည်တည်နှင့် အမေးကြောင့် ဒေါ်တိုးမာ မျက်နှာပျက်သွားသည်။

"ကျွန်တော် နီနီနဲ့တွေ့ချင်လို့ ခဏလောက်ခေါ်ပေးပါလား အန်တီ"

"ဘာကိစ္စများရှိလို့လဲကွယ်၊ သမီးက အစောကတည်းက ခေါင်းကိုက်လို့ဆိုပြီး အိပ်နေတယ်"

ဇာနီမင်းကို ရွှေမင်းဂန်နှင့် ပေးမတွေ့လိုတာကြောင့် ဒေါ်တိုးမာအကြောင်းပြလိုက်ပေမယ့်

"ဟင် နီနီ ခေါင်းကိုက်နေတယ်ဟုတ်လား အန်တီ၊ ဆို ဒီအတိုင်းနေလို့ ဘယ်ဖြစ်မှာလဲ၊ ဆေးသောက်ရမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဝင်ကြည့်လိုက်မယ် အန်တီ''

မျက်နှာပျက် စိတ်ပူပုဟန်ဖြင့် ရွှေမင်းဂန်က အိမ်ထဲဘက်

ဝင်မည်အပြု

''ဒေါက်တာမလာပါနဲ့၊ ကျွန်မလာခဲ့ပါ့မယ်''

''ဟင် နီနီ''

အသံနှင့်အတူ အခန်းထဲမှ ဓာနီသည် အိမ်နေရင်း ဂျ

ရိပ်စိမ်းနု လက်ပြတ်ရင်စေ့အင်္ကျီလေးကို ပါတိတ်ရှည်တစ်ပ

နွမ်း အစိမ်းရင့်လေးဖြင့် တွဲဝတ်ကာ ဖြူနုသောမျက်နှာလေး

ဘာအခြယ်အသမှမရှိဘဲ နက်မှောင်သော ဆံပင်ရှည်များကို ဆံ

တစ်ချောင်းတည်း ကျစ်ထား၏။

''နီနီ နေမကောင်းလို့ဆို''

ရွှေမင်းဂန်ကာ သူမမျက်နှာလေးအား စိုက်ကြည့်ရင်း လ

မေးလိုက်၏။ သူမ မျက်လွှာချကာ

''ဟုတ်ကဲ့ နည်းနည်းခေါင်းကိုက်လို့ပါ ဒေါက်တာ''

''ဟာ ခေါင်းကိုက်တယ်ဆို၊ ဆေးသောက်ရမှာပေ

ဆေးကောသောက်ပြီးပြီလား''

''ဟုတ်ကဲ့''

ဘာမေးမေး ဟုတ်ကဲ့သာလုပ်နေသော ချာတိတ်မအ

စိတ်မရှည်စွာကြည့်ရင်း

''မှန်း ကိုယ်ပူနေလား''





''အို''

ဆရာဝန်တစ်ယောက်ဖြစ်သော ရွှေမင်းဂန်က ဓာနီမင်း

နဖူးလေးအား ဖျတ်ခနဲ စမ်းလိုက်၏။

''ဟာင် ကိုယ်လည်းမပူပါလား၊ ခေါင်းအရမ်းကိုက်နေ

လား နီနီ''

''ရှင် ဟို နည်းနည်းပါးပါးပါ ဒေါက်တာ''

အနားမှာ ဒေါ်တိုးမာက ရှိနေတာကြောင့် ဓာနီမင်း ထိန်း

ဖြေလိုက်၏။ အမှန်က လုံးဝခေါင်းမကိုက်ပါ။

''ဒါလေးများ ဓာနီရယ် ဒင်နာကို ဘာကြောင့်မလိုက်ရ

တာလဲ၊ လူမမာလည်းမဟုတ်ဘဲနဲ့၊ ကဲ ထ အဝတ်အစားသွားလဲ

ချည်''

''အို ဟင့်အင်း ကျွန်မ မလိုက်တော့ပါဘူး ဒေါက်တာ''

မျက်နှာပျက်ပျက်နှင့် ဓာနီမင်းငြင်းတော့ ရွှေမင်းဂန်

မျက်မှောင်တွန့်သွား၏။

''ဘာကြောင့်မလိုက်ရမှာလဲ နီနီ၊ အန်ကယ်ဦးကိုယ်တိုင်

အားလုံးသွားဖို့ ပြောထားတာပဲ၊ အန်ကယ်ဦးကိုယ်တိုင်လည်း ဓာနီ

ကို စောင့်နေတယ်၊ အမြန်အဝတ်လဲပါကွယ်''

ရွှေမင်းဂန် ဖွတ်ခေါ်နေတာကြောင့် ဓာနီမင်းက ဒေါ်တိုးမာ

ကို လှမ်းကြည့်၏။

''ဟို ဒေါက်တာရယ်၊ ဒေါက်တာတို့ လူကြီးလူကောင်း



www.burmeseclassic.com

www.burmeseclassic.com



အသိုင်းအဝိုင်းမှာ မိစာပါရင် အနှောင့်အယှက်ဖြစ်"

"ဘာမှမဖြစ်ပါဘူး အန်တီ၊ အန်တီနဲ့အတူ လတ်သခင်လည်း ပါတာပဲ၊ စာနီကလည်း ဆရာဝန်လောင်းတစ်ယောက် လူကြီးလူကောင်းဝင် မိန်းကလေးပါ အန်တီ"

စာနီမင်းအပေါ် နေရာတကာ ဖိနှိပ်ချုပ်ချယ်လွန်းသော ဒေါ်တိုးမာအား ရွှေမင်းဂန် ခပ်တည်တည် ပြောပစ်လိုက်၏။

"ဪ...ဟုတ်...ဟုတ်ကဲ့၊ ကဲ မိစာ ဒေါက်တာကိုယ်တိုင်ခေါ်နေမှ လိုက်သွားလေ"

"ရှင် ဟုတ်ကဲ့အမေ"

ဒေါ်တိုးမာမှာ မတတ်သာ၍ ခွင့်ပြုလိုက်ရ၏။ ဒေါ်တိုးမာခွင့်ပြုတာနှင့် စာနီမင်းက ရွှေမင်းဂန်ကိုကြည့်ကာ

"ခဏနော်"

ဟု ခွင့်တောင်းပြီး အိမ်ထဲဝင်ခဲ့သည်။ ထို့နောက် ရှိသမျှ အဝတ်အစားတွေထဲက အကောင်းဆုံးဟုဆိုရမည့် ငွေမှင်ရောင်လည်ထောင့် ရင်ဖုံးအင်္ကျီလက်တင်လေးကို ငွေမှင်ရောင်ရိုပ်လေးတွေပါသော လုံချည်လေးဖြင့် တွဲဝတ်ကာ မျက်နှာကို ပေါင်ဒါဖွဖွလေးသာ လိမ်းလိုက်၏။

ဆံပင်ကိုတော့ ဆံမြီးကျစ် သပ်ရပ်စွာပြန်ကျစ်ကာ ပန်းနုရောင် နှုတ်ခမ်းဆေးလေးဆိုးပြီး အလှပြင်ဆင်ခြင်း ပြီးစီးလေသည်။

"သွားကြစို့ ဒေါက်တာ"





"စာနီက မြန်သားပဲကွ၊ ကဲ အန်တီမာ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ဟင် အေး"

"အမေ သမီးတို့သွားတော့မယ်နော်"

"အင်း"

ဒေါ်တိုးမာလေသံက စိတ်မပါစွာ။ နှစ်ယောက်တွဲ၍ ထွက်သွားတာကိုကြည့်ပြီး ဒေါ်တိုးမာ မျက်နှာကြီးမှဲ့နေလေ၏။

ကောင်မ ဟိုကခေါ်တာနဲ့ ငေါက်ခနဲ ထလိုက်သွားတာ နည်းနည်းလေးမှ ဣန္ဒြေမဆည်ဘူး။

ဘယ်လောက်ပဲ အလှမပြင်ဘဲနေပါစေ နဂိုလှပသူမို့ နည်းနည်းလေးပြင်တာနှင့် စာနီမင်းခေါ် လတ်သခင်အစစ်၏ အလှက အစဉ်မြဲတောက်ပနေလေသည်။

ဒေါက်တာလတ်ဦးဂုဏ်တော့ စာနီမင်း ပါလာသည့်အတွက် ဝမ်းသာနေလေ၏။

စ္ ဆ္ ဆ္



www.burmeseclassic.com

www.burmeseclassic.com

"ဓာနီက ဦးလာခေါ်တာနဲ့ အလုပ်အားသွားပြီထင်တယ်
ဟင်း ဟင်း"

ရွှေမင်းဂန်နှင့်အတူ တွဲ၍ပါလာသော ဓာနီမင်းကိုကြည့်ကာ လတ်သခင် ခပ်မဲ့မဲ့ပြုံး၍ ပြောသည်။

"ကိုယ် ဖွတ်ခေါ်ခဲ့တာ လတ်သခင်ရေ၊ အန်တီမာက မထည့်ချင်ဘူးလေ"

"ဒါကြောင့် ခင်ပြောတာပေါ့၊ အန်တီမာဟာ ဓာနီကို ဘယ်တုန်းကမှ မျက်နှာသာမပေးခဲ့ပါဘူးဆိုတာ"

ဒါပေမယ့် လတ်သခင်ကိုတော့ အင်မတန်ဂရုစိုက်.အင်မတန် မျက်နှာလုပ်ချင်တာမဟုတ်လား။

"ကဲ ကဲ လူအားလုံးလည်းစုံပြီ၊ နောက်ကျနေမယ် သွားကြစို့"

"ဟုတ်ကဲ့"

ဒေါက်တာလတ်ဦးက နာရီကြည့်ပြောလိုက်မှ အားလုံး ကားပေါ်တက်သည်။ ရွှေမင်းဂန်က သူ့ကားကိုထားခဲ့ပြီး ဒေါက်တာ





လတ်ဦး၏ အဖြူရောင်လန်ခရူဆာကားကြီးနှင့်ပင် အတူလိုက်ခဲ့သည်။

ရှေ့ခန်းမှာ ဒေါက်တာလတ်ဦးနှင့် ဒေါက်တာရွှေမင်းဂန် နောက်ခန်းတွင် လတ်သခင်နှင့် ဓာနီမင်း။

အနက်ရောင်ဝတ်စုံဖြင့် ရွှေညိုရောင်လှိုင်းတွန့် ဆံပင်တို့ ဖြန့်ကျဲလျက် နီညိုရောင်နှုတ်ခမ်းဆေးဆိုးထားသော လတ်သခင်၏ အလှက တောက်ပနေသလို။

ငွေမှင်ရောင်ဝတ်စုံလေးဖြင့် ဓာနီမင်း၏ အလှက မြန်မာဆန်ဆန်နှင့် ကျက်သရေရှိနေသည်။

"မင်း ကျောင်းသွားတက်တော့လည်း ဒီပုံစံအတိုင်းပဲ ဝတ်နေတာလား ဓာနီ"

လတ်သခင်က ဓာနီမင်း၏ ပုံတုံးတုံး အဝတ်အစားများကိုကြည့်ကာ မျက်ခုံးလေးတွန့်၍ မေးတော့

"အင်း ဘာဖြစ်လို့လဲခင်"

နားမလည်ဟန်ဖြင့် ဓာနီမင်းကို ပြန်မေး၏။ လတ်သခင်က ပခုံးလေးတွန့်ကာ

"ကျွတ် မင်းပုံစံက သိပ်ဒိတ်အောက်မနေဘူးလား ဓာနီ၊ တကယ်ဆို ကိုယ်က တက္ကသိုလ်ကျောင်းသူမို့၊ ခပ်ယော့ယော့ဝတ်ရမှာကွ"

"အို အဲဒီလိုပုံစံတွေ မဝတ်ရဲပါဘူး၊ နောက်ပြီး တို့က



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုအဝတ်အစားများလည်း မရှိဘူး ခင်"

ဘယ်အရာကိုမဆို ရိုးသားတာကိုကြိုက်သော စာနီမင်းက သူမပုံစံ ဒီတ်အောက်တယ်ဟု ဘယ်တုန်းကမှ မတွေးဘူးခဲ့ပါ။

"အင်းလေ ခေတ်နဲ့အမီဝတ်ဖို့ ဆိုတာကလည်း ငွေသောင်းနဲ့ချီပြီး သုံးနိုင်မှကွ၊ စာနီလို အနေအထားနဲ့တော့ မဖြစ်တာအမှန်ပဲ၊ ကဲပါလေ မနက်ဖြန် ခင့်အခန်းလာခဲ့၊ မင်းအတွက် တို့အဝတ်အစားတွေ ပေးလိုက်မယ် စာနီ"

လတ်သခင်သည် ကိုယ်တိုင်လည်း အလှအပမက်သလို တခြားသူကိုလည်း လှစေချင်၏။

"ကျေးဇူးပါပဲ ခင်"

စာနီမင်းအဖို့မှာတော့ လတ်သခင်ပေးသည့် အဝတ်အစားများကို ငယ်စဉ်ကတည်းက ယူဝတ်ခဲ့ရ၏။ မိဘနှစ်ပါးက သူမအတွက် သီးသန့်ချုပ်ပေးခဲ့တာ မရှိပေ။

ဒင်နာအတွက် ဟိုတယ်မှာ ကြိုမှာထားတာကြောင့် ရောက်တာနှင့် အားလုံးအဆင်သင့်။

"ကဲ မောင်ရွှေမင်းဂန် ပြန်ရောက်တဲ့ အထိမ်းအမှတ်နဲ့ အားလုံး ပျော်ပျော်ရွှင်ရွှင် စားကြကွယ်"

"သမီးစာနီလည်း အားမနာနဲ့နော်"

"ဟုတ်ကဲ့ အန်ကယ်"

အားလုံးထဲမှာ မျက်နှာငယ်ဖြင့် လိုက်လာသော စာနီမင်း





ကို ဒေါက်တာလတ်ဦး ဂရုစိုက်၏။

"ဒက်ဒီက သမီးကြတော့ ဂရုမစိုက်ဘူး"

လတ်သခင် နှုတ်ခမ်းစူယောင်ယောင်နှင့် ပြောတော့ ဒေါက်တာလတ်ဦး ပြုံးကာ

"ဩော်...ဒက်ဒီသမီးက ဒီပွဲရဲ့အိမ်ရှင်လေ၊ ဒီတော့ သမီးက အားလုံးကို ဧည့်ခံရမှာဗျ"

"အဟင်း...ဟင်း ဟုတ်တယ်၊ အထူးသဖြင့် ဟောဒီဦးက စပါယ်ရှယ်ဧည့်သည်ဆိုတော့ ခင်က ဂရုစိုက်တဲ့အနေနဲ့ရော"

"ဟောဗျာ အသည်းဖတ်ပါလား၊ အဟွန်း ဟွန်း"

ဒေါက်တာရွှေမင်းဂန် ပန်းကန်ထဲသို့ လတ်သခင်က အသည်းဖတ် ထည့်ပေးလိုက်ခြင်း။

"အသည်းဖတ်ကို ဦး ကြိုက်တယ်မဟုတ်လားဟင်"

လတ်သခင်က အပြုံးနှင့်မေးတော့ ရွှေမင်းဂန်က ခေါင်းခါယမ်း၏။

"အဟွန်း ကိုယ်မကြိုက်ဘူးဗျာ၊ ဒီတော့ ဟောဒီအသည်းဖတ်ကို နီနီစားလိုက်"

"ဟင်"

"အို"

ရွှေမင်းဂန်၏ မထင်မှတ်သော အပြုအမူကြောင့် လတ်



www.burmeseclassic.com

www.burmeseclassic.com



သခင် မျက်နှာပျက်သွားသလို ဓာနီမင်းလည်း အံ့သြသွားရသည်။

"ကဲ ကဲ သမီးဓာနီက ထိုက်တန်လို့စားရတာပဲ စားလိုက် သမီး"

"ရှင် ဟုတ်ကဲ့"

ဒေါက်တာလတ်ဦး ဝင်ပြောတာကြောင့် ဓာနီမင်းမှာ လတ်သခင်ကို အားနာပေမယ့်လည်း အသည်းဖတ်အား စားလိုက်ရလေ၏။

"ဦးလုပ်တာမှန်တယ်၊ သူများအသည်းစားရင် ကိုယ့်အသည်းစားရခံတတ်တယ်တဲ့"

"အို"

ခပ်ရိရိအပြုံးဖြင့် လတ်သခင် ပြောလိုက်တော့ ဓာနီမင်းမှာ စားလက်စအသည်းဖတ်ကို လွှင့်ပစ်ရမည်လားဟု စဉ်းစားမိရ၏။

"စားပါဓာနီ၊ ကိုယ်က သူများအသည်းကို စားမယ်ဆိုတဲ့ စိတ်နဲ့မှ မဟုတ်ဘဲ၊ ကျွေးတဲ့လူက စားစေချင်လို့ပဲလေ၊ ဒီတော့ လတ်သခင်ပြောသလို မဖြစ်ပါဘူးကွယ်"

ဓာနီမင်း ဖြစ်ပျက်သွားတာကိုသိသော ရွှေမင်းဂန်က အားပေးလိုက်၏။

"ဟုတ်တယ်ကွယ့်၊ လူတစ်ယောက်မှာ စေတနာဟာ အဓိကပဲ၊ ဘာပဲလုပ်လုပ် စေတနာရဲ့ အကျိုးတရား ဓာတ်သက်မှု



အပေါ် မူတည်တယ်၊ သမီးလတ်သခင်က ဒီနှစ် စာကြိုးစားရင် စာမေးပွဲအောင်မယ်၊ ဒီလိုပဲ သမီး ဓာနီက ကြိုးစားရင် ဆရာဝန် ဖြစ်မယ်",

စေတနာ၏အကျိုးတရားကို ဒေါက်တာလတ်ဦး ပြောပြသည်။

"ဟုတ်ကဲ့ အန်ကယ်ပြောသလို သမီးကြိုးစားပါ့မယ်ရှင်"

ဒေါက်တာလတ်ဦးကို ဓာနီမင်းက လေးစားစွာ ကတိပေး၏။ လတ်သခင်က နှုတ်ခမ်းလေးမဲ့ကာ

"သမီးလည်း ကြိုးစားတာပါပဲ ဒက်ဒီ၊ ဒါပေမယ့် စာမေးပွဲဆိုတာ ကံနဲ့လည်းဆိုင်တယ်မဟုတ်လား ဒက်ဒီ"

သို့သော် ဒေါက်တာလတ်ဦး မဖြေခင်

"အဲဒီလိုလည်း မဟုတ်ဘူးလေ လတ်သခင်၊ ကံဆိုတာ လုပ်ပဲ၊ ကိုယ်က ဘာမှမလုပ်ဘဲနေရင် ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ကိုယ်က အကောင်းဆုံးလုပ်ရက်နဲ့ ဖြစ်မလာတာကတော့ ကံပေါ့လေ"

ရွှေမင်းဂန်က ဝင်ပြော၏။ လတ်သခင်က ခေါင်းလေးခါ ခါမ်းကာ

"ကြိုးစားမှုလိုအပ်တယ်ဆိုတာ မှန်ပါတယ်၊ ကြိုးစားပြီး ဖြစ်မလာတာကတော့ ကံနဲ့ဆိုင်တယ်လို့ ခင် ခံယူတယ် ဆရာဝန်ဖြစ်မယ့်လူက ဆရာဝန်ဖြစ်မှာပဲ၊ ဒီလိုပဲ ရုပ်ရှင်မင်းသမီး

www.burmeseclassic.com



ဖြစ်မယ့်လူက ရုပ်ရှင်မင်းသမီးပဲဖြစ်မှာ၊ ဒါတွေဟာ ဈေးကတည်းက ပါလာတဲ့ကံတွေမဟုတ်လား ဦး"

လတ်သခင်စကားကြောင့် ဒေါက်တာလတ်ဦး မျက်မှောင်တွန့်သွားလျက် ထူးဆန်းသလိုမေး၏။

"ရုပ်ရှင်မင်းသမီး ဟုတ်လား၊ နေပါဦး ဘယ်သူက ရုပ်ရှင်မင်းသမီးဖြစ်ချင်တာလဲ သမီး"

"အို ဘယ်သူရမှာလဲ ဒက်ဒီ၊ ဥပမာ သမီးပေါ့၊ သမီးက ရုပ်ရှင်မင်းသမီးဖြစ်ချင်တာလေ"

"ဘာ"

"ဟုတ်တယ် ဒက်ဒီ၊ ကျောင်းစာကို သမီးစိတ်မဝင်စားဘူး၊ အနုပညာပဲလုပ်ချင်တယ်"

ပွင့်လင်းစွာ လတ်သခင်ပြောတော့ ဒေါက်တာလတ်ဦး မျက်နှာ နီရဲလာ၏။

"တော်စမ်း သမီး၊ ဒီအရွယ်ဟာ ပညာကိုပဲ ကြိုးစားရမယ်၊ အေး သမီးဆယ်တန်းအောင်တဲ့တစ်နေ့ သမီးဝါသနာပါရာကို ဒက်ဒီခွင့်ပြုမယ်"

"တကယ်လား ဒက်ဒီ၊ တကယ်လားဟင်"

လတ်သခင်က အငမ်းမရမေးတော့ ဒေါက်တာလတ်ဦး ခေါင်းညိတ်အံ့သည်။

"အေး ဟုတ်တယ်၊ ဒီနှစ်ဆယ်တန်းအောင်ရင် သမီး





ဝါသနာပါတာလုပ်ပါ"

"ကောင်းပြီလေ ဒါဆို ဒီနှစ် သမီးစာမေးပွဲအောင်စေရမယ် ဒက်ဒီ"

နိုင်မာစွာ ကတိပေးလိုက်သော လတ်သခင်ကိုကြည့်ပြီး ရွှေမင်းဂန်နှင့် စာနီမင်းတို့ ပင့်သက်ကြိတ်ရှိုက်လိုက်၏။

ဒေါက်တာလတ်ဦးကတော့ ကျေနပ်ဟန်ဖြင့် တစ်ဖက်သို့ လှည့်ဖြုံးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒင်နာအတွက် ကျေးဇူးတင်ပါတယ် အန်ကယ်"

"မလိုပါဘူးကွာ၊ အန်ကယ်က ဒီလိုကျွေးချင်နေတာကြာပါပြီ၊ သမီးခာနီကော အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့"

ညစာ စားပြီးချိန်တွင် ရွှေမင်းဂန်က ဒေါက်တာလတ်ဦးကို ကျေးဇူးတင်စကားဆိုသည်။

ဒေါက်တာလတ်ဦးအဖို့တော့ သမီးဖြစ်သူ အပါအဝင် ဒီလိုမိသားစုပုံစံမျိုး ထမင်းကျွေးရသည့်အတွက် ဘာသာကျေနပ်နေ၏။

လတ်သခင်နှင့်အတူ ခာနီမင်းကိုလည်း အရေးပေးဆက်ဆံသည်။

လတ်သခင်က

"ဦးက နိုင်ငံခြားပြန်သွားဦးမှာလားဟင်"

"ဟင့်အင်း မပြန်တော့ပါဘူး လတ်သခင်၊ အရင်က ပြန်တယ်ဆိုတာ ဟိုမှာကျောင်းမပြီးသေးလို့ပါ၊ အခု ဒီမှာ အလုပ်ဝင်





ပြီလေ"

ရွှေမင်းဂန် အဖြေကြောင့် လတ်သခင် မျက်နှာပြုံးသွားသည်။

"ဒါဆို ဦး ဒီမှာအမြဲနေတော့မယ်ပေါ့နော်"

"အင်း"

"အဟင်း ကောင်းတာပဲ၊ ခင်တော့ ဦးဆီ အလည်လာမယ်နော်"

"ဩော် ရပါတယ်"

ဒေါက်တာလတ်ဦးရှေ့မို့ လတ်သခင်အား ရွှေမင်းဂန် ပြုံး၍ပြော၏။

"ဒက်ဒီက ဒီနှစ် ခင်စာမေးပွဲအောင်ရင် ခင်ရဲ့ဝါသနာကို ခွင့်ပြုမယ်တဲ့၊ ဦးကကော ခင်စာမေးပွဲအောင်ရင် ဘာပေးမလဲဟင်"

"ဒါကတော့ လတ်သခင် လိုချင်တာပေးရမှာပေါ့ဗျာ"

ပေါ့ပါးစွာပြုံးလျက် ရွှေမင်းဂန်ဖြေတော့ လတ်သခင် မျက်လုံးတွေ လက်ခနဲဖြစ်ကာ

"တကယ်"

"ဩော်ဗျာ တကယ်ပေါ့၊ လတ်သခင်သာ စာမေးပွဲအောင်ဖို့ ကြိုးစားပါ"

ဒေါက်တာလတ်ဦး၏ဆန္ဒကို ရွှေမင်းဂန်ကိုယ်တိုင် ပြည့်ဝ



www.burmeseclassic.com

www.burmeseclassic.com



စေချင်တာကြောင့် လတ်သခင် စာကြိုးစားအောင် ပြောလိုက်ခြင်းပါ။

"စိတ်ချ စိတ်ချ၊ ဒီလိုသာ ခင်လိုချင်တာတွေ ရမယ်ဆိုရင် ခင် ဒီနှစ်အောင်စေရမယ် ဦး"

"အင်း ဒီလိုမှန်းသိ ငါ့သမီးလိုချင်တာတွေ ပေးမယ်လို့ ဒက်ဒီ အစောကြီးကတည်းက ပြောပါတယ်ကွယ်၊ မဟုတ်ဘူးလား မောင်ရွှေမင်းဂန်"

လတ်သခင်၏ တွက်ကြွမှုကိုကြည့်၍ ဒေါက်တာလတ်ဦး အပြုံးဖြင့်ပြောရင်း ရွှေမင်းဂန်ကို အဖော်ညှိသည်။

"ဟုတ်တာပေါ့ အန်ကယ်၊ ဒါဆို မနှစ်ထဲက လတ်သခင် စာမေးပွဲအောင်ပြီ"

"အို အဲဒီတုန်းက ဒက်ဒီနဲ့ ဦးတို့ ခုလို ခင့်အနားမှာ မရှိတာဘဲ၊ ဒါကြောင့် ခင်ကလည်း စာမကျက်ဘဲ နေဖြစ်တာ"

ထိုအပြောကြောင့် လတ်သခင်ကို သနားရမလိုလို။

ဇာနီမင်း စာမေးပွဲအောင်တာ မိဘနှစ်ပါးလုံး အနားမှာရှိ၍လားဟု စဉ်းစားချင်စရာ။

"ဟုတ်ပါတယ် အန်ကယ်၊ တကယ်တော့ ခင်က ဉာဏ်ကောင်းပါတယ်"

လတ်သခင်ဘက်မှ ဇာနီမင်း ဝင်ပြောပေး၏။

"သိလား ဇာနီ၊ ခင်က နင့်လို ဆေးတက္ကသိုလ်မမီ





တောင် အီကိုလောက်တော့ တက်နိုင်ဖို့ ကြိုးစားမယ်"

"အို ကောင်းတာပေါ့ ခင်၊ ဒီခေတ်က အီကိုဘက်ပိုအားသန်ကြတာပဲ၊ ဟုတ်တယ်နော် အန်ကယ်နဲ့ဦး"

ဇာနီမင်းက လတ်သခင်၏စကားကို သွက်သွက်လေး ထောက်ခံရင်း ဒေါက်တာလတ်ဦးနှင့် ရွှေမင်းဂန်ဘက် လှည့်ပြောသည်။

"ဒါပေါ့ ပညာဆိုတာ အားလုံးကောင်းတာပဲ ကိုယ်ရလာတဲ့ ဘာသာရပ်ကိုသာ ကြိုးစားဖို့ပဲလိုတယ် သမီး"

"ကျွန်တော်ကတော့ လူတစ်ယောက်ရဲ့ ဝါသနာက အရေးကြီးမယ်ထင်တယ် အန်ကယ်၊ ကိုယ်ဝါသနာမပါတာကို သင်နေရင် တိုးတက်ကြီးပွားနိုင်မှာ မဟုတ်ဘူးလေ"

ရွှေမင်းဂန် စကားကို ဒေါက်တာလတ်ဦး ခေါင်းညိတ်၏။

"အင်း ဒါလည်းဟုတ်တာပဲ မောင်ရွှေမင်းဂန်၊ ဒါနဲ့ သမီးဇာနီကကော ဆေးတက္ကသိုလ်တက်တာ အမှတ်မီသွားလို့လား၊ ဒါမှမဟုတ် ဝါသနာပါလို့လားကွ"

ဒေါက်တာလတ်ဦး မေးတော့ ဇာနီမင်း လေးနက်စွာဖြင့်

"သမီးက ဆရာဝန်ဘဝကို ဂုဏ်မက်လို့ တက်တာ ဟုတ်သလို အမှတ်မီသွားလို့လည်း မဟုတ်ပါဘူးအန်ကယ်၊ လူနာတွေကို ပြုစုကုသပေးချင်တဲ့ စိတ်ကိုက သမီးရဲ့သွေးသားထဲမှာ ဖြစ်တွန်းနေလို့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

လေးနက်တည်ငြိမ်သော ဇာနီမင်း၏အဖြေကို ကြားရတော့ ဒေါက်တာလတ်ဦးရင်ထဲ သိမ့်ခနဲလှုပ်ခါသွားရသည်။

ကြည့်စမ်း ဒီလိုစကားမျိုးအား ကိုယ့်သမီးရင်းဖြစ်တဲ့ လတ်သခင်ဆီက ကြားရလျှင် ဘယ်လောက်အားရကျေနပ်စရာကောင်းမလဲ။

ယခုတော့

"ခင်တို့ကတော့ အဲဒီလို ဆေးကုသတဲ့အလုပ်မျိုး လုံးဝကို ဝါသနာမပါဘူး၊ ဆေးနံ့ရရင်ကို ခေါင်းကအလိုလိုမူးတာ မိတ်ကပ်လှလှလေးလိမ်း၊ အဝတ်အစားလှလှလေးဝတ်ပြီး မှန်ရှေ့မှာသာ သရုပ်ဆောင်ချင်တာ ဒက်ဒီ"

မည်သူမျှမမေးတဲ့ လတ်သခင်က ဇာနီမင်းအဖြေကို သဘောမကျဟန်ဖြင့် နှာခေါင်းလေးရှုံ့၍ ပြောသည်။

"အင်း လူတွေဟာ တစ်ယောက်ကို ဝါသနာတစ်မျိုးစီပေါ့လေ၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် ထူးချွန်အောင်သာ ကြိုးစားကြပါ။ ကဲ ကဲ ကိုမင်းဒင်တို့ မျှော်နေတော့မယ် အိမ်ပြန်ကြစို့"

"ဟုတ်ကဲ့"

အပြန်လမ်းတစ်လျှောက်မှာတော့ ဒေါက်တာလတ်ဦး ငြိမ်သက်စွာ ပါလာ၏။

ဆရာဝန်ဖြစ်တဲ့ မိဘက မွေးလျှက်နှင့် ရုပ်ရှင်သရုပ်ဆောင်





တာကိုမှ ဝါသနာပါတဲ့သမီး လတ်သခင်နှင့် မိဘနှစ်ပါးက စာထဲလည်း စိတ်မဝင်စားခဲ့၊ အလုပ်ကိုလည်း ရေရာတိကျစွာ မလုပ်ချင်သော ခပ်ပေါ့ပေါ့နေသည့် မိဘနှစ်ပါးမှ ပေါက်ဖွားလာသော ဇာနီမင်းကတော့ အသွေးအသားထဲမှ ဆေးကုသခြင်းကို ဝါသနာပါတာတဲ့။

ကလေးနှစ်ယောက် ဘာကြောင့် ဒီလိုကွာခြားနေတာလည်းဟု ဒေါက်တာလတ်ဦး စဉ်းစားမရ။

အိမ်သို့ရောက်တော့

"ကဲ ဒက်ဒီတော့ ပင်ပန်းလို့ စောစောအနားယူမယ်ကွယ်"

"ခင်လည်း စာကျက်ဖို့ ပြင်ဆင်တော့မယ်၊ ဂွဒ်နိုက်ဦး"

"ဂွဒ်နိုက် လတ်သခင်"

ရက်မဆိုင်းဘဲ စာကျက်ဖို့ ကြိုးစားချင်သော လတ်သခင်ကို ချီးကျူးရမလိုပါပဲ။

လတ်သခင်ကတော့ ရွှေမင်းဂှန်ကို ပြုံး၍နှုတ်ဆက်ပြီး အိမ်ထဲ ပေါ့ပါးသွက်လက်စွာ ဝင်သွား၏။

"ကျွန်မလည်း သွားတော့မယ် ဦး"

"အင်း ကိုယ်လည်း ခုပဲပြန်မှာပါ နီနီ၊ ဪ ဒါက နီနီဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင် ဦး"

ကုတ်အင်္ကျီထဲမှ ကတ္တီပါလေးထောင့်ဘူးလေးကို ဇာနီမင်းအတွက် ရွှေမင်းဂန် ထုတ်ပေးသည်။

"ဖွင့်ကြည့်လေ"

ရွှေမင်းဂန်ပြုံး၍ ပြော၏။ ဇာနီမင်း စိတ်ဝင်စားစွာ ဖွင့်ကြည့်လိုက်တော့

"အို ပုလဲကုံးလေး"

ဖြူဥနေသော ပုလဲကုံးလေးကို လှပစွာတွေ့ရ၏။ ဇာနီမင်းက ရွှေမင်းဂန်ကို နားမလည်သလိုကြည့်သည်။

"အဲဒါ နီနီဖို့ ကိုယ့်ရဲ့လက်ဆောင်"

"ရှင် ဟို ဦးက စာအုပ်တွေပေးခဲ့ပြီလေ"

"အဟွန်း အဲဒါက နီနီ ကျောင်းစာအတွက်ပါ၊ ဒီပုလဲကုံးကတော့ ကိုယ့်ရဲ့သီးသန့်လက်ဆောင်၊ မနက်ဖြန် နီနီ့ကျောင်းကို ကိုယ်လာခဲ့မယ်၊ ဒီပုလဲကုံးလေး ဝတ်ခဲ့နော်၊ ကဲ ဂွဒ်နိုက်"

ရွှေမင်းဂန်က ပြောပြောဆိုဆို ဇာနီမင်းအား နှုတ်ဆက်ပြီး ကားပေါ်တက် မောင်းထွက်ခဲ့သည်။

ပုလဲကုံးလေးနှင့် ကျန်ခဲ့သော ဇာနီမင်းမှာ မနက်ဖြန်အတွက် ရင်ခုန်နေရ၏။

❀ ❀ ❀



"ဘာပြောတယ် မိဇာ၊ သခင်မလေးက ဒီနှစ်စာမေးပွဲအောင်စေရမယ်ဆိုတဲ့ကတိ ပေးတယ်ဟုတ်လား"

ဒင်နာမှပြန်လာသော ဇာနီမင်းကို ဒေါ်တိုးမာက

"အကောင်းဆုံးတွေဆိုတဲ့ အစားအစာတွေ တော်တော်မှ စားခဲ့ရဲ့လား မိဇာ"

ဟု ခပ်မဲ့မဲ့ဟန်ဖြင့် မေး၏။ သူမကတော့ ဒီပွဲကို အမေ မလိုက်ရ၍ မကျေနပ်ဖြစ်နေတယ်ဟုထင်ကာ

"သမီးကတော့ အမေ့လက်ရာကို ပိုကြိုက်ပါတယ်"

"အပိုတွေ ပြောမနေစမ်းပါနဲ့အေ၊ ဒါနဲ့ ဘာတွေထူးခြားသေးလဲ မိဇာ"

"ရှင် ဘာကိုပြောတာလဲ အမေ"

ဒေါက်တာရွှေမင်းဂန်မှ သူမကို ပေးတဲ့ ပုလဲကုံးအကြောင်း မေးတာလားဟု ရင်ထိတ်သွား၏။

"ဟဲ့ ဘာကိုပြောရမှာလဲ မိဇာ၊ ကိုလတ်ဦးနဲ့ လတ်သခင် အပါအဝင် ညည်းတို့အားလုံး ဆက်ဆံရေး ဘာထူးခြားလဲ



www.burmeseclassic.com

www.burmeseclassic.com



မေးတာ"

"ဟင် အဲ အဲဒါတော့ ထူးခြားတယ်အမေ၊ ခင်က ဒီနှစ် စာမေးပွဲအောင်ဖို့ ကြိုးစားမယ်လို့ အန်ကယ်ကို ကတိပေးတယ်"

ထိုစကားကြားတာနှင့် ဒေါ်တိုးမာ မျက်နှာတစ်ခုလုံး ဖြိုးရွှင်ကာ ဝမ်းသာအားရမေးခြင်း။

"ဟုတ်တယ် အမေ၊ အန်ကယ်က ခင် စာမေးပွဲအောင် ရင် ခင် ဝါသနာပါရာကို လုပ်ခွင့်ပေးမယ်တဲ့၊ ဒါကြောင့် ခင်က အောင်ဖို့ကတိပေးတာ"

"အို ဘာ့အတွက်ကြောင့်ပဲ ကတိပေးပေး သမီးလေး အယ်လေ သခင်မလေး စာမေးပွဲအောင်ဖို့ အဓိကပဲ မိဘ ကိုမင်းဒင် ရှင်ကြားတယ်မဟုတ်လား၊ သခင်မလေးက ဒီနှစ်စာမေးပွဲအောင်ဖို့ ကတိပေးတယ်တဲ့"

ဒေါ်တိုးမာမှာ စိတ်လှုပ်ရှားပျော်ရွှင်နေဟန်ဖြင့် ဦးမင်းဒင် ကို လှမ်းပြော၏။

"အေးပါကွာ ငါကြားပါတယ်"

"အိုတော် ရှင့်ပုံစံက မတုန်မလှုပ်နဲ့ ကျုပ်ဖြင့် ဒီစကား ကြားရတာနဲ့ ဘယ်လောက်ဝမ်းသာနေတယ်ထင်လဲ"

"တိုးမာ အခုဟာက လတ်သခင်ပေးတဲ့ကတိပဲ ရှိပါ သေးတယ်ကွာ၊ တကယ်အောင်ပါစေဦး"

ဇာနီမင်းမှာ မိဘနှစ်ပါးကိုကြည့်ကာ အံ့သြနားမလည်နိုင်





ဖြစ်ရ၏။ အထူးသဖြင့် အမေ့ကို။

ပြောရလျှင် သူမဂုဏ်ထူးများစွာနှင့် စာမေးပွဲအောင်ခဲ့ တုန်းကတောင် အမေ ဒီလောက်ဝမ်းမသာခဲ့ပေ။

ယခု လတ်သခင် စာမေးပွဲအောင်ဖို့ ကတိပေးလိုက်တာ နှင့် ဗျာပျာသလဲ စိတ်လှုပ်ရှားပျော်ရွှင်နေတာ။

အမေဟာ သမီးရင်းဖြစ်တဲ့ သူမထက် လတ်သခင်ကို ပိုချစ်နေသလား။

သူမစိတ်မကောင်းဖြစ်ပြီး အခန်းထဲ တိတ်ဆိတ်စွာဝင်ခဲ့ ၏။ ငယ်စဉ်မှစ၍ ဒီနေ့ထိ စဉ်းစားကြည့်တော့ အမေသည် သူမ အပေါ်တွင် တစ်ချက် မျက်နှာသာမပေးခဲ့တဲ့အဖြစ်။

အိုလေ အဲဒါ အမေက ငါ့ကို ကောင်းစားစေချင်လို့ မျက်နှာသာမပေးတာပါ။

လတ်သခင်ကတော့ ကျေးဇူးရှင် အန်ကယ်လတ်ဦးရဲ့ သမီးဆိုတော့ ဒီ့အတွက် အမေဝမ်းသာတာ နေမှာပါ။

စိတ်ကောင်းရှိသူလေးမို့ အတွေးစကိုရပ်၍ အိပ်ပျော်ဖို့ ကြိုးစားလိုက်၏။

"မင်းကြောင့်တော့ ခက်တယ် တိုးမာ၊ ဘာကြောင့် ဒီလောက်ဟန်မဆောင်နိုင် ဖြစ်နေရတာလဲမှာင်၊ ဟိုကလေးမ ရိပ်မိ သွားရင် တို့အားလုံး မခက်ဘူးလားကွ"

အိပ်ပျော်ကာနီးဆဲဆဲမှာ ဦးမင်းဒင်၏ တိုးကြိတ်သောအသံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဇာနီမင်း မျက်လုံးတွေ ပြန်ပွင့်လာသည်။

ဒါ အဖေ့အသံပဲ။

ထိုစဉ် ဒေါ်တိုးမာအသံ ပေါ်လာ၏။

"အိုတော် ကျုပ်က ရုတ်တရက် ဝမ်းသာလွန်းလို့ပါ၊ မိဇာက ခပ်နုနုပါ၊ ဘာမှမသိပါဘူး၊ ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ ကိုမင်းဒင်"

သူမနာမည်ပါလာတာကြောင့် အံ့သြသွားရ၏။

ကြည့်စမ်း အမေတို့မှာ သူမကို မသိစေချင်တဲ့ လျှို့ဝှက်ချက်များ ရှိနေသလား။

"မိဇာက ခပ်နုနုပါ၊ ဘာမှမသိပါဘူး"

အမေ ဘာကိုဆိုလိုတာပါလိမ့်။ သေချာတာကတော့ မိဘနှစ်ပါးတွင် သူမ မသိစေချင်သော အကြောင်းအရာရှိနေပြီထင်။

ဘာကိုလဲဆိုတာတော့ သူမမသိပါ။

အင်း တဖြည်းဖြည်းနဲ့ မိဘတွေရဲ့ လျှို့ဝှက်ချက်ကို ကြိုးစား၍ သိအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်၏။

"မိဇာ မိဇာ"

ဒေါ်တိုးမာ ခေါ်သံကြားပေမယ့် သူမငြိမ်နေလိုက်သည်။

"ကြည့်ပါလား ဟိုတယ်က အစားကောင်းတွေ စားလာပြီး အစောကြီးအိပ်ပျော်နေပြီ၊ ရှင် ဘာမှစိုးရိမ်မနေနဲ့တော့ ကိုမင်းဒင်"





"အေးပါကွာ ငါက သတိထားဖို့ပြောတာပါ"

ထို့နောက် ဘာသံမှမကြားဘဲ ငြိမ်သွားရ၏။ မှောင်မည်းသော အခန်းလေးထဲမှာ သူမ သက်ပြင်းကြိတ်ချလိုက်သည်။

မနက်မိုးလင်းတော့ အိမ်အလုပ်တွေကို စောစီးစွာပြီးစေသည်။ ထို့နောက် ရေချိုးပြီး ရှင်မတောင်သနပ်ခါးပါးပါးလေးကို ခြေဆုံးခေါင်းဆုံးလူးကာ မီးခိုးရင့်ရောင် ရင်ဖုံးလက်ပြတ်လေးကို အနက်နှင့် မီးခိုးရောထားသော အပွင့်နုတ်လုံချည်လေးဖြင့် တွဲဝတ်လိုက်၏။

အားလုံးပြင်ဆင်ပြီးတော့ လည်တိုင်ကျော့ကျော့တွင် ပုလဲပုတီးကုံးလေး ဝတ်လိုက်သည်။

အို ငါဝတ်သွားလို့ ဖြစ်ပါ့မလား။

နက်မှောင်သော ဆံကေသာရှည်များကို ဆံမြီးတုတ်တုတ်တစ်ချောင်းတည်း ကျစ်ထားတာကြောင့် သူမအသွင်လေးက ရှင်းရှင်းလေးနှင့်ယဉ်ကာ လှနေ၏။

"အို ဦးကဝတ်ခဲ့ဖို့ပြောတာပဲ၊ မဝတ်သွားရင် သူ့စကားနားမထောင်ရာကျမယ်"

ထိုအတွေးဖြင့် ပုလဲပုတီးလေးဆွဲ၍ သူမကျောင်းသို့ထွက်ခဲ့၏။ အမှန်တော့ ဒီလောက်တန်ဖိုးရှိသော ပုလဲပုတီးကုံးလေးအား သူမဘဝတွင် ပထမ[illegible]ရှိခြင်းပါ။

"လှတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ယဉ်တာပဲ"

"အသားဖြူဖြူလေးမှာ မီးခိုးရင့်ဝတ်စုံလေး သိပ်လိုက်တာပဲကွာ"

ကျောင်းမှာတော့ ခေတ်မီလှပသူများ ပေါများပေမယ့် သူမလို မြန်မာဆန်ဆန်နှင့် ယဉ်ကျေးလှပသူ ရှားလေ၏။

ထို့ကြောင့် ဒီနှစ်ကွင်းဘွဲ့ကို ခေတ်မီလှပသော သူများထဲက တစ်ယောက်နှင့် သူမရလေ၏။

ဒါကလည်း ကျောင်းသားတွေ ပေးကြတာပါ။ သူမကတော့ ထိုဘွဲ့အတွက် ဂုဏ်မယူပါ။ ကိုယ့်ဘဝကိုယ်သာသိသောကြောင့် စာကလွဲ၍ ဘာကိုမျှ စိတ်မဝင်စား။ ရည်ရွယ်ချက်အတိုင်း ဆရာဝန်ဖြစ်ဖို့သာ အရေးကြီး၏။

"နှီနှီ"

"ဟင် ဦး"

အတွေးများဖြင့် လျှောက်လာသော သူမအနားမှာ ကားတစ်စီးရပ်လာ၍ ကြည့်လိုက်တော့ အပြုံးများနှင့် ရွှေမင်းဂန်။

"ကားပေါ်တက် နှီနှီ"

"ရှင် ဟို"

"အဟွန်း ကိုယ်ကျောင်းပို့ပေးမှာပါဗျာ"

သည်တော့မှ သူမကားပေါ်တက်လိုက်၏။ ဒေါက်တာရွှေမင်းဂန်ဆိုတာကလည်း သူမငယ်စဉ်ကတည်းက ရင်းနှီးခဲ့ရသူ





မဟုတ်လား။

"အချိန်ရသေးတယ် မဟုတ်လား နှီနှီ၊ ကိုယ်တို့ တစ်ခုခုစားကြရအောင်နော်"

"ရှင် ဟုတ်ကဲ့"

ဒေါက်တာရွှေမင်းဂန်နှင့်စာလျှင် သူမက ကလေးမို့ ခေါင်းညိတ်ရုံသာ။

"ပုလဲပုတီးလေးနဲ့ သိပ်လိုက်တာပဲ"

"အို"

သူမကိုကြည့်၍ ဒေါက်တာရွှေမင်းဂန် ပြောတာကြောင့် မျက်နှာလေး မသိမသာ ပန်းနုရောင်သမ်းသွား၏။

"ဘာစားမလဲ နှီနှီ"

"ရှင် ဟို ဦးကြိုက်တာစားပါ"

"အဟွန်း ကောင်းပြီဗျာ"

ရွှေမင်းဂန်က သူမကို အေးဆေးဆိတ်ငြိမ်၍ သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်သို့ ခေါ်လာ၏။

ထို့နောက် ဒင်းဆမ်းမှာစားသည်။

"ကြိုက်တာစားနော် နှီ"

"ဟုတ်ကဲ့"

သူမ ခေါင်းညိတ်လိုက်ရပေမယ့် ဝါးခွက်လေးတွေနှင့် ထားသော ဒင်းဆမ်းများထဲမှ ဘယ်အရာကို စနှိုက်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ရေညှိ၊ ဒါက ပုစွန်၊ ဒါက ဆေးဘဲဥ၊ အားလုံး တစ်မျိုးစီစားကြည့်ပေါ့ နီ"

"ဟုတ်၊ ဟုတ်ကဲ့"

သူမခေါင်းလေးညိတ်၍ အနီးစပ်ဆုံးရှိတာ စားလိုက်၏။ ဘာကြောင့်များ ဒေါက်တာရွှေမင်းဂန်က သူမကို ဂရုစိုက်နေပါလိမ့်။

"ကောင်းရဲ့လား နီနီ"

"ဟုတ်ကဲ့"

"အဟွန်း နီနီလည်း ဟုတ်ကဲ့အပြင် ဘာမှမပြောတတ်ဘူး ထင်တယ်"

"အို ဦးကလဲ"

သည်တော့မှ သူနှင့်အတူ သူမ လိုက်ရယ်ရင်း စိတ်ထဲ ပေါ့ပါးလွတ်လပ်လာရလေ၏။

ဒ ဒ ဒ

၄

ကန်တော်ကြီးရေပြင်ကို မျက်နှာမူ၍ ဒေါက်တာရွှေမင်း ဂန်နှင့် စာနီမင်းတို့ ရပ်နေ၏။ စိမ်းမြသော ကန်ရေပြင်သည် ...င်ကိုအေးစေသည်။

"ကိုယ် နီနီကိုပြောစရာရှိတယ်"

"ဘာများလဲ ဦး"

လှပနုနယ်သော မျက်နှာလေးအားကြည့်၍ ရွှေမင်းဂန် ...သည်။

"ကျောင်းမှာ နီနီ ချစ်သူမရသေးပါဘူးနော်"

"အို ဦးကလဲ"

သူမမျက်နှာလေး ပန်းနုရောင်ဖြစ်သွား၏။

"အဟွန်း ကိုယ်သိပါတယ်ကွယ်၊ နီနီလိုမိန်းကလေးက ...ချိုးတွေ စိတ်ဝင်စားမှာမဟုတ်ဘူးဆိုတာ"

"ဒါကတော့ ဦး ချိုးကျူးလွန်းတာပါနော်"

"ချီးကျူးရတာပေါ့ဗျာ၊ နီနီအကြောင်း ကိုယ်က သိနေ ...တိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးက ဘယ်လိုလုပ်သိတာလဲ"

မျက်လုံးလေးဝင့်ကာ သူမမေးလိုက်သည်။ သူက ရွှန်းရွှန်း စားစားကြည့်ကာ

"ဟောဒီ နီနီရဲ့ မျက်လုံးလေးတွေက သိပ်ကိုဖြူစင်ကြည် လင်နေတာလေ"

"မျက်လုံးတွေက"

"အင်း"

"အဟင်း ဒါဆို ဦးက လူကဲခတ်ကောင်းတာပဲနော်"

ရယ်ပြုံးလိုက်တော့လည်း ပါးချိုင့်လေးနှင့် သူမကို သူ စိုက်ကြည့်သည်။

"အဲဒီ သိပ်ဖြူစင်တဲ့ ကောင်မလေးကို ကိုယ်သိပ်ချစ် တယ်"

"ရှင်"

ရုတ်တရက် သူ တည်ငြိမ်စွာပြောလိုက်တာကြောင့် သူမ အံ့သြသွားရ၏။ သူက လေးနက်စွာ ဆက်ပြောသည်။

"ဟုတ်တယ် နီ၊ နီကို ဘယ်သူမှမဦးခင် ကိုယ် အရင် ဆုံးပိုင်ဆိုင်ချင်တယ်၊ အမှန်တော့ ဒီစကားမျိုးပြောတာ နီ့အတွက် စောတယ်ထင်ပေမယ့် ကိုယ့်အတွက်ကတော့ မစောဘူး၊ နီကို ငယ်ငယ်လေးထဲက သံယောဇဉ်ရှိခဲ့တယ်၊ ခုလို ကြီးမှပြန်တွေ့ တော့လည်း ကိုယ် သံယောဇဉ်ကနေ အချစ်အဖြစ် ပြောင်းသွား





ပြီ"

"အို"

မှန်ရာပြောရလျှင် သူ့ထံမှ ဒီလိုစကားမျိုး မမျှော်လင့်ခဲ့ ပါ။ ဒေါက်တာရွှေမင်းဂန်ဆိုတာ ချောမောခန့်ညားသော ဂုဏ်သရေ ရှိ ယောကျ်ားကောင်းတစ်ယောက် မဟုတ်လား။

"ကိုယ့်ကို စိတ်ဆိုးသွားပြီလား နီ"

"ဟင့်အင်း"

"အဟွန်း ကိုယ်သိတယ်၊ နီလည်း ကိုယ့်ကိုချစ်နေတယ် ဆိုတာ"

"အို ဘယ်လိုလုပ်ပြီးသိတာလဲ"

ထိုမေးခွန်းမှာပင် သူမအဖြေက ပါသွားပြီဖြစ်ကြောင်း ရိုးသားသော ကလေးမကတော့ မသိရှာပါ။

"သိတာပေါ့ဗျာ၊ ဒီနေ့ ကိုယ်ပေးတဲ့ပုလဲကုံး နီဝတ်လာ တာတည်းက ကိုယ့်ကိုချစ်လို့ပဲ မဟုတ်လား"

"ကြည့်စမ်း ဦးက သိပ်လည်တာပဲ"

မျက်နှာလေးရဲရဲဖြင့် သူမ ရှက်စနိုးမျက်စောင်းထိုးသည်။ သူ နှစ်ခြိုက်စွာပြုံး၍ သူမ၏ ဖြူနုသော လက်လေးနှစ်ဖက်ကို အသာဆုပ်ကိုင်လိုက်၏။

"ပါးစပ်ကပြောပါဦး နီရယ်၊ 'ကိုယ့်ကိုချစ်တယ်လို့"

"အို သူ သူပဲ သိတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ဒါပေမယ့် ဟောဒီကောင်မလေးပြောတဲ့ အသံလေးကို ကိုယ်ကြားချင်တာပေါ့ကွယ်"

တကယ်တော့ သူမလိုမိန်းကလေးအတွက် ဒေါက်တာရွှေမင်းဂုဏ်ဆိုတာ အိပ်မက်ထဲက မင်းသားပါ။ ယခု သူက ချစ်ခွင့်ပန်နေပြီ။ ငယ်စဉ် တွေ့စကတည်းက သူ့အပေါ် လေးစားခဲ့တာပြန်တွေ့ကြတော့ ကြိတ်ကာ ရင်ခုန်မိခဲ့၏။

"မ မဖြစ်ဘူးထင်တယ် ဦးရယ်"

"ဟင် ဘာကြောင့်လဲ နီ"

သည်တော့ ဆွေးမြေ့သော မျက်ဝန်းလေးများဖြင့် သူ့ကြည့်၏။

"ကျွန်မက ဆင်းရဲပါတယ်ဦးရယ်၊ မိဘတွေဆိုတာကလည်း ဦးသိတဲ့အတိုင်း ဘာဂုဏ်ဓနမှ မရှိပါဘူး"

"ဟာ ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲကွာ၊ ကိုယ့်ကိုချစ်တာနဲ့ အဲဒီအကြောင်းတွေ ဘာဆိုင်လို့လဲဟင်"

လက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားမရစွာ သူမေးလိုက်၏။

သူမ သက်ပြင်းလေးချကာ ခေါင်းခါယမ်းသည်။

"ဆိုင်တာပေါ့ ဦး၊ ချစ်တယ်ဆိုတာ ကျွန်မအတွက်တော့ ဘဝအတွက် လေးနက်တဲ့ ကိစ္စတစ်ခုပါ"

"ဩော်ဗျာ၊ ကိုယ်ကလည်း အချစ်ကို အပျော်တမ်းမကစားတတ်ပါဘူး ကလေးရယ်၊ မင်းလေးကို ချစ်တယ်ဆိုတာ ကိုယ်နဲ့အတူ ဘဝတစ်ခုပျော်ရွှင်စွာ တည်ဆောက်ဖို့ပါဗျာ"

သူ လေးနက်တည်ငြိမ်စွာဆို၏။ သူမက သူ့ကို အကြည့်ချင်းဆုံသည်။

"အဲဒီလို ဘဝတစ်ခုထူထောင်ဖို့ဆိုရင် ညှိနှိုင်းမရတဲ့ ဂုဏ်ဓနတွေမရှိတဲ့ ကျွန်မကြောင့် ဦးပဲ နစ်နာထိခိုက်ရလိမ့်မယ်"

"မဟုတ်ဘူး၊ ဒါက မင်းအထင်ပဲချာတိတ်ရယ်၊ ခုဆို မင်းဟာ သာမန်မိန်းကလေးမဟုတ်တဲ့ ဆရာဝန်လောင်းတစ်ယောက်ပါ၊ ဘာကြောင့် ဒီလောက် အားငယ်စကားပြောရတာလဲကါယ်၊ ဒီမှာ ကိုယ့်အတွက်ကတော့ ချစ်မိပြီဆိုရင် မင်းဘာပဲဖြစ်နေဖြစ်နေ နောက်မဆုတ်ဘူးဗျာ"

လူငယ်ဆန်ဆန် သူ၏တဖွတ်ထိုးပြောဟန်ကြောင့် သူမ ရင်ခုန်သွားရသည်။

"ဦးအနေနဲ့ကတော့ ဟုတ်မှာပေါ့ရှင်၊ ဒါပေမယ့် ဦးမိဘအသိုင်းအဝိုင်းက ကျွန်မလို မိန်းကလေးမျိုးကို လက်ခံနိုင်ပါ့မလားလို့"

"အဟွန်း ဟွန်း ချာတိတ်က ဒီနေရာတော့ အတွေးလွှဲသွားပြီ၊ ဒီမှာ အမိလေးရဲ့ ကိုယ့်မှာ ဘယ်မိဘအသိုင်းအဝိုင်းမရှိတော့တဲ့ တစ်ကောင်ကြွက်ဗျ၊ ဒါကြောင့် ကိုယ့်ဘဝကိုယ် ကိုယ့်စိတ်ကြိုက် တည်ထောင်ခွင့်ရှိတယ် သိပြီလား"







www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အမှန်တော့ သူနဲ့ပတ်သက်၍ သူမ ဘာတစ်ခုမှမသိခဲ့ပါ။ ယခုလို သူပြောပြတော့ အံ့သြသွား၏။

"ကဲ မင်းစိတ်ပူနေတာတွေ တစ်ခုမှမရှိတော့ ကိုယ့်ကို ချစ်တဲ့အကြောင်း ပြောပေတော့"

"အို"

အညိုရောင် စိုလက်တောက်ပသော မျက်လုံးကြီးများဖြင့် သူက တောင်းဆိုလာ၏။

သေချာတွေးကြည့်တော့ သူမ ကြိမ်ဖန်စိတ်ပူနေတာတွေဟာ ရယ်စရာ။

"ဟော့ ပြောလေကွာ"

"အို ဦးပဲသိတယ်ဆို"

"ဟင့်အင်း အခု ဟောဒီနှုတ်ခမ်းလှလှလေးက ပြောမှ သိမယ်"

ပန်းနုရောင်စိုအိနေသော သူမနှုတ်ခမ်းလေးပေါ်သို့ သူ လက်ညှိုးဖြင့် ဖွဖွတို့ထိသည်။

သူမ နာရီတစ်ချက်ကြည့်ကာ

"ကလပ်စ်နီးပြီ ဦးရယ်"

"ကြည့်စမ်း စကားမလွှဲနဲ့ကွာ"

"ဟင့်အင်း နောက်မှ"





"ဒါဆို ပြန်မပို့ဘူးဗျာ"

"ဦးနော်"

ပထမဆုံးအကြိမ် သူမထံမှ လာပသောမျက်စောင်းလေးကို သူ ကြည်နူးစွာ ရရှိလိုက်၏။ သူက တစ်ဖက်လှည့်၍ မသိချင်ယောင်ဆောင်တော့

"ဦး"

တိုးတိတ်စွာ သူမခေါ်ပေမယ့် သူ တိတ်တိတ်နေလိုက်သည်။

"ဦးလို့"

စိတ်မရှည်ဟန် သူမအသံလေးက သူ့အတွက် ကြည်နူးချင်စရာ။

"ကဲ ကဲ ချစ်တယ်"

"ဗျာ ဗျာ ဘယ်သူ့ကိုချစ်တယ်ပြောတာလဲ ကလေးမရယ်"

သူက ဖျတ်ခနဲ သူမနှင့် မျက်နှာချင်းဆိုင်၍ မသိသလို မေး၏။

သူမ မျက်နှာနီနီလေးဖြင့်

"ဦးနော် ကျွန်မရှက်အောင် လုပ်နေတာလား"

"အမယ်လေးဗျာ မငိုလိုက်ပါနဲ့ မိန်းကလေးရယ်၊ ကိုယ့်ချစ်သူကို ချစ်တယ်လို့ပြောတာ ရှက်စရာမှမဟုတ်ပဲဗျာ"

သူပြောရင်း သူမကိုယ်လေးကို ဖျတ်ခနဲ ပွေ့ဖက်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို လူတွေနဲ့"

"ဒါဆို ကိုကို့ကို ချစ်တယ်လို့အမြန်ပြော"

"သိပ်ဆိုးတာပဲ၊ ချစ်တယ်၊ ချစ်တယ် ဟောဒီ ကိုကို့ကို
သိပ်ချစ်ပါသတဲ့၊ ကဲ ရပြီလား"

"အဟွန်း...ဟွန်း နီရယ်"

"အို"

ရင်မှာကြည်နူးခြင်းများစွာဖြင့် သူမနဖူးလေးကို ဖျတ်ခနဲ
နမ်းရှိုက်ပြီး ပြန်လွှတ်ပေးလိုက်လေ၏။

သေချာတာကတော့ သူမကိုယ်တိုင် သူ့ကိုချစ်မိတဲ့အတွက်
နောင်တမရခြင်းပါပဲ။

ဖြီ ဖြီ ဖြီ



"ကိုကို"

သူမနှုတ်ဖျားမှ ထိုအမည်လေးကို မြတ်နိုးစွာခေါ်မိတိုင်း
ရင်တစ်ခုလုံး သိမ့်ဖြာနွေးထွေးသွားရတာတဲ့၏။

သေချာစဉ်းစားကြည့်လျှင် ကိုကိုနှင့် သူမတို့ ချစ်သူတွေ
ဖြစ်သွားကြတာ မယုံနိုင်စရာ။ အထူးသဖြင့် ကိုကိုလိုလူက သူမကို
ချစ်တာလေ။

ကိုကိုရယ် ကိုကိုနဲ့ကျွန်မဘဝ တန်မှတန်ပါရဲ့လားရှင်။

အစစအရာရာ ပြည့်စုံ၍ ခန့်ညားချောမောသော ကိုကို့ကို
မြင်တိုင်း သူမရင်ထဲ ထိုအတွေးမျိုးဝင်မိတာ မကြာခဏ။

"ခုချိန်ကစပြီး ကိုကိုနဲ့ နီတို့ဟာ ဘဝတစ်ခုကို အတူ
လက်တွဲ တည်ထောင်မယ့်သူတွေလို့ ယုံထားရမယ်နော်၊ ဒီတော့
နီ့မှာ ဘာအခက်အခဲပဲရှိပါစေ ကိုကို့ကိုပြောရမယ် ဟုတ်လား"

ချစ်သူတွေဖြစ်ပြီးသည့်နောက် ကိုကိုနှင့်သူမ မကြာခဏ
တွေ့ဖြစ်၏။ တွေ့တဲ့အခါတိုင်း ကိုကိုက သူမကို ညင်သာစွာ
ထွေးပွေ့ရင်း ထိုသို့ပြောတာတဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုကို"

"အပျွန်း နီက လိမ္မာတယ်ဆိုတာ ကိုယ်သိပါတယ်ဗျာ၊ သြော် နီ့အတွက် ကျောင်းစရိတ်ကို အန်ကယ်ဦးဆီက ကိုယ်လွှဲယူလိုက်တော့မယ်နော်"

"ကျွန်မတော့ မပြောတတ်ဘူး ကိုကိုရယ်၊ အန်ကယ်က မေးရင် ကိုကို ဘယ်လိုဖြေမလဲ"

မိဘရင်းတွေကတောင် သူမကို မချစ်နိုင်သောဘဝမှာ ကိုကို့ကိုပဲ မြတ်နိုးအားကိုးမိရ၏။

"အပျွန်း ဒီတော့ ပွင့်ပွင့်လင်းလင်းပြောရမှာပဲဗျာ၊ နီနီက ကျွန်တော့်ဇနီးလောင်းမို့ ကျွန်တော်တာဝန်ယူတာပါလို့"

"ကြည့်စမ်း ကိုကိုနော်"

ဖြူနုသောမျက်နှာလေး ပန်းနုရောင်သမ်းလျက် ကိုကို့ရင်ဘတ်ကို လက်သီးဆုပ်ဖွဖွလေးဖြင့် ထုရိုက်မိ၏။

ကိုကိုက သူမလက်လေးများကို ဖမ်းဆုပ်ကာ အသာနမ်းရှိုက်သည်။

"ဟေ့ဗျာ အဲဒါ တကယ်မဟုတ်ဘူးလား ကလေးရဲ့"

"တော်ပါ ကိုကိုရယ်၊ အန်ကယ်က ကျွန်မကို ခြံထဲက ရိုက်ထုတ်နေပါဦးမယ်"

အန်ကယ်လတ်ဦး စိတ်ဆိုးမှာမျိုးတော့ သူမကိုယ်တိုင် အလိုမရှိပါ။





"စတာပါကွာ အန်ကယ်ဦး စိတ်မကောင်းအောင် မလုပ်ပါဘူး၊ ဒီတော့ အချစ်လေးအတွက် လိုအပ်တဲ့ အဝတ်အစားနဲ့ မုန့်ဖိုးအားလုံး ကိုယ့်တာဝန်ထား ဟုတ်လား"

"ဟင့်အင်း အဲဒီလိုကြီးတော့ ကိုကို့ဆီက ကျွန်မ မလိုချင်ပါဘူးနော်၊ ကျွန်မ ကိုကို့ချစ်တာ အဲဒါတွေမက်လို့မှ မဟုတ်ဘဲ"

ခေါင်းလေးခါယမ်းကာ သူမငြင်းဆိုတော့ သူပြုံးသည်။ ဖြူနုသော သူမပါးပြင်လေးတွေကို နမ်းရင်း

"သိပါတယ်ဗျာ ချာတိတ်က လူကိုချစ်တယ်ဆိုတာ၊ ဒါပေမယ့် ကိုကိုကလည်း မင်းလေးကိုချစ်တော့ မင်းအတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးချင်တယ်ဗျ"

နဖူးချင်းတေ့၍ ကိုကိုပြောသည်။ ချစ်လာတော့လည်း တစ်ဦးတာဝန် တစ်ဦးယူချင်လာတဲ့သဘော။

"ဒါဆို ကျွန်မက ကိုကို့ကို ဘာပြန်ပေးရမလဲဟင်"

"အပျွန်း ဒါလား ယောဒီချာတိတ်က ကိုကို့ကို အမြဲချစ်နေဖို့လိုတယ်ဗျ၊ ဒါဆိုရင် ကျေနပ်ပြီ"

"ကိုကိုရယ်"

ကိုကို့ရင်ခွင်တွင် သူမခေါင်းလေး တိုးဝင်မိ၏။ တကယ်တော့ သူမအတွက် ချစ်မက်အားကိုးစရာ ကိုကိုတစ်ယောက်ပဲလေ။

ပြောသည့်အတိုင်း ကိုကိုက သူမအတွက် အဝတ်အစားများ တစ်နေ့တစ်မျိုး ဝယ်လာတတ်၏။ ခေါင်းစည်းကြိုးကအစ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်အဆုံး လိုတယ်မရှိအောင်။

"ဘာဖြစ်လို့ အများကြီးဝယ်လာရတာလဲ ကိုကို"

"မများပါဘူးကွယ်၊ နီက ဆေးကျောင်းသူတစ်ယောက်ဆို တော့ သူများတန်းတူဝတ်ရမယ်နော်၊ ကိုယ့်ချစ်သူလေး မျက်နှာ မငယ်စေချင်ဘူး"

အဝိုးတန်အဝတ်အစားများမှာ သူမလို လှပသူလေး ဝတ် လိုက်တော့ ပိုမိုတင့်တယ်လိုက်ဖက်သွားရ၏။

"သိပ်လှတာပဲ၊ ကိုကိုဝယ်ပေးတာတွေ တစ်နေ့တစ်စုံ ဝတ်ရမယ် ဟုတ်လား"

"အန်ကယ်ဦး ဝယ်ပေးတာလို့သာပြော အန်ကယ်ဦးကို သူတို့ မလွန်ဆန်နိုင်ပါဘူး နီ"

ဒါတော့ ကိုကိုအတွေးမှန်၏။ သူမ မိဘတွေကြောက်တာ အန်ကယ်လတ်ဦးတစ်ယောက်တည်းသာ။

"ကိုယ်လည်း အန်ကယ်ဦးကို ပြောပြထားပါ့မယ် နီ၊ စိတ်မပူပါနဲ့"

သူက စိတ်မပူဖို့မှာပေမယ့် သူမကတော့ ကြိတ်၍ စိတ်ပူ တာအမှန်။

"အမယ် မယ် ဒီရက်ပိုင်း ညည်းကို ကြည့်နေတယ် အဝတ်အစားကောင်းတွေ တစ်နေ့တစ်မျိုးနဲ့ပါလား မိဈာ"

ကိုကိုဝယ်ပေးထားသော ဝတ်စုံများကိုကြည့်ပြီး





ဒေါ်တိုးမာ ပြော၏။ သူမ မျက်လွှာလေးချကာ

"အန်ကယ်ဦးက သမီးတက္ကသိုလ်တက်တာ မျက်နှာ မငယ်ရအောင်ဆိုပြီး အဝတ်အစားဖိုး ထုတ်ပေးလို့ပါ အမေ"

"အင်း ကိုလတ်ဦးတို့ကတော့ တကယ်စေတနာကောင်း တာပဲ၊ မိဈာ ညည်းတော်တော်ကံကောင်းနေတယ်နော်"

သည်မျှသာ ဒေါ်တိုးမာ ပြောနိုင်၏။ ဒေါက်တာလတ်ဦး ကို သွား၍ 'မိဈာအတွက် ဒီလောက်အကုန်မခံဖို့' ပြောရဦးမယ်ဟု ကြိတ်ကာ တွေးသည်။ အမေဆက်မပြော၍ သူမ သက်ပြင်းချနိုင် ၏။

ဦးမင်းဒင်ကတော့

"တိုးမာရယ် မင်းမှာလည်း ကလေးအဝတ်ဝတ်တာက အစ လိုက်ပြောနေတယ်၊ သူ့ကုသိုလ်နဲ့သူ ရှိပါစေကွာ"

အဖေသည် သူမအပေါ် ယခင်ကလောက် မတင်းမာတော့ ပေ။ ဒါကိုပဲ သူမ ကျေးဇူးတင်နေရ၏။

"ဟင်း ရှင်ကတော့ဒါပဲ"

ဒေါ်တိုးမာ၏ မျက်စောင်းကြီးက ဦးမင်းဒင်ထံ ဒိုင်းခနဲ။

ကိုကိုနဲ့တွေ့တော့ ထိုအကြောင်းတွေ ပြောမိ၏။

"အေးကွာ မှန်တာပြောရင် နီရဲ့မိဘတွေကို ကိုယ်သိပ် နားမလည်ဘူး၊ နီလို လိမ္မာရေးခြားရှိတဲ့ သမီးမျိုးရထားတာတောင် ဆက်ဆံတာ ပစ်ပစ်ခါခါနိုင်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပြောတော့ သူမ ဝမ်းနည်းသွားရ၏။ တကယ်တော့ မိဘတွေ၏ ဆက်ဆံမှုအတွက် သူမကိုယ်တိုင် ကြိတ်စိတ်မကောင်း ဖြစ်တာကြာပြီ။

"ကျွန်မ ကသိုလ်ပါပဲ ကိုကိုရယ်"

"ဘာပဲဖြစ်ဖြစ် အားမငယ်ပါနဲ့ကွယ်၊ နို့ဘေးမှာ ကိုကို တစ်ယောက်လုံးရှိပါတယ်"

သူမ ဝမ်းနည်းနေသည်ကိုသိသော ကိုကိုက လက်လေး ဖွဖွဆုပ်ကိုင်၍ နှစ်သိမ့်၏။

"ကျေးဇူးတင်ပါတယ် ကိုကို"

"ကြည့်စမ်း ချစ်သူချင်း ပြောစရာလား ကောင်မလေး"

ကိုကိုက သူမပါးပြင်လေးကို ဖျတ်ခနဲ နမ်းသည်။

"တစ်ခါ တစ်ခါကြတော့ လက်သခင်ဘဝကို ကျွန်မ ကြိတ်အားကျမိတယ် ကိုကို၊ အမေကအစ လက်သခင်ကို သိပ်ဂရု စိုက်တာပဲ"

"အင်း ကိုကိုလည်း အရင်ကတည်းက ရိပ်မိပါတယ်၊ နီအပေါ်မှာ ဆက်ဆံတာ တင်းမာသလောက် လက်သခင်အပေါ်မှာ တော့ အန်တီဟာ သိပ်ကိုနူးညံ့တာပဲလေ"

"အမေဟာ လက်သခင်ကို ကျွန်မထက်များ ပိုချစ်နေ လား ကိုကို"

တစ်သက်လုံး သိချင်သော သူမရင်ထဲက အမြေအား





ကိုကို့ကို ရှာခိုင်းမိ၏။ ကိုကိုက သက်ပြင်းချသည်။

"အန်တီအနေနဲ့ လက်သခင်ကို ဂရုစိုက်တာ ဟို အန်တီ တို့အနေနဲ့ အန်ကယ်လတ်ဦးရဲ့ ကျေးဇူးကြောင့်ထင်ပါတယ် နီ"

သည်တော့ သူမ မျက်လုံးလေးတွေ ပြန်လည်တောက်ပ လာ၏။

"ဟုတ်တယ်နော် ကိုကို၊ ကျွန်မလည်း အရင်ကတည်း က အဲဒီလိုတွေးမိပါတယ် ကိုကို၊ ဘယ်မိဘမဆို ကိုယ့်သားသမီးပဲ ချစ်ကြမှာပေါ့နော်"

"အင်း အင်း ဒါပေါ့နီ၊ ကဲ ဒီအကြောင်းတွေမေ့လို့ ကိုကို့တို့ နေ့လယ်စာသွားစားစို့"

ကိုကိုနှင့် ချစ်သူတွေဖြစ်ပြီးမှ သူမလည်း စားသောက် ဆိုင်မျိုးစုံ ရောက်ဖူးလေ၏။ အမှန်တော့ ကိုကိုက သူမအတွက် ဒီလိုနေရာတွေ တမင်လိုက်ပို့ခြင်းလည်းဖြစ်သည်။

"နေ့တိုင်းဆိုတော့ ပိုက်ဆံတွေကုန်ပါတယ် ကိုကို"

"အမယ်လေး မကာပ်စေးနဲ့လေးရယ် ခင်ဗျားချစ်သူက ဒီလောက်တော့ ချမ်းသာပါတယ်ဗျာ"

ကိုကိုရယ်၍ပြော၏။ သူမကတော့ ကိုကိုကလွဲ၍ ကိုကို နှင့်ပတ်သက်တဲ့ တခြားပိုင်ဆိုင်မှုများအကြောင်း စိတ်မဝင်စားခဲ့ပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

သည့်နှစ် ဆယ်တန်းကို အောင်စေရမည်ဟု လတ်သခင် ကတိပေးခဲ့၏။ ထိုကတိအတိုင်း စာမေးပွဲအောင်ဖို့အတွက် နေ့ည မပြတ် ကျူရှင်တက်ခြင်း၊ ညဥ့်နက်အထိ စာကျက်ခြင်းတို့ဖြင့် တစ်ယောက်တည်း အလုပ်ရှုပ်နေလေ၏။

သမီးဖြစ်သူ စာမေးပွဲအောင်ဖို့အတွက် ဒေါက်တာလတ်ဦး ကိုယ်တိုင်လည်း မအားပေ။ လတ်သခင့်ကို ကျောင်းပို့၊ ကျူရှင်ပို့ လုပ်ရသလို ညစာကျက်လျှင် အဖော်ရအောင် စောင့်ပေးသည်။

"ဒက်ဒီ အိပ်ပါ၊ ခင် စာကျက်တာကို စောင့်မနေပါနဲ့၊ ဒက်ဒီ အိပ်ရေးပျက်ပါတယ်"

"ရပါတယ်သမီးရယ် ဒက်ဒီ အစောကြီးလည်း မအိပ်တတ်ပါဘူး၊ ဒက်ဒီမှာလည်း ဖတ်စရာစာအုပ်တွေက အများကြီးပဲ လေ"

ကြိုးစားနေသော သမီးအား အလိုက်သိစွာ စောင့်ရှောက် ပေးခြင်းပါ။

ဦးမင်းဒင်နှင့် ဒေါ်တိုးမာကလည်း လတ်သခင်၏ ကြိုးစား မှုအတွက် ဝမ်းသာနေကြသည်။





ဒေါ်တိုးမာက လတ်သခင် စာကျက်လျှင် အိပ်မငိုက်စေ ရန်အတွက် ကော်ဖီဖျော်ပေးခြင်း၊ လက်ဖက်သုပ်ပေးခြင်း၊ အချဥ် ထုပ်များ အဆင်သင့်ဝယ်ထားခြင်း စသည်ဖြင့် တစ်ခုလေးမျှ မလစ် ဟင်းစေရပါ။

"ခင် စားချင်တဲ့ဟင်းရှိရင်လည်း ပြောနော်၊ ကလေး အတွက် အန်တီမာ စပါယ်ရှယ်ချက်ပေးမယ်သိလား"

စာကြိုးစားနေရှာသော လတ်သခင်လေး စားကောင်းစေ ရန်အတွက် ဟင်းများကိုလည်း တစ်နေ့တစ်မျိုး မရိုးအောင် ချက်ပေး သည်။

"ဂဏန်းချဥ်စပ်ဟင်းစားချင်တယ်၊ အန်တီမာ ချက်တတ် သား"

"အို ချက်တတ်တာပေါ့ကွယ်၊ မဆလာနံ့သင်းသင်းလေး နဲ့ စားကောင်းစေရမယ်"

အပြုံးဝေဆာစွာဖြင့် ဒေါ်တိုးမာ ဖြေသည်။ လတ်သခင် က ဒေါ်တိုးမာကိုကြည့်ကာ

"အန်တီမာက ခင့်ကို သိပ်ဂရုစိုက်တာပဲနော်"

"အဟင်း ဒါပေါ့ကွယ်၊ ခင့်ကိုမှ ဂရုမစိုက်ရင် အန်တီ မာ ဘယ်သူ့ဂရုစိုက်မလဲ"

ထိုစကားကို ဒေါ်တိုးမာက ပီတိဖြစ်စွာပြောခြင်း။ လတ်သခင်က ခေါင်းခါယမ်းကာ

"မဟုတ်သေးဘူးလေ တကယ်တော့ အန်တီမာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်စရာ စာနီမင်းဆိုတဲ့ သမီးတစ်ယောက်လုံးရှိတာပဲ''

''ဟင် အယ် ဒါက''

စာနီမင်းအကြောင်းပါလာတော့ ဒေါ်တိုးမာ မျက်နှာပျက်
ချင်သည်။ သမီးအဖြစ် တစ်အိမ်တည်း ငယ်စဉ်ကတည်းက
ယခုတိုင် အတူနေခဲ့ပေမယ့် ထိုကလေးမကို ဒေါ်တိုးမာ နည်းနည်း
မျှ ချစ်၍မရပေ။

တကယ်တော့ ကိုယ့်ရင်ထဲက လွယ်မွေးထားတဲ့ သမီး
မဟုတ်လေဘဲ။

''ခင် သတိထားမိသလောက်တော့ အန်တီမာက စာ
အပေါ်ဆို ငယ်ငယ်လေးထဲက မျက်နှာသာ မပေးခဲ့ဘူး''

''ဟို ဟို ဒီလိုတော့မဟုတ်ပါဘူး သမီးရယ်၊ စာနီမင်း
က ဘဝမှေ့မှာစိုးလို့ အန် အန်တီမာက မျက်နှာသာမပေးခဲ့တာပါ''

ဒေါ်တိုးမာအကြောင်းပြချက် ပေးလိုက်၏။ လတ်သခင်
က ခေါင်းလေးတစ်ချက်ညိတ်သည်။

''အင်းလေ ဒါတော့ ခင်လည်းမသိပါဘူး၊ ခုတော့ ခင်
ကော်ဖီသောက်ချင်တယ် အန်တီမာ''

''အေး အေး ရစေမယ်ကလေး ခဏလေးစောင့်နော်''

လတ်သခင် ပူဆာလိုက်တာနှင့် ဒေါ်တိုးမာ သွက်သွက်
လေး ထွက်သွား၏။

ဒေါ်တိုးမာနှင့် လတ်သခင်တို့ ပြောစကားအားလုံး
ကြားရသူက ဒေါက်တာလတ်ဦး။





''အင်း မိခင်ဖြစ်ပြီး ကိုယ့်သားသမီးအပေါ် ဆက်ဆံတဲ့
မတိုးမာရဲ့စိတ်ရင်းက မဟုတ်သေးဘူး၊ တကယ်ဆို စာနီလေး
ဒီလောက်တော်တာ ရုပ်ရည်လေးကလည်း ဖြူဖြူသန့်သန့်နဲ့ ဘယ်
လောက်ချစ်ဖို့ကောင်းလဲ၊ ဝမ်းသာအားရဖြစ်နေရမှာပဲ''

ဒေါက်တာလတ်ဦး ကိုယ်တိုင်က ကိုမင်းဒင်၊ ဒေါ်တိုးမာ
တို့အနေဖြင့် စာနီမင်းအပေါ် တင်းမာစိမ်းကားသော ဆက်ဆံရေး
အား မြင်ခဲ့ဖူးပြီဖြစ်သည်။

''စာနီမင်းသာ ငါ့သမီးလေးဖြစ်လိုက်ရင် ဘယ်လောက်
ကောင်းမလဲ၊ အို အခုလည်း ငါ့သမီးလတ်သခင် စာမေးပွဲအောင်
ဖို့ ကြိုးစားနေရှာတာပဲ၊ စာနီလေးကိုလည်း ငါ့သမီးလေးလို သဘော
ထားပြီး ဆေးတက္ကသိုလ်စရိတ် တာဝန်ယူထားတာပဲလေ''

စာနီမင်းအတွက် ဒေါက်တာလတ်ဦး ကြားထဲမှ စိတ်မ
ကောင်းဖြစ်မိပေမယ့် ဘာသာနှစ်သိမ့်လိုက်၏။

တစ်နေ့က ဒေါက်တာရွှေမင်းဂန် ရောက်လာသည်။

''နေကောင်းပါတယ်နော် အန်ကယ်''

''အေးကွာ မောင်ရင်လည်း ခုတလောပျောက်လို့ပါလား
ကွ''

ဒေါက်တာလတ်ဦး အမေးကြောင့် ရွှေမင်းဂန် ပြုံးသည်။

''ကျွန်တော်မအားတာနဲ့ပဲ အန်ကယ် စိတ်ကတော့
အန်ကယ်ဆီ မကြာခဏ ရောက်ပါတယ်ခင်ဗျာ''

''အန်ကယ်နားလည်ပါတယ်ကွာ၊ ကဲ ဒီနေ့တော့



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးပဲ မဟုတ်လား"

"ဟုတ်ကဲ့"

"အဟေး မင်းက အချိန်ရပေမယ့် အန်ကယ်က အချိန် မပေးနိုင်ဘူးကွ၊ သမီးကို ကျူရှင်သွားကြိုရဦးမယ် မောင်ရင်"

သည်တော့မှ လတ်သခင်ကို ရွှေမင်းဂန် သတိရသွား၏။

"လတ်သခင် တကယ်ပဲ ကြိုးစားနေပြီလား အန်ကယ်"

"အင်း သူ့ဝါသနာပါရာကို ဘယ်လောက်များ လုပ်ချင် သလဲဆိုရင် အခု စာမှစာပဲဖြစ်နေတယ်ဗျာ"

"အဟွန်း ဘာပဲဖြစ်ဖြစ် လတ်သခင် ခုလို စာမေးပွဲအောင် ဖို့ ကြိုးစားတာ အန်ကယ်အတွက် ကောင်းတာပါပဲလေ"

"တစ်နည်းအားဖြင့်တော့ မှန်ပါတယ် မောင်ရင်၊ ကျုပ် သမီးတစ်ယောက်အနေနဲ့ အနည်းဆုံး ဘွဲ့တစ်ခုတော့ ရသင့်တယ် မဟုတ်လား"

ဖခင်လုပ်သူက ထူးချွန်ထက်မြက်သော ဆရာဝန် တစ်ယောက်။ သမီးက စာညံ့နေလျှင် ဘယ်မှာလိုက်ဖက်မလဲ။

"ဟုတ်ပါတယ် အန်ကယ်၊ လတ်သခင်ကိုလည်း ဒေါ် လိုပဲ ဆေးတက္ကသိုလ်ရောက်စေချင်ပါတယ် ခင်ဗျာ"

"ဒါတော့ ဖြစ်မှာမဟုတ်ဘူးကွယ့်၊ မင်းလည်း ကြား ပြီးတာပဲ ရွှေမင်းဂန်၊ ကျုပ်သမီးက ဆရာဝန်အလုပ် လုံးဝဝါသနာ မပါဘူးဆိုတာလေ၊ အဟွန်း ဟွန်း"

ဒေါက်တာလတ်ဦးက ပြောရင်း မချိသလိုရယ်၏။





"ဒါကတော့ သူ့ဝါသနာနဲ့သူပေါ့ အန်ကယ်"

"အင်း ဒီလိုပဲပြောရမှာပေါ့လေ၊ ဒါနဲ့ မင်း ဇာနီလေးဆီ ရောက်ဖြစ်သေးလား"

ဇာနီမင်းအကြောင်း မေးလာတော့ ရွှေမင်းဂန် မျက်နှာ အနည်းငယ်ပူသွား၏။ သို့သော်

"ကျွန်တော် အန်ကယ်ကို အသိပေးစရာကိစ္စလေး တစ်ခု ရှိလို့ပါခင်ဗျာ"

"ဟော ဘာများလဲကွယ့်၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း သာပြောပါ မောင်ရင်"

ရွှေမင်းဂန်မျက်နှာကို အကဲခတ်ကြည့်ရင်း ဒေါက်တာ လတ်ဦး ပေါ့ပါးစွာပြောလိုက်၏။

ရွှေမင်းဂန် ပြုံးကာ

"တကယ်တော့ အန်ကယ်ကိုလည်း အသိပေးသင့်တယ် လို့ ကျွန်တော်ယူဆမိပါတယ်၊ အကြောင်းကတော့ ကျွန်တော်နဲ့ ဇာနီတို့ လူငယ်သဘာဝ မေတ္တာမျှနေကြပါတယ် အန်ကယ်"

"ဟော့"

မထင်မှတ်သော သတင်းစကားကြောင့် ဒေါက်တာ လတ်ဦး အံ့ဩသွား၏။ ထို့နောက် ချက်ချင်းပြုံးလာကာ

"ကွန်ဂရက်ကျူလေးရှင်းပါ မောင်ရင်"

"ကျေးဇူးပါပဲ အန်ကယ်"

ရွှေမင်းဂန်ကို လက်ဆွဲနှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခုလိုအသိပေးတော့ အန်ကယ်ကလည်း နည်းနည်းပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်"

"အေးကွယ် တခြားတော့မဟုတ်ပါဘူး၊ စာနီမင်းဆိုတာ ဘယ်လိုကလေးမမျိုးလဲ၊ သူ့ဘဝ၊ သူ့မိဘအကြောင်း အားလုံး မင်းသိနေတာပဲ၊ ဘဝတစ်ခုအတွက် သေချာစဉ်းစားဆုံးဖြတ်ပြီးပြီ ဆိုရင် ဒီကိစ္စအားလုံး နောက်ပိုင်း ပြဿနာမဖြစ်ဖို့ မင်းတာဝန်ယူ နိုင်ပါ့မလား မောင်ရွှေမင်းဂန်"

ဒေါက်တာလတ်ဦးမှာ ဒီစကားကို စာနီမင်း၏ အုပ်ထိန်း သူတစ်ယောက်အနေဖြင့် ပြောခြင်းပါ။ ဒါကို ရွှေမင်းဂန် နားလည် ၏။

"ကျွန်တော် အန်ကယ်ကို ကတိပေးပါတယ်၊ ကျွန်တော့် ကြောင့် စာနီ စိတ်မဆင်းရဲစေရပါဘူး ခင်ဗျာ"

"သာဓုကွယ်၊ သာဓု၊ သာဓု"

ဒေါက်တာရွှေမင်းဂန်သည် ယောကျ်ားပီသ ယဉ်ကျေး သိမ်မွေ့သော လူတစ်ဦးဆိုတာ ဒေါက်တာလတ်ဦး သိထားခဲ့ပြီး၏။ ယခုတော့ စာနီမင်းနှင့် ကျေနပ်စွာ သဘောတူမိသည်။

ဣ ဣ ဣ



"ဆေးကျောင်းသူတစ်ယောက်ဟာ ဘယ်လိုနေရာမျိုးမှာ တကျက်ရမလဲဆိုတာသိလား နီ"

သူမေးတော့ သူမက ကော့ညွှတ်သောမျက်တောင်ကြီးများ ပင့်၍ကြည့်၏။

"ဘယ်လိုနေရာမျိုးလဲ ကိုကို"

"အဟွန်း အေးချမ်းတိတ်ဆိတ်တဲ့ နေရာပေါ့ဗျာ၊ ကိုကို ဆေးကျောင်းသားဘဝတုန်းကလည်း အဲဒီလိုကျက်တာပဲ၊ အခု နီ စာကျက်ဖို့နေရာ ကိုကိုတွေ့ထားပြီ"

"ဟင် တကယ်"

သူမ ဝမ်းသာဟန်လေးဖြင့် မေးတော့ သူပြုံး၍ ခေါင်း ညိတ်သည်။

"ဟုတ်တယ်၊ အခု အဲဒီနေရာလေးကို သွားနေတာဗျ"

"ကြည့်စမ်း ကိုကိုက ခုမှပြောတယ်"

မျက်စောင်းလေးထိုးရင်း ကားမောင်းနေသော သူ့ပခုံးပေါ် ခေါင်းလေးအသာမှေးတင်လိုက်၏။ ကိုကို့ထံမှ လဝ်ဆတ်သင်းပျံ့



www.burmeseclassic.com

www.burmeseclassic.com



သော ရနံ့က သူမရင်ကို လှုပ်ရှားစေသည်။

"နီက ကံကောင်းပါတယ်"

"ဘာကိုလဲ ကိုကို"

"ဪ နီကိုစာပြပေးမယ့် ဆရာကလည်း အနားမှာ အဆင်သင့်လေ"

"အဟင်း ကိုကိုလား"

"ဒါပေါ့ဗျာ နီ မသိတဲ့စာတွေအားလုံး ကိုကိုသင်ပေး နိုင်တယ်လေ"

"အင်း ဟုတ်တယ်နော်"

မကြာမီ သူကားက တိတ်ဆိတ်ကျယ်ဝန်းသော ခြံတစ်ခု ထဲသို့ ချိုးကွေ့ဝင်လိုက်သည်။ ခြံထဲမှာ ပေါ်တီကိုပါသော မီးနီး ရောင် တစ်ထပ်တိုက်လေးက ချစ်စရာ။

သူက ကားကို ပေါ်တီကိုအောက်ရပ်လိုက်၏။

"ဒါ ဘယ်သူ့အိမ်လဲ ကိုကို"

"နီ စာကျက်ဖို့နေရာလေ၊ ဘယ်လောက်တိတ်ဆိတ်လဲ ကဲ ဆင်း"

ကားတံခါးကို ဖွင့်ပေးရင်း သူပြော၏။ ခြံစည်းရိုးတစ်ပိုက် သစ်ပင်ကြီးများ၊ ဝါးပင်များကြောင့် တစ်ခြံလုံး အရိပ်ရကာ အေး နေသည်။

"တကယ် အေးချမ်းတိတ်ဆိတ်တာပဲနော် ကိုကို"



မျက်ဝန်းများဖြင့် ခြံကိုလှည့်ကြည့်ပြီး သူမပြောတော့ သူ ခေါင်းညိတ်၏။ ထို့နောက် သူက တိုက်တံခါးကို သွားဖွင့်သည်။

"အိမ်ပိုင်ရှင်ကော ကိုကို"

"ဒီမှာလေ"

ကိုကိုက သူ့ရင်ဘတ် လက်ညှိုးထိုးပြ၏။ သူမအံ့သြကာ

"ဟင် ဒါ ကိုကို့အိမ်လား"

"ဟုတ်တယ်ဗျာ၊ ခင်ဗျားလေးက ဘယ်သူ့အိမ်လို့ထင်နေ လဲ နီ"

"အို ကိုကိုက ဒီမှာတစ်ယောက်တည်းနေတာလား"

တိုက်လေးအထဲတွင်လည်း ကျယ်ဝန်းကာ ပါကေးများ ခင်းထားတာကြောင့် ပြောင်လက်နေ၏။ အိပ်ခန်းနှစ်ခန်း၊ ရေချိုး ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ ဧည့်ခန်း စသည်ဖြင့် သူ့နေရာ နှင့်သူ အချိုးကျတည့်ရှိနေ၏။

"ကိုကိုက ဒီကို တစ်ခါတစ်ရံမှလာအနားယူတတ်တာ၊ အလုပ်တစ်ဖက်နဲ့ဆိုတော့ များသောအားဖြင့် မြို့ထဲက ကွန်ဒိုတိုက် ခန်းမှာပဲ နေတယ် နီ၊ တစ်နေ့မှ နီကိုခေါ်သွားရမယ်"

သူမလက်လေးဆွဲ၍ တစ်အိမ်လုံး လိုက်ပြ၏။

"အိမ်လေးက ချစ်စရာလေးနော်"

"နီ သဘောကျလား"

"အင်း"





www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း ဒါဆိုရင် ဒီအိမ်လေးကို နီ ယူလိုက်တော့ဗျာ"

"အို ကိုကို့အိမ်ဆို နီက ဘာကြောင့်ယူရမှာလဲ"

"ဟောဗျာ ကိုကို လက်ဆောင်ပေးတာပေါ့"

"ဒီလောက်တန်ဖိုးကြီးတဲ့ လက်ဆောင် မလိုချင်ပါဘူး ကိုကို ရယ်"

သူမခေါင်းလေး ခါယမ်းပြောနေသမျှ သူပြုံးသည်။ လောကမှာ ဒီလောက်ရိုးသားတဲ့ မိန်းကလေးမျိုး ရှိမည်မထင်ပေ။

"ဒီအခန်းက ကိုကိုလာတိုင်းအိပ်တာ၊ စာကြည့်စားပွဲလည်းရှိတယ်၊ အခန်းက ကျယ်တော့ နီ အေးအေးဆေးဆေး စာကြည့်နော်၊ ကိုကို မနက်စာပြင်လိုက်ဦးမယ်"

"နီလည်း ကူလုပ်ပေးမယ်လေ ကိုကို"

သူထွက်သွားမည်လုပ်တော့ သူမ အလိုက်တသိ ပြော၏။

"နေပါစေဗျာ နှစ်ယောက်စာလောက်ကတော့ ကိုကို ချက်နိုင်ပါတယ်"

သူမနဖူးကို တစ်ချက်နမ်းပြီး သူထွက်သွား၏။ ကျယ်ဝန်းသော အခန်းထဲမှာ သူမတစ်ယောက်တည်း။ သူမ စာကြည့်စားပွဲ ရှေ့ထိုင်လိုက်သည်။

အို...ငါ့ဓာတ်ပုံလေးပါလား။

ရယ်ပြုံးနေသော သူမဓာတ်ပုံလေးကို ကိုကိုကူးထား





သည်။ ရွှေရောင်အသည်းပုံမှန်ဘောင်တွင် သွင်းထား၏။

ကိုကို့မှာ ဒီလောက်ပစ္စည်းတွေ အများကြီးရှိနေတာ သူမ မသိခဲ့ပါလား။ တကယ်တော့ ကိုကိုသည် သူမထက်သာသော မိန်းကလေးများနှင့် ဆုံဖို့ကောင်းသည်ဟု တွေးမိ၏။

"ဟောဗျာ စာကျက်ပါဆို ဘာငိုင်နေတာလဲ၊ ဪ ဒီဓာတ်ပုံကြည့်နေတာကိုး"

နောက်မှ ကိုကို့အသံပေါ်လာ၏။ ကြည့်လိုက်တော့ လက်ထဲမှာ အာလူးကြော်၊ ဝက်ပေါင်ခြောက်ကြော် တစ်ပန်းကန်နှင့်။

"ဒီပုံ ကိုကိုဘယ်တုန်းက ရိုက်ထားတာလဲဟင်"

"အဟွန်း နီ အမှတ်တမဲ့ရယ်နေချိန် ရိုက်လိုက်တာ သဘာဝကျလို့လေ"

"ကိုကိုက နီမသိအောင် ရိုက်တယ်"

မျက်စောင်းလေးဝင့်ကာ သူမပြော၏။

"ဘာလဲ အပြစ်ပေးမလို့လား နီ"

"ဟုတ်တယ်၊ ဒီပုံလေး နီယူသွားမယ် ကိုကို"

"မလုပ်ပါနဲ့ဗျာ ကိုကို့မှာ နီကိုလွမ်းတိုင်း ဒီပုံလေးပဲ ကြည့်စရာရှိတာ၊ ကဲ အဆာပြေစားဖို့ယူလာတယ်"

မုန့်ပန်းကန်ကို စားပွဲပေါ်ချပေးပြီး သူပြော၏။

"မရဘူး၊ မရဘူး၊ နီကတော့ ဒီဓာတ်ပုံလေးယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုးလို့ သူမပြောတော့ သူ နှုတ်ခမ်းကိုက်ကြည့်၏။

"ယူလေ နီက ဒီစာတ်ပုံကိုယူ၊ ကိုကိုက နီ့ကိုယူ"

"အို"

သူက ပြုံးခနဲ သူမကိုယ်လေးကို ဆွဲပွေ့လိုက်တာကြောင့် နှစ်ယောက်သား အနီးရှိ ခုတင်ပေါ်သို့ ပြုတ်ကျသွား၏။ သူမထံမှ နူးညံ့သော အတွေ့အထိများကြောင့် သူ့စိတ်တို့ လွတ်ထွက်ကုန်သည်။

"နီ နီရယ် သိပ်ချစ်တယ်ကွယ်"

"အို ကိုကို"

သူမမျက်နှာပြင်နှင့် လည်တိုင်ပေါ်သို့ မွှတ်သိပ်သော အနမ်းများ ကျရောက်လာ၏။ ပထမဆုံး အတွေ့အကြုံမို့ သူမ ခေါင်းတစ်ခုလုံး ယစ်မူးရီဝေသွားသည်။

"ကိုကို့ကို ချစ်လား နီ"

"အင်း...ဟင့်အင်း"

ကိုကို ဘာတွေမေးနေမှန်း သူမ မသိ။ ကိုကိုက သူမ မျက်ဝန်းများကို စိုက်ကြည့်သည်။

"ကိုကိုကတော့ နီကို သိပ် သိပ်ချစ်တယ်"

"အိုကွယ်"

သန်မာသော ကိုကို့နှုတ်ခမ်းများကြားတွင် သူမအသံလေး





တိတ်ဆိတ်သွားရ၏။

အမြင်ဘက်မှာတော့ ကျေးငှက်လေးများ သာယာစွာ တေးကျူးရင့်နေသည်။ လေညှင်းလေးများက အေးမြလန်းဆန်းစွာ တိုက်ခိုက်လျက်။

ကိုကို့ရင်ခွင်တွင် သူမမျက်ဝန်းလေးများ မှေးမှိတ်ထား၏။ ကိုကိုက သူမကျောပြင်ကို လက်ဖြင့်ဖွဖွသပ်နေသည်။

"ကိုကို"

"ဗျာ"

"နီ့ကို ပစ်မထားရဘူးနော်"

"အမယ်လေးဗျာ ဘာကြောင့် ဒီလိုပြောရတာလဲ၊ ဒီလူမင်းကြောင့် ဘယ်လောက်ရူးနေလဲဆိုတာ သိရဲ့လားဟင်"

မှေးမှိတ်ထားသော မျက်ဝန်းများကို သူ နှုတ်ခမ်းဖြင့် ဖိကပ်နမ်းသည်။

"မသိဘူး၊ ကိုကိုက သိပ်လည်တာပဲ"

မျက်ဝန်းများ ပွင့်လာလျက် သူမ မျက်စောင်းထိုး၏။ သူပြုံးကာ

"ကိုကိုက နီ့ကို သိပ်ချစ်လို့ပါ"

"အဲဒီလိုပြောလာတဲ့ ကောင်မလေးတွေ ဘယ်နှယောက်ရှိပြီလဲဟင်"

"အင်း တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်"

www.burmeseclassic.com

သူက ခပ်တည်တည်ဖြင့် လက်ရိုးရေတော့ သူမမျက်နှာလေးပျက်လာ၏။ ထို့နောက် သူ့ရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်သည်။

"ဟောဗျာ ဒါက ဘာဖြစ်တာလဲ"

"ဖယ် ကိုကို၊ ကိုကို့ဘာသာ အဲဒီမိန်းမတွေနဲ့ နေခဲ့တော့"

မျက်ရည်လေးဝဲကာ သူမပြောတော့ သူရယ်မဆုံး။

"အဟွန်း...ဟွန်း နီရယ် ကိုကိုက စတာကိုးကွာ"

"အို...မသိဘူး၊ မသိဘူး၊ လွှတ်"

"မလွှတ်ဘူး၊ နီလောက် ကိုကို ဘယ်သူ့မှမချစ်ဘူး၊ နီက ကိုကို့အသက် ကိုကို့အချစ်ဆုံး"

"အို အို"

သူတကယ်ကြမ်းတော့ သူမကိုယ်လေး ညွတ်ပျောင်းသွားရပြီ။ မဆုံးနိုင်သော အနမ်းရှည်ကြီးထဲသို့ ကိုကိုက သူမကို ခွဲခေါ်သွားလေ၏။

❀ ❀ ❀

"ဟာ ဦးနဲ့ဇာနီ"

တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်၍ ဗိုလ်ချုပ်ဈေးထဲမှ ထွက်လာသော ဒေါက်တာရွှေမင်းဂန်နှင့် ဇာနီမင်းတို့ စုံတွဲကို ထိပ်တိုက်ရင်ဆိုင်တွေ့လိုက်ရသူက လတ်သခင်။

"အို...ခင်"

ဇာနီမင်းကိုယ်တိုင်ကလည်း မမျှော်လင့်ဘဲ လတ်သခင်ကို တွေ့၍ အံ့သြသွား၏။ ရွှေမင်းဂန်ကတော့ တည်ငြိမ်စွာပင်။

"လတ်သခင်ပါလားကွ၊ တစ်ယောက်တည်းလား"

ထိုမေးခွန်းက လတ်သခင်ကို ထိသွားစေ၏။ သည်နေ့မှ သူငယ်ချင်းတွေကိုတောင် အဖော်မခေါ်ဘဲ လတ်သခင် ထွက်ခဲ့တာ။

လတ်သခင်က မျက်နှာလေးပျက်ချင်ချင်ဖြင့် ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ခင် တစ်ယောက်တည်းပဲ၊ ဒါနဲ့ ဦးတို့က"

ယခုထက်ထိ လက်များကို ဆုပ်ကိုင်ထားသော ရွှေမင်းဂန်

www.burmeseclassic.com



နှင့် ဇာနီမင်းအားကြည့်၍ မေးခြင်း။ အမှန်တော့ ဇာနီက လတ်သခင်နှင့်တွေ့ကတည်းက ကိုကို့လက်မှ ရုန်းထွက်ပါသည်။ သို့သော် ကိုကိုက မလွှတ်ဘဲ ထားချင်၏။

"နီ ပြောပြလိုက်မယ်နော်"

ရွှေမင်းဂန်က အပြုံးဖြင့် ဇာနီမင်းကို မေးပြီးမှ လတ်သခင်ဘက်လှည့်ကာ

"ကိုယ်တို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီ လတ်သခင်"

"ရှင်"

မမျှော်လင့်သော ရွှေမင်းဂန်စကားကြောင့် လတ်သခင်တစ်ယောက် ဘယ်လိုမှ မထိန်းနိုင်ဘဲ မျက်နှာအကြီးအကျယ်ပျက်သွားရ၏။ ဇာနီမင်းကတော့ ဘာကြောင့်မှန်းမသိ လတ်သခင်ကို အလိုလိုအားနာနေ၏။

"အတော်ပဲ ဒီနေ့ ကိုယ်တို့နဲ့ လတ်သခင်လာဆုံတာ၊ ကိုယ်တို့က လတ်သခင်ကို တစ်ဝိုင်းကျွေးရမယ်၊ ဟုတ်တယ်နော် နီ"

"ရှင်…ဟုတ်…ဟုတ်ကဲ့ ကိုကို"

တစ်ယောက်က နီတဲ့။ တစ်ယောက်က ကိုကိုတဲ့။ လတ်သခင် တွေ့နေရတာအားလုံး အိပ်မက်မဟုတ်ပါလား။

လတ်သခင့်ရင်ထဲ တလှိုက်လှိုက်တက်လာ၏။ ရွှေမင်းဂန်



ဆိုတဲ့ 'ချောမောခန့်ညားသည့် ယောကျ်ားတစ်ယောက်ကို လတ်သခင် ကြိတ်ကာ မျှော်လင့်ခဲ့သမျှ ယခုတော့ ဝုန်းခနဲ ပြိုလဲလေပြီ။

လတ်သခင်၏ ရင်ထဲ ထိခိုက်မှုများ မျိုသိပ်လျက် မချိသလိုပြုံးသည်။

"ကျေးဇူးတင်ပါတယ် ဦး၊ ဒီနေ့တော့ သူငယ်ချင်းနဲ့ သွားစရာရှိလို့၊ ဇာနီ ဦးရဲ့မေတ္တာကိုရတာ နင်တကယ်ကံကောင်းတယ် သိလား"

တကယ်ပဲ အားကျစွာ လတ်သခင် ချီးကျူးလိုက်ခြင်း။ ဇာနီမင်းက လတ်သခင်ကို မျက်လုံးချင်း ဖြည်းညှင်းစွာဆုံ၏။

"ကျေးဇူးပါပဲ ခင်"

"ကဲ ဦးနဲ့ဇာနီ ခင်သွားတော့မယ်"

"အေးကွာ ဒါဆို နောက်မှ အေးအေးဆေးဆေး ဆုံကြတာပေါ့ ဟုတ်လား"

"အင်း ကဲ ဂွဒ်ဘိုင်"

လက်လေးမြှောက်ပြနှုတ်ဆက်ပြီး လတ်သခင် ထွက်ခဲ့သည်။ သူတို့ကိုကျောခိုင်းလိုက်တာနှင့် လတ်သခင်ပါးပြင်ပေါ်သို့ မျက်ရည်များ ဝေါခနဲစီးကျလာသည်။

"ခင် စာမေးပွဲအောင်ရင် ဘာပေးမလဲ ဦး"

ဒင်နာစားတုန်းက ရွှေမင်းဂန်ကို လတ်သခင် မေးခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



သတိရလာ၏။

"အပွန်း လတ်သခင်လိုချင်တာ ပေးမှာပေါ့ဗျာ"

"တကယ်နော် ဦး"

"တကယ်ပါ ခင်"

အဟင်း ငါစာခမေးပွဲအောင်ရင် ဦးဆီကတောင်းမှာ ဦး၏ အသည်းနှလုံးကိုလေ။ ချောမောခန့်ညားတဲ့ ဦးကို ခင် ငယ်စဉ်က တည်းက စွဲလမ်းခဲ့ရတာမဟုတ်လား။

ထိုစိတ်ဖြင့် စာမေးပွဲအောင်ရန် စာတွေ ကြိုးစားခဲ့သ ယခုတော့ အလကားပါပဲ။ ဘယ်မှာလဲ လတ်သခင်ရဲ့ မျှော်လင့် ချက်တွေ၊ အချိန်အနည်းငယ်အတွင်းမှာ ပြိုလဲပျက်စီးကုန်ပြီ။

ဇာနီမင်း...

နင်က ဘဝကသာ ငါ့ထက်နိမ့်ပါးခဲ့တယ်၊ ကံအရတော့ နင့်လောက်ကံကောင်းတဲ့ မိန်းကလေး မရှိဘူးထင်တယ် အဟင်း ဟင်း။

တစ်သက်လုံး လတ်သခင်ရဲ့ အစေအပါး နေရာလော မှာသာရှိခဲ့တဲ့ ဇာနီမင်းက ပညာအရာမှာကော အချစ်ရေးရာမှာ လတ်သခင်ထက် များစွာသာနေပါလားဟု တွေးမိတော့ ရင် မှန်းချင်သွားရ၏။

ထိုအချိန်

"ကိုကို ဘာလို့ဖွင့်ပြောလိုက်တာလဲဟင်၊ ခင့်ကို အား





စရာပဲ"

ဇာနီမင်းက တိုးတိုးကြိတ်ကြိတ် အပြစ်တင်တော့ ရွှေမင်းဂန် နားမလည်သလို မျက်မှောင်ကြုတ်၏။

"ဘာကိုအားနာရမှာလဲ နီ၊ ကိုယ်တို့က တကယ့်ချစ်သူ တွေပဲ၊ ပြီးတော့ ကိုယ့်အနေနဲ့ လတ်သခင်ကို အမှန်အတိုင်း အသိ ပေးသင့်တယ်လို့ထင်တယ် နီ"

"ဒါပေမယ့် ခင်က ကိုကို့ကို ကြိတ်ပြီးစိတ်ဝင်စားနေ တာ"

မိန်းကလေးချင်းမို့ လတ်သခင်၏ မျက်ဝန်းဂဘ္ဘကို ဇာနီ မင်း သိနေပါသည်။

ရွှေမင်းဂန်ကတော့ အေးဆေးတည်ငြိမ်စွာ ခေါင်းညိတ်၏။

"လတ်သခင်ရဲ့စိတ်ကို သိနေလို့ ဒီနေ့ ကိုကို တမင်ဖွင့် ပြောလိုက်တာပဲ နီ"

"ဟင် ကိုကိုသိတယ်"

ဇာနီက အံ့ဩသလို ကိုကို့ကို ကြည့်သည်။ ရွှေမင်းဂန် ပြုံး၏။

"သိတာပေါ့နီရယ်၊ ဒါကြောင့် သူ့ကို မျှော်လင့်မနေစေ ချင်လို့"

"ကိုကိုမကောင်းဘူး၊ ဒီလိုသိနေလျက်နဲ့ ဘာကြောင့် ဖွင့်ပြောတာလဲဟင်၊ ခုဆို ခင်ဘယ်လောက်ထိ စိတ်ထိခိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်လဲ ကိုကို"

"ဗျာ...ဒီတော့ နီက လတ်သခင်ဆီ ကိုကို့ကိုစွန့်ပစ်မလို့ လားဟင်၊ ဒီမှာ အမိလေး ကိစ္စတစ်ခုကို ကြိုရှင်းထားတာ အကောင်းဆုံးပဲဗျ"

အသည်းနုကာ ဖြူစင်လွန်းသော သူမစိတ်ကို သိနေတာကြောင့် သူ နှစ်သိမ့်လိုက်၏။

သည်တော့ မျက်ဝန်းညိုကြီးများဖြင့် သူမကြည့်လာ၏။

"မစွန့်လွှတ်နိုင်ပါဘူး ကိုကိုရယ်၊ တကယ်တော့ နီ့ဘဝ တစ်လျှောက်လုံးမှာ ပိုင်ဆိုင်တာဆိုလို့ ကိုကို့မေတ္တာတစ်ခုတည်းပါ ရှင်"

"နီရယ်"

ချစ်စရာ၊ သနားစရာ၊ ကရုဏာဖြစ်စရာ မိန်းကလေးသည် ဇာနီမင်းသာဖြစ်၏။ သူက သူမလက်လေးကို တစ်ချက်ဖျစ်ညှစ် ပြီး

"ဒါကြောင့် မင်းနားက ဘယ်မှမသွားဖို့ ကိုကို ဆုံးဖြတ် ထားပါတယ် ကလေးရယ်"

"ကျေးဇူးပါပဲ ကိုကို"

"ဟောကြည့် ဒီနှုတ်ခမ်းလေးက ကျေးဇူးတင်စကား ပြောပြန်ပြီ"

သူနှုတ်ခမ်းကိုက်ကြည့်တော့ သူမပြုံးသည်။ ထိုအပြုံး





ရမှ သူ သက်ပြင်းချနိုင်၏။

"တကယ်တော့ လတ်သခင်အတွက်လည်း ကိုကို စိတ်မကောင်းပါဘူး နီ၊ ဒါပေမယ့် သူက တစ်ဘဝလုံး အနိုင်ရခဲ့သူ မဟုတ်လား၊ ကိုယ့်မေတ္တာမရလို့လည်း သူ့အတွက် ထူးခြားအားငယ်သွားစရာ မရှိပါဘူး နီရယ်"

"ဒါဆို ကိုကိုက နီ့ကို သနားကရုဏာနဲ့ ချစ်ခဲ့တာပေါ့နော်"

သူ ခေါင်းခါယမ်း၏။ သူမ မျက်တောင်ကော့ကြီးများပင့်၍ ကြည့်သည်။

"ဒီကောင်မလေးကိုတော့ ရင်ထဲက အလိုလိုကို ချစ်မိသွားတာ၊ သနားချစ်၊ ကရုဏာချစ်ဆိုတာက သပ်သပ်၊ ကိုကို့ဘဝမှာ မင်းလေးမရှိလို့ မဖြစ်ဘူးဆိုတာမျိုးပါ နီ"

"ကြည့်စမ်း ကိုကိုက သိပ်စကားပြောတတ်တာပဲနော်"

အားငယ်ချင်သွားသော သူမမှာ သူ့အပြောကြောင့် ပြန်အားတက်ရွှင်လန်းလာရ၏။

"ကိုကိုစကားတတ်တာ မဟုတ်ဘူးဗျ၊ ရင်ထဲက တကယ့်လေးနက်တဲ့ ခံစားချက်နဲ့ပြောတာ နီ"

"ဟုတ်ပါပြီရှင်၊ နီကလည်း ဒီဘဝမှာ ကိုကိုကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပါဘူးလို့"

"ကတိလား နီ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

လက်သန်းချင်းချိတ်၍ ကတိလုပ်လိုက်ကြ၏။ ကလေးဆန်သော အပြုအမူပေမယ့် သူတို့နှစ်ဦးအတွက် ပျော်ရွှင်ခြင်းနဲ့ အမှတ်ရစရာ။

"ဒီနေ့တော့ စောစောပြန်မှဖြစ်မယ် ကိုကို"

"ဘာကြောင့်လဲ နီ၊ ဟိုအိမ်လေးကိုသွားပြီး စာကျက်ရအောင်ကွယ်"

"ဟွန်း ကိုကိုနော်"

အဓိပ္ပာယ်ပါသော ကိုကို့အပြောကြောင့် သူမ မျက်စောင်းထိုးမိသည်။ သူရယ်ကာ

"ကိုယ့်ကိုမချစ်ဘူးလားဟင်"

"ကြည့် ဒါမေးစရာလားကိုကို၊ ချစ်လို့ပဲ"

"ဘာဖြစ်လဲ ဆက်ပြောလေ နီ"

"တော်ပြီကိုကိုရာ ကဲ နီကိုပြန်ပို့"

"အိမ်လေးသွားပြီးမှပဲ"

"မကဲနဲ့ကိုကိုရာ"

"ကဲ ကဲ ဒါဆိုလိုက်ပို့မယ်ဗျာ၊ တစ်ခါတည်း အိမ်မှာဘယ်သူစောင့်နေမှာ ကြနေတာပဲကွာ"

စိတ်ဆိုးဟန်သူပြောတော့ သူမပြုံးသည်။ ကိုကို့လက်မောင်းတွင် ပါးအပ်လိုက်၏။



"စိတ်မဆိုးပါနဲ့ ကိုကိုရယ်၊ နောက်တစ်ခါ နောက်တစ်ခါနော်"

"ကြည့် ဒီကောင်မလေး သိပ်တတ်တယ်"

"အား"

အသည်းယားစွာဖြင့် သူမ နှာခေါင်းချွန်ချွန်လေးကို လက်ညှိုးလက်မနှင့် သူအသာဖွဖွ ဆွဲညှစ်သည့်တိုင် သူမက တကယ်နာကျင်ဟန်ဖြင့် အော်ပြလိုက်လေ၏။

သူ့စိုးရိမ်ဟန်ဖြင့် ကြည့်တော့ သူမလွှင်လွှင်လေး ရယ်ပြလိုက်မှ သူပြုံးနိုင်သည်လေ။

ဦး ဦး ဦး

www.burmeseclassic.com

www.burmeseclassic.com

သည့်တစ်ခါနှင့်အတူ ဘယ်နှကြိမ်မြောက်မှန်းမသိ ဒေါက်တာလတ်ဦးတစ်ယောက် ညှို့ခန်းကျယ်ကြီးထဲတွင် လက်နောက်ပစ်၍ လျှောက်နေတာ ဆယ်ခါမကပြီ။

အမြဲတမ်း ကြည်လင်နေတတ်သော ဒေါက်တာလတ်ဦး မျက်နှာ ယခုတော့ မျက်ခုံးကြီးများ တွန့်လျက် လက်မှနာရီကို တကြည့်ကြည့်။

အချိန်က ညရှစ်နာရီရှိပြီ။

ညနေငါးနာရီကတည်းက ကျူရှင်ရှိသော လတ်သခင်ကို သွားကြိုပေမယ့် မတွေ့ခဲ့ရ။

"ဒီနေ့ လတ်သခင် ကျောင်းမတက်ဘူး အန်ကယ်"

"ဟင်"

လတ်သခင်နှင့်အတူ ကျူရှင်တက်နေကျ ကလေး တစ်ယောက်က ဒေါက်တာလတ်ဦးကို သိနေတာကြောင့် သတင်း ပေးသွားခြင်း။

အိမ်မှလွှတ်လိုက်တာ ကျူရှင်ကိုဖြစ်ပေမယ့် ယခု လတ်





သခင်က မတက်ဘူးဆိုတော့ ဦးလတ်ဦးရင်ထဲ ဗိုးရိမ်သွား၏။

စိုးရိမ်စိတ်ဖြင့် ကမန်းကတမ်း လတ်သခင်၏ ဟန်းဖုန်း ကို ဆက်ကြည့်ပေမယ့်

"လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ. စက်ပိတ်ထားပါ သဖြင့်"

ထိုအကြောင်းပြန်ချက်သာရ၍ ဆက်သွယ်မရခဲ့ပေ။ ကိစ္စရှိလို့ ကျောင်းပျက်တယ်ဆိုလျှင်တောင် ဖခင်ဖြစ်တဲ့ သူ့ကို လတ်သခင် ဖုန်းဆက်ပြောမြဲရမှာ မဟုတ်လား။

ယခု ဖုန်းပါပိတ်ထားတယ်ဆိုတော့ ဘာအကြောင်းများ ရှိနေလဲ။ မိဘတစ်ဦးအနေဖြင့် ဦးလတ်ဦးရင်ထဲ ပူလောင်သွား၏။

"သမီး အိမ်ပြန်ရောက်ချင်ရောက်နေမှာပါလေ"

ကိုယ့်ဘာသာတွေးပြီး အိမ်ရောက်ခဲ့သော်လည်း လတ်သခင်က မရှိပေ။

"ကိုမင်းဒင်၊ မတိုးမာ"

"ဗျာ ကိုဦး"

"ကျွန်မကို ဘာခိုင်းမလို့လဲ ဒေါက်တာ"

ဦးမင်းဒင်တို့ လင်မယား ထွက်လာပြီးမေး၏။ မျက်နှာမကောင်းသော ဦးလတ်ဦးကြောင့် တစ်ခုခုဖြစ်နေပြီဟု သူတို့ သိလိုက်ပေမယ့်

"သမီး ခုချိန်ထိ အိမ်ကိုပြန်မရောက်ဘူး၊ ဒီနေ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လည်းမတက်ဘူးတဲ့"

"ဗျာ လတ်သခင် ကျောင်းမတက်ဘူး ဟုတ်လား ကိုဦး"

"ဒါ ဒါဆို သူ သူ ဘာဖြစ်လို့လဲရှင်"

ဦးလတ်ဦးမှ စကားမဆုံးသေးပေ ဦးမင်းဒင်နှင့် ဒေါ်တိုးမာတို့ လတ်သခင်အတွက် စိတ်တွေပူကာ မျက်နှာပျက်ကုန်သည်။

"အဲဒါ ကျွန်တော် အပြင်သွားရှာမလို့ ကိုမင်းဒင်က ကျွန်တော်နဲ့လိုက်ခဲ့၊ မတိုးမာက အိမ်မှာစောင့်နေပါ၊ တကယ်လို့ သမီးပြန်ရောက်ရင် ကျွန်တော့်ဆီ ချက်ချင်းဖုန်းဆက်ပေးပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ စိတ်ချသွားပါ ဒေါက်တာ"

ဒေါ်တိုးမာမှာ ရင်ထဲက အပူမီးကို ဟန်ဆောင်လျက် ခပ်သွက်သွက် ခေါင်းညိတ်၏။

"ဪ ဇာနီကော"

"မိဇာရှိပါတယ် ဒေါက်တာ၊ သူ့အခန်းမှာ စာကျက်နေတယ်"

"အင်း ဒါဆို နေပါစေ၊ ကဲ ကျုပ်တို့သွားမယ်"

"ဟုတ်ကဲ့"

ဦးလတ်ဦးနှင့် ဦးမင်းဒင်တို့ လတ်သခင်ကိုရှာရန် ကားဖြင့် ထွက်ဖို့ပြင်စဉ်

"တီ"



"ဟော သမီးထင်တယ်"

အိမ်ရှေ့သို့ ကားတစ်စီးရပ်လာ၏။ ထို့နောက် ကားပေါ်မှ လတ်သခင်က မျက်နှာတည်တည်ဖြင့် ဆင်းလာသည်။

"လတ်ရေ ဗွဒ်ဘိုင်"

"ဘိုင်"

ဆူညံစွာဖြင့် ကားပြန်ထွက်သွား၏။ ဦးလတ်ဦးက လတ်သခင်နောက်မှ အိမ်ထဲလိုက်ဝင်ခဲ့သည်။

"ဒါ ဘယ်ကပြန်လာတာလဲ သမီး"

"ရုပ်ရှင်ကြည့်လာတာ"

"ဘာ"

မထီမဲ့ဟန်အဖြေကြောင့် ဦးလတ်ဦး ဒေါပွသွား၏။ လတ်သခင်အပေါ်ထပ် တက်မည်ပြုတော့

"အဲဒီမှာရပ်နေစမ်း လတ်သခင်၊ မင်း ဒီနေ့ကျောင်းမတက်ဘူးဆို"

"ဟုတ်တယ်"

ခေါင်းလေးမော့၊ နှုတ်ခမ်းတင်းတင်းစေ့ထားပုံက ထရိုက်ချင်စရာ။ သူက အပြစ်လုပ်ထားပြီး အရေးမစိုက်ဟန်နှင့်။

ဦးလတ်ဦး မျက်မှောင်တွန့်ကာ

"ညည်း အခု ဘာတွေလုပ်နေတာလဲ လတ်သခင်၊ ဒက်ဒီကို ပေးထားတဲ့ကတိ မေ့ပြီလားဟင်"

"မမေ့ဘူး၊ ခုချိန်ကစပြီး အဲဒီကတိလည်း တည်ချာ

www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ဘူး ဒက်ဒီ၊ တကယ်တော့ ခင် ဝါသနာပါရာလုပ်ချင်တာနဲ့ စာမေးပွဲအောင်တာ ဘာမှမဆိုင်ဘူး''

လတ်သခင်က ဖျတ်ခနဲ ဦးလတ်ဦးကို ရင်ဆိုင်၍ ပြောလိုက်၏။

''ဘာ…ဘာပြောတယ်၊ ဒါဆို ညည်းက ဘွဲ့လေးတစ်ခုတောင် ရအောင်မယူတော့ဘူးလား လတ်သခင်''

''မယူဘူး ဒက်ဒီ၊ ခင့်အတွက် အဲဒီဘွဲ့ဟာလည်း ဘာမှအရေးပါမှာမဟုတ်ဘူး၊ ခုချိန်ကစပြီး ခင်ဝါသနာပါတဲ့ အနုပညာကိုပဲ လုပ်တော့မယ်''

ဦးလတ်ဦးကို စူးစူးကြည့်ကာ လတ်သခင် စိန်ခေါ်လိုက်ခြင်း။ ဦးလတ်ဦးမျက်နှာ နီရဲသွားလျက်

''လုံးဝခွင့်မပြုဘူး၊ ဒေါက်တာလတ်ဦးရဲ့ သမီးဟာ အနည်းဆုံး ဘွဲ့တစ်ခုတော့ရရမယ်၊ ဒီအတွက် စာမေးပွဲဖြေရမယ် လတ်သခင်''

မိဘတစ်ယောက်၏ အမိန့်အာဏာဖြင့် ဦးလတ်ဦးက ပြင်းထန်စွာ ကန့်ကွက်သည်။ ဦးလတ်ဦးနှင့် လတ်သခင်တို့ ပြောသမျှအားလုံး တစ်နေရာမှ တိတ်ဆိတ်စွာကြည့်နေကြသူတွေက ဦးမင်းဒင်နှင့် ဒေါ်တိုးမာ။

သူတို့သမီး ဒေါက်တာလတ်ဦးအပေါ် ဒီလောက်ရိုင်းစိုင်းစွာ ဆက်ဆံနေတာကို အံ့ဩနေမိ၏။

လတ်သခင်က နှုတ်ခမ်းလေးမဲ့ခနဲပြုံးကာ



''ဘွဲ့မရ၊ စာမေးပွဲမအောင်ရင် ခင်က ဒက်ဒီ့သမီး မဟုတ်တော့ဘူးတဲ့လားဟင်''

''အေး ဟုတ်တယ်၊ ကိုမင်းဒင်တို့လို လူရဲ့သမီးတောင် ဆေးတက္ကသိုလ်ရောက်သေးတာ မင်းက ငါ့သမီးတစ်ယောက်အနေနဲ့ ဆယ်တန်းစာမေးပွဲလေးတောင် မအောင်နိုင်ဘူးဆိုတော့ မရှက်ဘူးလား လတ်သခင်''

ရုတ်တရက် စာနီမင်းနှင့် အနှိုင်းခံရတာကြောင့် လတ်သခင် ရင်ထဲက မာနနှင့် ဒေါသတွေ ဝုန်းခနဲဖြစ်သွားရသည်။

''ဟုတ်ပါတယ်၊ စာနီက ခင့်ထက်ပိုတော်ပါတယ်၊ ဒီတော့ ဒက်ဒီက စာနီကိုပဲ သမီးတော်လိုက်ပေါ့''

''ဘာ ညည်းဘာပြောလိုက်တယ် လတ်သခင်၊ ကိုယ့်ရင်ထဲက ဖြစ်လာတဲ့ သားသမီးကို ဘယ်လိုလူမျိုးနဲ့မှ အစားမထိုးနိုင်ဘူးဆိုတာ သိရဲ့လား အမိုက်မ''

သားသမီး ဘယ်လောက်ပင်ဆိုးပါစေ မိဘတွေအတွက် အမြတ်တနိုး ခွင့်လွှတ်ချစ်ကြတာ ဓမ္မတာပဲလေ။

ဦးလတ်ဦး၏ ကိုယ့်ရင်ထဲက သားသမီးကို ဘယ်လိုလူမျိုးနဲ့မှ မလဲနိုင်ဘူးဆိုသော စကားက တိတ်ဆိတ်စွာနားထောင်နေကြသည့် ဦးမင်းဒင်နှင့် ဒေါ်တိုးမာ့ရင်ကို ထိသွားစေ၏။

သူတို့ကတော့ ကိုယ့်သမီးအား ကောင်းစားစေချင်လွန်း၍ စွန့်လွှတ်ခဲ့မိသည်။ ဦးလတ်ဦး ခံယူချက်နှင့် ကွာခြားလိုက်တဲ့အဖြစ်။

''ဟုတ်တယ်၊ ခင်က မိုက်တယ် ဒက်ဒီ၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုပဲ ချစ်ခဲ့တာ၊ ခင့်ကို ငယ်ငယ်လေးကတည်းက စွန့်ပစ်ထားခဲ့ပြီး ခုမှ ဒက်ဒီဖြစ်ချင်တဲ့ဆန္ဒကို ဇွတ်အတင်း ဖော်ချင်နေတာပဲလေ"

လတ်သခင်၏ ပြင်းထန်သော စွပ်စွဲချက်ကြောင့် ဦးလတ်ဦး ခေါင်းထဲ မူးခနဲဖြစ်သွားလျက် ခြေတစ်လှမ်းနောက်သို့ ယိမ်းယိုင်သွားသည်။

"ကိုဦး"

"ဒေါက်တာ"

ဦးမင်းဒင်နှင့် ဒေါ်တိုးမာက စိုးရိမ်စွာပြေးလာသည်။ ဦးလတ်ဦးက ခေါင်းကို အသာဖိပြီး ဦးမင်းဒင်တို့ကို လက်ကာပြ၏။

"နေ နေ၊ ရတယ် ကိုမင်းဒင်"

ထို့နောက် ဦးလတ်ဦးသည် လတ်သခင်ကို ရီဝေစွာကြည့်လျက်

"ဒက်ဒီတောင်းပန်ပါတယ် သမီး၊ ဒက်ဒီဟာ အခြေအနေ အရပ်ရပ်ကြောင့် သမီးနားမှာ မနေခဲ့ရပါဘူး၊ ဒါပေမယ့် သမီးဘဝ ပြည့်စုံရေးအတွက် ဒက်ဒီ အမြဲတမ်း ဖြည့်ဆည်းပေးခဲ့ပါတယ်ကွယ်"

"ဟုတ်ပါတယ် ကလေးရယ်၊ ဒေါက်တာဟာ ကလေးနဲ့ ငယ်စဉ်ကတည်းက အတူမနေနိုင်ပေမယ့် ကလေးဘဝပြည့်စုံအောင် ထားခဲ့တာပါ"





ဒေါ်တိုးမာကပါ ဦးလတ်ဦး၏စကားကို ထောက်ခံ၍ လတ်သခင်အား ညင်သာစွာ ပြောလိုက်ပေမယ့်

"အို မသိဘူး၊ ခင် ဒါတွေနားမလည်ဘူး၊ တကယ်တော့ ဒက်ဒီ နိုင်ငံခြားမှာနေတာ ပျော်နေလို့ပဲ၊ ဒီတော့ ခင်လည်း ပျော်သလိုနေမယ်၊ ခင့်ကို ဘာမှလာမတားနဲ့"

"ဟင်...နင် နင် ကဲကွာ"

"ဖျန်း"

"အို"

"ဟင်"

မိဘဖြစ်သူက ဒီလောက်ချော့မော့တောင်းပန်နေပါလျက် ရိုင်းစိုင်းလွန်းသော လတ်သခင်စကားနှင့် အပြုအမူတွေကြောင့် ဦးလတ်ဦး စိတ်မထိန်းနိုင်စွာ ပါးရိုက်လိုက်မိတော့၏။

"အဟင်း ရိုက်ပါဒက်ဒီ၊ တကယ်တော့ ဒက်ဒီဟာ ခင့်ကို တစ်ခါမှ မချစ်ခဲ့ပါဘူး"

လတ်သခင်သည် ဦးလတ်ဦးကို စိမ်းတောက်စွာကြည့်လျက် အပေါ်ထပ်သို့ ပြေးတက်သွားလေတော့၏။

ထိုအဖြစ်အပျက်အားလုံးကို စာကျက်ရာမှ လိုက်လာခဲ့သော ဇာနီမင်း မြင်လိုက်ရသည်။ အန်ကယ်လတ်ဦးအတွက် စိတ်မကောင်းဖြစ်ကာ သက်ပြင်းသာ ရှိုက်မိတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း...ဒုန်း ကိုမင်းဒင်၊ ကိုမင်းဒင်၊ မတိုးမာတို့ ထကြပါဦး"

မနက်လေးနာရီမထိုးခင် ဦးလတ်ဦး၏အသံက အိမ်လေးရှေ့မှ အလောတကြီးဟန်ဖြင့် ပေါ်လာသည်။

ညက လတ်သခင်၏ ရှိုင်းစိုင်းသည့် အပြုအမူများအတွက် ဦးလတ်ဦးအပေါ် ကြိတ်အားနာနေသော ဦးမင်းဒင်၊ ဒေါ်တိုးမာတို့ အိပ်ရာဝင် နောက်ကျခဲ့၏။

ယခု ဦးလတ်ဦး လာနှိုးတော့ အိပ်မှုန်စုန်မွှားဖြင့် နိုးလာကြသည်။ စာနီမင်းက အရင်နိုးကာ အိမ်တံခါးဖွင့်ပေးလိုက်၏။

"ဘာဖြစ်လို့လဲ အန်ကယ်"

သောကရိပ်တို့ လွှမ်းနေသော ဦးလတ်ဦးအားကြည့်၍ စာနီမင်း မေးလိုက်တော့

"သမီး သမီး မရှိတော့ဘူးကွယ်"

"ရှင်"

"ဗျာ...လတ်...လတ်သခင် မရှိတော့ဘူးဟုတ်လား





ကိုဦး"

"အမယ်လေး လိုက်ရှာကြပါဦးရှင်"

စာနီမင်းနောက်မှ ရောက်လာသော ဦးမင်းဒင်၊ ဒေါ်တိုးမာတို့က လတ်သခင်ပျောက်သွားတယ်ဆိုတာနှင့် ပျာယာခတ် စိုးရိမ်သွားကြ၏။

"ဟုတ်တယ်ဗျာ၊ ညက သမီးကို ကျွန်တော်ရိုက်လိုက်မိတာ မှားသွားပြီထင်တယ်၊ သမီး သမီး ဘယ်အချိန်ထဲက ထွက်သွားမှန်းမသိဘူး"

"ဒါ ဒါဆို ကျွန်တော်တို့ လိုက်ရှာရမှာပေါ့ ကိုဦး"

"ဟုတ်တယ် ကိုမင်းဒင် ဒါကြောင့် ကျွန်တော် လာနှိုးတာ၊ ကဲ ကျွန်တော်နဲ့ ကိုမင်းဒင် လိုက်ခဲ့"

သမီးဧဖြင့် ပတ်ဝန်းကျင်က မှောင်နေသည့်ကိုင် ဦးလတ်ဦးမှာ ဦးမင်းဒင်ကို ခေါ်၍ ကားဖြင့်ထွက်ခဲ့၏။

"ဒုက္ခပါပဲအမေ၊ ခင် ခင် ဘယ်ထွက်သွားပါလိမ့်"

ကျန်ရစ်ခဲ့သော စာနီမင်းက စိုးရိမ်စွာ ဒေါ်တိုးမာအား ပြောမိ၏။

"အိုး...ဟဲ့ သူ့ သူ့ကို ညကရိုက်လိုက်တာကို၊ အဲဒါ စိတ်နာပြီး ထွက်သွားတာဖြစ်မှာပဲ"

ဒေါ်တိုးမာက ရုတ်တရက် ငိုရှိုက်ရင်း ဦးလတ်ဦးကို စိတ်နာသလို ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ အမေရယ် ခင်ကလည်း အန်ကယ်စိတ်ဆိုး အောင် ပြောတာကိုး"

"ဘာ ဘာ ညည်းက လတ်သခင် အိမ်ကထွက်သွား တာကို ဝမ်းသာနေတယ်မဟုတ်လား မိဇာ"

"ရှင် အမေ ဘယ်လိုပြောလိုက်တာလဲဟင်၊ လတ်သခင် ထွက်သွားတာကို သမီးက ဘာကြောင့် ဝမ်းသာရမှာလဲဟင်"

စိမ်းစိမ်းကြည့်၍ မေးလာသော ဒေါ်တိုးမာကြောင့် ဇာ မင်း ဝမ်းနည်းစွာ ပြောလိုက်၏။

"အယင်း ဘာကြောင့်ဝမ်းသာမှာလဲ ဟုတ်လား၊ ဦးလ ဦးက ညည်းတော်ကြောင်း၊ တတ်ကြောင်းတွေ လတ်သခင် ညကပဲ လတ်လတ်ဆတ်ဆတ် ချီးကျူးပြလိုက်တာလေ မိဇာ"

လတ်သခင် ထွက်သွား၍ အတော်စိတ်ထိခိုက်သွားဟ သော ဒေါ်တိုးမာကို ကြည့်ကာ ဇာနီမင်း တဖြည်းဖြည်း နားမလ နိုင်အောင် ဖြစ်လာ၏။

"အမေ သမီးဟာ အမေ့သမီးပါ၊ ခုတော့ လတ်သ ဘက်က အမေနာနေပါလားဟင်၊ အန်ကယ်လတ်ဦးက သမီး ချီးကျူးရင် အမေဝမ်းသာရမှာ မဟုတ်လားဟင်"

စိတ်ထိခိုက်စွာဖြင့် ဇာနီမင်းမေးလိုက်တော့ ဒေါ်တိုး ချက်ချင်း ကိုယ့်စိတ်ကိုယ်ပြန်ထိန်းကာ

"အို အရေးထဲ ညည်းဘာတွေလာမေးနေတာလဲ၊



သွား ကိုလတ်ဦးတို့ပြန်လာရင် မနက်စာစားဖို့ ပြင်တော့"

ဇာနီမင်း ဘာမှမပြောဘဲ ထွက်လာခဲ့၏။ အမေနှင့်ပတ် သက်၍ စိတ်ထိခိုက်ရလွန်းတာကြောင့် သူမ မျက်ရည်ကြိတ်ကျ မိသည်။

အမေရယ်...သမီးဟာ အမေ့သမီးမှ ဟုတ်ပါရဲ့လားရှင်။

ထိုအချိန်

"ကိုမင်းဒင် ကားကို ဒီထက်မြန်အောင် မောင်းစမ်းပါ ဗျာ"

သမီးဇောဖြင့် ကားကို အရှိန်မြင့်ကာ မောင်းနေသော ဦးမင်းဒင်ကို အားမရဟန်ဖြင့်ပြောသူက ဦးလတ်ဦး။

"ကျွန်တော်လည်း အမြန်ဆုံးမောင်းနေတာပါ ကိုဦး"

သည်အချိန်လောက်နှင့်တော့ အဝေးမရောက်နိုင်သေးဟု ဦးလတ်ဦး ယူဆလျက် ကားကို အမြန်မောင်းခိုင်းခြင်း။

တစ်ယောက်က အဖေရင်းဖြစ်သော ဦးမင်းဒင်။

တစ်ယောက်ကတော့ ကိုယ့်သမီးဟုထင်နေသော ဦးလတ် ဦး။

နှစ်ယောက်လုံး၏ ရင်မှာ လတ်သခင်အတွက် စိုးရိမ်လွန် ပူပန်လွန်းနေကြတဲ့အဖြစ်။

ဦးလတ်ဦးက ဦးမင်းဒင်အားမှာ ထိုင်လျက် လတ်သခင် ဟန်းဖုန်းကို အဆက်မပြတ် ခေါ်နေသည်။ သို့သော် ဖုန်းက ပိတ်

www.burmeseclassic.com



ထား၏။

"ကျွန်တော် မှားသွားတယ်ဗျာ၊ ကျွန်တော်မှားသွားတယ်၊ အခု သမီးလေး ဘယ်ရောက်နေပါလိမ့် ကိုမင်းဒင်"

လတ်သခင် ထွက်သွားတာ သူ့ကြောင့်ဟုထင်၍ ဦးလတ်ဦး စိတ်ထိခိုက်စွာ တတွတ်တွတ်ပြောနေသလို

"ခင်ဗျား မမှားဘူး ကိုဦး၊ တကယ်တော့ ကျွန်တော်တို့ မှားသွားတာပါ"

ဦးမင်းဒင်က စိတ်ထဲမှ ဦးလတ်ဦးအား ကြိတ်၍ပြောနေသည်။

"သမီးလေး ငါ့သမီးလေး ဘယ်မှာပါလိမ့်"

ကားမောင်းရင်း လတ်သခင်အတွက် စိုးရိမ်စွာ တွေးနေသော ဦးမင်းဒင်သည် လမ်းချိုးတစ်ခုအရောက်မှာတော့

"ဟာ"

"ကျွီ"

"ဝုန်း"

"ဒိုင်း"

တစ်ဖက်မှ အရှိန်ပြင်းစွာမောင်းလာသော ကုန်ကားကြီး တစ်စီးနှင့် ဦးမင်းဒင် မောင်းလာသော ကားတို့ ခေါင်းချင်းဆိုင်မိသောအခါ

"ကလင်...ကလင်"



"ဟဲ့ မိစာ ဖုန်းလာတယ်၊ အမြန်လာကိုင်စမ်း"

ကိုလတ်ဦးတို့ ပြန်အလာကို စိတ်လှုပ်ရှားစွာ စောင့်နေသော ဒေါ်တိုးမာမှာ ဖုန်းသံကြောင့် မျက်လုံးတွေ လက်ခနဲ ဖြစ်သွား၏။

လတ်သခင်ကို ပြန်တွေ့ပြီထင်။ ထမင်းစားခန်းမှာ မနက်စာ ပြင်နေသော စာနီမင်းက ဒေါ်တိုးမာအသံကြောင့် ဖုန်းအမြန်လာကိုင်သည်။

"ဟဲလို"

"ဒေါက်တာလတ်ဦးအိမ်ကပါလား ခင်ဗျာ"

"ရှင် ဟုတ်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ အရှေ့ပေါ်ဌာနက ဖုန်းဆက်တာပါ၊ ဒေါက်တာလတ်ဦး ကားအက်ဆီးဒင့်ဖြစ်လို့"

"ရှင် အန်ကယ်ဦး၊ အန်ကယ်ဦး ကားအက်ဆီးဒင့်ဖြစ်တယ် ဟုတ်လား"

မမျှော်လင့်သော သတင်းစကားကြောင့် စာနီမင်း မျက်လုံးတို့ ပြာခနဲဖြစ်သွား၏။

"ဟဲ့ မိစာ ဘယ် ဘယ်သူဖြစ်တာလဲ"

"အမေ မြန်မြန် မြန်မြန်လိုက်သွားမှဖြစ်မယ်၊ အန်ကယ်ဦး ကားအက်ဆီးဒင့်ဖြစ်လို့တဲ့"

"ဘာ...ဟင် ဒါ ဒါဆို ကိုမင်းဒင်ကော"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ဆုံးပြီး တစ်ယောက်ဒဏ်ရာပြင်းတယ်တဲ့၊ သမီးတို့ လိုက်သွားစို့အမေ"

"အမယ်လေး ကိုယ်ကျိုးတော့နည်းပါပြီ၊ အီးဟီး"

ဒေါ်တိုးမာမှာ ဦးမင်းဒင်အတွက် စိတ်ပူရင်း ဇာနီမင်းနှင့် ဆေးရုံသို့ အမြန်လိုက်ခဲ့၏။

လမ်းတစ်လျှောက် သေဆုံးသူမှာ ဦးမင်းဒင် မဖြစ်ပါစေနဲ့ဟု ဒေါ်တိုးမာ ကြိတ်ကာဆုတောင်းပေမယ့်

"သေဆုံးသွားသူက ဦးမင်းဒင်ပါ၊ ဒဏ်ရာရသွားတာက ဒေါက်တာလတ်ဦးပါ ခင်ဗျာ"

"အမယ်လေး ကိုမင်းဒင်ရေ ကျွန်မကိုထားခဲ့ပြီလားရှင်"

"အမေ အမေ"

ဒေါ်တိုးမာ အော်ငိုလိုက်သလို ဇာနီမင်းမှာလည်း ဦးမင်းဒင်အတွက် ဝမ်းနည်းစွာ မျက်ရည်တွေ ကျလာ၏။

ထိုအချိန်

"နီ...နီ"

"ဟင်...ကိုကို ကိုကို"

ရွှေမင်းဂန်ပါ ရောက်လာတာကြောင့် ဇာနီမင်း ငိုရှိုက်လိုက်ရင်း

"လုပ်ပါဦး ကိုကို၊ အဖေ အဖေ ဆုံးသွားပြီ၊ အန်ကယ်ဦးကတော့ ဒဏ်ရာပြင်းတယ်တဲ့"



"ဘယ်လိုဖြစ်ကုန်ကြတာပါလိမ့်ကွယ်"

မျက်နှာတစ်ခုလုံး မှုန်မှိုင်းသွားလျက် ဒေါက်တာလတ်ဦး၏ အခန်းဆီ အမြန်လာခဲ့လိုက်သည်။

ဆရာဝန်နှင့် တွေ့သောအခါ

"လူနာအတွက် သွေးလိုအပ်နေပါတယ်၊ အမြန်ဆုံးရမှ ဖြစ်မယ်"

"ဗျာ...သွေး သွေး ဟုတ်လား၊ အန်ကယ် သွေးအမျိုးအစားနဲ့တူတာဆိုရင်"

ရုတ်တရက် ရွှေမင်းဂန်က လတ်သခင်ကို ...ဘိရသွား၏။

"နီ နီ လတ်သခင်ကော အန်ကယ်အတွက် သွေးအရေးတကြီးလိုနေတယ်"

"ဟင် ဟုတ်လား ခင်၊ ခင် ဘယ်ရောက်နေမှန်းမသိဘူး ကိုကို"

"ဟာ"

ရွှေမင်းဂန်မှာ ကြာကြာစဉ်းစားမနေအားဘဲ လတ်သခင်ဖုန်းကို ဆက်ကြည့်လိုက်၏။

ကံကောင်းစွာ လတ်သခင်က ဖုန်းဖွင့်ထားသည်။ ရွှေမင်းဂန်ဖုန်းနံပါတ်ကို မြင်တာကြောင့်

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း ဘယ်မှာလဲ လတ်သခင်၊ အခု အန့်ကယ် ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံကို အမြန်လာပါ၊ အန့်ကယ်အတွက် သွေးလိုနေတယ်၊ အရေးကြီးတယ် လတ်သခင်"

"ရှင်"

တစ်ဖက်မှ လတ်သခင်သည် ဖခင်၏ သတင်းကြားတော့ သမီးတစ်ယောက်အနေဖြင့် စိတ်ပူသွားတာအမှန်။

"ကိုကို ခင် ခင်နဲ့ ဖုန်းပြောရရဲ့လားဟင်"

"အင်း"

"ဒါ ဒါဆို သူလာမှာလား ကိုကို"

"လာမယ်ထင်တာပဲ နီ၊ အန့်ကယ်ဟာ လတ်သခင်ရဲ့ အဖေပဲလေ"

ဒေါ်တိုးမာကတော့ ဦးမင်းဒင်အလောင်းဘေးမှာ ငိုရှိုက်နေ၏။ ဓာနီမင်းက ဒေါ်တိုးမာနားသွား၍ မျက်ရည်တွေကျရင်း

"စိတ်ကိုထိန်းပါ အမေရယ်၊ အဖေဟာ ဝဋ်ပါလာလို့"

"ဘာ ဘာ ဘာဝဋ်လဲဟင်၊ နင်က နင့်အဖေမဟုတ်လို့ ဒီစကားပြောတာဟုတ်"

"ရှင်"

စိတ်ကို ထိန်းချုပ်မှုမဲ့ကာ ခင်ပွန်းလည်းဆုံး၊ သမီးလည်း ပျောက်နေသော ဒေါ်တိုးမာတစ်ယောက် ဓာနီမင်းအား မုန်းတီးစွာ ပြောလိုက်ခြင်း။





ဒေါ်တိုးမာ၏စကားကြောင့် ဓာနီမင်း စိတ်ထိခိုက်လျက် အနားမှ မျက်ရည်များ ဝေါခနဲကျရင်းထွက်ခဲ့သည်။

အမေဟာ အဖေဆုံးလို့ အယောင်ချောက်ချားပြောမိတာ ပါလေဟု။

ဆ ဆ ဆ



www.burmeseclassic.com

www.burmeseclassic.com

"ဦး"

"တင် လတ်သခင်၊ မင်း မင်း လာတယ်နော်"

"ဒက်ဒီ ဒက်ဒီကောဦး"

စိုးရိမ်သောမျက်နှာဖြင့် လတ်သခင်မေးသည်။

"လာ လာ၊ အန်ကယ်အတွက် သွေးလိုနေတယ် လတ်သခင်"

ရွှေမင်းဂန်က လတ်သခင်ကို သွေးစစ်ရန်ခေါ်သွား၏။

"အန်ကယ်အတွက် သွေးလှူမှာမဟုတ်လား လတ်သခင်"

"အင်း"

ညကပါးရိုက်ထားသောအရှိန်ဖြင့် ဒက်ဒီကို စိတ်နာသည့်တိုင် ယခုအခြေအနေက သမီးတစ်ယောက်အနေနှင့် မဖြစ်မနေကူညီရမည် မဟုတ်လား။

"ဝမ်းနည်းစရာပဲဗျာ၊ ဦးလတ်ဦးနဲ့ လတ်သခင်တို့ သွေးကမတူပါဘူး"

"ဗျာ"





"ရှင်"

ဆရာဝန်၏စကားကြောင့် ရွှေမင်းဂန်နှင့် လတ်သခင်တို့ အံ့သြသွားသည်။

"ဒါ ဒါဆို ကျွန်တော့်သွေး"

ရွှေမင်းဂန်သွေးကို စစ်ကြည့်ပေမယ့်

"ကျွန်တော်တို့လိုတာ အိုသွေးပါခင်ဗျာ"

သေးစစ်ချက်မှ ရွှေမင်းဂန်သွေးနှင့်လည်း မတူပြန်ပေ။

"ကျွန်မက အိုသွေးပါဆရာ၊ အန်ကယ့်အတွက် ကျွန်မလှူပါ့မယ်ရှင်"

"ဟင် နှီ"

"ဇာနီ နင်က အိုသွေးဟုတ်လား"

"အင်း ဟုတ်တယ်ခင်"

တည်ငြိမ်သော မျက်နှာလေးဖြင့် သွေးလှူဖို့ပြောလာသည့် ဇာနီမင်းအား ရွှေမင်းဂန်နှင့် လတ်သခင်တို့ အံ့သြစွာကြည့်၏။

ဇာနီမင်း၏သွေးကို စစ်ကြည့်လိုက်တော့လည်း ပြောသည့်အတိုင်းတကယ်ပဲ 'အို'သွေးဖြစ်နေ၏။

"အိုသွေးရတာ လူနာအတွက် ကံကောင်းတာပဲဗျာ"

ဦးလတ်ဦး၏အသက်ကို ဆက်လိုက်သူက ဇာနီမင်းပင်။

ရွှေမင်းဂန်ကတော့ လက်ရှိအခြေအနေကို နားမလည်နိုင်အောင်ဖြစ်နေသည်။

အန်ကယ်ဦးရဲ့ သမီးက ဖခင်သွေးနှင့်မတူဘဲ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မသက်ဆိုင်သည့် ဇာနီမင်း၏သွေးက အန်ကယ်လတ်ဦးနှင့် သွေး
အမျိုးအစားချင်း လာတူနေတယ်ဆိုပါလား။

"ခင်ပြန်မယ် ဦး"

"ဟင် အန်ကယ်သတိရတဲ့အထိ မနေဘူးလား၊
လတ်သခင်"

လတ်သခင်က အံလေးကြိတ်၍ ခေါင်းခါယမ်းသည်။

"ဒက်ဒီ သွေးလိုတယ်ဆိုလို့ ခင်လာတာ၊ အခု ခင်မှမလို
အပ်တော့ဘဲ၊ အဟင်း ဒက်ဒီက ခင့်ကို ဘယ်ချစ်ပါ့မလဲ၊ သွေးချင်း
မှမတူတာကိုး"

စိတ်နာဟန်လေးဖြင့် လတ်သခင်ပြောတော့ ရွှေမင်းဂန်
မျက်မှောင်တွန့်သွား၏။

"ဘယ်လိုပြောလိုက်တာလဲ လတ်သခင်၊ ဘယ်လောက်
ပဲ သွေးချင်းမတူပါစေ၊ မိဘနဲ့သားသမီးဟာ မိဘနဲ့သားသမီးပဲ၊
အခုဒီအချိန်ဟာ ဘယ်လောက်အရေးကြီးနေလဲ သိလားခင်၊
ဦးမင်းဒင်က ဆုံးသွားပြီ"

"ဟင်"

"အန်တီမာကိုသွားပြီး အားပေးလိုက်ပါဦးကွယ်၊ မင်းစိတ်
ထင်ရာတွေ မလုပ်ပါနဲ့တော့ ခင်"

ရွှေမင်းဂန်က ညွှတ်နူးစွာတောင်းပန်လိုက်သည်။ လတ်
သခင်က မျက်ရည်တွေကျလာရင်း

"ဒီလိုဖြစ်တာ ဘယ့်သူ့ကြောင့်လဲ သိရဲ့လားဟင်၊ ဦး





ကြောင့် ဦးကြောင့်၊ ခင်ရဲ့မျှော်လင့်ချက်အားလုံးကို ဦးက ရိုက်ချိုး
ပစ်တာ"

မျက်ရည်များကြားမှ ရွှေမင်းဂန်ကို ခပ်စူးစူးကြည့်ရင်း
လတ်သခင် အပြစ်တင်လိုက်၏။

"ဘာလို့ ဖွင့်ပြောလိုက်တာလဲ ကိုကို၊ ခင် ဘယ်လောက်
ခံစားသွားရမယ်ထင်လဲ"

ရွှေမင်းဂန်နှင့် ဇာနီမင်းတို့ ချစ်သူတွေဖြစ်ကြောင်း လတ်
သခင်အား သူဖွင့်ပြောခဲ့စဉ် နီက အပြစ်တင်တာကို သတိရမိ၏။

သူ သက်ပြင်းချ ခေါင်းခါယမ်းကာ

"ဦးတောင်းပန်ပါတယ် ခင်၊ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ
ဦးစကားကို ခင် နားထောင်ပေးစေချင်တယ်ကွယ်"

လတ်သခင်က တစ်ချက်ရှိုက်ရင်း ရွှေမင်းဂန်နားမှ ပြေး
ထွက်ခဲ့သည်။

"သမီး"

"ဟင် အန်တီမာ"

ဒေါ်တိုးမာက လတ်သခင်ကို ဝမ်းသာဝမ်းနည်းကြည့်ကာ

"သ သမီးလေး ပြန်လာတယ်နော်"

မျက်ရည်တွေစီးကျရင်းမေး၏။ လတ်သခင်မှာလည်း
ဒေါ်တိုးမာကိုကြည့်ကာ ရင်ထဲက အလိုလို စိတ်မကောင်း ဖြစ်လာ
လျက်

"အန် အန်ကယ်မင်းဒင် ဆုံးပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ထက်တိုင် ဖခင်ရင်းကို ဖခင်မှန်းမသိသော လတ်သခင်အား ဒေါ်တိုးမာ ဖွင့်ပြောလိုက်ချင်ပေမယ့်

"အို သေတဲ့လူကလည်း သေပြီပဲ၊ ကိုမင်းဒင် အသက်တစ်ချောင်းလုံး ပေးဆပ်ခဲ့ရတဲ့ ငါ့သမီးလေးဘဝ မြင့်မားစေရမယ်"

တရားရစရာများကို မျက်မြင်တွေ့နေသည့်တိုင် 'ငါ' ဆိုသော အစွဲဖြင့် ဒေါ်တိုးမာက အဖြစ်မှန်ကို ဆက်လက်ဖုံးအုပ်ဖို့ ကြိုးစား၏။ ထို့ကြောင့် လတ်သခင်မေးတာကို လေးတွဲစွာ ခေါင်းညိတ်ပြရင်း

"အင်း ကို ကိုမင်းဒင် ဆုံးသွားရှာပြီ ကလေးရယ်"

ပြောရင်း ကျလာသောမျက်ရည်များကို အင်္ကျီလက်ပင့်ကာ သုတ်လိုက်၏။

"ခင် စိတ်မကောင်းပါဘူး အန်တီမာရယ်၊ အန်ကယ်မင်းအတွက် ခင် တတ်နိုင်သမျှ ကူညီပါ့မယ်"

လတ်သခင်ကပြောပြောဆိုဆို စလင်းဘက်အိတ်ထဲမှ ထောင်တန်တစ်အုပ် ထုတ်ပေးလေသည်။

"ယူပါ အန်တီမာ"

"အို ငွေ ငွေက အရေးမကြီးပါဘူးကွယ်၊ သ သမီး အိမ်ပြန်လာမယ် မဟုတ်လားဟင်"

နောက်တစ်ကြိမ် သမီးပျောက်ဆုံးသွားမှာစိုး၍ ဒေါ်တိုးမာမေး၏။

"အင်း ဒက်ဒီ နေကောင်းလာတဲ့အထိတော့ နေပါ့မယ်





အန်တီမာ"

"အို ဝမ်းသာ ဝမ်းသာလိုက်တာ ကလေးရယ်"

ယောက်ျားဆုံး၍ ဝမ်းနည်းနေရသည့်ကြားမှ လတ်သခင် အိမ်ပြန်လာမယ်ဆို၍ မိခင်စိတ်ဖြင့် ဒေါ်တိုးမာ ဝမ်းသာရလေ၏။

"အဟင်း အန်တီမာကသာ ဝမ်းသာနေတာပါ၊ ဒက်ဒီကတော့ ဝမ်းသာမှာမဟုတ်ပါဘူး"

"ဟင် ဘာ ဘာဖြစ်လို့လဲ ကလေးရယ်"

"ဘာဖြစ်ရမှာလဲ အန်တီမာ၊ အခု ဒက်ဒီအတွက် လိုအပ်နေတဲ့သွေးကို ဇာနီမင်း လှူနေတာလေ"

"ဘာ"

ထိုသတင်းကြောင့် ဒေါ်တိုးမာ မျက်လုံးပြူးသွား၏။ အဖေလိုတဲ့သွေးကို သမီးကပေးနေသတဲ့။

"ခင်နဲ့ ဒက်ဒီသွေးက မတူဘူးတဲ့လေ အန်တီမာ၊ သားအဖချင်း သွေးမတူဘဲ ဟိုတစ်ယောက်နဲ့ သွေးတူနေတာ မဆန်းဘူးလား"

"အို ဒါ ဒါမျိုးက ဖြစ်တတ်ပါတယ်ကွယ်၊ အမေဘက်က သွေးကလည်းရှိသေးတာကိုး"

မည်မျှပဲ ကလေးချင်းလဲပါစေ။ တကယ်တမ်းသွေးက စကားပြောလာတာ ဒီကိစ္စမှ အမှန်ဖြစ်နေပါလားဟု ဒေါ်တိုးမာ ကြိတ်တွေးရင်း

"ကိုလတ်ဦးများ ဒီကိစ္စရိပ်မိသွားရင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပင့်သက်ရှိုက်လိုက်မိလေ၏။

“ဘာပဲဖြစ်ဖြစ် ဒက်ဒီကတော့ ပြန်သတိရတာနဲ့ သူ့အသက်ကို ဇာနီကယ်လိုက်တယ်ဆိုပြီး ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ဘူး၊ အစကတည်းက ဒက်ဒီက ဇာနီကို ချီးကျူးပြီးသားမဟုတ်လား အန်တီမာ”

ဖခင်အတွက် အသက်ဆက်ပေးသော ဇာနီမင်းကို ကျေးဇူးတင်ရမည့်အစား လတ်သခင် ခပ်မဲ့မဲ့လေး ပြောနေပုံက အပြစ်တင်ချင်သလိုဟန်ပါ။

ဒေါ်တိုးမာကတော့

“ကိုလတ်ဦးအတွက် ငါ့သမီးက သိပ်စိတ်ပူပုံမရ၊ အင်းလေ ဘာယ်ရပါ့မလဲ ကိုလတ်ဦးက သမီးရဲ့ အဖေရင်းမှမဟုတ်တာ၊ ဟိုမိန်းကလေးကတော့ ဖအေသွေးဆိုတော့ ဖအေဖြစ်တဲ့ ကိုလတ်ဦးအတွက် အသက်ဆက်ပေးနေရဲ့ ဟင်း”

ဇာနီမင်းအကြောင်းတွေးရင်း ဒေါ်တိုးမာ နှုတ်ခမ်းမဲ့လိုက်သည်။ လက်ရှိ ဦးမင်းဒင်ဆုံး၍ ပူနေသော အပူမီးပင် ဇာနီမင်းကြောင့် ပျောက်ချင်သွားရပုံပါ။

✽ ✽ ✽

ရက်သတ္တပတ်ဆိုတာ တခဏလေးနှင့် ကုန်ဆုံးခဲ့ပါသည်။ ထိုရက်များမှာ ရွှေမင်းဂန်ကပဲ ဦးဆောင်၍ ဦးမင်းဒင်၏ ဈာပနကို ပြီးစေသည်။

ဒေါ်တိုးမာနှင့် ချစ်သူဇာနီမင်းကိုလည်း ရွှေမင်းဂန်က အားပေးနှစ်သိမ့်၏။

“အန်ကယ်မင်းဒင် မရှိတော့ပေမယ့် အားမငယ်ပါနဲ့၊ အန်တီမာနဲ့ဇာနီ ကျွန်တော်တို့ အန်ကယ်ဦးတို့ရှိပါတယ်”

“အဟင့် ဟင်း၊ အန်တီမာကတော့ သွားလေသူကြီးကို သတိရတာပါပဲကွယ်”

ပြောရင်း ဒေါ်တိုးမာငိုတော့ စိတ်ထိခိုက်သည့်ကြားမှ ဇာနီမင်းက မိခင်ကိုအားပေးသည်။

“သမီးတစ်ယောက်လုံး ရှိပါသေးတယ် အမေရယ်၊ အဖေ့အတွက် တတ်နိုင်သမျှ ကောင်းမှုကုသိုလ်တွေ လုပ်ကြရအောင်နော်”

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ၊ နောက်ဆုံး ဒါပဲရှိတာမဟုတ်လား"

ဦးမင်းဒင် ကိစ္စပြီးသွားပေမယ့် ဦးလတ်ဦးက ဆေးရုံမှာ ရှိသေး၏။ ဒဏ်ရာများအားလုံး ကျက်သလောက်ဖြစ်ပေမယ့် အနားယူ ဆက်ယူသည့်သဘော။

"နီလည်း သိပ်စိတ်ထိခိုက်မနေပါနဲ့ကွယ်၊ အန်ကယ်ဦး အတွက် သွေးလည်းလှူထားတော့ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ကိုကို"

မျက်နှာလေးအနည်းငယ် ချောင်သွားသည့်တိုင် ဇာနီမင်း၏အလှကတော့ မပျက်ပါ။

"ဒီနေ့ အန်ကယ်က ကိုယ့်ကို ခေါ်ထားတယ် နီ"

"ညနေစာကို နီချက်ပြီးလာပို့ပါမယ် ကိုကို"

"ဒုက္ခများပါတယ်ကွယ်"

ချစ်သူလေးပင်ပန်းမှာဆိုး၍ ရွှေမင်းဂန် မလာစေချင်။ သို့သော် ဦးလတ်ဦးအတွက် စိတ်ပူသော ဇာနီမင်းက

"အန်ကယ်က နီကိုယ်တိုင်လုပ်တဲ့ စွပ်ပြုတ်ပဲကြိုက်တယ် ဆိုလို့ပါ၊ ဒီလိုအချိန်မှာ အန်ကယ်ကျေးဇူး ပြန်ဆပ်ခွင့်ရတာပါ ကိုကိုရယ်"

"အင်းလေ၊ ဒါဆို နီလာရင် ကိုကို့ကို ဖုန်းဆက်လိုက်၊





ကိုကိုလာခေါ်မယ်"

"နီဘာသာ တက္ကစီနဲ့လာပါ့မယ်၊ ကိုကို အပင်ပန်းမခံပါနဲ့ရှင်"

ချစ်သူနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ညှာနေခြင်းပါ။ ရွှေမင်းဂန်ပြုံးကာ

"ကိုကိုက ယောကျ်ားဗျ၊ ခင်ဗျားက နုနယ်ပါ့ဘိနဲ့၊ တော်ကြာ အိပ်ရာထဲလဲဦးမယ်"

"အဟင်း ဒီလောက်ကြီးလည်း မဟုတ်ပါဘူး ကိုကိုရယ်၊ နီလည်း အားရှိပါတယ်"

"အေး အေး ဒါဆိုပြီးတာပဲ၊ အိပ်ရာထဲလဲမှ အရိုက်ခံရမယ်သိလား"

ရွှေမင်းဂန်က လက်ညှိုးထောင်ကာပြောတော့ ဇာနီမင်း ပြုံးနေလိုက်၏။

တကယ်တမ်းမှာ ကိုကို့ကိုလည်း သူမ ကျေးဇူးတင်နေရသည်။ အဖေ့ကိစ္စမှာ ကိုကိုဦးဆောင်၍ အားလုံး အဆင်ပြေခဲ့ရခြင်းပါ။

"ကျေးဇူးတင်ပါတယ် ကိုကို"

"ဟောဗျာ၊ ဘာကိုလဲအမိ"

ရုတ်တရက် ကျေးဇူးတင်စကားထပြောသော ဇာနီမင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရွှေမင်းဂန် နားမလည်ဖြစ်သွားရ၏။

"ဩော် နို့အဖေရဲ့ နာရေးကိစ္စအတွက် ကိုကို့ကြောင့် အားလုံး အဆင်ပြေတာလေ"

"မလိုပါဘူးဗျာ၊ ဒီလိုကိစ္စမျိုးဆိုတာ ကိုကို့ဘက်က လိုလိုလားလားလုပ်ရမယ့်ကိစ္စပါ၊ ကိုကိုက နီ စိတ်ထိခိုက်မှာပဲ စိုးရိမ်တယ်"

"ဒါတော့ ကိုကိုရယ်"

အသံတိမ်တိမ်လေးဖြင့်ပြောပြီး သူမ မျက်လွှာချသွားသည်။

"အင်း ဟုတ်ပါတယ်လေ၊ နို့အနေနဲ့က မိဘကိုး၊ တကယ်တော့ ကိုလည်း အန်ကယ်အတွက် စိတ်မကောင်းပါဘူး နီ"

"ဒီလိုပဲဖြစ်လာတော့၊ ဘယ်တတ်နိုင်မလဲ ကိုကိုရယ်"

ဖခင်အတွက် စိတ်ထိခိုက်ပေမယ့် ဘဝအတွက် ရှေ့ဆက်စရာတွေ ရှိသေးတာကြောင့် ဝမ်းနည်းကြေကွဲနေရုံနှင့်မပြီးဟု သူမ နားလည်၏။

ယခုဆို အမေ့အတွက် သူမပဲရှိတာမို့ ကြိုးစားရမည်ဟု ဆုံးဖြတ်ထားသည်။

"ကဲ ကဲ စိတ်မကောင်းစရာတွေ ရပ်ကြစို့ နီ၊ ဒါနဲ့





လတ်သခင်ကို မတွေ့ပါလား နီ"

ရွှေမင်းဂန်မေးမှ လတ်သခင်ကိုစ သတိရ၏။ သည်တော့ ဓာနီမင်း သက်ပြင်းလေးချသည်။

"ခက်တာပဲ ကိုကိုရယ်၊ လတ်သခင်က ဒီရက်ပိုင်း အိမ်ကပ်တယ်မရှိဘူး၊ အန်ကယ်ဦးဆိုလည်း တစ်ခေါက်နှစ်ခေါက်က လွဲပြီး မသွားတော့ဘူး၊ မိုးလင်းကမိုးချုပ် အပြင်ထွက်နေတယ်"

အိမ်မှာ လတ်သခင်ကို ဆုံးမနိုင်တဲ့လူဟူ၍ မရှိတာကြောင့် တစ်ချိန်က 'သခင်မလေး'ဟု အခေါ်ခံ လတ်သခင်ဘစ်ယောက် ထင်တိုင်းကျဲနေလေ၏။

"ဘာကြောင့်များ လတ်သခင်ဟာ အန်ကယ်ဦးကို သံယောဇဉ်မရှိတာပါလိမ့်ကွာ၊ ကဲ ကဲ ကိုယ့်ကို အန်ကယ်မျှော်နေမှာမို့ သွားတော့မယ် နီ"

"ဟုတ်ကဲ့"

ရွှေမင်းဂန် ထွက်သွားတော့မှ ညနေ ဆေးရုံကို ထမင်းပို့ရန်အတွက် ဓာနီမင်း မီးဖိုထဲဝင်ခဲ့၏။

"မိစာ"

"ရှင် အမေ"

ဟင်းချက်ဖို့ပြင်နေချိန် ဒေါ်တိုးမာရောက်လာ၏။ ဦးမင်းခင်ဆုံးပြီးနောက်ပိုင်း ဒေါ်တိုးမာသည် လတ်သခင်ကိုသာ အရိပ်လို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်နေ၏။

"ခုဏစ်လော လတ်သခင် ဘာအလုပ်နေလဲဆိုတာ ညည်းသိလား မိဖော"

လတ်သခင်ကို ကိုယ်တိုင်မမေးရဲတာကြောင့် သူနိုင်သော ဓာနီမင်းကိုပဲ ဒေါ်တိုးမာမေးရခြင်းပါ။

"သမီးလည်း သိပ်တော့မသိဘူး အမေ၊ ကြားရသလောက်တော့ သူ ဝါသနာပါတဲ့ အနုပညာအလုပ်တွေလုပ်နေတယ် ဆိုလားပဲ၊ ဘာဖြစ်လို့လဲ အမေ"

ဒေါ်တိုးမာ မျက်နှာက လတ်သခင်အတွက် စိုးရိမ်ပူပန်ဟန် အပြည့်။ ဓာနီမင်းမေးတော့ ဣန္ဒြေပြန်ဆယ်ကာ

"ဘာမှ မဖြစ်ပါဘူး၊ အပြန်မိုးချုပ်လွန်းလို့ မေးကြည့်တာကဲ ညည်းလုပ်စရာရှိတာလုပ်"

"ဟုတ်ကဲ့"

ထွက်ခွာသွားတော့ ဒေါ်တိုးမာ ကျောပြင်ကို လိုက်ကြည့်ရင်း ဓာနီမင်း သက်ပြင်းချမိ၏။

အင်း လတ်သခင်သာ အမေ့သမီးဆိုရင် ဘယ်လောက်ပူလိုက်မလဲမသိဘူး။

အိုလေ အမေက လတ်သခင်ကို ကျေးစူးရှင်သမီးမို့ ဂရုစိုက်တာပါ။

"အန်ကယ်ဦးအတွက် အချိန်မီ စွတ်ပြုတ်လုပ်မှ" ဟု တွေးရင်း လုပ်ငန်းစလိုက်၏။





ဒေါ်တိုးမာက အိမ်ရှေ့ခန်းမှာ တစ်ယောက်တည်းထိုင်လျက်။ ဘယ်အချိန်ပြန်လာမည်မသိသော လတ်သခင်ကို စောင့်မျှော်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ် နေကောင်းတယ်နော်"

"လာဟေ့ မောင်ရွှေမင်းဂန်"

သူရောက်သွားချိန်မှာ ဦးလတ်ဦးက ဓာတ်ပုံတစ်ပုံကို ကြည့်နေ၏။ သူ့အသံကြားမှ ဓာတ်ပုံကို အသာထားလိုက်ခြင်း။

"ဒီနေ့ အန်ကယ်မျက်နှာ အတော်လန်းတယ်"

"အင်း မောင်ရင်နဲ့ ဟိုကလေးမ ဓာနီတို့ကျေးဇူးကြောင့် ပါပဲလေ"

သမီးရင်းဖြစ်သူက တစ်ခါနှစ်ခါလောက်သာလာပြီး နောက်ထပ်မတွေ့ရပေ။

"မဟုတ်တာခင်ဗျာ၊ အန်ကယ်က ကျွန်တော်နဲ့ နီတို့ရဲ့ ကျေးဇူးရှင်ပါ၊ ခုလိုအချိန်မှာ အန်ကယ်ကို ပြုစုခွင့်ရတာပဲ ကျွန်တော်တို့က ဝမ်းသာနေတာပါ အန်ကယ်"

ထိုစကားကြားရတော့ ဦးလတ်ဦး သက်ပြင်းချ၏။

"မင်းတို့လို ဘာမှမဆိုင်တဲ့လူတွေက ဒီလောက်သိတတ်လျက်နဲ့၊ ဘာကြောင့်များ အန်ကယ်ရဲ့သမီးရင်း လတ်သခင်ဟာ





ဒီလောက် စိမ်းနေတာပါလိမ့် မောင်ရွှေမင်းဂန်"

လတ်သခင်အကြောင်းပါလာတော့ ရွှေမင်းဂန် ဘာပြောရမှန်းမသိ ဖြစ်သွား၏။

"ဒါ ဒါတော့ လတ်သခင်က ငယ် ငယ်သေးလို့ပါ အန်ကယ်"

သည်တော့ ဦးလတ်ဦး မချိသလိုပြုံး၏။ ထို့နောက် ခေါင်းအသာခါယမ်းကာ

"လတ်သခင်နဲ့ ဓာနီမင်းဟာ အသက်အတူတူပါပဲကွယ်၊ ဒါပေမယ့် ကလေးမ ဓာနီမင်းကတော့ လေးနက်တည်ငြိမ်တယ်၊ ကျေးဇူးတရားကိုလည်းသိတယ်၊ အနေအထိုင် အပြုအမူကအစ ယဉ်ကျေးသိမ်မွေ့လွန်းတယ် မောင်ရင်"

ချစ်သူအကြောင်း ချီးကျူးနေတာမို့ ရွှေမင်းဂန် ဂုဏ်ယူစွာ နားထောင်မိသည်။

"ဒီလို ချီးကျူးတာကြားရင် နီက နေတတ်မှာမဟုတ်ဘူး၊ အန်ကယ်"

"ချီးကျူးတယ်ဆိုတာထက် အန်ကယ်မြင်တဲ့ အမှန်တရားပါ မောင်ရင်၊ အထူးသဖြင့် အန်ကယ်အသက်ကို ဆက်ပေးလိုက်တဲ့ ဒီကလေးမရဲ့ ကျေးဇူးဟာ အန်ကယ်အတွက် ဆပ်လို့မကုန်နိုင်ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဇာနီမင်းမှာ သွေးလှူဒါန်းကြောင်း ဦးလတ်ဦးသိထားခဲ့ပြီဖြစ်၏။

"ဒါကတော့ ဇာနီက အန်ကယ်ကို ကျေးဇူးရှင်အဖြစ်"

"မဟုတ်ဘူး မောင်ရင်၊ အန်ကယ်နေရာမှာ တခြားလူဆိုရင်လည်း လိုအပ်တဲ့ သွေးကို ဒီကလေးမ လှူမှာပါ၊ သူ့စိတ်ဓာတ်လေးကိုက မွန်မြတ်တာပါ"

ဦးလတ်ဦးက သမီးရင်းဖြစ်တဲ့ လတ်သခင်အကြောင်းတစ်ခွန်းမှမဟဘဲ ဇာနီမင်းကိုသာ ဆက်ကာချီးကျူးနေတာကြောင့်ကြာတော့ ရွှေမင်းဂန်ပင် အနေရခက်လာသလို

"အမှန်တော့ အန်ကယ်ပြောတာလည်း မမှားပါဘူးခင်ဗျာ၊ နီက စိတ်ထားနူးညံ့တဲ့ မိန်းကလေးပါ"

အစကထဲက ချစ်သူလေး၏ စိတ်ဓာတ်ကို သိထားရိပ်မိသော ရွှေမင်းဂန်က ထောက်ခံမိသည်။

ဦးလတ်ဦးက ခေါင်းတဆတ်ဆတ်ညိတ်၏။ ထို့နောက် ရွှေမင်းဂန်ကို ကြည့်ကာ

"ဒီဓာတ်ပုံကိုကြည့်ပါမောင်ရင်၊ တစ်ယောက်ယောက်နဲ့များ တူမနေဘူးလား"

သူဝင်လာတုန်းက ဦးလတ်ဦးကြည့်နေသော ဓာတ်ပုံဖြစ်၏။ သူ ယူကြည့်လိုက်တော့ ဓာတ်ပုံမှာ အတော်လေးဟောင်းနေ



ကာ အဖြူနှင့်အနက်သာဖြစ်၏။ အသက်နှစ်ဆယ်လောက်အရွယ်ရှိတစ်ပတ်လျှိုဆံထုံးနှင့် မိန်းကလေးတစ်ယောက်၏ပုံဖြစ်သည်။

အဝတ်အစားက ရှေးကျဲဟန်။ မှန်နိုင်ငွေ့ ရင်ဖုံးလည်ဆောင်အင်္ကျီလက်တင်လေးကို အပွင့်ပါသော လုံချည်ဖြင့်တွဲဝတ်လျက် နှစ်မြို့ကဲ့စွာပြုံးနေဟန်။

အထူးသဖြင့် ထိုမိန်းကလေး၏ မျက်ဝန်းတွေကနူးညံ့ကာပါးချိုင့်လေးက အထင်းသားပေါ်နေ၏။

"ဒါ ဒါ နီပုံ၊ ဟာ မဟုတ် မဟုတ်သေးပါဘူး၊ နီမှာဒီလို ဓာတ်ပုံမှမရှိဘဲ အန်ကယ်"

ရွှေမင်းဂန်က ဓာတ်ပုံကိုကြည့်ပြီး ဦးလတ်ဦးအား အံ့သြသလိုပြောလိုက်၏။

ဦးလတ်ဦးက သူ့လက်ထဲမှ ဓာတ်ပုံကိုပြန်ယူ၍ စိုက်ကြည့်သည်။

"ဒါ အန်ကယ်ဇနီး မခင်မွေ့ပုံပဲ မောင်ရင်"

"ဟင် ဒါဆို လတ်သခင်အမေပေါ့"

"ဟုတ်တယ်၊ လတ်သခင်ရဲ့ အမေတော့မှန်တယ်၊ ဒါပေမယ့် လက်ရှိလတ်သခင်ရဲ့အမေတော့ မဟုတ်ဘူး၊ ဇာနီမင်းလို့ မင်းသိထားတဲ့ လတ်သခင်ရဲ့ အမေပဲ မောင်ရွှေမင်းဂန်"

"ဗျာ အန်ကယ်၊ ဘာပြောလိုက်တာလဲ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားမလည်ဘူးခင်ဗျာ"

လုံးဝမျှော်လင့်မထားသောစကားမို့ ဦးလတ်ဦး ဘာဆိုလိုချင်တယ်ဆိုတာ သေချာအောင် သူပြန်မေး၏။

ဦးလတ်ဦးက သူ့ကို တည်ငြိမ်လေးနက်စွာကြည့်လာသည်။

"ဒီအချိန်မှာ အန်ကယ်ကျန်းမာရေး လုံးဝကောင်းနေပြီဆိုတာ မောင်ရင်လည်း ဆရာဝန်တစ်ယောက်အနေနဲ့ သိတယ်နော်"

"ဗျာ ဟုတ်ကဲ့၊ အန်ကယ်"

"ဒါဆို အခု အန်ကယ်ပြောမယ့် စကားတွေကို မောင်ရင် သေသေချာချာနားထောင်ပါ၊ အန်ကယ်ဟာ သမီးကို လသား အရွယ်မှာပဲ ကိုမင်းဒင်တို့လင်မယားဆီမှာ တိုက်နဲ့ခြံနဲ့တကွ ယုံယုံကြည်ကြည် အပ်နှံခဲ့တယ် မောင်ရင်"

"နိုင်ငံခြားမှာ အန်ကယ်ပြောပြထားလို့ ကျွန်တော်သိပြီးပါပြီ ခင်ဗျာ"

ကျန်ခဲ့သော သမီးအကြောင်းကို ဦးလတ်ဦး အမြဲပြောပြတတ်ခဲ့တာမို့ လတ်သခင်၏အကြောင်းအား ရွှေမင်းဂုန် ရင်းနှီးခဲ့၏။

"အေး အဲဒီလို လသားအရွယ်မှာ ကျန်ခဲ့တဲ့သမီးလေးဟာ ဒီတိုက် ဒီခြံပိုင်ရှင်မလေး နိုင်ငံခြားက အန်ကယ်ထောက်ပံ့ပေးသမျှ





သမီးလေးပဲ ရမှာဆိုတော့ ကိုမင်းဒင်နဲ့မတိုးမာတို့စိတ်ထဲ လောဘစိတ်တွေ တက်နိုင်လာတယ်မဟုတ်လား မောင်ရွှေမင်းဂုန်၊ ဒီမှာပဲ အန်ကယ်သမီး လတ်သခင်နဲ့ သူတို့သမီး ဇာနီမင်းကို ကလေးချင်း လဲထားလိုက်ကြပုံပဲ"

"ဒီ ဒီအကြောင်းတွေ အန်ကယ်ဘယ်လိုသိတာလဲ ခင်ဗျာ"

သူ့အံ့သြသလိုမေးတော့ ဦးလတ်ဦး မချိသလိုပြုံး၏။

"အမှန်တော့ အစက အန်ကယ်လည်း မရိပ်မိခဲ့ပါဘူးကွယ်၊ ဒါပေမယ့် အန်ကယ်နဲ့ မခင်မြေ့တို့ရဲ့သမီးဟာ စာဆိုနည်းနည်းလေးမှ စိတ်မဝင်စား၊ အပျော်အပါးနဲ့ အလှအပမက်၊ လူကြီးမိဘကိုမလေးစား စတဲ့အပြုအမူတွေ ကြည့်မိသတိထားမိရင်း ကိုမင်းဒင်နဲ့ မတိုးမာတို့လို သမီးမျိုးက ယဉ်ကျေးသိမ်မွေ့နူးညံ့လို့ ဝါသနာကလည်း အန်ကယ်လို ဆရာဝန်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်၊ လူကြီးမိဘကို လေးစားရိုသေ၊ ဒါတွေအားလုံး နှိုင်းယှဉ်မိတဲ့အခါ သံသယအတွေးတွေ ဝင်လာမိတယ် မောင်ရွှေမင်းဂုန်၊ ပိုသေချာတာကတော့ အန်ကယ်ကို လိုအပ်တဲ့သွေးလှူတဲ့အချိန် အန်ကယ်သမီးဖြစ်တဲ့ လတ်သခင်ရဲ့သွေးဟာ အန်ကယ်နဲ့မတူဘဲ၊ ကိုမင်းဒင်ရဲ့သမီးက အန်ကယ်နဲ့ သွေးလာတူနေတဲ့အဖြစ်ပဲ မောင်ရင်"



www.burmeseclassic.com

www.burmeseclassic.com



စကားရှည်ကြီးပြောလိုက်ရ၍ထင် မောသွားဟန်ဖြင့် ဦးလတ်ဦး ခဏနားၓ၏။ ရွှေမင်းဂန်မှာလည်း ဦးလတ်ဦး၏ ထင်မြင်သုံးသပ်ချက်တွေအပေါ် စဉ်းစားရင်း တကယ်ပဲ လတ်သခင်နဲ့ ဇာနီမင်းတို့ လူလဲခံထားရသလားဟု ထင်လာသည်။

တကယ်ဆာမှန်နေလျှင်တော့ ချစ်သူလေး ဇာနီမင်းအမည်ခံ လတ်သခင်သည် တကယ့်ကို သနားစရာကောင်းနေပြီ။

"အမှန်တော့ ဒီအတွေးတွေအားလုံး ဆေးရုံပေါ်မှာပဲ အန်ကယ်တွေးမိတာပါ၊ ဒါနဲ့ သေချာအောင် သိမ်းထားတာကြာပြီဖြစ်တဲ့ မခင်မွေ့ပုံကို ထုတ်ကြည့်ရင်း သမီးဇာနီမင်းနဲ့ တူလွန်းတယ်လို့ မြင်မိလာတာနဲ့ မောင်ရင်ကို ပြကြည့်တာပဲ"

"ဒါဆို အန်ကယ်ကပဲ တစ်ဖက်သတ် ရိပ်မိနေတာပေါ့ ခင်ဗျာ"

"ဒါပေါ့ကွယ်၊ ကိုမင်းဒင်ကို မေးရအောင်လည်း သူ မရှိတော့ဘူးလေ၊ အင်း လတ်သခင် ပျောက်သွားတဲ့နေ့က ကိုမင်းဒင်နဲ့ မတိုးမာတို့လင်မယား မျက်နှာတွေပျက်ပြီး ပျာယာခတ်ကုန်တာ မြင်ယောင်မိသေးတယ်"

ကားအက်ဆီးဒင့်ဖြစ်သည့်နေ့က အကြောင်းမှန်ကို ဇာနီမင်း ပြောပြထား၍ ရွှေမင်းဂန်သိနေ၏။

"သူတို့သွေးဆိုတော့ ရင်ထဲ ကြိတ်ပြီးစိုးရိမ်ပူလောင်ကုန်



မှာပေါ့ အန်ကယ်"

"သေချာတာပေါ့ အန်ကယ်ကလည်း ကိုယ့်သမီးလေးဆိုပြီး၊ သူတို့ကလည်း သူတို့သမီးဆိုပြီး ပူနဲ့၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်ကုန်ကြတာပါပဲလေ"

သေဆုံးသွားသော ဦးမင်းဒင်အတွက် စိတ်မကောင်းဟန်ဖြင့် ဦးလတ်ဦးပြောသည်။

"အန်ကယ် ဒီလိုရိပ်မိတဲ့အကြောင်း ဆော်ကိုးမာသိအောင် ဘယ်လိုပြောမလဲ"

"မပြောသေးဘူး၊ သေချာအောင် ထပ်လုပ်ဦးမယ်၊ ဒီလိုကိစ္စဆိုတာ သေချာမှကောင်းတယ် မောင်ရွှေမင်းဂန်"

"ဒါတော့ မှန်ပါတယ် အန်ကယ်၊ ဒီအဖြစ်ဟာ တကယ်မှန်ရင် နို့အတွက် သိပ်စိတ်မကောင်းစရာပဲ အန်ကယ်၊ ကျွန်တော်လည်း အတတ်နိုင်ဆုံး ကူညီပါ့မယ်"

"အေးကွယ်"

ထိုစဉ်

"အန်ကယ်နဲ့ကိုကို၊ ဘာတွေစကားကောင်းနေကြတာလဲဟင်၊ ဒီမှာ အန်ကယ်အတွက် နီကိုယ်တိုင် ဒွပ်ပြုတ်ပူပူလေး လုပ်လာတယ်"

အသံပေးရင်း ဝင်ရောက်လာသော ဇာနီမင်းကို ဦးလတ်ဦး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရွှေမင်းဂန် ပြိုင်တူလှမ်းကြည့်မိ၏။

ကြည့်စမ်း။ ဒီနေ့မှ သူမက ရင်ဖုံးအပြာနု လည်ထောင် အင်္ကျီလက်တင်လေးကို အပြာရင့်တွင် ပြာနုပွင့်စိပ်လေးများပါသော လုံချည်နှင့်တွဲဝတ်ထားတာ ဓာတ်ပုံထဲက မခင်မွေ့အတိုင်းပါပဲ လား။

ဇာနီမင်းခေါ် လတ်သခင်ကတော့ နက်မှောင်သော ဆံနွယ် များကို ဆံမြီးတုတ်တုတ်တစ်ချောင်းတည်း ကျစ်ထားတာပဲ ကွာခြား၏။

“နို”

“သမီး”

“ဟင် အန်ကယ်နဲ့ ကိုကို ဘာဖြစ်နေကြတာလဲဟင်၊ ဘာကြောင့် နီကို ဒီလောက်ကြည့်နေကြတာလဲ”

သည်တော့မှ ဦးလတ်ဦးနှင့် ရွှေမင်းဂန် သတိဝင်ကာ ပြိုင်တူခေါင်းခါယမ်းရင်း

“ဘာမှမဟုတ်ပါဘူးကွယ်၊ သမီးက ဒီဝတ်စုံလေးနဲ့ လိုက်လို့ပါ”ဟု ဦးလတ်ဦး အလိုက်သင့်ပြောတော့

“ဟုတ်တယ် နီရဲ့၊ အမြဲတမ်း နီဝတ်လိုက်ရင် ဒီဝတ်စုံ မျိုးလေးမို့ သိပ်ယဉ်တာပဲ”

“အဟင်း အန်ကယ်နဲ့ ကိုကိုတို့အတွက် ဟင်းတွေအများ



ကြီး ချက်ယူလာပါတယ်ရှင်၊ အန်ကယ် ဟင်းပူပူလေးမို့ စားလိုက် နော်”

“အင်း အင်း”

ပါးချိုင့်လေးတွေပေါ်အောင်ပြုံးပြီး ပြောလိုက်သော ဒီကလေးမဟာ မခင်မွေ့ကိုယ်စားပါလားဟု ဦးလတ်ဦး နာကျင် စွာ တွေးလိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒင် ဒင်"

တိုင်ကပ်နာရီမှ ဆယ်နာရီဝန်းကျင်ပြနေပြီ။ ယခုချိန်ထိ ပြန်မရောက်လာသေးသူက လတ်သခင်။ ဒေါ်တိုးမာသည် အိမ်ရှေ့မှာ တစ်ယောက်တည်း ဟိုလျှောက်ဒီလျှောက်ဖြင့် လတ်သခင်ခေါ် စာနီမင်းကို မျှော်နေမိ၏။

ဆေးရုံကိုသွားသော စာနီမင်းလည်း ပြန်မရောက်သေးပေမယ့် ဒေါ်တိုးမာ စိတ်မပူပါ။

"ဟင်း သွေးကစကားပြောတယ်ဆိုတာ ဒါပေါ့၊ 'ဖအေလုပ်သူ စားကောင်းအောင်ဆိုပြီး မိဖက သူ့ကိုယ်တိုင် ဟင်းအမျိုးမျိုး ချက်ပြုတ်ယူသွားလေရဲ့"

ဦးလတ်ဦးထံသွားသော စာနီမင်းအမည်ခံ လတ်သခင် အစစ်အား ဒေါ်တိုးမာ ကြိတ်ကာ အပြစ်တင်တွေးလေ၏။

"သမီး သမီး ဒီအချိန်ထိ ပြန်မလာအောင် ငါ့သမီးလေး ဘာလုပ်နေပါလိမ့်"

ထိုစဉ်





"တီ"

"ယော သမီးပြန်လာပြီ"

ကားပေါ်မှ သူငယ်ချင်းတွေတရှန်းရှန်းနှင့် လတ်သခင် ဆင်းလာသည်။

"ခင်"

"အို"

ကားပေါ်မှဆင်းခါနီး အမျိုးသားတစ်ယောက်က လတ်သခင်ကိုယ်လေးကိုဆွဲ၍ နမ်းခိုက်

"ဟင်"

ထိုမြင်ကွင်းကို တွေ့လိုက်ရသော ဒေါ်တိုးမာ မျက်စိပြာခနဲဖြစ်သွား၏။

"ဂွဒ်နိုက် ဘိုင်"

လတ်သခင်က ကားပေါ်မှ ခပ်တည်တည်ဆင်းလာပြီး ဒေါ်တိုးမာကို တစ်ချက်မကြည့်ဘဲ အိမ်ထဲဝင်၏။

ဒေါ်တိုးမာနောက်မှ လိုက်သွားကာ

"ဒါ ဘယ်ကပြန်လာတာလဲ လတ်သခင်"

အသံခပ်မာမာနှင့် မေးမိတော့သည်။

လတ်သခင်က ဆတ်ခနဲလှည့်ကြည့်ပြီး

"နေပါဦး ခင်ဘာသာ ဘယ်ကပြန်လာလာ အန်တီမာနဲ့ ဘာဆိုင်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ငါနဲ့ဘာဆိုင်တယ်ဟုတ်လား၊ ဒီမှာ လတ်သခင် မင်းဟာ ငယ်ငယ်လေးထဲက ငါထိန်းကျောင်းအုပ်ချုပ်ခဲ့ရတဲ့ ကလေး တစ်ယောက်ပါ၊ အခု အဖေလုပ်တဲ့လူက ဆေးရုံရောက်နေတာ တောင် မင်းက ညကြီးအချိန်မတော် သွားချင်သလိုသွား လာချင် သလိုလာနဲ့ ကောင်းသလားဟင်"

တစ်သက်လုံး ဦးလတ်ဦးအပေါ်မှာ ကိုယ်ချင်းမစာခဲ့သော ဒေါ်တိုးမာ ယခုတော့ လတ်သခင်၏လုပ်ရပ်ကြောင့် မခံမရပ်နိုင် သလို ပြောတော့သည်။

"ဒီမှာ ရှင်က ကျွန်မကို ဘာမှ ဂရုစိုက်စရာမလိုဘူး ဒက်ဒီဆေးရုံတက်တာ အခုကောင်းသွားပြီမဟုတ်လား၊ ကျွန်မ သွားလည်း ဒက်ဒီအတွက် ဘာမှမသုံးမဝင်ဘူး၊ အဟင်း ဇာနီ မင်းလောက်တောင် ဒက်ဒီက ကျွန်မကို ဂရုစိုက်တာမှမဟုတ်ဘဲ လေ"

နီညိုရောင်ဆံပင်များ ဖွာကျဲလျက် မီးရောင်အောက်မှာ အဆီပြန်သော မျက်နှာနှင့် လတ်သခင်ကို ဒေါ်တိုးမာ စူးစိုက်စွာ ကြည့်လိုက်သည်။

"အေး ညည်းကို ဒေါက်တာလတ်ဦးက ဘယ်ဂရုစိုက် မှာလဲ လတ်သခင်၊ ညည်းက အဖေကို အဖေမှန်းမသိတဲ့မိန်းမပဲ ခုလည်း အိမ်ရောက်တဲ့အထိ ဘယ်ကကောင်နဲ့ အလေလိုက်နေ တာလဲဟင်"





"ဘာ ရှင်ကြီး ဘာပြောလိုက်တယ်၊ ဒီမှာ ရှင်က ကျွန်မ အမေမို့လို့ ဒီလိုဆုံးမစကားတွေ လာပြောနေတာလားဟင်၊ အိမ်စေ ဟာ အိမ်စေလိုနေပါ ဒေါ်တိုးမာ"

"ဘာ ညည်း ကဲ"

"ဖျန်း"

"ဟင် ရှင် ရှင်၊ ကျွန်မကို ပါးရိုက်တယ်ဟုတ်လား"

ဒေါ်တိုးမာ၏ ပါးရိုက်မှုကို မမျှော်လင့်ဘဲ ခံလိုက်ရသော လတ်သခင်သည် ဆတ်ဆတ်ခါနာသွားလျက် ဒေါ်တိုးမာအား အံကြိတ်ကာမေးစဉ်

"အေး ဟုတ်တယ်၊ နင့်ကို ငါရိုက်တယ် လတ်သခင်၊ ဘာကြောင့်ရိုက်တာလဲသိလား၊ ငါဟာ နင့်အမေမို့လို့ဟဲ့၊ နင့်အမေ မို့လို"

"ဘာ ဘာ ရှင်ဘာတွေပြောနေတာလဲဟင်၊ ရှင်ကြီးရူး နေသလား ဒေါ်တိုးမာ၊ ရှင် ရှင်က ကျွန်မအမေဟုတ်လား"

ဒေါ်တိုးမာထံမှ 'အမေ' ဆိုသောစကား ကြားလိုက်ရတာ နှင့် လတ်သခင်သည် လုံးဝလက်မခံနိုင်ဟန်ဖြင့် ငြင်း၏။

"ဟုတ်တယ်၊ ငါဟာ နင့်အမေ၊ သေဆုံးသွားတဲ့ ကိုမင်း ဒင်ဟာ နင့်အဖေ၊ ငါတို့မိဘနှစ်ပါးက နင့်ကို ကောင်းစားစေချင် လွန်းလို့၊ ကျေးဇူးရှင်ဖြစ်တဲ့ ဒေါက်တာလတ်ဦးအပေါ်မှာ သားသမီး ချင်းလဲပြီး သစ္စာဖောက်ခဲ့မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုက်ရိုင်းလွန်းသော သမီးဖြစ်သူ၏လုပ်ရပ်ကြောင့် ရှေ့ဆက်ငရဲကျမှာကို စိုးရိမ်တာကြောင့် ဒေါ်တိုးမာက အမှန်အတိုင်း ဖွင့်ပြောလိုက်သောအခါ

"ဒါ ဒါဆို၊ လတ်သခင်အစစ်က"

"အေး ညည်းမဟုတ်ဘူး၊ ညည်းက ငါတို့သမီး ဇာနီမင်းအစစ်ပဲ၊ လတ်သခင်အစစ်က အခု ဒေါက်တာလတ်ဦးဆီ သွားနေတဲ့ ဇာနီမင်းဆိုတာပဲ"

"ရှင်"

ရုတ်တရက် လတ်သခင်အတွက် ကမ္ဘာကြီးပြိုကျသွားသလို

"မဟုတ်ဘူး မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ လတ်သခင်အစစ်က ကျွန်မပဲ၊ ရှင်ညာနေတာ အန်တီမာ"

အရူးတစ်ယောက်လို လက်မခံနိုင်ဟန်ဖြင့် အော်ပြောမိလေ၏။ ဒေါ်တိုးမာက မျက်ဝန်းများကို မှေးစင်းကြည့်ရင်း

"ခုတော့ လက်သခင်အစစ်မဟုတ်လို့ ညည်း ခံစားရပြီ မဟုတ်လားဟင်၊ ညည်းအဲဒီဘဝပျောက်မှာစိုးလို့ ငါတို့က အမျိုးမျိုး ဖုံးအုပ်ကာကွယ်ခဲ့ရတယ်၊ ဒီကြားထဲကမှ ညည်းဟာ အမေကို အမေမှန်းမသိ စော်ကားလာလို့ ငါ ဒီအကြောင်း ဖွင့်ပြောလိုက်ရတာပဲ ဇာနီမင်း"

"အို မခေါ်နဲ့၊ ကျွန်မကို အဲ့ဒီနာမည်မခေါ်ပါနဲ့"



နားနှစ်ဖက်ကိုပိတ်ကာ ဇာနီမင်းပြောသည်။

"အမေ အမေ၊ ကျွန်မကိုသနားရင် ဒီအကြောင်းတွေ ဆက်ပြီး ဖုံးအုပ်ပေးပါနော်၊ ကျွန်မ ကျွန်မ ဇာနီမင်းဘဝကို မလိုချင်ဘူး"

ရုတ်တရက် ဇာနီမင်းက ဘဝမှန်ကို သိလိုက်ရတော့ အထူးတုန်လှုပ်သွားရသည်။ ထိုနောက် လျှပ်တစ်ပြက်အကြံဖြင့် ဒေါ်တိုးမာခြေရင်းတွင် ဒူးထောက်ကာ မျက်ရည်အရွှဲသားဖြင့် တောင်းပန်၏။

"သမီး သမီး၊ အမေ့သမီးလေးရယ်၊ အမေဟာ သမီးဘဝကို ကောင်းစားစေချင်လွန်းလို့ တစ်သက်လုံး သမီးဆီက အမေလို့ ခေါ်သံကို တောင်းတပေမယ့် ကြိတ်မှိတ်သည်းခံခဲ့တယ်၊ ခုတော့ ငါ့သမီးဆီက 'အမေ' လို့ ခေါ်သံကြားရလို့ အမေကျေနပ်ပါပြီကွယ်"

"ဒါ ဒါဆို သမီးဘဝကိုဆက်ပြီး အမေဖုံးအုပ်ထားပေးမယ် မဟုတ်လား"

တောင်းပန်သော မျက်ဝန်းများဖြင့် ဒေါ်တိုးမာကိုကြည့်၍ ဇာနီမင်းမေးလေ၏။

ဒေါ်တိုးမာမှာ သမီးထံမှ 'အမေ' ဟုခေါ်သံကို နောက်ထပ်များစွာ ကြားချင်သော်လည်း လတ်သခင်ဘဝကို မက်မောနေပြီဖြစ်သည့် သမီးအလိုကျ ခေါင်းညိတ်လိုက်သည်။

"အေး အေးပါကွယ်၊ သမီးသာ အမေ့ကို မမေ့ပါနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သမီးဘဝအတွက် အမေ အမေ အဖြစ်မှန်ကို ဆက်ပြီးထိန်းသိမ်းထားပေးပါ့မယ်ကွယ်"

"ဒီလိုလုပ်လို့မရတော့ပါဘူး မတိုးမာ၊ ခင်ဗျား ဖွင့်မပြောလည်း ကျွန်တော်သမီးအစစ်က ဘယ်သူဆိုတာ ကျွန်တော်သိနေပါပြီ"

"ဟင် ဒေါက်တာ"

"အို ဒက် ဒက်ဒီ"

ဒေါက်တာလတ်ဦးကို တစ်ဖက်တစ်ချက်မှ ဖေးမကိုင်တွဲလျက် အိမ်ထဲဝင်လာကြသော ဇာနီမင်း အမည်ခံ လက်သခင်အစစ်နှင့် ဒေါက်တာ ရွှေမင်းဂန်၊ ဒေါက်တာ လတ်ဦးက ဒေါ်တိုးမာနှင့် ဇာနီမင်းအစစ်တို့ ပြောစကားအားလုံး ကြားခဲ့ပြီဖြစ်သည်၊ တကယ်တော့ ဒေါ်တိုးမာ ဖွင့်မပြောလည်း ဒေါက်တာလတ်ဦးက အဖြစ်မှန်ကို သိနှင့်နေခဲ့ပြီမဟုတ်လား။

"ကျုပ် ဘာကြောင့်သိတာလဲလို့မမေးနဲ့ မတိုးမာ၊ လူတွေမှာ မျိုးရိုးဗီဇသွေးဆိုတာရှိတယ်၊ ကျုပ်ရဲ့သမီးအစစ်ဟာ ကျုပ်တို့လိုပဲ ဗီဇပါရှိသလို၊ ခင်ဗျားတို့ သမီးဟာလည်း ခင်ဗျားတို့ဗီဇပါတာပဲ မတိုးမာ"

ပညာတတ်တစ်ယောက်ဖြစ်သော ဒေါက်တာလတ်ဦး၏ စကားကြောင့် ဒေါ်တိုးမာ ခေါင်းငိုက်စိုက်ကျသွားသည်။

"ကျွန်မ ကျွန်မတို့ မှား မှားပါတယ် ဒေါက်တာ"



"သေချာတာပေါ့ မတိုးမာ၊ ခင်ဗျားတို့မှားတဲ့အမှားဟာ ကျုပ်နဲ့ ကျုပ်သမီးဘဝအတွက် ဘယ်လောက်ထိခိုက်နာကျင်စေသလဲဆိုတာ သိရဲ့လားဟင်"

တစ်သက်လုံး သမီးရင်းကို အနားမှာထားကာ မြင်တွေ့နေခဲ့ပါလျက် သူစိမ်းတစ်ယောက်လို ဆက်ဆံခဲ့ရတဲ့ အဖြစ်အား ပြန်တွေးမိတိုင်း ဒေါက်တာလတ်ဦး ရင်နာလို့မဆုံးပေ။

ယခုမှ လက်သခင်အစစ်သည်လည်း အဖြစ်မှန်ကိုသိကာ ဒေါ်တိုးမာအား မျက်ရည်ဝဲစွာကြည့်မိ၏။

"လုပ်ရက်လိုက်တာရှင်၊ ဒါကြောင့် အမေဟာ ကျွန်မကို ဘယ်တုန်းကမှ မချစ်ခဲ့တာကိုး၊ အမေ့ သမီးရင်းကိုပဲ အမေချစ်ခဲ့တာပါလားဟင်၊ လက်သခင်ဆိုတဲ့ ကျွန်မဘဝကို ရက်ရက်စက်စက် ဖျောက်ပစ်ရက်ပါလား အန်တီမာ"

'အမေ' မဟုတ်ဘူးဆိုတာ သိလိုက်ရပေမယ့် လက်သခင်အစစ်၏နှလုံးသားက မာကျောခြင်းမရှိတာကြောင့် ရင်နာစရာဖြစ်စဉ်တွေအတွက် အပြစ်တင်မိတာပင် ဒီမျှလောက်ပါ။

ဒေါ်တိုးမာက လက်သခင်အစစ်ကို တောင်းပန်စွာကြည့်၏။

"အန်တီမာ မှားခဲ့ပါတယ်ကွယ်၊ ဒါကြောင့် ဟောဒီက လက်သခင်အစစ်ဖြစ်တဲ့ မမလေးကို အန်တီမာ တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို"

နောင်တများစွာဖြင့် ဒေါ်တိုးမာ မျက်ရည်များကျ၍ တောင်းပန်လေ၏။ ယခုတော့ ဇာနီမင်းတစ်ယောက်လည်း အဖြစ်မှန်ကို ရှောင်လွှဲလို့မရဖြစ်မို့ လတ်သခင်ရှေ့သို့ လျှောက်သွားသည်။

"ငါ့ကိုခွင့်လွှတ်ပါ၊ ငါဟာ နင့်နေရာမှာ နှစ်ပေါင်းများစွာ နေရာယူခဲ့မိတယ် လတ်သခင်၊ ဇာနီမင်းဆိုတဲ့ ငါ့ဘဝအစစ်အမှန်ကို ငါကိုယ်တိုင် မသိခဲ့လေတော့ နင့်နေရာကို ငါ မဖယ်ပေးနိုင်ခဲ့ဘူး၊ တကယ်တော့ ငါဟာ ကျီးယောင်ဆောင်သော ဒေါင်းလိုဘဝပါပဲ၊ အချိန်တန်ရင် ကျီးဟာ ကျီး၊ ဒေါင်းဟာ ဒေါင်းပါပဲ လတ်သခင်၊ အခု အဲဒါကို ငါ သဘောပေါက်ပါပြီ"

မျက်နှာမှာ မျက်ရည်တွေစိုရွှဲလျက် ဇာနီမင်း တောင်းပန်ငိုရှိုက်၏။

ထို့နောက် ဇာနီမင်းက ဦးလတ်ဦးရှေ့မှာ ဒူးထောက်၍

"ကျွန်မမိဘတွေနဲ့ ကျွန်မကို အန်ကယ်ကပဲ သဘောထားပြည့်တဲ့ လူကြီးလူကောင်း တစ်ယောက်အနေနဲ့ ခွင့်လွှတ်ပေးပါရှင်"

ဦးလတ်ဦးမှာ ထိုင်ကန်တော့နေသော ဇာနီမင်းကိုသာ စိုက်စိုက်ကြီးကြည့်နေ၏။ ရွှေမင်းဂန်က အားလုံးအတွက် စိတ်မကောင်းပေ။

ဇာနီမင်းက နေရာမှထကာ



"ဦး ဦးအပေါ်မှာ ကျွန်မထားခဲ့မိတဲ့ သံသယစိတ်ကိုလည်း ခွင့်လွှတ်ပါရှင်"

ရွှေမင်းဂန်အားပြောပြီး နေရာမှချာခနဲလှည့်၏။

"အမေ ကျွန်မတို့ သွားကြပါစို့"

ဒေါ်တိုးမာသည် ဦးလတ်ဦးအား တောင်းပန်တဲ့ မျက်လုံးများဖြင့် နောက်ဆုံးတစ်ချက်ကြည့်ပြီး ဇာနီမင်းနှင့်အတူ တိုက်ထဲမှ ထွက်သွားလေ၏။

တကယ်တော့ ဒီအရိပ်ဒီခြံမှာ ဇာနီမင်းနှင့်ဒေါ်တိုးမာတို့ သားအမိအတွက် ခိုလှုံစရာမရှိတော့ပါ။

ကိုယ့်အပြစ်နှင့်ကိုယ်မဟုတ်လား။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

"သမီး"

"ဖေဖေ"

ဒေါ်တိုးမာတို့သားအမိ ထွက်သွားမှ ကျန်ရစ်ခဲ့သော ဦးလတ်ဦးနှင့် လတ်သခင်အစစ်တို့ တစ်ယောက်ကိုတစ်ယောက် ဝမ်းသာဝမ်းနည်း ကြည့်မိကြသည်။

"ဖေဖေ ဖေဖေရယ်"

"သမီး သမီးလေးရယ်"

မိဘမေတ္တာငတ်မွတ်ခဲ့သော လတ်သခင်အစစ်သည် ကြင်နာနူးညံ့မှုတွေဖြင့် ပြည့်နေသော ဦးလတ်ဦးရင်ခွင်တွင် တိုးဝင်၍ ဝမ်းနည်းစွာငိုမိလေ၏။

ဦးလတ်ဦးသည်လည်း သမီးကိုတင်းတင်းဖက်ကာ မျက်ရည်များဝဲရင်း

"မငိုပါနဲ့တော့ သမီးရယ်၊ ခုချိန်ကစပြီး ဖေဖေနဲ့သမီး၊ ဘယ်တော့မှ မခွဲရပါဘူး"

ရွှေမင်းဂန်မှာ ဘဝမှန်ကို သိလိုက်ရသော ချစ်သူအတွက်



ဝမ်းသာကြည်နူးလျက်။

"ဟုတ်ပါတယ် ကလေးရယ်၊ ခုတော့ အန်ကယ်နဲ့ ကလေးတို့ပြန်ဆုံပြီပဲ ဝမ်းမနည်းပါတော့နဲ့ကွယ်"

ဟု ဝင်ရောက်နှစ်သိမ့်မိ၏။ ဒေါက်တာလတ်ဦးက ယခုမှ ရွှေမင်းဂန်ကို သတိရလျက်

"အန်ကယ်အတွက် ဒီနေ့ဟာ သမီးနဲ့ပြန်ဆုံရလို့ ဝမ်းအသာဆုံး၊ အပျော်ရွှင်ဆုံးနေ့ပါပဲကွယ်၊ မောင်ရွှေမင်းဂန်ကိုလည်း အန်ကယ်ရဲ့ သားအဖြစ် သတ်မှတ်ပါတယ်၊ ခုချိန်ကစပြီး အန်ကယ်တို့ ယောက္ခမသားစုလေးသုံးဦး အမြဲတမ်းနေဖို့ ဆုံးဖြတ်ပါတယ်ကွယ်"

"ကျွန် ကျွန်တော် ဝမ်းသာလိုက်တာ အန်ကယ်ရယ်၊ ကျေးဇူးလည်း သိပ်တင်ပါတယ်"

ဦးလတ်ဦး ရွှေမင်းဂန်ကို အသိအမှတ်ပြုပေးလိုက်တာကြောင့် ချစ်သူနှစ်ယောက် မျက်လုံးချင်းဆုံ၍ အပြုံးချင်းဆိုင်သွား၏။

"သမီးလည်း ဖေဖေကို ကျေးဇူးတင်ပါတယ်ရှင်"

ပြုံးပျော်သွားသော သမီးမျက်နှာကိုကြည့်ပြီး ဦးလတ်ဦး ရင်ထဲ ပီတိလျှံသွား၏။ သမီး စိတ်ချမ်းသာလျှင် ဦးလတ်ဦး စိတ်ချမ်းသာတာပဲမဟုတ်လား။

"ကဲ ဖေဖေ ခဏအနားယူဦးမယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို ဖေဖေပင်ပန်းသွားပြီ၊ ကိုကို ဖေဖေကို အခန်းထဲ ပို့ပါဦး"

"အင်း အင်း၊ အန်ကယ် ကျွန်တော်တွဲမယ်နော်"

"အေးကွယ်"

ဆေးရုံမှဆင်းကာစ ဦးလတ်ဦးကို အနားယူရန်အတွက် ရွှေမင်းဂန်နှင့် လတ်သခင်တို့တွဲ၍ အခန်းထဲသို့ ပို့ပေးလိုက်၏။

အိပ်ရာပေါ်ရောက်ပြီးမကြာမီ စိတ်ချမ်းသာမှုများကြောင့် လားမသိ တခဏနှင့် ဦးလတ်ဦး အိပ်ပျော်သွား၏။

သည်တော့မှ ရွှေမင်းဂန်နှင့် လတ်သခင်တို့ အပြင်ထွက် ခဲ့၏။

"ကိုကို"

"နီ ဟင် မဟုတ်သေးပါဘူး၊ အခု မင်းလေးက လတ်သခင်ဖြစ်သွားပြီဆိုတော့ ကိုကို့ရဲ့ အရှင်သခင်မလေးပေါ့"

"ကိုကိုနော်"

လတ်သခင် မျက်စောင်းလေးရွယ်တော့ ရွှေမင်းဂန်ပြုံး၏။ ထို့နောက် သူမလက်ကလေးကို တင်းတင်းဆုပ်ကိုင်ကာ

"အဖြစ်အပျက်တွေဟာ မယုံနိုင်စရာပဲ အချစ်ရယ်၊ အထူးသဖြင့် မင်းရဲ့ဘဝအတွက် ကိုကို တကယ်ပဲ ဝမ်းသာဝမ်းနည်း ဖြစ်မိရတယ်"

"ဟုတ်ပါတယ် ကိုကို၊ တစ်သက်လုံး ကိုယ့်ကိုကိုယ်



ဦးမင်းခင်နဲ့ ဒေါ်တိုးမာရဲ့သမီး ဓာနီမင်းလို့ ထင်ခဲ့ရာက၊ စိတ်သဘောထားပြည့်ဝပြီး လေးစားဖို့ကောင်းတဲ့ ဒေါက်တာလတ်ဦးရဲ့ သမီး လတ်သခင်ဆိုတာ သိလိုက်ရတော့ အိပ်မက်တစ်ခုလိုပါပဲ၊ 'ဖေဖေ'လို့ အားပါးတရခေါ်လိုက်ရတာကိုက ကျွန်မအတွက် ဘာနဲ့မှမလဲနိုင်အောင် တန်ဖိုးကြီးမားလှပါတယ် ကိုကို"

ဒေါက်တာလတ်ဦးသည် သူမ၏ ဖခင်ဆိုတော့ သိလိုက်ရတော့ ကမ္ဘာပေါ်မှာ အပျော်ဆုံးနှင့် စိတ်ချမ်းမြေ့စရာ လူသား ဖြစ်ခဲ့၏။

"တကယ်တော့ ချာတိတ်က စိတ်ထားကောင်းလို့ ဆုလဒ်ကောင်းပြန်ရတာကွ၊ ကဲ ခုချိန်ကစပြီး မင်းရဲ့ဘဝမှာ သောကဆိုတာမရှိဘဲ အေးချမ်းသာယာမှုတွေနဲ့ နေရမယ်နော်"

"ဟုတ်ကဲ့"

နှစ်ယောက်သား အပြုံးချင်းဖလှယ်မိကြစဉ် ကောင်းကင်ထက်မှ ကြယ်လေးတွေ လင်းလက်လို့နေ၏။

"ကိုကို"

"ဗျာ"

"မိုးသိပ်ချုပ်နေပြီ"

"ဒီတော့ ကိုယ်ပြန်ရမယ်ပေါ့ ဟုတ်လား"

အပြုံးဖြင့် ရွှေမင်းဂန်မေးတော့ သူစပြုံးကာ

"ဒါကတော့ ကိုကို့သဘောပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"အမွှန်း ကိုကို့သဘောဆိုရင် အန်ကယ်ကလည်း ခွင့်ပြုချက်ရပြီမို့ ဟော့ဒီ ကိုယ့်ရဲ့သခင်မလေးနားက ဒီအချိန်ကစလို့ ဘယ်တော့မှ မခွာတော့ဘူးဗျာ"

"အို"

ပြောပြောဆိုဆို သူက သူမကိုယ်လေးကို ဆွဲခနဲ ပွေ့ချီလျက် အိမ်မကြီးထဲသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။ ကောင်းကင်ထက်မှ လမင်းနှင့်ကြယ်လေးများက သူတို့နှစ်ဦးပေါ်သို့ အေးမြသော အလင်းများ ဖြာကျပေးလျက် ပတ်ဝန်းကျင်မှာ ညမွှေးပန်းရနံ့တို့ သင်းပျံ့ကြိုင်လှိုင်နေလေ၏။

သည်ညက သူတို့နှစ်ဦးအတွက် သာယာလှပသော အချစ်ညလေးတစ်ည မဟုတ်ပါလား။

နှလုံးမီးတိုင်ဝမ်း ငြိမ်းချမ်းကြပါစေ။
ဆုအဉ္စလီ

စီးမိုး - ၁၁၆၀